

အပြစ်ကင်းသန့်တဲ့
ချစ်ခြင်းရနံ့နဲ့အတူ

အင်ပါယာ
စာပေ

EMPIRE
PUBLISHING CENTER


- တိုက် ၂၁၊ အခန်း ၁၀
စီးပွားကူးသန်းဝန်ထမ်းအိမ်ယာ
ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။

ဖုန်း-၅၈၁၇၃၃-၄၄၄

- တိုက် ၉၊ တတိယထပ် (ဝဲ)
ယုဇနလမ်း၊ စစ်တောင်းရိပ်မွန်
ယုဇနဥယျာဉ်မြို့တော်။
ဖုန်း - ၅၉၃၂၆၅
- E-mail: EPC@mail2world.com
- P.O. Box - 234

စာမူခွင့်ပြုချက်အမှတ်
၁၃၁၅/၂၀၀၄ (၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၁၃၈၆/၂၀၀၄ (၁၂)
ထုတ်ဝေခြင်း
ပထမအကြိမ်
၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ။
အုပ်ရေ
၅၀၀
တန်ဖိုး
၁၀၀ ကျပ်

# နှစ်ကျော်သိုင်း

အပြစ်ကင်းသန့်တဲ့ ချစ်ခြင်းရနံ့နဲ့အတူ

ထုတ်ဝေသူ
ဦးနိုင်မျိုးထွန်း (အင်ပါယာစာပေ)
တိုက် ၂၁၊ အခန်း ၁၁၊
စီးပွားကူးသန်းဝန်ထမ်းအိမ်ယာ၊
ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။

ပုံနှိပ်သူ
ဦးမောင်မောင်လွင် (ကဝိရတနာအော့ဖ်စက်)
၂၀၄၊ လမ်း ၃၀၊ ရန်ကုန်။

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်။

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# တပြင်ဆောင်းသန့်တွဲ
# ချစ်ခြင်းရန့်နှင့်အစရှ

## နွမ်ဂျာသိုင်း



လူ့အခေါ်

သူရဲကောင်းအစစ်များသည်
မျက်ရည်တွေတွေကျလောက်အောင်
ပူဆွေးနေသော်လည်း
ပြုံးရယ်နိုင်သူများဖြစ်ကြသည်။

(ဓာဂ္ဂူသိုယ် ချပ်ပြင်)

နင့်ကို ငါ အရမ်းအံ့ဩတယ် အိန္ဒိ။

ဘယ်လိုပဲဖြစ်ဖြစ် တစ်နေ့နေ့တော့ နင် ငါ့ကို နားလည်လာမှာပဲဆိုတဲ့ မျှော်လင့်ချက်ဟာ ငါ ရှူးလို့ ထားခဲ့မိမှန်း ခုမှပဲ ငါလည်း သဘောပေါက်တော့တယ်။

နင် ငါ့ကို ခုထိ နားမလည်နိုင်ဘူးနော် . . . ။

ငါ့စိတ်ထဲမှာ ခံစားရတာ အဲဒီတစ်ခုကတော့ အရမ်းဆိုးရွားတယ်။

ကျန်တာတွေအားလုံးနဲ့ ပတ်သက်လို့ ငါ့စိတ်ထဲမှာ ဘယ်လိုမှ မအောက်မေ့ခဲ့သလို ဘယ်လိုမှ မထိခိုက်ခဲ့ပါဘူး။ ဒီတစ်ခုကျတော့သာ နင့်ကိုငါ ဘယ်လိုမှ ခွင့်မလွှတ်နိုင်သလို၊ ငါ့ရင်ထဲမှာလည်း

ပြင်းပြင်းထန်ထန်ကို ထိခိုက်ခံစားရတယ်။

တွေးကြည့်စမ်းပါ အိန္ဒိ။

နင်နဲ့ငါနဲ့ဆိုတာ ခုမှ စ,တွေ့ကြ၊ စ,သိကြတဲ့ သူစိမ်းတွေ မဟုတ်ပါဘူး။ ပြီးတော့လည်း ငါ့ရင်ထဲက ဖြစ်ခဲ့တဲ့ ကိစ္စမှန်သမျှ နင် မသိအောင် ဖုံးဝှက်ထားခဲ့တယ်ဆိုလို့လည်း ဘာတစ်ခုမှမရှိခဲ့ဘူး။

ငါ့လောက် နင့်ကို ရင်ဖွင့်ခဲ့တာလည်း ငါပဲ။ ပြောတာတွေ များလွန်းပြီး အပ်ကြောင်းထပ်နေလို့တောင် ငါ့စကားတွေနဲ့ ပတ်သက်ရင် နင် . . နားငြီးတယ်လို့ ငြူစူခဲ့တာ အကြိမ်ပေါင်း နည်းလား။

အေးလေ . . . ထားပါတော့။

ခုချိန်မှာ ဒါတွေ ပြန်ပြောနေလို့လည်း မထူးတော့ပါဘူး။

ပြီးပြီးသားကိစ္စတွေ ပြန်အပြစ်တင် ပြောနေလို့လည်း အကင်းသေတော့မယ့် အနာဟောင်းကို အပ်တစ်ချောင်းနဲ့ ပြန်ဆွသလိုမျိုးပဲ ဖြစ်တော့မှာပေါ့။

အဲဒီတော့ ဒီကိစ္စကိုလည်း တခြားကိစ္စတွေအတိုင်းပဲ မေ့လိုက်ပါတော့။ မျောက်အနာရရင် လုပ်တတ်သလို ဘာမဟုတ်တဲ့ ဒဏ်ရာကလေး တစ်ခုကိုပဲ စာဖွဲ့ဇာချဲ့ပြီး လျှောမွေးဟာရာဏသီ ဖြစ်အောင် မလုပ်ချင်တော့ပါဘူး။



အရေးကြီးတဲ့စကားပဲ အဓိကထား ပြောကြတာ ကောင်းပါတယ်။

ခုချိန်မှာ နင့်ရင်ထဲ ဘာဖြစ်နေမယ်ဆိုတာလည်း ငါ မသိတာမှ မဟုတ်ဘဲ။ နင် ငါ့ကို နားမလည်ပေမယ့် ငါကတော့ နင့်ကို နားလည်တတ်ပါတယ် အိန္ဒိရယ်။

အဲဒါကြောင့် နင့်ကိုငါ စကားတွေ အများကြီး ပြောမယ်လို့ ဆုံးဖြတ်ခဲ့တာပါ။

ပြောစရာတွေကတော့ အများကြီးပဲ အိန္ဒိ။

အချစ်အကြောင်းလည်း ပြောချင်တယ်။ ဘဝအကြောင်းလည်း ပြောချင်တယ်။ ပြီးတော့ ငါနဲ့ ဆိုင်ချင်မှတော့ ဆိုင်မှာဖြစ်တဲ့ မဟာဇနက္က ဇာတ်တော်ထဲက ဇာတ်ကွက်တစ်ကွက်အကြောင်းလည်း ပြောချင်တယ်။

ပြောချင်တာတွေ များလွန်းလို့ ခါတိုင်းလိုပဲ နင်နားငြီးပြီး ငြူစူဦးမလားလို့လည်း ပူမိတယ်။

ဒါပေမဲ့ ဒီတစ်ခါတော့ ငါ့စကားတွေကို အစအဆုံး ဆုံးအောင်နားထောင်ပါအိန္ဒိရယ်။ ဒီစကားတွေဟာ ငါ့ရင်ထဲက စကားတွေပဲ၊ ကာလပေါင်းများစွာ ရင်းနှီးပြီး ခံစားခဲ့ရတဲ့ ခံစားမှု ဝေဒနာတွေပါ။

နောက်ကျရင် ဒါလေးတွေ ကြားချင်လွန်းလို့ ပြန်ပြောပါဦးဆိုရင်တောင် ဒီလောက်ရှည်ရှည်

ဝေးဝေးနဲ့ အကြောရှည်ရှည် ငါပြန်ပြောဖြစ်တော့မယ် မထင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့အကြောင်းလည်း နင်သိသားပဲ၊ အကြောင်းရှိရင် စကားတွေ အမျှင်မပြတ် တောင်ကျရေဆင်းသလို ပြောတတ်ပေမယ့် အကြောင်းမရှိရင် တေမိမင်းအရှုံးပေးရအောင် ငါ နှုတ်ဆိတ်နေတတ်တယ်လေ။

ခုဟာက အကြောင်းရှိလို့ပါ။

ပြီးတော့ ဒီတစ်ခုတော့ နင်လည်း နားလည်နိုင်လိမ့်မယ်လို့ ထင်တယ်။ ငါ့ရင်ထဲမှာ အရမ်းလှုပ်ရှားနေတယ် အိနီ။

ပြောမပြတတ်တဲ့ ခံစားမှုတွေနဲ့ ငါ့ရင်တစ်ခုလုံး ပြည့်လျှံနေတယ်။

အဲဒါကြောင့်ပါ။

# အ
# ပိုင်း
# တစ်

## (သမိုင်းဦးကာလများ)



အိနီနှင့်ပတ်သက်၍ ပြောလိုသော စကားများတွင် အပိုင်းလေးပိုင်းတော့ အနည်းဆုံး ရှိလိမ့်မည်ဟု ကျွန်တော် တွေးမိသည်။

ဓာတုဗေဒ အဓိကဘာသာရပ်ဖြင့် သိပ္ပံဘွဲ့တစ်ခုရခဲ့ပြီး ဘဝမှာ အသင့်အတင့် အဆင်ပြေသော စီးပွားရေးသမားတစ်ယောက်အဖြစ် ရပ်တည်နေသော ကျွန်တော့်ဘဝနှင့် လိုက်လျောညီထွေမှုမဖြစ်သော ဥပမာစကားဖြင့် ပြောရလျှင် ပထမပိုင်းသည် သမိုင်းဦးကာလများ ဖြစ်မည်ထင်၏။

ဒုတိယပိုင်းက သမိုင်း၏ အချိုးအကွေ့များ စတင်လာသော ခေတ်လယ်ပိုင်း။

တတိယပိုင်းကျတော့ အချိုးအကွေ့များကြောင့် သမိုင်း၏ အကျိုးဆက်ပိုင်းတို့ ဖော်ပြနိုင်သော ခေတ်နှောင်းပိုင်း။

ပြီးမှ စတုတ္ထပိုင်းဖြစ်သော ပစ္စုပ္ပန်တည့်တည့်အခြေအနေ။

တစ်နည်းအားဖြင့် နိဂုံးပိုင်း။

တစ်ခုရှိသည်က အိနီကို ကျွန်တော်ပြောမည့် စကားများသည် စာသင်ခန်းထဲ၌ ပို့ချရန် စနစ်တကျ ပြင်ဆင်ထားသော ဘာသာရပ် သင်ခန်းစာများ မဟုတ်သည့်အပြင် စာရေးဆရာတစ်ယောက်ကဲ့သို့ အစီအစဉ်ကျစွာ တင်ပြထားသော လွမ်းဖွယ်ဇာတ်လမ်းမဟုတ်။

လက်ရှိအခြေအနေအရ ကျွန်တော့်ရင်ထဲမှာ လှုပ်ရှားရိုက်ခတ်နေသော ခံစားမှုများကို အလျဉ်းသင့်သလို ပြောပြခြင်းမျှသာဖြစ်သည်ဖြစ်ရာ ရှေ့နောက်ကာလ ရောထွေးမှုများလည်း ရှိကောင်းရှိနိုင်သည်။ တစ်ခါတစ်ရံ တောင်ရောက်မြောက်ရောက်လည်း ဖြစ်သွားနိုင်သည်။ တစ်ခါတစ်ရံ ပျင်းရိခြောက်ကပ်ဖွယ် **စကားများချည့်**ဆက်တိုက်ပြောမိကောင်းလည်း ပြောမိနိုင်သည်။ **တစ်ခါတစ်ရံ** အဆက်အစပ်ပင် မဲ့သွားနိုင်သည်။

ထိုအခါမျိုးတွင် အိနီတစ်ယောက် **သည်းခံစိတ်ရှည်စွာ** နားထောင်နိုင်ပါစေဟုလည်း ဆုတောင်းမိပါ၏။

အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် **စေတနာစကား**သာ ပြောတတ်၍ စကားပြောကောင်းသူတစ်ယောက် **မဟုတ်သော**ကြောင့်ပင်တည်း။

နှစ်ကာလ သန်းပေါင်းထောင်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်



သော ကမ္ဘာမြေကြီး၏ သမိုင်းဦးကာလများအကြောင်း ပြောပါဆိုလျှင်တော့ အခြားသမိုင်းပညာရှင်များနည်းတူ ကျွန်တော်လည်း ဝါးတားတားပင် ပြောနိုင်လိမ့်မည်ဖြစ်သည်။

သို့သော် အိနီနှင့် ကျွန်တော်တို့၏ သမိုင်းဦးကာလများအကြောင်းကိုတော့ ကမ္ဘာပေါ်ရှိ အခြားမည်သည့် ရာဇဝင်သမိုင်းပညာရှင်များနှင့်မျှမတူဘဲ ကျွန်တော် တိတိကျကျ ပီပီပြင်ပြင် ပြောနိုင်လိမ့်မည်ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် ထိုကာလများသည် ကမ္ဘာမြေကြီး၏ ကာလသက်တမ်းနှင့် ယှဉ်လိုက်ပါက မနေ့တစ်နေ့ကဟုပင် ပြောနိုင်သည့် ကာလလေးတစ်ခဏက ဖြစ်ခဲ့သည့် ဖြစ်ရပ်များဖြစ်သလို အိနီနှင့်ကျွန်တော် နှစ်ယောက်တည်းသာ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကြောင့်လည်း ဖြစ်သည်။

သည်လိုဆိုလျှင် သည်အကြောင်းများသည် အိနီသိပြီးသားပေမယ့် ဘာကြောင့်များ သူ့ကို ပြန်ပြောပြနေရဦးမည်နည်းဟု မေးခွန်းထုတ်စရာရှိ၏။

မှန်ပါသည်။

သာမန်အားဖြင့်ကတော့ သည်အကြောင်းများကို ကျွန်တော်သိသလောက်ပင် သူလည်း သိပြီးဖြစ်သည်။

သို့ရာတွင် လောကမှာ လူတို့သည် မိမိတို့ကိုယ်တိုင် ကြုံတွေ့ဖူး ကြုံတွေ့ရပါလျက် တစ်ခါတစ်ရံ သူနှင့်အတူ ကြုံခဲ့ရသော လူတစ်ယောက်က အစပြန်မဖော်ပေးလျှင် ကိုယ့်အဖြစ်ကိုပင် မေ့နေတတ်သော သဘောရှိသည်။

ရိုးရိုးမေ့နေသည်က အကြောင်းမဟုတ်။ ကျေးဇူးတရားနှင့်

စပ်ဆိုင်သော **သို့မဟုတ်** သံယောဇဉ်နှင့် စပ်ဆိုင်သော အကြောင်းများကို မေ့ခြင်းက သူ့အတွက်ရော အမေ့ခံရသူအတွက်ပါ မကောင်းတတ်။

ဥပမာအားဖြင့် လူတစ်ယောက်သည် အခြားလူတစ်ယောက်အပေါ် ဘ၀တစ်လျှောက်လုံး ကောင်းခဲ့သည်။ တစ်သက်လုံးက ကောင်းလာပါလျက် တစ်ခါတစ်ရံ မမျှော်လင့်၊ မရည်ရွယ်ပါဘဲ အမှားအယွင်းတစ်ခုခု ပြုလိုက်မိသည်။ ထိုအခါ အပြုခံရသူသည် တစ်သက်လုံးက သူ့အပေါ် ကောင်းခဲ့ခြင်းများကို ချက်ချင်းမေ့ကာ လတ်တလော ထိုအမှားအယွင်းကလေးတစ်ခုနှင့်ပင် ရန်သူသဖွယ် အမြင်ပြောင်းချင် ပြောင်းသွားတတ်သည်။

အကျိုးဆက်ကျတော့ ဘ၀တစ်လျှောက်လုံး ကောင်းခဲ့သူမှာလည်း ကောင်းကျိုးမနပ်နိုင်သလို၊ မကောင်းခံရသူမှာလည်း မိမိအတွက် ဘ၀မိတ်ဆွေတစ်ယောက် ဆုံးရှုံးသွားရသည်။

ထို့ကြောင့်လည်း အိနီကို သည်အကြောင်းများ တစ်ခါပြန်ပြောချင်စိတ် ပေါ်လာခြင်းဖြစ်၏။

အိနီနှင့်ကျွန်တော့်အကြားမှာတော့ ကျေးဇူးတရားကိစ္စတို့ ကောင်းခြင်း မကောင်းခြင်းတို့ သိပ်မရှိ။ သည်ကိစ္စကျတော့ သံယောဇဉ်ကိစ္စ။ လွမ်းစရာကောင်းသော အတိတ်လေးများရှိခဲ့ခြင်း ကိစ္စသာဖြစ်သည်။

လွမ်းစရာရှိလျှင် နာစရာနှင့်ဖြေရသည်။ နာစရာရှိလျှင် လွမ်းစရာနှင့်ဖြေရသည်ဟု ရှေးထုံးစကားတစ်ခုရှိသည်။

အိနီတစ်ယောက် ကျွန်တော့်အပေါ် နာစရာရှိလျှင်တောင် တစ်ယောက်နှင့်တစ်ယောက်အကြား သည်လိုလွမ်းစရာလေးတွေ ရှိခဲ့



ပါလားဟု တွေး၍ ဖြေဖျောက်ကောင်း ဖြေဖျောက်နိုင်စေရန် ရည်ရွယ်မိခြင်းလည်း ဖြစ်၏။

စဉ်းစားကြည့်ပါ အိနီ။

နင်နဲ့ငါ ခုမှ တွေ့ကြတာ၊ သိကြတာ မဟုတ်ပါဘူး။

ပြီးတော့ . . . နင်နဲ့ငါတို့ရဲ့ဇာတ်ကြောင်းက ခုမှ စကြတာ မဟုတ်ပါဘူး။

"ဟာ . . . ဟော့လူ . . . ကိုသက်"

"ဟေး . . . ကိုရဲ . . . ခင်ဗျား ကိုရဲသွေး မဟုတ်လား"

"သိပ်ဟုတ်တာပေါ့ဗျာ၊ ဒါနဲ့ နေပါဦး၊ ခင်ဗျားက ဒီတောင်ငူကနေ်၊ အေးဗျာ မေ့နေလိုက်တာ၊ ခင်ဗျားတစ်ယောက်လုံး ဒီမြို့မှာရှိနေတာ ကျွန်တော် လုံး၀မေ့နေတယ်၊ အတော်ပဲဗျာ၊ ခင်ဗျားနဲ့ တွေ့ရတာ ဟန်ကျတာပဲ၊ ကျွန်တော်က အခု ဒီကိုအလုပ်နဲ့ ပြောင်းလာရတာဗျ"

"ဟုတ်လား၊ ဖြစ်မှဖြစ်ရလေဗျာ၊ ဒီလိုမှန်းသိရင် ကျွန်တော်အများကြီး ခင်ဗျားကို အကူအညီပေးလို့ ရတာပေါ့၊ ကျွန်တော်က ဒီဇာတိဗျ၊ ဒီမြို့မှာ ခင်ဗျားလိုတဲ့ အကူအညီသာပြော၊ အားလုံးဖြစ်စေရမယ်"

မှတ်မိလိမ့်ဦးမယ်လို့တော့ ထင်တာပဲ အိနီ။ မမှတ်မိသေး

ရင်လည်း နင့်မျက်လုံး ဝိုင်းဝိုင်းလေးကို ခဏမှိတ်ကြည့်စမ်းပါ။

အဲဒီနေ့က ငါနဲ့ ငါ့အဖေ ဦးသက်ဝင်းတို့နှစ်ယောက် ဈေးထဲကို ဘာလဲမသိဘူး ဝယ်စရာတစ်ခုရှိလို့ လာခဲ့ကြတာ။ ဩော် . . . မှတ်မိပြီ။ ငါ့အတွက် အင်္ကျီနဲ့ပုဆိုးစိမ်း လာဝယ်ပေးတာ အိနီ။

သိတယ် မဟုတ်လား . . . ။ အဲဒီတုန်းက ငါတို့ လေးတန်းအောင်ပြီး ငါးတန်း ကျောင်းစတက်ခါနီး အချိန်လေ။ အဲဒီတော့ လေးတန်းအထိ ဝတ်ပြီး ကျောင်းတက်လာခဲ့ရတဲ့ အင်္ကျီတွေ ဘောင်းဘီတွေက သုံးမရတော့ဘူး။

ငါးတန်းတက်ရင် ကျောင်းလုံချည်အစိမ်း ပြောင်းဝတ်ရတာလည်း တစ်ကြောင်းပေါ့။ နောက်တစ်ကြောင်းက အဲဒီနှစ်မှာပဲ သင်္ကြန်မတိုင်မီရက်က ငါ့ကို ရှင်ပြုပေးတယ်။ ကိုရင် ခုနစ်ရက်ဝတ်ပြီး ပြန်လူထွက်ရော ငါ့အင်္ကျီအဟောင်းတွေက ငါနဲ့ သိပ်မတော်ချင်တော့ဘူး။

ဖေဖေတို့ကတော့ ကိုရင်ဝတ်လိုက်လို့ လူကောင်ထွားပြီး ကြီးကောင်ဝင်လာတယ် ပြောတာပဲ။

ထားပါတော့လေ။ အဲဒါ အရေးမကြီးပါဘူး။

ပြောချင်တာက အဲဒီနေ့က တို့သားအဖနှစ်ယောက် ဈေးကို လာကြတယ်။ ဈေးထဲမှာက ဝယ်စရာရှိတာ ဝယ်ခြမ်းပြီးလို့ ဈေးထိပ်မှာ ရပ်ထားတဲ့ တို့ဂျစ်ကားလေးဆီ ပြန်လာလည်းလာရော ဖေဖေက သူနဲ့တက္ကသိုလ်တုန်းက ကျောင်းနေဖက်တစ်ယောက်နဲ့ တွေ့လို့ ဝမ်းသာအားရ နှုတ်ဆက်စကား ပြောကြတယ်။

အဲဒီမှာ ဖေဖေ့သူငယ်ချင်းက တစ်ယောက်တည်းမဟုတ်ဘူး။ ဦးရဲသွေးဆိုတဲ့ ဖေဖေ့သူငယ်ချင်းရဲ့ဘေးမှာ သူ့ဇနီးရယ်၊ သူ့



သမီးလို့ ထင်ရတဲ့ ကောင်မလေးလှလှတစ်ယောက်လည်း ပါလာတယ်။

အဲလောက်ဆို မှတ်မိပြီလို့ ထင်တယ် အိနီ။

အဲဒီဦးရဲသွေးရဲ့သမီး ကောင်မလေးလှလှလေးတစ်ယောက်ဟာ နင်ပဲပေါ့။ ဒါပေမဲ့ ငါ အခုပြောနေတဲ့ အချိန်ပိုင်းလေးအထိမှာတော့ နင့်ကို အိနီဆိုတာလည်း ငါမသိသေးပါဘူး။ ငါလည်း နင့်ကို ကောင်းကောင်းတောင် မကြည့်ရဲသေးဘူး။

ဖေဖေ့သူငယ်ချင်းရဲ့သမီး ဖြစ်မှာပဲဆိုတဲ့အတွေးနဲ့ တစ်ချက်ပဲကြည့်ပြီး နောက်တစ်ခါ ထပ်ကြည့်ရမှာ နည်းနည်းရှက်သလိုလိုလည်း ရှိတာနဲ့ ခပ်တည်တည်ပဲ ခေါင်းငုံ့ရပ်နေခဲ့တယ်။

သိတယ်မဟုတ်လား။ အဲဒီအချိန်မှာ ငါက လူပျိုမဖြစ်သေးပေမယ့် ကိုရင်ဝတ်ပြီးစဆိုတော့ ကြီးကောင်ဝင်နေပြီဆိုကိုး။

ပြီးတော့ ကိုရင်လူထွက် ငါးပိချက်တို့ရဲ့ ထုံးစံအတိုင်း ခေါင်းကလည်း ခေါင်းတုံးကြီးနဲ့ ပြောင်တလင်းကို ခါနေမှာ။

"အကူအညီ တောင်းဖို့ရယ်လို့တော့ မဟုတ်ပါဘူး ကိုသက်ရာ၊ ကိုယ့်ကလပ်စ်မိတ်တွေ ပြန်တွေ့ရလို့ ဝမ်းသာတာရော၊ တောင်ငူကို ခုမှပြောင်းလာပြီး အသိအကျွမ်းရယ်လို့ ကောင်းကောင်းမရှိသေးဘဲ ကြောင်တက်တက်ဖြစ်နေချိန်မှာ ခင်ဗျားနဲ့ လာတွေ့ရတာရော ပေါင်းပြီး ဝမ်းသာတာပါ၊ ဩော် . . . ဒါနဲ့ ခင်ဗျားနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကျွန်တော့်ဇနီးလေ၊ ခင်မျိုးအောင်တဲ့၊ ဒါပေမဲ့ ကောင်းကောင်း မျိုးမအောင်ပါဘူးဗျာ၊ သမီးတစ်ယောက်ပဲ မွေးပါတယ်၊ ဒါ ကျွန်တော့်သမီးပဲ၊ ကျောင်းနာမည် ခင်နှင်းသွေးတဲ့၊ အိမ်မှာတော့ အိနီပေါ့ဗျာ"

ဦးရဲသွေး၏ရှည်လျားသော ဝမ်းသာမိတ်ဆက်စကားများ ဆုံးသည်အထိ ဖေဖေက ပြုံးပြီး နားထောင်သည်။ ဒေါ်ခင်မျိုးအောင်နှင့် သမီး ခင်နှင်းသွေးခေါ် အိနီတို့ကိုလည်း အသိအမှတ်ပြုသည့်သဘောဖြင့် ပြုံးရင်း ခေါင်းညိတ်ပြသည်။

ဦးရဲသွေး၏ စကားဆုံးမှ ဖေဖေက . . .

"အေးဗျာ . . . ကျွန်တော်လည်း ခုလိုပြန်ဆုံရတာ အရမ်းဝမ်းသာပါတယ်၊ ကျွန်တော့်မိသားစုနဲ့လည်း နောက်မှ အေးအေးဆေးဆေး မိတ်ဆက်ပေးရဦးမယ်၊ ကျွန်တော့်မှာတော့ နှစ်ကောင်ဗျို့၊ သားတစ်ယောက် သမီးတစ်ယောက်၊ သားက ဒီကောင်လေ၊ ဒီကောင်က အကြီးဆိုတော့ မောင်မောင်ဦးလို့ မှည့်ထားတယ်၊ မောင်ဦးမှည့်ရတာလည်း ခပ်လန့်လန့်ပဲ၊ တော်ကြာ ကြီးလာရင် သူ့အဖေလိုပဲ မူးအောင်ချည်း လိမ့်သောက်နေမှာလည်း စိုးရသေးတယ်"

ဤထုံးစံကတော့ ဖေဖေ့ထုံးစံပင်ဖြစ်သည်။ ကျွန်တော့်နာမည်လည်း ဤနည်းဖြင့် ပျက်ပေါင်းများပြီ။ မောင်ဦးဟုလည်း မှည့်သေးသည်။ ပြီး သူ့ဟာသူပင် 'မူးအောင်' ဟု စကားလိမ်ပြန်၍ သူ့အကျင့်ကောင်းများကို ထုတ်ထုတ်ဂုဏ်ယူတတ်သည်။

ဦးရဲသွေးနှင့်တကွ ဇနီးနှင့်သမီးတို့ကပါ ကျွန်တော့်ကို ကြည့်၍ ရယ်၏။

လူပျိုပေါက်တို့ ထုံးစံအတိုင်း မျက်နှာပျက်တက်တက်နှင့် ကျွန်တော် ပေကလတ်ပေကလတ် လုပ်နေလိုက်ရသည်။

ဦးရဲသွေးက . . .

"အေးနော် . . . စိတ်ထဲမှာ ကျောင်းပြီးတာ မကြာသေးဘူးထင်မိတာ၊ ခု သားတွေ သမီးတွေနဲ့မှပဲ ကိုယ်လည်း အတော် အသက်



ကြီးနေမှန်း သတိရတော့တယ်၊ ဒါနဲ့ ဒီကောင်ကြီးကတော့ ဘယ်နှစ်နှစ်ရှိလို့ ဘယ်နှစ်တန်း ရောက်ပြီလဲ"

"ငါးတန်း ဒီနှစ်တက်မယ်ရဲ့ အသက်က ဆယ့်တစ်နှစ်"

"အား . . . ကျွန်တော့်သမီးနဲ့အတူတူပဲပေါ့၊ အိနီလည်း ဆယ့်တစ်နှစ်၊ ငါးတန်းပဲရှိတယ်၊ အဲ . . . ခုမှသတိရတယ် . . . သူ ကျောင်းပြောင်းဖို့ကိစ္စ ရှိသေးတယ်ဗျ၊ ဘယ်ကျောင်းထားရင် ကောင်းမလဲ၊ ကျောင်းအပ်ဖို့ရော အဆင်ပြေပါ့မလား"

ဖေဖေက ရယ်သည်။

"ဒါတွေ မပူပါနဲ့ဗျာ၊ ကျွန်တော့်တာဝန်ထားပါ၊ ဒီမြို့ ရောက်ပြီး ကျွန်တော်နဲ့ တွေ့ရဲ့သားနဲ့ ခင်ဗျား အဆင်မပြေဘူးဆို ကျွန်တော် ညံ့ရာကျမှာပေါ့၊ ကျောင်းကတော့ ကျွန်တော့်ကောင် မောင်ဦးနဲ့သာ အတူတူတက်ခိုင်း၊ ဒီကောင်လည်း ဒီနှစ်မှ အ. ထ. က ပြောင်းထားရမှာပဲ၊ ဒီမှာတော့ အ. ထ. က တစ်က အဆင်ပြေပါတယ်"

မှန်တာပြောရလျှင် ကျွန်တော် ကျိတ်ဝမ်းသာနေမိသည်။

ဒို့ပြင် ကြီးကြီးကျယ်ကျယ်တွေ ကြံစည်တွေးတောမိ၍ တော့မဟုတ်။ ဖေဖေ့သူငယ်ချင်းသမီး . . . ကျွန်တော်နှင့် အတန်းတူအသက်တူဖြစ်သော အဆိုပါ ကောင်မလေးက ရန်ကုန်မှ ပြောင်းလာ၍လား၊ ဒါမှမဟုတ် ဘဝပါရမီပဲကောင်း၍လား မသိ . . . ကျွန်တော့်မျက်စိထဲမှာ အတော်လှနေသည်။

တောင်ငူမှာ သူ့ထက်လှသော ကောင်မလေးတွေ ရှိချင် ရှိမည်ဖြစ်သော်လည်း ကျွန်တော့်မျက်စိထဲမှာ သူ့လောက်မလှ။ ကလေးခပ်ကြီးကြီးသာ ရှိသေးသည်မို့ ဗိုက်ပူ၊ ဖင်ကောက်၊ ခါးတုတ်လေးနှင့်ပင် ဖြစ်သော်လည်း ထဘီလေး မနိုင့်တနိုင် ဝတ်ထားသည်

ကပင် တစ်မျိုး ကြည့်ကောင်းသည်။

မကြာခင် ဖက်တီးပုတ်လေးနှင့် ကျွန်တော် သူငယ်ချင်းတွေ ဖြစ်တော့မည် ဆိုသည်ကိုလည်း ကြိုသိနေသည်။

ကျွန်တော့်သူငယ်ချင်း ယောကျ်ားလေးများထဲတွင် ဒီလို ကောင်မလေးမျိုးနှင့် ဒီလောက် ရင်းနှီးသော သူငယ်ချင်းဖြစ်ရမည့် သူတစ်ယောက်မှ မရှိ။ များစွာဂုဏ်ယူဖွယ်ကောင်းသော ကိစ္စဖြစ်သည်ကလည်း သေချာသည်။

ကိုရင်ဝတ်စဉ်က လူကြီးတွေ စ,ကြသော 'ပဋိသန္ဓေ ယောနိသော အပျိုမြင် ငါ့ကိုပြော' ဆိုသော စကားကို တောက်တီးတောက်တဲ့ သွားသတိရနေမိသည်။

မောင်ဦးဆိုသော ကျွန်တော်သည် ကြီးသည့်အထိ မူး အောင်မသောက်တတ်သော်လည်း ဤနည်းဤပုံဖြင့် . . . ငယ်ငယ် ကတည်းက အကျင့်ကလေးတစ်မျိုး ဆိုးခဲ့သည်။

"ဒီလိုတော့ရှိတယ် ဒေါ်ခင်မျိုးအောင် . . ခင်ဗျားယောကျ်ား ကိုရဲက ကျွန်တော့်သူငယ်ချင်း အရင်းကြီးပါ၊ တက္ကသိုလ်တုန်းက ရွှေဘိုဆောင် တစ်ဆောင်တည်းမှာ အတူတူနေပြီး အတူတူတောခဲ့ ကြတဲ့ လူတွေပဲ၊ ဒါပေမဲ့ မလွှဲသာမကင်းသာ တောင်ငူကို ရောက်လာ ပြီ ဆိုတော့လည်း သတိပေးစရာ ရှိတာလေးတွေ ခင်ဗျားအတွက် သတိပေးထားမှဖြစ်မယ်"

ဖေဖေ တစ်စုံတစ်ရာ နောက်တော့မည်ဆိုသည်ကိုတော့ မျက်နှာမြင်လိုက်တာနှင့် ကျွန်တော်သိသည်။ ဦးရဲခွေး၏ဇနီး ဒေါ်ခင် မျိုးအောင်ကတော့ ရိပ်မိပုံ မရသေး။ မျက်လုံးလေးဝိုင်း၍ . . .

"ဘာများလဲ ဦးသက်ဝင်း"

"ဒီလိုဗျ . . . ကျွန်တော်တို့ တောင်ငူက အစဉ်အလာကြီး တယ်၊ စိုးရိမ်စရာလည်း ကောင်းတယ်၊ ဘယ်လို စိုးရိမ်စရာကောင်းတာ

လဲဆိုတော့ ဇနီးမယားမှန်သမျှ သူတို့ယောက်ျားတွေ တောင်ငူကို သွားရင် တောင်ငူမှာ ကြာကြာနေမှာ စိုးတယ်၊ တောင်ငူမှာကြာရင် အရမ်းစိတ်မချစရာတွေ ဖြစ်လာတတ်တယ်လို့လည်း ပြောကြတယ်"

"ဟော့လူ ကိုသက် . . . ခင်ဗျားကတော့ မဟုတ်တရုတ် ပြောတော့မယ်"

ဦးရဲသွေးက ဝင်ဟန့်သည်။ သို့သော် ဒေါ်ခင်မျိုးအောင်က သူ့အတွက် အရေးအကြီးဆုံးကိစ္စ ဖြစ်လာပြီမို့ ထင်သည်။ စိတ်ဝင်စားလာပုံဖြင့် . . .

"ဘာဖြစ်လို့လဲ ဦးသက်ဝင်း၊ တောင်ငူက မိန်းကလေးတွေက အရမ်းချွဲတတ်လို့လား"

"ချွဲပဲ ချွဲတတ်လို့လား၊ ကဲပဲ ကဲတတ်လို့လား၊ အဲဒါတော့ ကျွန်တော်လည်း တောင်ငူသားဖြစ်ပြီး ကောင်းကောင်းမသိဘူး ဒေါ်ခင်မျိုးအောင်၊ ရာဇဝင်မှာတော့ စာနဲ့ပေနဲ့ကို မှတ်တမ်းတင်ခဲ့တာတော့ ရှိတာပဲ"

"ကိုကိုကလည်းကွာ . . . မဟုတ်တရုတ်တွေ လျှောက်ပြောဦးမယ်"

မေမေကလည်း ဖေဖေ့ရွတ်တော့မည်မှန်းသိ၍ ဝင်တားသည်။ ဖေဖေက မေမေ့ကို မျက်လုံးပြူးပြရင်း . . .

"ဟ . . . ဘယ်နှယ့် ကိုကိုက မဟုတ်တရုတ် ပြောရမှာလဲ၊ အဲဒီကိစ္စ မင်းလည်းသိတာပဲ၊ နို့ ငါပြောမှာ ရာဇဝင်ထဲ တကယ်မပါလို့လား"

မေမေက ရယ်နေသည်။ ဒေါ်ခင်မျိုးအောင်က ဝင်၍ . . .

"ကဲ . . . အဲလိုကြီး လုပ်မနေနဲ့ ဦးသက်ဝင်း၊ ပြောစရာ



ရှိတာ ပြော၊ နဂိုကတည်းက ကျွန်မယောက်ျားကိုလည်း ကျွန်မက သိပ်စိတ်ချတာ မဟုတ်ဘူး၊ ခုပြောမှ ပိုတောင် စိတ်မချဖြစ်လာပြီ၊ အထောက်အထား ခိုင်လုံရင်တော့ အလုပ်က ထွက်ခိုင်းပြီး တောင်ငူက ပြန်ပြောင်းသင့် ပြောင်းရမှာပဲ"

"ဟား . . . ဟား . . . အဲဒါတော့ ကိုယ့်ဟာကိုယ် စဉ်းစားဆုံးဖြတ်ပေါ့ဗျာ၊ အထောက်အထားက မခိုင်လုံစရာ လုံးဝမရှိဘူး၊ လိုအပ်ရင် ကျမ်းကိုးကျမ်းကားပါ တစ်ခါတည်း ထုတ်ပေးနိုင်သေးတယ်၊ ဒီလိုဗျ . . . ခုနှစ်သက္ကရာဇ်နဲ့ပါ အတိအကျပြောရရင် မြန်မာသက္ကရာဇ် ၁၁၈၁ ခုနှစ်က ဖြစ်ခဲ့တဲ့ကိစ္စ"

ဖေဖေက သည်အကြောင်းအရာကို ဘယ်လောက်များ မှတ်၍ ဘယ်လောက်များ ပြန်ပြောဖူးပြီ မသိ။ ခုနှစ်သက္ကရာဇ်ပင် ဒိုးဒေါက်နှင့် ပြောနိုင်နေသည်။

"အဲဒီနှစ်မှာ ရတနာပူရစတုတ္ထမြို့တည်နန်းတည် ဘကြီးတော် မင်းတရားရဲ့ညီတော် တောင်ငူမင်း နတ်ရွာလားတော့ ဘကြီးတော်ဘုရားက ရမ်းဗြဲမင်းသားလို့ခေါ်တဲ့ မင်းသားကို တောင်ငူလွှတ်ပြီး ခဏ ထိန်းသိမ်းထားခိုင်းတယ်၊ အဲဒီမှာ ယမ်းဗြဲမင်းသားရဲ့ဇနီး ယမ်းဗြဲမင်း မြောက်သားတော်က တောင်ငူအကြောင်း သိနေတယ်နဲ့တူပါတယ်၊ သူ့မျက်ကွယ်ရာမှာ အငယ်အနှောင်းတွေ မထားပါနဲ့၊ ကြောင်သူတော် အကျင့်မျိုးလုပ်ပြီး တောင်ငူမှာ မရှုပ်နဲ့နော်ဆိုပြီး မှာတမ်းတစ်စောင်ကို ရေးပို့ရတယ်"

"ဘယ်လိုရေးပို့လဲ ဦးသက်ဝင်း"

"နားထောင် ဒေါ်ခင်မျိုးအောင်၊ သူ့မှာတမ်းက ခပ်တိုတိုပဲ"

မှာလိုက်တဲ့ ကိုယ်တော်။
မျက်ကွယ်မှာ သက်လျှာများ
ထားလေနဲ့နော်။
နောက်နောင်ပေါ်၊ ကိုယ်တော်ခက်မယ့်။
အကျင့်တော် ကြောင်မှုနဲ့
တောင်ငူမှာ အလေလိုက်မည်ကြောင့်
မှာလိုက်ပါငဲ့။

ဖေဖေ့စကားအဆုံးမှာ ဦးရဲသွေးရော ဒေါ်ခင်မျိုးအောင်ရော မေမေပါ ရယ်ကြသည်။ ဦးရဲသွေးက ရယ်ရင်းနှင့် . . .

"သူ့ယောက်ျားသူ စိတ်မချတာသက်သက်နဲ့ ရေးတာပါဗျာ၊ တောင်ငူနဲ့ မပတ်သက်ပါဘူး ထင်ပါတယ်"

ဖေဖေက လက်ခါ၍ . . .

"မပြောတတ်ဘူးလေ၊ သူ့စာအတိုင်း ပြောရတာပဲ၊ ဒါမျိုး မြို့နာမည်တပ်ပြီး အလေမလိုက်ဖို့ မှာတဲ့စာ၊ တခြား ဘယ်မြို့နာမည်နဲ့များ ရှိဖူးလို့လဲ၊ အဲဒါကြောင့် တောင်ငူရောက်လာတဲ့ ကိုရဲကိုလည်း သတိထားခိုင်းနေရတာ"

"အင်း . . . ကျေးဇူးပဲ ကိုသက်ဝင်း၊ ဒါဆိုရင် ကျွန်မလည်း ကိုရဲသွေးကို စောစောစီးစီး စာထုတ်ထားမှ ဖြစ်မှာ"

"ဘယ်လိုထုတ်မလို့လဲ"

"ရှေ့အပိုဒ်တွေကတော့ ဒီအတိုင်းပါပဲ၊ နောက်နှစ်ပိုဒ်ကျမှ ဒီလိုပြင်ချင်တာ၊ 'နောက်နောင်ပေါ်၊ ရှင်တော့ အသေပဲ'



'အကျင့်တော် ကြောင်သူတော်နဲ့ တောင်ငူမှာ အလေလိုက်ရင် ခေါင်းရိုက်ခွဲ' . . . လို့ပေါ့"

ဒေါ်ခင်မျိုးအောင်ကလည်း မခေ။ တစ်ခဏနှင့်ပင် ချိုးစာကို အရ လိုက်ဟပ်နိုင်သည်။

ဒီစကားလုံး အဓိပ္ပာယ်တွေ ကောင်းစွာ နားမလည်ကြသော ကျွန်တော်တို့မောင်နှမနှင့် အိနီဆိုသော ကောင်မလေးသုံးယောက်သာ လိုက်ရယ်ရကောင်းနိုး၊ ဘာလုပ်ရနိုးဖြင့် ကြောင်စီစီလေးတွေ ဖြစ်နေကြသည်။

ပြောချင်တာက တခြားမဟုတ်ပါဘူး အိနီ။

ဈေးထိပ်မှာ ဖေဖေတို့ သူငယ်ချင်းနှစ်ယောက် ဆုံပြီးတဲ့ နောက်ပိုင်း နင်တို့မိသားစုနဲ့ ငါတို့မိသားစု အပြန်အလှန် ကူးသန်းသွားလာ လည်ပတ် ရင်းနှီးကုန်ကြတယ်ဆိုတာပါပဲ။

လူကြီးချင်း သူတို့ဟာသူတို့ အဖွဲ့ကျနေကြသလို တဖြည်းဖြည်းနဲ့ တို့ ကလေးသုံးယောက်လည်း ကစားဖော်လေးတွေ ဖြစ်ကုန်ကြတယ် မဟုတ်လား။

သိတဲ့အတိုင်းပဲလေ၊ တို့ခြံဝင်းကြီးက အကျယ်

ကြီး။

ဖေဖေတို့ တောင်ငူမှာ မိဘဘိုးဘွား အစဉ်အဆက်ကို တောင့်တောင့်တင်းတင်း ရှိခဲ့တဲ့ မိသားစု။ ဖေဖေ့လက်ထက်ကျတော့လည်း ဘွဲ့ရ အိမ်ထောင်ကျပြီးကတည်းက မိဘ လက်ငုတ်လက်ရင်း စီးပွားရေးပဲလုပ်ပြီး အစဉ်အလာမပျက် ဆက်တောင့်တင်းအောင် နေနိုင်ခဲ့တဲ့လူ။

အပေါ်ထပ်မှာ လူနေပြီး အောက်ထပ်မှာ ရောင်းကုန်တွေ ဝယ်ကုန်တွေ ထားဖို့ ဆောက်ထားတဲ့ နှစ်ထပ်အိမ်ကြီးကလည်း ရောမကြီး။ အဲဒီအပြင် ထိုအိမ်ဝိုင်းထဲမှာပဲ ရပ်ဝေးဧည့်သည် ဆောင်သည် မိတ်ဆွေတွေလာရင် တည်းဖို့ခိုဖို့ ဆောက်ထားတဲ့ သစ်သားအိမ်လေးတွေကချည်း နှစ်လုံး သုံးလုံး ရှိသေးသည်။

အဲဒါတွေ ရှိနေတဲ့အတွက်ကြောင့်လည်း နင်နဲ့ ငါနဲ့ ပိုရင်းနှီးခင်မင်စရာ အကြောင်းလေးက ပေါ်လာတယ်။

နင့်အဖေက သူ့အဆင့်နဲ့သူ အရာရှိ တစ်ယောက်ဆိုပေမယ့် သူလုပ်တဲ့ရုံးအလုပ်က နေစရာ အိမ်မပေးနိုင်ဘူးလေ၊ အဲဒီတော့ ကိုယ့်အစီအစဉ်နဲ့ကိုယ် အပြင်မှာ အိမ်ငှားနေရတာပေါ့။

သိတဲ့အတိုင်း မြို့ခံလူ၊ လူပိုင်မပါဘဲ ငှားရတာဆိုတော့ ပထမ နင့်တို့နေဖို့ ငှားထားတဲ့အိမ်က



အဆင်မပြေလိုက်တာဟာ နောက်ပိုင်း ခုတကလျာလမ်း ခေါ်မှာပေါ့၊ ကန်တော်ကြီး အရှေ့ဘက်က ကန်ပတ်မြေနီလမ်းလေးမှာ လမ်းမတော်နဲ့ ကန်တော်လမ်းကို ဆက်ထားတဲ့ လမ်းကလေးထဲမှာပေါ့။

ရုံးတို့ ကျောင်းတို့နဲ့ သွားရလာရတာလည်း ဝေးလိုက်တာ၊ ကန်တော်ကြီးဆိုတာက မြို့အနောက်ဘက်ခြမ်း အစွန်ဆုံးလို့တောင် ပြောလို့ရတယ်၊ နင့်အဖေ တက်တဲ့ရုံးနဲ့ ငါတို့ကျောင်းက မြို့အရှေ့ဘက်ခြမ်း အစွန်ဆုံးမှ စစ်တောင်းမြစ်ဘေး ကပ်နေပြီ။

သွားရလာရတာ ဝေးတာ မဟုတ်ဘူး၊ ပေးရတဲ့ဈေးကလည်း များသေးတယ်၊ ဖေဖေက အဲဒါ ကြည့်ပြီး ဘယ်လိုမှ မကျေနပ်ဘူး။

အဲဒါနဲ့ လခပေးရနေရမယ့်အတူတူ နင်တို့မိသားစုလည်း အားမနာရအောင် တို့ခြံထဲက အိမ်တစ်လုံး နင်တို့ကို ပြန်ငှားပြီး ဒီပြန်ရွှေ့ပြောင်းခိုင်းတယ်။

ငါတို့အိမ်ကတော့ ဈေးလမ်း၊ ဈေးရပ်ကွက်ထဲမှာပဲဆိုတော့ ရန်ကုန်-မန္တလေး ရထားလမ်းနဲ့ ရန်ကုန်-မန္တလေး ကားလမ်းကို ကျော်ရတာက လွဲလို့ ရုံးနဲ့ရော ကျောင်းနဲ့ရော ဘာမှမဝေးတော့ဘူး။

နင်တို့မိသားစုလည်း ဝမ်းသာအားရနဲ့ ပြောင်းလာကြတယ်။

အဲဒီမှာ နင်နဲ့ငါလည်း ဘာမှ သွေးမတော်သားမစပ်ပေမယ့် တစ်အိမ်တည်းသားတွေ မဟုတ်တောင် တစ်ခြံဝင်းတည်း အတူနေတဲ့သူတွေ ဖြစ်လာတာပေါ့။

သရက်ပင်၊ ပိန္နဲပင်လို အရိပ်ကောင်းကောင်းတွေ ရှိနေတဲ့ တို့ခြံကြီးဟာလည်း တို့မောင်နှမနဲ့ နင် သုံးယောက်သား ကစားလို့ မကုန်နိုင်တဲ့ ကွင်းကြီး ဖြစ်လာတော့တာပဲ။ ငယ်စာရင်းမှာလည်း နင်နဲ့ငါဟာ သူငယ်ချင်းပါပဲ အိနီရယ်။

"အင်တေ မြေမနင်း စပါးဆယ့်ကိုးတင်း၊ နမူနာ သရက်ကင်း . . . ဂျင်း"

ကစားပွဲ၏ စည်းကမ်းဥပဒေနှင့်အညီ အိနီက သစ်မြစ်ပေါ် ရပ်နေသော ကျွန်တော်နှင့် မိငယ်အား အထက်ပါလင်္ကာရွတ်၍ ဘွာတိုင်မှ ခွာခိုင်းသည်။

ကစားပွဲထုံးစံကိုတော့ လူတိုင်းသိကြပါသည်။ အင်တေမြေမနင်းကစားလျှင် တစ်ယောက်က အလိုက်သမား ခွေးရူးလုပ်၍



စိန်ပြေးတမ်းကစားသလို ကျန်လူများကို လိုက်ဖမ်းရသည်။

အင်တေတို့ မြေကြီးတို့ပေါ်မှာရှိသူအားလုံးကို လိုက်ဖမ်းခွင့်ရှိ၍ အင်တေနှင့် မြေကြီးမဟုတ်သော သစ်သား၊ သစ်မြစ်၊ သံပြားစသည်တို့ပေါ် ရပ်လိုက်လျှင် ဘွာတိုင်သဘောမျိုးဖြစ်၍ ဖမ်းခွင့်မရှိ။

သို့သော် ပြေးသူကလည်း ထိုဘွာတိုင် အကြာကြီး ရပ်ခွင့်မရှိ။ အင်တေမြေမနင်း အစချီသော ဘာအဓိပ္ပာယ်မှ ကောက်၍မရသည့် အဆိုပါ လင်္ကာလိုလို ဂါထာလိုလို စာသားကိုရွတ်လျှင် ထိုဂါထာမဆုံးခင် ဘွာတိုင်မှ ခွာပေးရသည်။ ထိုဂါထာရွတ်လို့ ဆုံးသည်နှင့် လိုက်သူက ထိုနေရာမှ ပြေးသူကို ဖမ်းခွင့်ရှိ၏။

သူ့အရွတ်အဆိုစကားဆုံးသည်နှင့် ကျွန်တော်က လှစ်ခနဲ ဘေးဘက် ခုန်ထွက်၍ ပြေးသည်။

အိနီကလည်း ရပ်လျက်ကျန်ရစ်နေသော မိငယ်ကို ဂရုမစိုက်။ ကျွန်တော့်နောက်သာ ပြေးလိုက်သည်။ ကျွန်တော်ပြေးရင်းနှင့် ထင်းချောင်းတစ်ချောင်း မြင်လိုက်သည့်အတွက် ခက်တော့ ခက်သော်လည်း ထိုထင်းချောင်းပေါ်တွင် စုံရပ်၍ ဘွာတိုင်နားလိုက်ပြန်သည်။

အိနီက သိပ်အချိန်မပေးတော့ဘဲ ဂါထာရွတ်ပြန်၏။

"အင်တေမြေမနင်း စပါးဆယ့်ကိုးတင်း"

"ဟာ . . . နင်ကလည်း ငါ့ပဲ မဲလိုက်နေတာပဲ အိနီရာ၊ ဟိုမှာ မိငယ်ရှိသေးတာပဲ၊ သူ့လည်း လိုက်ဦးမှပေါ့"

ကစားကတည်းက သစ်မြစ်ပေါ်မှ မခွာသော မိငယ်ကိုတော့ အိနီက လိုက်မဖမ်းဘဲ ကျွန်တော်ပြေးရာသာ ထက်ကြပ်မကွာ လိုက်နေသဖြင့် ကျွန်တော် မောလည်း မောနေပြီ။ စိတ်လည်း တိုနေပြီ။

အိနိက ခေါင်းကလေးကို ဆတ်ခနဲခါပြီး . . .

"အို . . . မလိုချင်ဘူး၊ မိငယ်က ကလေး၊ သူ ခွေးရူးဖြစ်ရင် ငါတို့ကို ဘယ်လိုလုပ် လိုက်ဖမ်းမိနိုင်မလဲ၊ မရဘူး နင့်ပဲ ငါ လိုက်မယ်၊ စကားမများနဲ့၊ အင်္ဂတေမြေမနင်း စပါးဆယ့်ကိုးတင်း၊ နမူနာ သရက်ကင်း"

"နေဦး အိနိ၊ နင် အဲဒါကြီးဆုံးအောင် မဆိုနဲ့ဦး၊ အဲလိုဆို ဒီပြင်ဟာ ကစားမှုဖြစ်မှာပေါ့၊ စိန်ပြေးတမ်း ထွေကစားရင် နင် မိငယ် ဘယ်လိုလုပ် ပါလို့ရတော့မလဲ၊ နင်နဲ့ငါ နှစ်ယောက်တည်း ကစားသလို ဖြစ်နေမှာပေါ့"

"စကားမရှည်နဲ့ဟာ . . . နေဦး၊ ထိုင်ကစားရတာ ပျင်းတယ်လို့ ဘယ်နှစ်ခါပြောရမလဲ၊ ခဏတော့ ပြေးတမ်းလိုက်တမ်း ကစားဦးမယ်"

"အဲလိုဆို မိငယ်လည်း လိုက်ဖမ်းပေါ့ဟာ၊ ပြေးပြေးလိုက်လိုက် ကစားမှတော့ သူလည်းပါချင်မှာပေါ့"

"ဟေ့အေး . . . အဲလိုကျတော့လည်း မိငယ်ကို သနားတယ်"

"ဟာ . . . နင်ကလည်း"

"မရဘူး၊ နင် ထပ်မရှည်နဲ့တော့၊ အင်္ဂတေမြေမနင်း ငါ ဆိုမယ်၊ နင် လွတ်အောင်ပြေးနိုင်ရင် ပြေး"

ပြောရင်းနှင့် အင်္ဂတေမြေမနင်း ပြန်ဆိုသည်။ ကျွန်တော် ဘာမျှမတတ်နိုင်။ ပြေးရပြန်၏။

"အီး . . . မေမေနဲ့တိုင်ပြောမယ်၊ မိငယ်တော့ မခေါ်ဘူး သူတို့ချည်းပဲ ကစားနေကြတယ် . . . အီး . . . ဟီး . . . ဟီး"



ရုတ်တရက်ပေါ်ထွက်လာသော ငိုသံကြောင့် ကျွန်တော် ပြေးလက်စ ခြေလှမ်းများ တုံ့ခနဲ ရပ်သွားသည်။ အိနိလည်း ပြူးပြူး ပျာပျာ လှမ်းကြည့်မိ၏။

မြင်လိုက်ရသော မြင်ကွင်းမှာတော့ မိငယ်တစ်ယောက် သစ်မြစ်ပေါ် ဆောင့်ကြောင့်ထိုင်ပြီး တဟီးဟီးနှင့် ငိုနေသည်။

ဟုတ်လည်း ဟုတ်သည်။ သူ့မှာ စ,ကတည်းက တစ်ခါမျှ ပြေးလည်း မပြေးရသေး။ သူ့မှာ စ,ကတည်းက တစ်ခါမျှ ပြေးလည်း မပြေးရသေး။ လိုက်လည်း မလိုက်ရသေး။ သစ်မြစ်ပေါ်၌သာ သည် အတိုင်း မတ်တတ်ကြီး ရပ်နေရသည်။

ကျွန်တော်တို့နှစ်ယောက်စလုံး မိငယ်ဆီ ကပျာကယာပြေး သွားကြ၏။

ဒါလေးက ငယ်ငယ်တုန်းက တို့ခြံဝင်းထဲမှာ ကစားရင်း ဖြစ်ခဲ့တာလေးတွေ သတိရလို့ ပြန်ပြောတာပါ အိနိ။

အဲဒီတုန်းကတော့ ဘာရယ်မဟုတ် ဖြစ်ခဲ့ကြတာပါပဲ။

ဒါပေမဲ့ အဲဒီတုန်းက ငါကလည်း ကလေးဆိုတော့ နင့်မှာ ဒီလိုမျိုးစရိုက်ကလေးတွေ ရှိတတ်

တာ သတိထားဖို့ စိတ်ကူးမရခဲ့ဘူး။ စိတ်ကူးရရကောင်းမှန်းလည်း မသိခဲ့ဘူး။

အဲဒီတုန်းကလည်း နှင် တစ်ခါမှားခဲ့ဖူးတာ အမှန်ပဲ အိနီ။

ငယ်ငယ်ကအကြောင်းတွေ တစ်ခုစီ ပြန်ပြောနေရရင် အများကြီး ပြောစရာတွေရှိသလို၊ တကယ်တမ်းကျတော့လည်း ဘာမှ သိပ်မဟုတ်လှပါဘူး အိနီရယ်။

တစ်ခြံတည်း တစ်ဝင်းတည်း အတူတူနေတတ်တယ်။ ပြောရရင် တန်းခွဲတောင်မှ တစ်တန်းတည်း တက်ခဲ့ရတာ။ ကစားဖော် ကစားဖက်၊ စာသင်ဖော် စာသင်ဖက်၊ ကျောင်းသွားဖော် ကျောင်းသွားဖက်။

နှင့်ဘက်က ဘာမှမဖြစ်ဘူး ဆိုရင်တောင် ငါ့ဘက်ကတော့ အဲဒီအချိန်လေးတွေဟာ သတိရစရာ အကောင်းဆုံးနဲ့ အမှတ်တရ ဖြစ်စရာ

အကောင်းဆုံး အချိန်လေးတွေပါ။

နင်နဲ့ ငါနဲ့ အရမ်းခင်ခဲ့ကြတယ်။

ဘာမှမဟုတ်ဘဲနဲ့လည်း တချို့အဖြစ်အပျက်လေးတွေက ငါ့ရင်ထဲ စွဲနေတယ်။ ငါတို့နှစ်ယောက် ကျောင်းတွေ ပြန်ဖွင့်လို့ ငါးတန်း စ,တက်ရတဲ့အချိန်မျိုးလေးတွေပေါ့။

"ကိုဦး"

"ဘာလဲ အိနီ"

"နင်နဲ့ငါနဲ့ တစ်တန်းတည်း အတူတက်ရမယ်လို့ ငါ့အဖေက ပြောတယ် . . . အဲဒါ ဟုတ်လား"

"ဟုတ်သားပဲ . . . ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူးဟာ၊ ကျောင်းကျရင် နင်က ယောကျ်ားလေး သူငယ်ချင်းတွေနဲ့ ဆော့ပြီး ငါ့ကို တစ်ယောက်တည်း ပစ်ထားခဲ့မှာစိုးလို့ပါ"

"ဟ . . . အဲဒီတော့လည်း ဘာဖြစ်လဲ အိနီရ၊ နင်လည်း နင့်မိန်းကလေး သူငယ်ချင်းတွေနဲ့ ဆော့ရမှာပဲဟာ၊ နင်နဲ့ငါက ဆော့လို့ ဖြစ်မလား၊ နင်တို့နဲ့ တူတူလာဆော့ရင် နင်တို့ မိန်းကလေးတွေက မိန်းမတောထဲ ယောကျ်ားဝင် ကလောင်ကလင် အီးနဲ့ပန်းထုတ်ဆိုပြီး



ငါ့ အော်လှတ်မှာပေါ့"

"အဲဒါက နောက်ကျမှ ဖြစ်မှာပါဟာ၊ အခု ကျောင်းတက်တက်ချင်းတော့ ငါ့မှာလည်း သူငယ်ချင်းရှိမှာမှ မဟုတ်သေးဘဲ၊ နောက်ပြီး ဒီကျောင်းလည်း ငါက တစ်ခါမှတက်ဖူးတာ မဟုတ်သေးဘူး၊ ငါတစ်ယောက်တည်း ဖြစ်နေမှာ ကြောက်တယ်"

ကျွန်တော်က ရယ်သည်။

"ဟာ . . . နင်ကလည်း . . . ငါလည်း ဘာထူးမှာလဲဟ၊ ဒီကျောင်းမှာ ငါလည်း နေဖူးတာမှမဟုတ်ဘဲ၊ ဒီနှစ်မှ ပြောင်းရတာချင်း အတူတူပါဟာ"

"ဒါပေမဲ့ နင်က နင့်လိုပဲ ကျောင်းပြောင်းလာတဲ့ သူငယ်ချင်းတွေ ရှိချင်ရှိဦးမှာဟ"

ကျောင်းမတက်ခင် တစ်ရက်မှာ ပြောင်းလာသည့်၊ မြို့သစ်က ပြောင်းရမည့် ကျောင်းအသစ်ကို တက်ရန် ပူပန်နေဟန်တူသည့် အိနီကိုကြည့်ပြီး ကျွန်တော် သနားသွားသည်။

"အေးပါဟာ . . . ဒါဖြင့်လည်း ကျောင်းကျရင် ငါနဲ့အတူတူနေပေါ့၊ ငါ နင့်ကို တစ်ယောက်တည်း ပစ်မထားခဲ့ပါဘူး"

"တကယ်လား"

"တကယ်ပေါ့၊ ငါက နင့်ကို အလကားနေရင်း ညာနေရမှာလား"

"အေး . . . ဒါဖြင့် ပြီးရော၊ နင့်ကတိနော်"

"ဘာလဲ ကတိ"

ရန်ကုန်မှ ပြောင်းလာသော အိနီသည် တောင်ငူမှ တောသားကျွန်တော် သိပ်နားမလည်သည့် စကားလုံးများ တစ်ခါတစ်ရံ သုံးစွဲ

တတ်သည်။ ခုလည်း သူသုံးလိုက်သည့် 'ကတိ' ဆိုသောစကားကို ကျွန်တော် သိပ်နားမလည်။

စကားလုံး၏အဓိပ္ပာယ် နားမလည်တာတော့ မဟုတ်။ သည်စကား၏ အတိုင်းအတာက ဘယ်အထိ အကျိုးသက်ရောက်မှုရှိမှန်း ထိုစဉ်က မသိတာသာဖြစ်သည်။

ကျွန်တော့်စကားကြောင့် အိနီ စိတ်မရှည်ပုံ ရသွား၏။

"ဟာ . . . နင်ကလည်း ကိုဦးရာ . . . ဒါလေးတောင် မသိဘူးလား၊ ကတိဆိုတာ ကတိပေါ့၊ နင် ငါ့နားမှာ အမြဲနေမယ်ဆိုတာ ဟာ ကတိလားလို့မေးတာ၊ ကတိဆိုရင် ကတိလို့ ပြောပေါ့"

"အဲလိုပြောရင် ငါ ဘာဖြစ်မလဲ"

"ဒီတိုင်းပြောရုံနဲ့တော့ ဘာဖြစ်မလဲဟ၊ ငါ့ကို ကတိလို့ ပြော ပြီးမှ ကတိမတည်ရင် နင် သေမှာပေါ့"

"ဟေ . . . ငါသေမယ် ဟုတ်လား"

"အေး . . . ဟုတ်တယ်၊ ကတိဆိုတာ ပြောတဲ့အတိုင်း မှန် တယ်၊ မဟုတ်ရင် ဘုရားစူး မိုးကြိုးပစ် မြွေကိုက်၊ ကားတိုက်၊ သေ အကုန်ဖြစ်မယ်"

"အမယ်လေး"

"ဘာ အမယ်လေးလဲ . . . နင် အခုတည်းက ငါ့ကို က လို့ မပြောရဲဘူးဖြစ်သွားပြီ မဟုတ်လား"

"မဟုတ်ဘူးလေဟာ၊ ငါက နင့်နားမှာ နေဆို နေမှာ ဒါပေမဲ့ တစ်ခါတလေ နင့်နားမှာ နေလို့မရရင် ဘယ်လိုလုပ်မလဲ"

"ဘာဖြစ်လို့ နေလို့ မရ ရမှာလဲ"

"ဟ . . . ကျောင်းမှာ ထိုင်ခုံထိုင်ရင် ယောကျ်ား



တစ်ဖက် မိန်းကလေးတစ်ဖက် ထိုင်ရတယ်ဟ၊ ဘယ်လိုလုပ် နင့်နားမှာ နေလို့ရမလဲ"

"အဲဒီ အချိန်တော့ ဘယ်ဟုတ်မလဲ၊ ဒို့ပြင်အချိန် နေပေါ့"

"ဒို့ပြင်အချိန် . . . ဒို့ပြင်အချိန်မှာလည်း အမြဲတမ်း နေလို့ မရဘူးဟ"

"ဘာဖြစ်လို့လဲ"

"ကျောင်းမှာ အိမ်သာကလည်း ဘယ်တူမလဲ၊ နင်က မိန်းကလေးအိမ်သာမှာ တက်ရမှာ၊ ငါက ယောကျ်ားလေးအိမ် သာ တက်ရမှာ"

"အို . . . အထဲအထိတော့ နင် ဝင်မလိုက်နဲ့ပေါ့၊ ဒါပေမဲ့ ငါ အပြင်ထွက်ရင် အဝအထိတော့ လိုက်စောင့်ပေးရမှာပေါ့"

ကျွန်တော် နည်းနည်းတော့ စိတ်ညစ်သွားသည်။ နောက်ထပ် စဉ်းစားစရာတွေ ကျန်ကောင်း ကျန်နေနိုင်သေးသဖြင့် . . .

"ဒါဖြင့် ဒီလိုလုပ်ကွာ၊ နင် ငါ့ကို ကတိတွေ ဘာတွေ မပြောနဲ့၊ ငါ နင့်နားမှာနေလို့ ရသမျှ အမြဲနေပေးမယ်၊ ငါ အမှန်တကယ် ပြောတာ၊ အဲဒါဆို မဖြစ်ဘူးလား"

"ဖြစ်တယ် အဲဒါရော နင် ကတိပဲလား"

"ရော် . . . ဖြစ်ပြန်ပြီ၊ အဲဒါရောဆိုတာက ဘာလဲ"

"နင် ခုန ပြောတာလေ၊ နင် အမှန်တကယ် ပြောတာ ဆိုတာ"

"ဩော် . . . အေး၊ အဲဒါတော့ ကတိ ကတိ၊ ငါမညာဘူး"

"သေချာတယ်နော်၊ မဟုတ်ရင် နင်သေမှာ"

"အေးပါ၊ ဟုတ်ပါတယ်"

"ဒါဖြင့် ပြန်ပြော၊ ကတိလို့"

"အေး . . . အေး၊ ကတိ . . . ကတိ"

"မဟုတ်ဘူး၊ အဲလို မဟုတ်ဘူး၊ ကတိလို့ တစ်ခွန်းတည်း ပြော"

"ကတိ"

"အေး . . . ဒါဆိုပြီးရော၊ မဟုတ်ရင် နင် ဘုရားလည်း စူးမယ်၊ မိုးကြိုးလည်း ပစ်မယ်၊ မြွေလည်း ကိုက်မယ်၊ ကားလည်း တိုက်မယ်၊ ပြီးရင် သေမှာပဲ၊ မှတ်ထား ကိုဦး"

ဗို . . . မလွယ်ပါလားဟု ကျွန်တော် အောက်မေ့လိုက်၏။

"ရော့ . . . ကိုဦး . . . အဲဒါ နင့်အတွက်"

ထိုရက်က ကျောင်းပိတ်ရက်ဟု ကျွန်တော်မှတ်မိသည်။

ထုံးစံအတိုင်း မနက်အိပ်ရာထ၊ မျက်နှာသစ်၊ ကော်ဖီသောက်ပြီးပြီဆိုမှ ခြံထဲမှ ဆော့ရန် ဆင်းသည်။ အိနီကိုလည်း ထုံးစံအတိုင်း သွားခေါ်၏။

ထိုနေ့ကတော့ အိနီ ခါတိုင်းကဲ့သို့ ရှိုးရှိုးတန်းတန်း ဆင်းမလာ။ လက်ထဲမှာ စက္ကူထုပ်တစ်ထုပ် ကိုင်လာသည်။ ပြီးတော့ အိမ်ရောက်ရောက်ချင်း ကျွန်တော့်ကို လှမ်းပေး၏။

"အဲဒါ ဘာလဲ အိနီ"



"ဘာဖြစ်ဖြစ်"

တစ်ခါတစ်ရံကျလျှင် ဘာဖြစ်မှန်းမသိ။ ဤသို့ ဂျစ်တိုက်တတ်သေး၏။ အိနီ၏အကြောင်းကို သိထားသဖြင့် ကျွန်တော် ဘာမျှမပြောတော့ဘဲ လှမ်းယူသည်။ ထို့နောက် ကိုယ့်လက်ထဲကျမှ ဖွင့်ကြည့်ရန် ဖြစ်သည်။

"မဖွင့်နဲ့ကိုဦး"

ကျွန်တော့်လက်ကို လှမ်းကိုင်ရင်း တားသည်။

ကျွန်တော်က နားမလည်စွာ ကြည့်ပြီး . . .

"ဘာဖြစ်လို့လဲဟ"

"ဘာမှမဖြစ်ဘူး၊ ယူစရာရှိတာ ယူသွား၊ နောက်မှကြည့်"

"နေပါဦး၊ အဲဒါ ဘာအတွက် ပေးတာလဲ"

"နင့်မွေးနေ့အတွက်"

"ဟာ . . . ငါ့မွေးနေ့က ပြီးသွားပြီဥစ္စာ"

လွန်ခဲ့သည့် နှစ်ရက်ခန့်က ကျွန်တော့်မွေးနေ့ ဖြစ်ခဲ့သည်။ မွေးနေ့မင်္ဂလာတွေ၊ မွေးနေ့ပါတီတွေ ဘာတွေ တစ်သက်လုံးက လုပ်လေ့လုပ်ထ မရှိသဖြင့် မလုပ်ခဲ့သော်လည်း ကျွန်တော့်အဖေနှင့် အမေက ထိုရက်ဆိုလျှင် ဘုန်းကြီးကျောင်းကို ဆွမ်း၊ ဆွမ်းဟင်း၊ သို့မဟုတ် စားဖွယ်သောက်ဖွယ်တစ်ခုခုတော့ နံနက်စောစော ပို့ပေးလေ့ရှိသည်။

ညီမလေးမိငယ် မွေးနေ့ဆိုလျှင်လည်း သည်လိုပဲ လုပ်ပေးသည်။

ထိုနေ့က ကျွန်တော့်အတွက် ဘုန်းကြီးကျောင်းကို မုန့်ဟင်းခါးဆွမ်းပို့ရင်း အိနီတို့အိမ်ကိုပါ မုန့်တစ်ချိုင့်ပို့ပေးခဲ့သည်။

"အေးလေ . . . ဒါပေမဲ့ အဲဒီတုန်းက နင့်မွေးနေ့မှန်းမှ ကြို

မသိရတာ၊ ဒါကြောင့် ဒီနေ့မှ လက်ဆောင်ပေးတာပေါ့၊ အစတုန်းက တော့ မနေ့ကတည်းက ပေးမလို့ ဖေဖေတို့ကို မှာထားတာ၊ မနေ့က ဖေဖေ အိမ်ပြန်နောက်ကျတာနဲ့ အခုမှ ပေးရတယ်"

"ဟာ . . . မပေးပါနဲ့ဟာ၊ ငါ မလိုချင်ပါဘူး"

"စကားမများနဲ့ ကိုဦးရာ၊ သွား . . . အဲဒါ အိမ်ပြန်ထား လိုက်၊ ပြီးမှ ပြန်ဆင်းလာခဲ့"

အမှန်တော့ ကျွန်တော့်စိတ်ထဲမှာ သူ့လက်ဆောင်လေးကို လိုချင်သည်။ ဘာကြောင့်မှန်း မသိ။ သူ့ဆီက သည်လိုမှတ်မှတ်ရရ အရေးထားခံရသဖြင့် စိတ်ထဲမှာလည်း ကျေနပ်သလိုလို ဖြစ်မိသည်။

သို့အတွက် ကျွန်တော် ဘာမျှမပြောတော့ဘဲ အိမ်ပေါ် တစ်ခါက် ပြန်ပြေးတက်လာခဲ့၏။

အိမ်ပေါ် ကိုယ့်အခန်းထဲ ကိုယ်ပြန်ရောက်မှ ကျွန်တော် မအောင့်နိုင် မအီးနိုင်။ သိချင်နေသော အိနီ၏ လက်ဆောင် အိတ်ကလေးကို ဖွင့်ကြည့်လိုက်သည်။

ဘောလ်ပင်လေးတစ်ချောင်းနှင့် ဗလာစာအုပ်လေးနှစ်အုပ်။

ဗလာစာအုပ်လေးပေါ်မှာ အိနီက သူ့လက်ရေးလေးဖြင့် မောင်မောင်ဦးဟု ကျွန်တော့်နာမည်လေး ရေးပေးထားသည်။

အိနီလက်ရေးလေးသည် ဝိုင်းဝိုင်းစက်စက်လေးနှင့် အများ ကြီးလှ၏။

"အဲဒါ မင်းကို အိနီပေးတဲ့လက်ဆောင်ပေါ့ . . . ဟုတ်လား မောင်မောင်ဦး"

သူငယ်ချင်းဖြစ်သူ လွန်းမောင်၏အမေးကြောင့် ကျွန်တော် ဝင့်ဝင့်ကြွားကြွားလေး ပြုံးရင်း ခေါင်းညိတ်သည်။ တစ်ဆက်တည်း ပင် မဏ္ဍပ်တိုင်တက်သော လေသံဖြင့် . . .

"ဟုတ်တယ် လွန်းမောင်၊ အိနီနဲ့ငါ့ကြားမှာ အဲဒီကိစ္စလေး က ထုံးစံတစ်ခုလိုဖြစ်နေပါပြီ၊ ဘယ်တုန်းကတည်းက စ,ပေးတာလဲ ဆိုတော့ သူနဲ့ငါနဲ့ စ,သိတဲ့ ငါးတန်းကတည်းကပဲ"

"ငါးတန်းကတည်းက ဒီလိုဗိုင်ယာရီစာအုပ်တွေ လက် ဆောင်ပေးတာလား"

"မဟုတ်ဘူး လွန်းမောင်၊ အဲဒီတုန်းကတော့ ငါ့ကို ဘောလ် ပင်တစ်ချောင်းနဲ့ ဗလာစာအုပ်လေး နှစ်အုပ် လက်ဆောင်ပေးတယ်၊

ဟိုတုန်းကတော့ ဒိုင်ယာရီစာအုပ်တွေ ဘာတွေ လောကကြီးမှာ ရှိနေမှန်းတောင် သိတာမှ မဟုတ်ဘဲ၊ ဒိုင်ယာရီစာအုပ် ပြောင်းပေးတာက မနှစ်က ကိုးတန်းနှစ်လောက်ကမှ စ,တာပါ၊ ဒါပေမဲ့ သူ့ထုံးစံအတိုင်း ဘောလ်ပင်လေးတစ်ချောင်း ထည့်ပေးတာရယ်၊ စာအုပ်မှာ ငါ့နာမည် တစ်ခါတည်း ထိုးပေးတာရယ်ကကော့ မပြောင်းဘူး"

လွှန်းမောင်က ဒိုင်ယာရီစာအုပ်လေးကို ဟိုလှန်ဒီလှန်လုပ်ရင်း အားကျသည့်အမူအရာဖြင့် . . .

"မင်းကတော့ တကယ်ကံကောင်းတယ် မောင်မောင်ဦးရာ၊ အိနိကြည့်ရတာ မင်းကိုလည်း အရမ်းခင်ပုံရတယ်၊ မင်းတို့ချင်းက ခင်ရုံပဲ ခင်တာလား၊ ဒါမှမဟုတ် မင်းတို့ချင်း တိုးတိုးတိတ်တိတ် အချိတ်အဆက်လေးတွေရော ဖြစ်နေကြပြီလား"

လွှန်းမောင်က ဒီနှစ်မှ ကျွန်တော်တို့ကျောင်းသို့ ပြောင်းလာသော ကျောင်းသားသစ်ဖြစ်သည်။ အထက်တန်းကျောင်းမှ ကိုးတန်းအောင်လာပြီး သည်နှစ်ကျမှ မြို့ပေါ်မှာ ဆယ်တန်းလာတက်ရသူမို့ အနေအထိုင်ရော အပြောအဆိုရော အတွေးအခေါ်ပါရှိးသည်။

မေးစရာရှိ ခုလို တဲ့တိုးကြီး မေးတတ်သလို စကားအသုံးအနှုန်းများကလည်း နည်းနည်းရှေးဆန်သည်။

ကျွန်တော်က ရယ်လိုက်ပြီး . . .

"ဟာ . . . ငါတို့က ရိုးရိုးခင်တာပါကွ လွှန်းမောင်ရ၊ မင်းပြောသလို ဘာမှ အချိတ်အဆက် အတွယ်အတာ မဖြစ်သေးပါဘူး"

လွှန်းမောင်က မျက်လုံးနှစ်ဖက်ကို ပေကလတ် ပေကလတ်လုပ်သည်။ ပြီးမှ အတော်ကြီး ချင့်ချင့်ချိန်ချိန် စဉ်းစားပြောလိုက်ရဟန်ဖြင့် . . .



"ဒီကိစ္စကို မင်း ပေါ့ပေါ့မတွေးသင့်ဘူး မောင်မောင်ဦး၊ ငါ့သဘောကတော့ မင်း အိနိကိုရအောင် ပိုးထားလိုက်စေချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါ ဒီပြောင်းပြီးကတည်းက သတိထားကြည့်မိတယ်၊ တို့ ဒီကျောင်းတစ်ကျောင်းလုံးမှာ အိနိလောက်လှတာ ဘယ်မိန်းကလေးမှ မရှိဘူး၊ ငါသာ မင်းနေရာမှာဆိုရင်တော့ ဟိုး . . . ခြောက်တန်းလောက်ကတည်းက အိနိကို လူပျိုစကားပြောပြီးပြီ"

သူ့စကားကြောင့် ကျွန်တော် ရယ်သည်။

"အိနိလှမှန်း ငါလည်း သိပါတယ် လွှန်းမောင်ရာ၊ ဒါပေမဲ့ လှတာနဲ့ပဲ ရည်းစားစကား ပြောရတော့မှာတဲ့လား၊ အိနိနဲ့ငါက ငယ်ငယ်ကတည်းက အရမ်းခင်ကြတဲ့ သူငယ်ချင်းအရင်းကြီးတွေ လွှန်းမောင်၊ သူ့ကို ငါ လူပျိုစကားပြောရတာ ဘာမှမခက်ဘူး၊ ပြောသင့်တယ်ထင်ရင်လည်း ငါ အချိန်မရွေး ထပြောလိုက်မှာပဲ၊ သူနဲ့ငါကြားမှာ ဘာမှလောစရာ မရှိဘူး၊ ဖြည်းဖြည်းပဲ"

လွှန်းမောင်က မျက်မှောင်ကြုတ်၍ . . .

"ဘာဖြစ်လို့ ဖြည်းဖြည်းပဲ ပြောဖို့ စဉ်းစားရတာလဲ၊ မင်းက အိနိကို သိပ်သဘောမကျသေးလို့ စောင့်ကြည့်မလို့လား"

ကျွန်တော် ခေါင်းခါသည်။ ရယ်ရင်းနှင့် . . .

"အဲဒီလိုလည်း မဟုတ်ဘူး လွှန်းမောင်၊ သူနဲ့ပတ်သက်လို့ အရာရာကို ငါ လက်ခံနိုင်ပါတယ်၊ သူ့အပေါ်မှာ သဘောမကျတာဆိုလို့လည်း ဘာတစ်ခုမှ မရှိဘူး၊ ဒါပေမဲ့ ဘယ်လိုပြောရမလဲ၊ မလိုအပ်သေးဘဲနဲ့ အခြေအနေတစ်ခုကနေ နောက်အခြေအနေတစ်ခုကို ငါ မပြောင်းချင်သေးဘူးကွာ၊ ဒီတိုင်းလည်း သူနဲ့ငါ ခင်နေချစ်နေ

ကြတာပဲ၊ ဖွင့်မပြောသေးတာ တစ်ခုကလွဲရင် သူ့ရင်ထဲ ဘာရှိတယ်၊ ငါ့ရင်ထဲ ဘာရှိတယ်ဆိုတာ နှစ်ယောက်စလုံး သိကြပါတယ်၊ ဒီတိုင်းလေး နေရတာ ပိုများကောင်းသလားလို့"

"မဟုတ်ဘူး မောင်မောင်ဦး၊ မင်း ဒီလိုမတွေးသင့်ဘူး၊ လောကကြီးမှာ မမျှော်လင့်တဲ့ကိစ္စတွေဆိုတာ မထင်မှတ်ဘဲ ဖြစ်ဖြစ်လာတတ်တယ်၊ ကိုယ့်ကိုယ်ကိုယ် သိပ်တွက်ပြီး လျော့လျော့ရဲရဲတွေ မလုပ်နဲ့၊ ငါးဆိုတာ ပိုက်ထဲရောက်နေရင် ခပ်ငယ်ငယ်ပဲ အောက်မေ့ရတယ်၊ လွတ်သွားပြီးမှ ကြီးတတ်တာမျိုး"

သူ့စကားကို ကျွန်တော် ဘာမျှ ခုခံချေပရန် စိတ်ကူးမရှိ။ ကိုယ့်ဟာကိုယ်သာ သဘောကျစွာ ရယ်နေလိုက်၏။

ငါးတန်းအကြောင်း ပြောနေရာကနေ ဆယ်တန်းအကြောင်း ရောက်သွားလို့ မျက်စိလည်သွားလား အိနီ။

မျက်စိ မလည်ပါနဲ့ဟာ ငါ သတိရသမျှတွေ ဟိုတစ်စ သည်တစ်စ လျှောက်ပြောနေရင် နင်လည်း သိပြီးသား အကြောင်းအရာတွေမို့ နားထောင်ရတဲ့ နင် သိပ်ပျင်းသွားမယ်ဆိုပြီး လိုရင်းမြန်မြန်ရောက်အောင် ခုန်ကူးလိုက်တာပါ။



တကယ်တမ်းကျတော့လည်း ငါ အဓိက ထားပြောချင်တဲ့ အကြောင်းအရာတွေ အခုမှ စ,ရမှာပါ။

ငါးတန်း၊ ခြောက်တန်း၊ ခုနစ်တန်း၊ ရှစ်တန်း ဆိုတဲ့ ကာလတွေမှာကတော့ သိပ်လည်း ထွေထွေထူးထူး ပြောစရာမရှိပါဘူး၊ ဟိုးအစပိုင်းက ပြောခဲ့သလိုပဲ၊ နင်နဲ့ငါနဲ့က တကယ်ကို နီးနီးစပ်စပ်နေခဲ့ရတဲ့သူတွေ၊ တစ်ယောက်နဲ့တစ်ယောက်လည်း ဘာမှဖုံးစရာ ကွယ်စရာမရှိအောင် အကြောင်းသိကြတဲ့သူတွေပီပီ ခင်လည်း သိပ်ခင်ခဲ့ကြတယ်။

ကလေးခင် . . . ဘဝကနေ ခင်လာကြတဲ့ သူတွေမို့ ထုံးစံအတိုင်း ရန်လေးဘာလေးတော့ ဖြစ်ဖူးကြတာပေါ့။ တော်ကြာ ရန်ဖြစ်လိုက်၊ တော်ကြာ စိတ်ကောက်လိုက်၊ တော်ကြာ ပြန်တည့်လိုက် ဆိုတာမျိုးလေးတွေလည်း မကြာခဏ ဖြစ်တတ်ကြတာပဲ။

ခေါ်တာကအစ ကြီးတဲ့အထိ နင်နဲ့ငါနဲ့ပဲ ခေါ်ကြတာပဲကြည့်ပေါ့။

အဲဒီကတည်းက နည်းနည်းထူးခြားတာလေးတွေပဲ ကွက်ပြောရရင်တော့ရ ကိုးတန်းလောက်ရောက်တဲ့အခါ နင်ရော ငါရော နည်းနည်းလေးတော့ တည်ငြိမ်လာကြပြီ။

ငယ်ငယ်ကလို ရန်ဖြစ်တာတို့၊ သတ်ကြပုတ်ကြတာတို့လည်း မရှိတော့ဘူး။

နောက်တစ်ခုက ဆယ်တန်းမှာ လွန်းမောင်နဲ့ ငါနဲ့ ပြောကြဆိုကြတဲ့ကိစ္စမျိုးလေးတွေ နည်းနည်း စ,ဝင်လာတယ်။

စကားတွေက ရှေ့ရောက်လိုက်၊ နောက်ရောက်လိုက် ဖြစ်နေမလားတော့ မသိဘူး၊ ဒါပေမဲ့ ခုပြောနေရင်းကမှ သတိရပြီး ကိုးတန်းတုန်းက ကိစ္စလေးတစ်ခုကို ပြန်ပြောချင်စိတ် ပေါ်လာတယ်။

တခြားတော့ မဟုတ်ပါဘူး။

နင်နဲ့ငါနဲ့ကြားမှာ စိတ်ထား တစ်မျိုးတစ်မည် စပြောင်းစရာဖြစ်ခဲ့ရတဲ့ အကြောင်းလေးတွေပါ။

"ကိုဦး"

"ဘာလဲ"

"အိနီကို မြန်မြန်လုပ်လို့ သွားပြောဟာ၊ နင့်ဟာမက ငါတို့ပြောလို့ ဂရုစိုက်တာ မဟုတ်ဘူး၊ နင့်ကျမှ ပျာယာခတ်တာ၊ သွား . . . မြန်မြန်လုပ်လို့ ပြော၊ တော်ကြာ နေသိပ်ပူလာရင် သွားလို့လာလို့ မကောင်းတော့ဘူး"

"ဟာ . . . ခုမှ အစောကြီးရှိပါသေးတယ် ခင်ညိုရာ၊ နင်တို့ကလည်း လောစရာမရှိ ကြံဖန်လောနေတာပဲ၊ ပြီးရင် သူ့ဟာသူ ဆင်းလာမှာပေါ့၊ နည်းနည်းပါးပါး အချိန်ယူပြီး လှအောင်ပအောင် ပြင်ပါစေဦး"

"ဩော် . . . လက်စသတ်တော့ နင်ကပါ အိနီဘက်က အလိုတူ အလိုပါ ဖြစ်နေတာကိုး၊ သူ ပြင်တာက အရေးမကြီးဘူးဟ၊ ငါတို့ စောင့်နေရတာ ခြေထောက်ညောင်းတယ်၊ ရောက်ကတည်းက မတ်တတ်၊ ခြေသလုံးတွေတောင် တောင့်နေပြီ"

"အဲဒါကတော့ ရပါတယ်၊ မပူနဲ့၊ ငါက နင်တို့ အိမ်ပေါ် တက်ထိုင်နေရင် မလွတ်လပ်မှာစိုးလို့ တမင်ခြံထဲကပဲ စောင့်ခိုင်းတာ၊ ညောင်းရင် ထိုင်ချင်ရင် ဘယ်အိမ်ပေါ် သွားထိုင်မလဲ၊ ဒီခြံထဲမှာ နင်တို့ ထိုင်စရာ အိမ်နှစ်လုံးတောင် ရှိတယ်၊ ကြိုက်တဲ့အိမ် တက်ထိုင်စောင့်"

"ကဲ . . . စောင့်လက်စနဲ့ စိတ်ရှည်ရှည်ပဲ ဆက်စောင့်လိုက်ပါ ခင်ညိုရာ၊ လောမနေပါနဲ့တော့၊ အိနီကလည်း ကိုဦးအတွက် စိတ်ကြိုက် ပြင်ရဆင်ရတာဆိုတော့ ကြာမှာပေါ့၊ ကိုဦးကလည်း သူ့အတွက် ပြင်ပေးနေမှန်းသိတော့ စိတ်ရှည်ရှည် စောင့်နေချင်မှာပေါ့"

"ဩော် . . . ဒီလိုကိုး၊ အဲလိုဆိုရင်လည်း ရပါတယ်၊ စောစောက ငါ့ကို အဲသလိုမှ ကြိုပြောမထားကြပဲ"

"ဟော့ . . . နင်တို့ အဲလို ပေါက်ကရ မပြောကြနဲ့နော်၊ ငါ သေချာမှတ်ထားတယ်၊ နင်တို့ ရောက်လာတာ စုစုပေါင်းမှ ဆယ်မိနစ်ပဲ ရှိသေးတယ်၊ ရောက်ရောက်ချင်း တအားလောနေလို့ ငါက အကျိုးသင့်အကြောင်းသင့် ဝင်ပြောပြတာ"

"ဟုတ်ပါတယ် ကိုဦးရဲ့၊ နင့်လိုပဲ ငါတို့ကလည်း အကျိုးသင့် အကြောင်းသင့် ပြောတာပါပဲ၊ အခု သွားကြမယ့် တို့အုပ်စုထဲမှာ နင်က

လွဲရင် အားလုံး မိန်းကလေးတွေချည်းပဲ၊ သွားမှာလည်း ဘုရားသွားမှာဆိုတော့ ဘယ်သူမှ ဒီလောက် ပြင်ဆင်မလာကြဘူး၊ နှင့်အိနိက ဒီလောက်ပြင်နေတော့၊ အဲဒါ နှင့်အတွက် သူပြင်နေတာကလွဲလို့ ဘာရှိတော့မလဲ၊ ငါတို့ပြောတာရော တရားနည်းလမ်း မကျလို့လား"

"မဆိုင်ပါဘူး၊ ငါတို့နှစ်ယောက်က ခုမှ တကူးတကတွေ့ရတာ မဟုတ်ဘူး အေးမော်၊ နေ့တိုင်း အချိန်ရှိတိုင်း တွေ့နေကြတာ၊ ခုမှ ထူးပြင်စရာမလိုဘူး"

"ဘယ်လိုနေနေ မျက်စိထဲမှာတော့ အမြဲလှနေတယ်ပေါ့"

"သိပါတယ် ကိုဦးရယ်၊ အချင်းချင်းတွေ ကပ်ကြွားမနေပါနဲ့၊ နင်တို့နှစ်ယောက် တစ်ခြံတည်း အတူတူနေပြီး နှစ်အိမ့်တစ်အိမ် နေကြတယ်၊ နေ့တိုင်း အချိန်ရှိတိုင်း တွေ့နေ . . . အဲလေ . . . တွေ့နေကြတာ . . . တို့အားလုံး သိပါတယ်"

ခင်ခင်ညိုတို့ အေးအေးမော်တို့ အပါအဝင် မိန်းကလေးအုပ်စုက သူတို့ဟာသူတို့ပြော သူတို့ဟာသူတို့ ဟားကြသည်။

ကျွန်တော် ရုတ်တရက် ဘာပြန်ပြောရမှန်း မသိ။

ရင်ထဲမှာတော့ နည်းနည်းခုန်သွား၏။

ကျွန်တော့်စိတ်များ အပြောင်းအလဲသည် ဤသို့ သူငယ်ချင်းများက မထိခလုတ် ထိခလုတ် လုပ်၍ ပြောခြင်းများက အစပြုသည်



လား၊ သို့တည်းမဟုတ် အရွယ်နှင့် သဘာဝအလျောက် သူ့ဘာသာသူ ငုပ်လျှိုးပြောင်းလဲနေရာကနေ သူငယ်ချင်းများက အစဖော်ပေးသဖြင့် တိတိလင်းလင်း အဓိပ္ပာယ်ဖော်၍ ရလာခဲ့သည်လားတော့ အပ်ချမတ်ချ မပြောတတ်။

သို့သော် ကိုးတန်းလောက်အရောက်မှာ အိနိနှင့် ပတ်သက်လာတိုင်း ရင်ခုန်သလို ဘာလိုလို ဖြစ်စပြုနေပြီ ဆိုသည်ကတော့ ကောင်းစွာ သေချာသည်။

ခင်ခင်ညိုတို့ အေးအေးမော်တို့ ပြောသော 'နှင့်အိနိ'၊ တစ်ခါတစ်ရံ သူငယ်ချင်းအချင်းချင်း ခပ်ရိုင်းရိုင်း ခပ်ပွင့်ပွင့်ပြောသော 'နှင့်ဟာမ' စသော စကားလုံးများကိုလည်း ပြင်ရကောင်းမှန်း မသိ။ စိတ်ထဲမှာ ကျိတ်ကျေနပ်နေမိသည်။

ထိုနေ့က ဖြစ်ပုံကလည်း တခြားမဟုတ်။ ကျောင်းမှာ သူတို့မိန်းကလေးချင်း တိုင်ပင်ညှိနှိုင်းပြီးသကာလ တောင်ငူမြို့၏ အထိကရ ထင်ရှားကျော်စောသော မြတ်စောညီနောင် ဘုရားများဘက် ကျောင်းပိတ်ရက် စနေနေ့ကြီး သွားဖို့ ပြင်ဆင်နေကြခြင်းပင် ဖြစ်သည်။

ထိုခရီးစဉ်မှာ အိမ်မှကားဖြင့် မောင်းပို့ပေးရန်အတွက် မလွှဲသာ မရှောင်သာ စာရင်းတို့ထားသော ကျွန်တော်မှလွဲ၍ တခြား ယောကျ်ားလေးများ မပါ။

နေမပူခင် မနက်စောစော သွားမှာမို့ ကျွန်တော်တို့အိမ်ကိုပင် စုရပ်ထား၍ အားလုံးကို ကျွန်တော်က ကားဖြင့် ပို့ပေးရန် ဖြစ်သည်။ သည်အဖွဲ့မှာ ပါကြသော ခင်ခင်ညိုတို့ အေးအေးမော်တို့၊ လှလှသီတို့ ဝင်းဝင်းအေးတို့ မစောဟန်တို့ ရောက်လာချိန်မှာ အိနိက ပြင်လို့ဆင်လို့ မပြီးသေး။

သူတို့မရောက်ခင် ခဏလေးကပင် အိပ်ရာထ နောက်ကျ၍ နိုးလာဟန်တူသော အိနီက အားလုံးထက်အများကြီး ကြိုစော၍ အဆင်သင့် ဖြစ်နေသော ကျွန်တော့်အား . . .

"ကိုဦး . . . ဟိုဟာတွေလာရင် ငါ မနောက်ကျနေလို့ ဂျီတိုက်နေဦးမယ်၊ နင်ပဲ ကြည့်ပြီး ပြောထားလိုက်စမ်းပါဟာ၊ ငါ အခုထိ ဘာမှမလုပ်ရသေးဘူး" ဟု အမှာတော်ပါးသွားသဖြင့် အထက်ပါ ကိစ္စရပ်များ ဖြစ်ပွားခဲ့ခြင်း ဖြစ်၏။

"ကိုဦး"

သူတို့ ရယ်မောခြင်းကိစ္စများကို ဘာမှဝင်မပြောဘဲ ကျွန်တော် ငြိမ်နေစဉ် အသားညိုညို၊ ပိန်ပိန်ပါးပါးဖြင့် ယောကျ်ားလျာလိုလို ဘာလိုလို နေတတ်ထိုင်တတ်သော လှလှသီက ကျွန်တော့်ကို လှမ်းခေါ်သည်။

ကျွန်တော်က ခေါင်းငဲ့ကြည့်ပြီး . . .

"နင် အိနီကို ဘယ်နှစ်ခါ ဖက်နမ်းပြီးပြီလဲ၊ မှန်မှန်ပြော"

"ဟာ . . . မဟုတ်က ဟုတ်ကဟာ"

"အံမယ် . . . ဘာမဟုတ်က ဟုတ်ကလဲ၊ နင်တို့နှစ်ယောက် ရည်းစားဖြစ်နေကြပြီ မဟုတ်လား၊ ငါတို့ကို မညာနဲ့၊ ငါတို့အားလုံး အတိအကျ သိပြီးသား"

လှလှသီက မဆီမဆိုင်ကြီး လှမ်းမေးသလို၊ မစောဟန်ကလည်း အသားလွတ်ကြီး လာအစ်သည်။ ကျွန်တော် မျက်နှာရဲတွတ်နေပြီဖြစ်ကြောင်း ကိုယ့်ဟာကိုယ် သိ၏။

"ဟုတ်ပါဘူးဟာ နင်တို့ကလည်း၊ ဘာတွေလာမေးနေမှန်းလည်း မသိဘူး"



"အံမယ်၊ အခုမှရှက်မနေပါနဲ့၊ အိနီကို ငါတို့မေးကြည့်ပြီးပြီ နင်တို့နှစ်ယောက် . . . ဟီ . . . ဟိ"

အဲဒီ ဝင်းဝင်းမော်ဆိုသည့် တရုတ်မကလည်း တစ်မျိုး။

သူတို့ဘက်က တိုက်စစ်အား ကောင်းလာပြီမို့ ခင်ခင်ညိုကလည်း ပိုရဲလာသည်။

"ကဲ . . . ဒီလောက်ပြောနေကြရင်တော့ နင် အမှန်အတိုင်း ဝန်ခံလိုက်ရင် ကောင်းမယ် ကိုဦး၊ တို့ကလည်း သူငယ်ချင်းအချင်းချင်း အကျိုးယုတ်အောင် ဒီ့ပြင် ဘယ်သူ့မှ လျှောက်ပြောမှာ မဟုတ်ဘူး၊ တို့သိရင် တို့ဝမ်းထဲမှာပဲ ထားမယ်၊ နင်တို့အတွက် ကူညီစရာရှိလည်း ကူညီပေးမှာ ပြော . . . နင်တို့ ဘာဖြစ်ကြပြီးပြီလဲ"

"ဟာ . . . ဘာမှမဖြစ်ပါဘူးလို့ ဘယ်နှစ်ခါပြောရမလဲဟာ၊ နင်တို့ မဟုတ်တရုတ်တွေ လျှောက်မပြောနဲ့ဟာ"

"အံမယ် . . . ဘာမဟုတ်တရုတ်လဲ၊ ခု ပြောတာတောင် နင် ရှက်နေပြီ မဟုတ်လား၊ ဟုတ်ပါပြီ တို့ထင်သလိုပါပဲ နင်တို့နှစ်ယောက် . . . ဟီ . . . ဟိ"

"ဘာရယ်တာလဲဟဲ့၊ ဆက်ပြောလေ ဝင်းဝင်းမော်"

"ဟီဟိ . . . ဘယ်လိုပြောရမလဲ၊ အဲလိုပဲပေါ့ဟာ"

အားလုံးက ရယ်ကြပြန်၏။

ထိုကိစ္စများကို အိနီတစ်ယောက်ကတော့ သိပုံမရ။ ခုထိလည်း ဆင်းမလာနိုင်သေး။ ဘယ်လောက်များ လှအောင် ပအောင် ပြင်ဆင်နေသည်မသိ။

“အိနီ ဟိုဘက်နည်းနည်းတိုးဦးဟ၊ သည်ဘက်မှာ နေရာ သိပ်မရှိတော့ဘူး၊ ကားဆောင့်ရင် ပြုတ်ကျကျန်ခဲ့မှာ”

ဟိုဘက်အစွန်ဆုံးမှ လှလှသီက ကား၏ လက်ကိုင်ကြိုးကို ဆွဲရင်း အလယ်မှ အေးအေးမော်ကို ကိုယ်ဖြင့် တွန်းလျက် ပြောသည်။

အိနီက နေရာလေး ရွှေ့သည်ဆိုရုံ ရွှေ့ပြီး . . .

“ဒီဘက်မှာလည်း နေရာသိပ်မရှိတော့ဘူး လှသီရဲ့၊ အရမ်းလည်း တိုးခိုင်းမနေနဲ့”

“ရှိပါသေးတယ် အိနီရဲ့၊ ကိုဦးနား ရောက်တဲ့အထိ ကပ်ထိုင်လိုက်ပါလား”

နောက်ခန်းမှ ခင်ခင်ညိုက ဝင်ထောက်ပြန်သည်။

သူတို့ ဘာလုပ်နေသည်ကို အိနီ သိမသိ မပြောတတ်သော်လည်း ကျွန်တော်ကတော့ သေချာသိနေသည်။ သူတို့အကြံအစည်



က အိနီကို ကျွန်တော့်နား မရောက်ရောက်အောင် တွန်းပို့နေခြင်းပင်။

ခင်ခင်ညိုက အိနီလက်မောင်းကိုကိုင်ပြီး ခပ်တွန်းတွန်း လုပ်လိုက်သည်မို့ အိနီက စိတ်မရှည်ဟန်ဖြင့် ဆတ်ခနဲ ထပ်ရွှေ့ပြီး . . .

“နောက်က ရွှေ့တာ အကြောင်းမဟုတ်ဘူး ခင်ညိုရဲ့၊ ရှေ့မှာ ဂီယာရှိတယ်၊ ငါ့ခြေထောက်နဲ့ မဟုတ်ဘူး”

“ဒါဖြင့် ကိုယ်ပဲ နည်းနည်းစောင်းထိုင်ဟ ကိုဦးနဲ့ထိတဲ့ အထိ စောင်းပြီးထိုင်လိုက်၊ ဒါဆို ဒီဘက်က အများကြီး အဆင်ပြေသွားတယ်”

“ကဲ . . . ဒါဖြင့် ပြီးရော၊ ပြီးရော”

အိနီက စိတ်မရှည်တော့ဟန်ဖြင့် ဆတ် . . . ဆတ်ဆို၊ ကျွန်တော့်ဘက် ခပ်များများ ရွှေ့ပေးချလိုက်သည်။ သူနှင့် ကျွန်တော် ကိုယ်ချင်းထိသွားရုံမက ကျွန်တော့်ဘက်သို့ ဖိချလိုက်သလိုပင် ဖြစ်သွားသည်။

“ဟား . . . ဟား . . . ဟုတ်ပြီ ငါတို့က အဲဒီလို ဖြစ်စေချင်တာ အိနီရဲ့”

နောက်က ခင်ညိုက သဘောကျစွာ ထရယ်သည်။

ဟိုဘက်က လှလှသီကလည်း လှမ်းကြည့်ရင်း . . .

“ရပြီ . . . ရပြီ၊ ဒီလောက်ဆို အိုကေသွားပြီ”

“ဟီဟိ”

အရှေ့ထဲ ဝင်းဝင်းအေး၏ ဟီဟိကလည်း ဝင်နှောင့်သေး၏။

ကားပေါ်မှာလည်း ရယ်သံများဖြင့် ဆူညံနေသည်။

“အဲဒါ ဘာဖြစ်ကြတာလဲ”

အိနီက သူတို့ ဘာကိုရယ်ကြမှန်း မသိသဖြင့် ပြူးတူး ကြောင်တောင်ဖြစ်ကာ ထမေးသည်။

ကျွန်တော်ကတော့ သူတို့ ဘာပြောရမှန်း သိသူမို့ မျက်နှာ တစ်ခုလုံး ရှိန်းဖိန်းထူပိန်းကာ ကားကိုသာ တအားဖိမောင်းသည်။

ဘာကြောင့်မှန်း မသိ။ အိနီနှင့် အသားချင်းထိကတည်းက ချိုင့်ကျလမ်းဆိုး၍ မဟုတ်ဘဲ ရင် တဒုန်းဒုန်းခုန်ဆောင့်နေ၏။

"ဒါဖြင့် အဲဒီကိစ္စ သိရဲ့သားနဲ့ နင် ငါ့ကို ဘာဖြစ်လို့ မပြော တာလဲ ကိုဦး"

ရော် . . . သူမေး၍လည်း ရှင်းပြရသေးသည်။ ဘုန်းကြီး အမှု ရွာလာပတ်နေပြီနဲ့။

"ဟာ . . . သူတို့က စွတ်နောက်နေတာဟ၊ ငါ ဝင်ပြောလို့ ဖြစ်မလား၊ ဝင်ပြောရင် ပြောသမျှ တစ်ခါထပ်နောက်ကြဦးမှာ"

"သူတို့က ဘာကိစ္စ အဲဒီလို နောက်ရတာလဲ"

"ငါလည်း ဘယ်သိမလဲ အိနီရာ၊ မနက်က နင့်ကို အောက် မှာ စောင့်နေတုန်းကတည်းက ငါ့ကို ဝိုင်းစနေကြတာပဲ"

လမ်းမှာ ဖြစ်ခဲ့သည့်ကိစ္စ ဘုရားရောက်မှ စာရင်းပြန်ရှင်း နေရခြင်း ဖြစ်သည်။

ထိုအုပ်စုကလည်း မလွယ်။ တစ်ခွန်းစ နှစ်ခွန်းစလောက်ဆို



မသိသာသေး။ လမ်းတစ်လျှောက်လုံး နောက်လာခဲ့သလို ငါးထပ် ကြီးဘုရား၊ နောင်တော်ဘုရားတို့ ဖူးစဉ်တုန်းကလည်း နောက်၍ မပြီးနိုင် ဖြစ်နေသည်။

နောင်တော်ဘုရားကနေ ညီတော်ဘုရားကို အကူးမှာတော့ ကျွန်တော်တို့နှစ်ယောက်တည်း နောက်ချန်ထားခဲ့ပြီး သူတို့က ရှေ့မှ ပြေးသွားကြသည်။

ဤတွင် ကျန်ခဲ့သောအိနီက ဒီအုပ်စု ဘာဖြစ်နေသလဲ ဆိုသည့် မေးခွန်း မေးတော့၏။ ကျွန်တော်ကလည်း စောစောစီးစီး ရှင်းမပြထားလျှင် ပိုဆိုးတော့မည်မို့ အခြေအနေအားလုံးကို ရှင်းပြ လိုက်သည်။

"သူတို့က ဘာတွေစ,လဲ"

"မနက်ကလား"

"အေးပေါ့"

"ဘာစ,ရမလဲ၊ နင် အလှပြင်တာ ကြာတယ်တဲ့၊ အဲဒါ မြန်မြန်လုပ်ဖို့ ငါ့ကို သွားပြောတဲ့၊ ငါက မပြောပါနဲ့၊ သိပ်မကြာပါဘူး၊ နည်းနည်းပါးပါး လှအောင်ပအောင် ပြင်ပါစေလို့ ပြောတာကို အထ အနကောက်ပြီး ငါနဲ့သွားမှာမို့ နင်က အလှပြင်တာပေါ့၊ ငါကလည်း နင် မလှမှာစိုးလို့ သွားမပြောတာ ဘာညာကနေစပြီး နင်နဲ့ငါ့ကို လျှောက်နောက်တော့တာပဲ"

"ဒါနဲ့ပဲ ကားပေါ်ကျတော့လည်း နင့်နား အတင်းတိုးထိုင် ခိုင်းပြီး ငါ့ကို ဟားတာပေါ့ ဟုတ်လား ကိုဦး"

"အေး"

"သိမယ် . . . အဲဒီကောင်မတွေ၊ နောက်ကို အဲဒီလို စ,ရင်

ရှက်သလို ကြောက်သလို လုပ်ပြမနေနဲ့ ကိုဦး၊ အဲဒီလိုဖြစ်ရင် သူတို့က ပိုဟားမှာ၊ လာ . . . သူတို့ရှေ့မှာ ခပ်တည်တည်ပဲ တို့နှစ်ယောက် တွဲသွားပြမယ်၊ ပြောချင်တာ ပြောပစေ"

ပြောပြောဆိုဆိုနှင့် အိနီက ကျွန်တော့်လက်ကို လှမ်းဆွဲသည်။

ကျွန်တော်က သူ့တုံ့ပြန်မှုကို အံ့ဩသွားသော်လည်း တစ်ခါတစ်ရံ ဇွတ်တရွတ်နှင့် ထင်ရာလုပ်တတ်သော သူ့သဘောကို သိပြီးသားမို့ ကြာရှည် ထူးဆန်းမနေတော့ဘဲ သူ့အစီအစဉ်အတိုင်းပင် ငြိမ်၍ လိုက်ခဲ့၏။

မြတ်စောညီနောင်ဘုရားက သာမန်အားဖြင့် ဘုရားဟုသာ ဧကဝုစ်စကား သုံးသော်လည်း စင်စစ်ဘုရားက တစ်ဆူတည်း မဟုတ်။

ဘုရားအလောင်း ကြက်ဖြူမင်းဘဝက ညီတော်အာနန္ဒာနှင့်အတူ ကြက်ဖြူညီနောင်အဖြစ် ပျော်စံကျက်စားရာ နေရာဟု သမိုင်းစကားရှိခဲ့သော ဤနေရာတစ်ဝိုက်မှာ ဘုရားပုထိုးကျောင်းကန် အတော်များများ စုပေးနေသည်။

ငါးထပ်ကြီးဘုရား၊ ကုသိန္နာရုံ၊ ရှင်ဥပဂုတ္တ စသည်ဖြင့် ဘုရားများ ရှိသေးသည့်အပြင် အဓိကဘုရားနှစ်ဆူဖြစ်သော နောင်တော်ဘုရားနှင့် ညီတော်ဘုရား နှစ်ဆူကလည်း တစ်ဆူနှင့်တစ်ဆူ တော်တော်လှမ်းလှမ်းမှာ တည်ရှိသည်။

စာအုပ်အဆိုအရ နောင်တော်စေတီကို တည်သော ဘုရားဒါယိကာ ဦးမြတ်လှက အပျော်အပါး ဆိုင်းသံဗုံသံကို မကြိုက်။ ညီတော်စေတီကို တည်သော ဦးစောလှက လူငယ်ပီပီ အပျော်အပါး ဆိုင်းသံ ဗုံသံတို့ကို နှစ်သက်သည်ဟု ဆိုသည်။



သို့အတွက် ဦးမြတ်လှတည်သော နောင်တော်ဘုရား ဘုရားပွဲလုပ်လျှင် ဆိုင်း၊ အငြိမ့်၊ တီးဝိုင်း စသည်တို့ မပါဘဲ ကျင်းပရ၏။ ညီတော်ဘုရားကတော့ ဆိုင်းသံဗုံသံ၊ တီးသံမှုတ်သံတို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် လုပ်ရသည်။ သို့သော် ညီတော်ဘုရားမှ ဆိုင်းသံ၊ သီချင်းသံတို့သည် နောင်တော်ဘုရားမှ မကြားရ။ အသံချဲ့စက်တို့ ဘာတို့ သုံးလျှင်လည်း နောင်တော်ဘုရားဘက် မလှည့်ရဟု သိရသည်။

အတော်လှမ်းသော စေတီနှစ်ဆူကို ခန်းဖွင့် အတော်ကျယ်၍ အတော်ရှည်လျားသော တန်ဆောင်းကြီးဖြင့် ဆက်ထား၏။

အိနီနှင့် လက်တွဲလျှောက်လာရင်း မျက်စိထဲမှာ ဘာမဆိုင်ညာမဆိုင် နောင်တော်ဘုရားပေါ်မှ 'မသိသူ ကျော်သွား၊ သိသူဖော်စား' ဟု ဆိုင်းဘုတ်တပ်ထားသော လက်မြှောက်ပြီး ခိုလေး ကိုင်ထားသည့် မှန်စီရွှေချ ခြင်္သေ့ရုပ်ကြီးကို သတိရ၏။

ကျွန်တော်တို့ နှစ်ယောက် အလွန်ရှည်လျားသော တန်ဆောင်းကြီး ဆုံးသည်အထိ လက်တွဲမဖြုတ်ဖြစ်ကြ။

## (၁)

ငါ မှတ်မိသလောက် ပြောရရင် အဲဒီကိစ္စဟာ ဘာမှအရေးမကြီးဘူးဆိုပေမယ့် ငါ့စိတ်တွေ တစ်မျိုးဖြစ်သွားအောင် လုပ်လိုက်တာတော့ အမှန်ပဲ အိနီ။

မဝှက်တမ်း ပြောရရင် အဲဒီနေ့ အိမ်ပြန်ရောက်တော့ ကိုယ့်ဟာကိုယ် ရေချိုးပစ်ရမှာကို နှမြောနေမိသလိုပဲ၊ နင့်လက်ကလေးကို ဆုပ်ကိုင်ထားရတဲ့ အရသာလေးကိုလည်း အရမ်းလွမ်းတာပဲ။

အဲဒီနေ့က နင်ကလည်း တော်တော်ကြမ်းပစ်လိုက်တာကိုး။

ငါ မှတ်မိတယ် အိနီ . . . အဲဒီနေ့က ညီတော် ဘုရားပေါ်ရောက်တဲ့အထိလည်း နင် လက်တွဲ



ဖြုတ်မပစ်ဘူး၊ တစ်ခါတလေ ငါ့နားကို တမင်ကပ်ပြီး ပခုံးချင်းတောင် ထိအောင် လျှောက်ပစ်လိုက်သေးတယ်။ ဘုရားပေါ်ကနေ ပြုံးချောင်းလို့ခေါ်တဲ့ နီလာချောင်းဘက်ကို သွားတော့လည်း ဒီအတိုင်းပဲ။

ငါတို့နှစ်ယောက် ချက်ချင်း ပုံစံပြောင်းသွားတော့ ဟိုအုပ်စုလည်း လန့်ဖျပ်ကုန်ကြပုံရတယ်။ နောက်,ဖို့ စ,ဖို့ထက် ဇဝေဇဝါတွေဖြစ်ကုန်ပြီး အချင်းချင်း တွတ်ထိုးကုန်ကျတော့တာပဲ၊ တို့နှစ်ယောက် တကယ်ရည်းစားတွေ ဖြစ်နေကြပြီထင်တယ် ဘာညာနဲ့ပေါ့။

အဲဒီတော့မှ တို့နှစ်ယောက် ရယ်ကြတာ မဟုတ်လား။

နင်ပြောတဲ့စကားလေးတွေ ဇါ အတိအကျ မှတ်မိသေးတယ်။

"တွေ့လား ကိုဦး . . . တို့နှစ်ယောက် ကဲပစ်လိုက်တော့ ဟိုအုပ်စု ဒုက္ခရောက်သွားပြီ"

နင်ပြောသမျှ နင်လုပ်သမျှ လိုက်မျက်လုံးပြူးပြီး ကျောချမ်းသလိုဖြစ်ခဲ့ရတာ ငါပဲ အိနီ။

နင်လုပ်တဲ့ပုံစံကတော့ ငါသိပါတယ်။ ဟိုအုပ်စု မျက်စိလည်သွားအောင်လုပ်ပြီး အဲဒါကို တို့က ပြန်ဟားဖို့ မဟုတ်လား။

နောက်တစ်ခုက နင်နဲ့ငါက ငယ်ငယ်ကတည်း

က ကစားဖက်။

ငယ်ငယ်တုန်းက ခြံထဲမှာ ကစားရင်း နပမ်းလုံးရင်တောင် ဖက်လုံးနေကြတာဆိုတော့ အမှတ်တမဲ့မှာ ဘာမှမထူးဆန်းဘူး။

အဲဒီတုန်းက ကလေးတွေဆိုတော့ လူကြီးတွေ ပြောသမျှ ဆိုသမျှ အတုခိုးပြီး နင်က ငါ့ကို မောင်တွေ ဘာတွေတောင် ခေါ်ခဲ့ကြသေးတာ ပဲ။

ပြောရရင် နင့်ဘက်က သိပ်မဆန်းသလို၊ ငါ့ဘက်ကလည်း လိုက်မဆန်းဖို့ ကောင်းတယ်။ ဒါပေမဲ့ အဲဒီနေ့က ငါ့စိတ်ထဲမှာ ငယ်ငယ်တုန်းကနဲ့ မတူတော့တဲ့ စိတ်ကလေး ဝင်သွားမိတယ် အိနိ။

နင် တစ်ခုခုတော့ ပြောင်းလဲနိုင်တယ် ဆိုတာ ငါ သိပါတယ်။ ဒါပေမဲ့ အဲဒီအကြောင်း မပြောခင် ငါ့ဘက်က အပြောင်းအလဲလေးတွေ အရင်ပြောပြမယ် အိနိ။

အားလုံးရဲ့ရှေ့မှာ နင်နဲ့ငါနဲ့ ရည်းစားလုပ်တမ်း ကစားပစ်လိုက်တာ ငါ့စိတ်ထဲ တကယ် နင်နဲ့ငါ ရည်းစားဖြစ်ချင်စိတ်တွေ ပေါ်လာမိသွားတယ်။

နင်ကလည်း ကလေးတုန်းကလို နှပ်ချေးတွဲလောင်းမှ မဟုတ်တော့ပဲကွယ်၊ အေးအေးမော်တို့ ပြောသလိုပဲ နင်က တကယ်လှအောင် ပြင်လာခဲ့တာ။



ငါကလည်း . . .

ဟင်း . . .

အဲဒီညက သက်ပြင်းတွေ ခဏခဏ ချမိတယ် အိနိ။

အဲဒီအချိန်မှာ နင် ဘာဖြစ်နေတယ်ဆိုတာ ငါ မသိဘူး၊ ငါ့ဟာငါ ဘာဖြစ်နေတယ်ဆိုတာ ငါ့ဘာသာငါတော့ သေချာသိတာပေါ့။

ပြောရရင် နင်နဲ့ လက်ပွန်းတတီး နေခဲ့ရတဲ့ ခံစားမှုလေးတွေကို ငါ သိပ်စွဲလမ်းသွားခဲ့မိတာ အမှန်ပဲ။ နင့်လက်ကလေးကို ကိုင်ထားရတာ၊ နင်နဲ့ ပခုံးချင်းအသားချင်း ထိနေရတာ၊ လူတွေက နင့်နဲ့ ငါ့ကို လွန်လွန်ကျူးကျူးတွေအထိ လျှောက်တွေးပစ်လိုက်ကြတာတွေအတွက် ကိုယ်အရသာရော၊ စိတ်အရသာရော နှစ်ခုစလုံး ပြည့်ဝသာယာနေတာကိုး။

အဲဒီမှာ ငါ တစ်ခါမှ အရင်တုန်းက မတွေးဖူးတဲ့ အတွေးမျိုးတွေ ဝင်လာတယ်၊ ရင်တစ်ခုလုံး ပူနွေးဆာလောင်လာတဲ့အထိလည်း မဟုတ်

တယုတ်တွေ လျှောက်တွေးပစ်မိတယ်။

ငါ မကောင်းဘူး အိနီ။

တကယ့်လက်တွေ့ မျက်တွေ့မှာ ဘာအတွေ့အကြုံမှ မရှိဖူးသေးပေမယ့် ခုခေတ်က နင်သိတယ်မဟုတ်လား၊ ကလေးတွေကို အရွယ်နဲ့ မလိုက်အောင် များပြားတဲ့ ဗဟုသုတတွေ အရမ်းပေးနေတဲ့ ခေတ်။

အဲဒီတော့ အဲဒီနေ့ တစ်ရက်တာ အတွေ့အကြုံလေးနဲ့ ငါ့ဘက်က ပြောင်းဆန်အောင် ဖြစ်ကုန်တာ ဘာဆန်းမှာလဲ။

ငါတွေးနေတဲ့ အတွေးတွေဟာ အင်မတန်မှ စိတ်ဓာတ်ရေးရာအရ ယုတ်ညံ့တဲ့ ယောက်ျားတစ်ယောက်ရဲ့ အတွေးတွေမှန်း တခြားသူနဲ့ ပတ်သက်လာရင်တောင် ကာကွယ်စောင့်ရှောက်ပေးဖို့ ဝတ္တရားရှိတဲ့ ငါ့အနေနဲ့ ငါကိုယ်တိုင်က စပြီး အကျင့်တန်နေပြီမှန်း ငါသိပါတယ်။ နောက်ပြီးတော့ နင့်အပေါ်မှာ ငါ ဒီလောက် မရိုင်းသင့်ဘူး ဆိုတာလည်း သိနေပါတယ်။

ဒါပေမဲ့ ငါ့စိတ်ကိုငါ ထိန်းလို့မရဘူး ဖြစ်နေတယ် အိနီ။

ငါ့ရင်ထဲမှာ ခုမှ စ,ထိလိုက် တွေ့လိုက်ရတဲ့ အတွေ့အကြုံသစ်ကို တောင့်တလိုချင်စိတ်တွေ ဖြစ်နေတယ်။



ဒါပေမဲ့ တစ်ခုတော့ ရှိတာပေါ့ဟာ၊ ဒါတွေဟာ ငါ့ခံစားချက်တွေပဲ၊ နင့်ဘက်က ငါ့လိုဖြစ်ချင်မှ ဖြစ်မှာဆိုတော့ နင့်ကိုလည်း ငါက တစ်ခါပြန်ပြီး လေ့လာတော့ လေ့လာကြည့်ရဦးမှာပေါ့။

လောကကြီးက အံ့ဩဖို့ကောင်းသည်ဟု နောင်သောအခါ ကျွန်တော် ပြန်သုံးသပ်မိသည်။

အိနီနှင့်ကျွန်တော် ရိုးသားစွာ နေထိုင်လာခဲ့သော ကာလက နည်းနည်းနောနောမဟုတ်။ ဘာမျှ စိတ်မပြောင်းလဲခင်အထိ နှစ်ပေါင်းများစွာမှာ နေချင်သလိုနေ၊ ထိုင်ချင်သလိုထိုင် စိတ်ထဲမှာ ဘာမှမဖြစ်။

စိတ်ကလေး နည်းနည်းစ,ပြောင်းသည်နှင့် ရှေးက မဖြစ်ဖူးသော ခံစားမှုများ အတွေးများ ဝင်လာသလို၊ အမြင်များလည်း များစွာ ပြောင်းလဲသွားတော့သည်။

"ကိုဦး . . . ခဏလေး နေဦးနော်၊ ငါ ရေတောင် မချိုးရသေးဘူး၊ နင်ကလည်း ဒီနေ့ရောက်လာတာ စောလိုက်တာ"

မှန်သည်။ မြတ်စောညီနောင်မှ ပြန်လာပြီး နောက်နေ့ ကျောင်းတက်ဖို့ သူ့အိမ် ကျွန်တော်သွားခေါ်သည့်အချိန်က စောသည်၊

ရင်ထဲမှာ သူနားမှာ နေလိုစိတ်၊ သို့တည်းမဟုတ် သူ့မျက်နှာကို မြင်လိုစိတ်တို့က ဘယ်လောက်များပြားနေသည် မသိ။

ကျွန်တော် သူတို့အိမ်ပေါ် ရောက်သွားတော့ ခါတိုင်းထက် နာရီဝက်လောက် အချိန်စောနေသလို၊ သူကလည်း ခါတိုင်းလို ကျောင်းဝတ်စုံဝတ်ပြီးသား အဆင်သင့်ရှိမနေ။

ကျွန်တော် အိမ်ပေါ်တက်လာသည်မြင်သည်နှင့် သူ့အမေ က အိနီကို လှမ်းခေါ်ပြီး . . .

'သမီးရေ . . . မောင်မောင်ဦးတောင် လာပြီ၊ ကျောင်းသွား ဖို့ လုပ်တော့လေ' ဟု လှမ်းပြောသည်။ အိနီက တဘက်ကြီးခြုံလျက် ရင်ရှားဖြင့် ပြေးထွက်လာသည်။

သူ့စကားကြောင့် ကျွန်တော့်မျက်နှာ ရှိန်းတိန်းဖိန်းတိန်း ဖြစ်သွားပြီး . . .

"မဟုတ်ပါဘူးဟ၊ ငါလည်း အိမ်ထဲမှာ ဘာလုပ်ရမှန်း မသိလို့ ပျင်းနေတာနဲ့ စောစောစီးစီး ပြင်ဆင်ပြီး ထွက်လာတာပါ နင့်ဟာနင် လုပ်စရာရှိတာ ဖြည်းဖြည်းလုပ်ပါ၊ ကျောင်းသွားဖို့က အစောကြီး ရှိပါသေးတယ်"

ကျွန်တော့်စကားအဆုံးမှာ အိနီကပြုံးရင်း . . .

"အမယ်လေး ဘာလုပ်ရမှန်း မသိရင်လည်း ဇိမ်နဲ့ပဲ အိပ်နေ ပြီးတာပဲများ ကိုဦးရယ်၊ ကျောင်းသွားဖို့များ စောထွက်လာရသေး တယ်၊ ရော့ . . . အဲဒီမှာ မဂ္ဂဇင်းစာအုပ်တွေ၊ အဲဒါတွေဖတ်ပြီး စောင့် ဒါမှမဟုတ်လည်း အဲဒီကုလားထိုင်ပေါ် လှဲအိပ်ချင် အိပ်နေ၊ ငါက ရေချိုးမှာနဲ့ အဝတ်အစားလဲမှာနဲ့ ဖြီးရလိမ်းရဦးမှာနဲ့ ကြာဦးမှာ"

ပြောရင်းနှင့် မဂ္ဂဇင်းစာအုပ်တစ်ထပ် ကျွန်တော့်ရှေ့စားပွဲ ပေါ် လာချသည်။ ကျွန်တော်ကတော့ ကျွန်တော့်ရည်ရွယ်ချက် အတိုင်း သူ့အမူအရာနှင့် မျက်နှာကိုပါ အကဲခတ်နေ၏။



သူ့အမူအရာနှင့် အပြောအဆိုများက ဘာမှပြောင်းလဲမှု မရှိ။ ခါတိုင်းလိုပင် စိတ်ရှင်းလက်ရှင်း လုပ်သွားသည်။

စိတ်မရှင်းသော ကျွန်တော့်မှာသာ အတော်ကြီး ကသိ ကအောင့် ဖြစ်ကျန်ခဲ့၏။ သူ့ကို အကဲခတ်ရင်း မြင်လိုက်ရသော တဘက်ပဝါထဲမှလွတ်နေသည့် သူ့ရင်ညွန့်သား ဖွေးဖွေးလေးများ၊ တစ်ထပ်တည်းသော လုံချည်ဖြင့် ကာကွယ်ထားရသည့် သူ့ခန္ဓာ ကိုယ် ဖွံ့စည်းတည်ဆောက်မှုများ။

ညကမှ မွတ်သိပ်ဆာလောင်သော စိတ်ကူးအတွေးများနှင့် ဆက်စပ်၍ ကျွန်တော့်ရင်ထဲမှာ ဖြောင်းဆန်သွားသည်။ သူ့လှုပ်ရှား မှု မှန်သမျှကိုလည်း ကျွန်တော် မျက်တောင်မခတ် လိုက်ကြည့်နေ မိသည်။ ထိုစဉ် မျက်လုံးထောင့်၌ ရိပ်ခနဲ အရိပ်တစ်ခုကို မြင်လိုက် ရပြီး နားထဲသို့ အသံတစ်သံ ဝင်လာသည်။

"သားရော . . ဆယ်တန်းရောက်ရင် ကျူရှင်လေး ဘာလေး ယူဖို့ မစဉ်းစားဘူးလား မောင်မောင်ဦး၊ အိနီအဖေက ညက အဲဒီ အကြောင်း ပြောနေလို့"

အိနီအမေ အချိန်မီရောက်လာပြီး မေးခွန်းလေး ဘာလေး မေး၍ စကားစပြီး ပြောပေလို့သာ တော်တော့သည်။ နို့မို့ ကျွန်တော့် ကို ကျောခိုင်း၍ ထွက်သွားသော အိနီကို ကြည့်၍ ကျွန်တော် ဘယ် အထိ ယုတ်မာသောအတွေးများ တွေးမိမည် မပြောတတ်။

အန်တီ့အမေး ကြားရမှ ကျွန်တော် ပျာပျာသလဲဖြင့် ပြင် ဆိုင်ရင်း . . .

"ဖေဖေကလည်း အဲဒီကိစ္စပြောပါတယ် အန်တီ၊ ဖေဖေက အခု ကိုးတန်းကတည်းကတောင် စ,ယူဖို့ ပြောတာ၊ ကျွန်တော်က

အိနိနဲ့လည်း မတိုင်ပင်ရသေးတာနဲ့ ဘာမှမလုပ်သေးတာ၊ ယူရင်လည်း အိနိနဲ့ပဲ အတူတူယူမှာပေါ့"

"အေး . . . အန်တီလည်း ပြောမလို့၊ သူ့အဖေ စုံစမ်းတော့ ကျူရှင်တွေက ကိုးတန်း၊ ဆယ်တန်း အတန်းကြီးတွေကို ညပိုင်းတွေမှာ သင်တာများတယ်၊ အိနိကို တစ်ယောက်တည်း လွှတ်ဖို့ကလည်း စိတ်မချဘူး၊ အန်တီတို့ကလည်း နေ့တိုင်း ကြိုဖို့ ပို့ဖို့ ဘယ်လိုလုပ်လုပ်နိုင်မလဲ၊ သားနဲ့ပဲ စိတ်ချလက်ချထည့်ရမှာ"

"ဟုတ်ကဲ့"

ပြောသာပြောလိုက်ရသော်လည်း ရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွားသည်။ ဒီတိုင်းဆို အိနိနှင့် ကျွန်တော် ညပိုင်းတွေမှာပါ နှစ်ယောက်တည်း ကျောင်းတက်ကျောင်းဆင်း ပြန်လုပ်ရဦးမှာပါလား။

"အဲဒီတော့ ဒီလိုလုပ် သားရယ်၊ သား ကျူရှင်တက်ဖြစ်ရင် အိနိကိုလည်း ခေါ်သွားပြီး အတူတူ အပ်လိုက်၊ နှစ်ယောက်အတူတူ တက်လို့ရမယ့်ကျောင်းချိန်ရွေးပြီး တက်ပေါ့၊ သမီးအဖေကိုလည်း ဒီလိုပဲ ပြောထားလိုက်မယ်"

"ဟုတ်ကဲ့ အန်တီ"

ကျွန်တော့်စကား ဆုံးပြီးနောက်ပိုင်း အန်တီစကားတွေ ဆက်ပြောနေမှန်းတော့ ကျွန်တော်သိသည်။ သို့သော် ထိုစကားများ အပေါ်၌ အာရုံက ရောက်လိုက် မရောက်လိုက်ဖြစ်နေသည်။

ကျွန်တော့်ခေါင်းထဲတွင် အိနိနှင့်ရှေ့ဆက်ရမည့်ကိစ္စများကိုသာ အပြန်ပြန်အထပ်ထပ် စဉ်းစားနေမိသည်။ အခြေအနေများက စုပေါင်း၍ တိုက်ဆိုင်လာသည့်ကိစ္စ။

ထိုအချိန် ကျွန်တော့်ဦးနှောက်ကို ခေါက်ခွဲကြည့်လျှင် ...



သွပ်သွပ်ဖြစ်နေပြီဟု အဖြေရမှာ သေချာ၏။

"စောစောက နင်နဲ့ အမေနဲ့ ဘာတွေ လေပေးဖြောင့်နေတာလဲ ကိုဦး"

နှစ်ယောက်သား ကျောင်းကို လမ်းလျှောက်လာကြရင်း အိနိက မေးသည်။ ကျွန်တော်က ခေါင်းခါရင်း . . .

"ဘာမှ မဟုတ်ပါဘူးဟာ၊ နင်နဲ့ငါ ကျူရှင်တက်ဖို့ အကြောင်းတွေ ပြောနေတာပါ၊ ကျူရှင်တွေက ညဘက်ချည်း ဖြစ်နေတော့ နင်တစ်ယောက်တည်း လွှတ်လို့မဖြစ်ဘူးတဲ့၊ ငါနဲ့ အတူတူ တက်စေချင်လို့တဲ့"

အိနိက ရယ်သည်။

"အဲဒီတော့ နင်က ဘာပြောလိုက်လဲ"

"အေးပေါ့၊ အဲဒီလိုပဲ အတူတူတက်ရအောင် လုပ်ရမှာပေါ့"

"နင်နဲ့ငါနဲ့ နှစ်ယောက်တည်းပဲလား၊ ဒို့ပြင်သူငယ်ချင်းတွေရော အဖော်မခေါ်တော့ဘူးလား"

"ဘာဖြစ်လို့လဲ"

သူ့စကားက တစ်မျိုးဆန်းသလိုလို ဖြစ်နေသဖြင့် ကျွန်တော် ဆတ်ခနဲ လှမ်းကြည့်ရင်း မေးသည်။ သူ ဘာမှမပြောသေးဘဲ အရင် ရယ်သည်။ ပြီးမှ ရယ်သံတစ်ဝက်စွက်၍ . . .

"ဘာမှတော့ မဖြစ်ပါဘူး၊ မနေ့ကကိစ္စ အိမ်ရောက်တော့ ငါ ပြန်စဉ်းစားကြည့်တယ်၊ ဟိုဟာမတွေ နင်နဲ့ငါ့ကို လိုက်စ,ကြတဲ့ ကိစ္စပါ"

ကျွန်တော့်ခေါင်းထဲတွင် အချက်ပေးခေါင်းလောင်းသံများ ပေါ်ထွက်လာသလို ခံစားလိုက်ရ၏။

ဒီကိစ္စ ကျွန်တော့်အတွက် အလွန်အရေးကြီးနေသော ကိစ္စပင်ဖြစ်သည်။ မှန်ရာဝန်ခံရလျှင် . . . ရှေ့ပိုင်းက ကျွန်တော်ပြောခဲ့သလို ကျွန်တော့် စိတ်တွေ အတော် ကတိမ်းကပါးဖြစ်နေသော်လည်း သိပ်သတိလက်လွတ်ဖြစ်လောက်အောင် မရမ်းကားသေး။

စိတ်ထဲမှာ အိနီသည် ကျွန်တော့်သူငယ်ချင်းဆိုသော အသိက ကျန်နေသေးသည်။ သို့အတွက် လွတ်ထွက်လုဆဲဆဲဖြစ်လိုက်၊ ပြန်ချုပ်ထိန်းလိုက်နှင့် ကျွန်တော် နပန်းလုံးနေဆဲကာလ ဖြစ်၏။

အိနီစကားကိုကြားသောအခါ ကျွန်တော် အရမ်းစိတ်ဝင်စားသွားသည်။ သူလည်း တစ်မျိုးမဟုတ် တစ်မျိုးတော့ ပြောင်းလဲသွားတာပဲဟု တွေး၍။

"အဲဒီကိစ္စက ဘာဖြစ်လို့လဲ အိနီ"

"ဘာဖြစ်ရမှာလဲဟ မနေ့က ငါတို့လုပ်လိုက်တဲ့ကိစ္စဟာ ရှေ့လျှောက်ပြဿနာတွေများ ဖြစ်လာမလားလို့ တွေးမိလို့ပေါ့"

"ပြဿနာ ဘယ်လိုပြဿနာလဲ"

"ဩော် . . . မနေ့တုန်းက ငါတို့က သူတို့ကို ရွဲ့ပြီး တမင်ပိုကဲပြလိုက်တယ် မဟုတ်လား"

"အေးလေ . . . အဲဒါ နင်နဲ့ပဲ လုပ်တာပဲ"

"ဟုတ်ပါတယ် မနေ့ကတော့ ငါလည်း ဘယ်လိုစိတ်ကူး



ပေါက်သွားမှန်းမသိဘူး၊ နင်နဲ့ငါနဲ့က သည့်ထက်မက ရင်းရင်းနှီးနှီး နေလာကြတဲ့ လူတွေ၊ သူတို့က ခုမှ အထူးအဆန်းလုပ်ပြီး လာစနေရတယ်ဆိုပြီး ငါလည်း အမြင်ကတ်တာနဲ့ တမင်လုပ်လွှတ်လိုက်တာပဲ၊ ညကမှ ငါ သေချာ ပြန်စဉ်းစားကြည့်တယ် ကိုဦးရယ်"

"အင်း . . . စဉ်းစားတော့ . . . "

"စဉ်းစားတော့ သူတို့စိတ်ထဲမှာ ငါတို့ တကယ်ရည်းစားတွေဖြစ်နေပြီလို့ ထင်သွားတော့မှာပေါ့"

"နို့ နင်ပဲ ထင်ချင်ထင်ပါစေဆို"

"အို"

ကျွန်တော့်စကားအဆုံးမှာ အိနီပါးကလေးနှစ်ဖက် ရဲတွတ်သွားသည်။ ရှက်ကိုးရှက်ကန်းနှင့် ကျွန်တော့်ပခုံးကို လှမ်းရိုက်ပြီး . . .

"အဲဒါ မနေ့က စိတ်ရူးပေါက်ပြီး လျှောက်ပြောတာဟ"

"အေးပါ၊ အဲဒါကို ခဏထားပါ၊ ခုမှ နင်က ဘာစိုးရိမ်နေတာလဲ"

"စိုးရိမ်တာ မဟုတ်ဘူး ကိုဦးရဲ့"

"ဒါဖြင့် ဘာဖြစ်တာလဲ"

"ငါ ရှက်တာ"

"ဟင်"

"မဟင်နဲ့ ကိုဦး၊ ငါ တကယ်ပြောတာ၊ ညက အဲဒါတွေ စဉ်းစားမိပြီး အိပ်လို့တောင်မရဘူး၊ သူတို့စိတ်ထဲမှာ ငါတို့နှစ်ယောက် တကယ်ဖြစ်နေကြပြီလို့ ထင်သွားကြတယ်၊ နင်နဲ့ ငါနဲ့ကလည်း ဘာမှဖြစ်တာ မဟုတ်ဘူး၊ အဲဒါကို ငါတို့နှစ်ယောက် တကယ်ဖြစ်နေကြပြီ ညာဖြစ်နေကြပြီနဲ့၊ ဒီနေ့ အတန်းထဲလျှောက်ပြောရင် ဘယ်နှယ့်လုပ်

မလဲ"

အမှန်ကတော့ ဘယ်နှယ့်မှ မလုပ်တတ်။ မနေ့က အချိုးက တကယ်လည်း ဒီလိုပြောစရာ အချိုးမျိုး . . . ။

ကျွန်တော် ရယ်လိုက်သည်။

"ဘာရယ်တာလဲ ကိုဦး"

ကျွန်တော် ရယ်ရင်းနှင့် သက်ပြင်းချ၍ . . .

"အဲဒါတော့ ဘယ်လိုလုပ်မလဲ အိနီရာ၊ သူတို့ပြောလည်း ပြောပါစေတော့ဆိုပြီး ဆက်လွှတ်ပေးထားရုံရှိတော့တာပေါ့၊ သူတို့ ထင်အောင် ကိုယ်က သွားလုပ်မိပြီပဲ"

"ဩော် . . . ဘာလဲ၊ နင်ကပါ အလကားမတ်တင်း အထင် ခံနေရတာကို သဘောကျတယ်ပေါ့ ဟုတ်လား"

"ဟ . . . သဘောကျတာ မကျတာနဲ့ မဆိုင်ဘူးလေ၊ ခုကျမှ ငါတို့က မဟုတ်ပါဘူးလို့ လိုက်ရှင်းပြတော့ရော သူတို့က ယုံမှာ မို့လို့လား၊ လိုက်ပိတ်မှ ပိုတောင်ဆိုးဦးမယ်"

"အဲဒီလိုဆို ဘယ်နှယ့်လုပ်မလဲ"

အခုမှ ကျွန်တော်လည်း ဒုက္ခရောက်သည်။

ကိုယ့်ကိစ္စနှင့်ကိုယ် ဘာလုပ်ရမှန်းမသိ ဖြစ်နေခြင်းကိုပင် ပြန်အမှတ်မရနိုင်။ သူ့ဆီက မမျှော်လင့်ဘဲ ပြောင်းလဲလာသော အခြေအနေများကို ကြည့်၍ ခေါင်းရှုပ်သွားသည်။

အမှန်တကယ်လည်း ကျွန်တော်တို့နှစ်ယောက်ကို အားလုံး က ဝိုင်းဝန်းစွပ်စွဲ ပြောဆိုကြတော့မည်ဟု သေချာလှ၏။

"အဲဒီတော့ ခဏနေပါဦး အိနီ၊ ငါ မရှင်းလို့ ခဏကြားဖြတ် ပြီး မေးပါရစေဦး၊ ခုကိစ္စကတော့ ခုကိစ္စတစ်ခုပေါ့၊ စောစောက ကျူရှင် တက်ဖို့ကိစ္စ ခဏပြန်ကောက်ရအောင်၊ အဲဒါနဲ့ ပြဿနာနဲ့ ဆက်စပ် နေလို့လား"

"ဆက်စပ်တာပေါ့ဟ"

"ဘယ်လိုဆက်စပ်နေလဲ"

"အိုး . . . နင်နဲ့ငါ့ကို အဲဒီတလွဲကလည်း ထင်နေတယ်၊ အဲဒီအချိန်မှာ ညဘက်ကျူရှင်တက်တော့လည်း နင်နဲ့ ငါနဲ့က နှစ် ယောက်တည်း အတူတူတက်ကြဦးမယ်ဆိုတော့ သူတို့အမြင်တွေက ပိုမဆိုးသွားနိုင်ဘူးလား ကိုဦးရယ်"

ကျွန်တော့်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ ကျွန်တော် ကိုယ်တိုင်လည်း ဒီကိစ္စကို အကြောင်းပြု၍ စိတ်လှုပ်ရှားခဲ့သည်မှာ

သိပ်မကြာသေးသည် မဟုတ်ပါလား။

စိတ်ထဲမှာ စိုးရိမ်မှုတစ်ခု ပေါ်လာသဖြင့် . . .

"ဒီလိုဆို သူတို့ အထင်လွဲမှာစိုးတာနဲ့ပဲ တို့နှစ်ယောက်က အတူသွား အတူလာ မလုပ်ရတော့ဘူးပေါ့၊ အဲဒီလိုလား"

အိနီက ခစ်ခနဲ ရယ်သည်။ သူ့ပုံစံက တစ်မျိုးဖြစ်သွားပြန်၏။

သူ့အမူအရာတွေက အပြောင်းအလဲ မြန်လွန်းသဖြင့် ကျွန်တော် ဘာမှနားမလည်နိုင်တော့ဘဲ သူ့ကို လှမ်းကြည့်သည်။ အိနီက ရယ်ရင်းနှင့် . . .

"အေးပေါ့"

ကျွန်တော့်စိတ်ထဲ အတော်ထိခိုက်သွားသည်။ အိနီ ဆက်ပြောသောစကားများကိုပင် မကြားတစ်ချက် ကြားတစ်ချက် ဖြစ်သွား၏။

"နင်နဲ့ငါနဲ့ တတွဲတွဲလုပ်လေ သူတို့က ပိုထင်လေဖြစ်တော့မှာပေါ့၊ အဲဒါကြောင့် နင်နဲ့ငါ ကျောင်းအတူတူသွားတာတောင် ခွဲသွားကြမလား စဉ်းစားနေတာ"

ကျွန်တော် ခေါင်းငိုက်စိုက်ကျသွားသည်။ အိနီဆက်ပြောသော စကားများကို ကျွန်တော် မကြားတော့။ ကြားချင်စိတ်လည်း မရှိတော့။

စိတ်ဓာတ်ကျခြင်းနှင့်အတူ ရှက်ခြင်းများလည်း အားပြည့်ဝင်ရောက်လာသည်။

ကျွန်တော် သူ့အပေါ် မကောင်းသောစိတ်များ မွေးလိုက်မိခြင်းအတွက် ဘုရားသခင် ဒဏ်ခတ်လိုက်လေလားဟုလည်း



သံသယကြီးစွာ ဝင်သွား၏။

"အဲဒါက ဘာဖြစ်သွားတာလဲ ကိုဦး"

ကျွန်တော့်ဘက်မှ မည်မျှကြာအောင် ငိုင်တွေသွားမိသည် မသိ။ သူ့ဘက်က စကားသံ တိတ်သွားသည်ကိုပင် ဂရုမထားမိလိုက်။

အတော်လေးကြာမှ ကျွန်တော့်ပခုံးကို သူ လှမ်းရိုက်သည်။ ပြီးတော့ ပြုံးစိစိမျက်နှာဖြင့် ကျွန်တော့်ကို မေးသည်။

ကျွန်တော် သက်ပြင်းချ၍ ခေါင်းခါလိုက်ရင်း . . .

"ဘာမှမဖြစ်ပါဘူး အိနီရာ၊ ငါ့စိတ်ထဲ တစ်မျိုးဖြစ်သွားလို့ပါ၊ အဲသည်လိုမှန်းသိရင် မနေ့က နင် အေးမော်တို့ကို ပြန်စ,မယ်လုပ်ကတည်းက ငါတားပါတယ်၊ ခုတော့ အလကားနေရင်း နင်နဲ့ငါနဲ့ကြားမှာ ပြဿနာလာတက်ရတယ်"

ဒီတစ်ခါကျတော့လည်း အိနီ ရယ်သည်။ ကျွန်တော့်ပခုံးကို လက်ဖြင့်ကိုင်၍ လှုပ်ယမ်းရင်း . . .

"နင်ကလည်း ကိုဦးရာ၊ ငါက သဘောကို ပြောတာပါ၊ တကယ်လုပ်မယ် မပြောသေးပါဘူး၊ အလကားနေရင်းတော့ နင်နဲ့ငါနဲ့ ဘယ်ခွဲမလဲ၊ နင်နဲ့ငါနဲ့ မောင်နှမတွေလို ရိုးရိုးသားသား ဖြူဖြူစင်စင် ခင်နေတယ်ဆိုတာ ငါ့အဖေနဲ့ ငါ့အမေကတောင် သိနေလို့ နင်နဲ့ စိတ်ချလက်ချ လျှောက်ထည့်နေတာပဲ၊ အဲဒီလို တကယ်လုပ်မှ

တော့ အခု အိမ်ကထွက်ကတည်းက စ,ခဲ့တော့မှာပေ့ါ၊ ခုလည်း နင်နဲ့ ငါနဲ့ အတူတူ ကျောင်းသွားနေကြတာပဲ၊ အဲဒီ ငုံ့နေတဲ့ ခေါင်းကြီး မော့လိုက်စမ်းပါဟ"

ကျွန်တော် စိတ်မသက်မသာဖြင့် ခေါင်းပြန်မော့သည်။ သူက ဆက်၍ . . .

"နေပါစေဟာ၊ သူတို့ဟာသူတို့ ထင်ချင်ရာထင်ပါစေတော့၊ ငါလည်း ဂရုမစိုက်တော့ဘူး၊ ကိုယ့်စိတ်ရင်းအမှန်ကို ဘုရား သိတာပဲဟာ၊ သူတို့အထင်လွဲလို့လည်း အသားပဲ့ပါသွားတာမှ မဟုတ်ဘဲဟာ၊ တို့ဟာတို့ အရင်အတိုင်း အေးအေးဆေးဆေးပဲ နေမယ်"

ပြောရင်းနှင့် အိနိက ကျွန်တော့်လက်ကို ဆွဲရင်း ကားလမ်းမကျယ်ကို လက်တွဲလျက် ဖြတ်ကူးသည်။

ကျွန်တော့်ရင်ထဲ နေခင်တကြီးစွာ ရသွားပါ၏။

ဇာတ်လမ်းက အဲဒီလိုတွေ ဖြစ်ဖြစ်ကုန်လို့ တို့ဘဝမှာ အမျိုးမျိုးအဖုံဖုံတွေ ဖြစ်ကုန်ရတာပေ့ါ အိနိ။

ဆယ်တန်းရောက်တော့ လွှန်းမောင်နဲ့ငါနဲ့ ပြောခဲ့တာတွေ နင့် ပြန်ပြောပြပြီးပြီ မဟုတ်လား။ အဲဒီအချိန်အထိ နင်နဲ့ငါနဲ့ ရည်းစားကို မဖြစ်



တော့တာ၊ ခုကိစ္စတွေက အဓိကနဲ့ အခရာပဲ။

ငါက မရှက်ပါဘူး။ နင့်ကို ငါ ပွင့်ပွင့်လင်းလင်းတွေ ဖွင့်ပြောပြီးပြီပဲ။ ငါ့ဘက်က အဲဒီတစ်ညမှာ လူးနေအောင် ခံစားခဲ့ရတယ်။

နောက်နေ့သာ နင်နဲ့ငါနဲ့ အခုလိုမဖြစ်ရင် ငါ့ဘက်က ဆက်ဖောက်ပြန်မှားယွင်းမယ့် အခြေအနေတွေ အများကြီး ဆက်ဖြစ်လာနိုင်တာပေ့ါ။

ဒါပေမဲ့ ခုနက ငါပြောတဲ့ ကျောင်းသွားချိန် လမ်းခရီးက အဖြစ်အပျက်လေးတစ်ခုနဲ့ပဲ အဲဒီစိတ်တွေအားလုံး ပျောက်သွားခဲ့တယ် အိနိ။

တစ်သက်လုံး ဖြူစင်သန့်ရှင်းလာတုန်းက ဘာတစ်ခုမှ ပြဿနာမရှိခဲ့ဘဲ နည်းနည်းလေး အပြစ်ဖြစ်နိုင်တဲ့ စိတ်တစ်ခုမွေးမိတာနဲ့ နင်နဲ့ ငါ ဝေးရတော့မလို ဖြစ်သွားတာကို ငါ အရမ်း တရားရသွားတယ်။

အဲဒီတော့ပဲ အပြစ်တင်ခြင်း၊ သန့်ရှင်းခြင်းဆိုတဲ့ တရားတွေဟာ ဘယ်လောက်တန်ဖိုးရှိမှန်း ငါ သိလာရတော့တယ်။

တော်သေးတာပေ့ါ အိနိရယ်။ အဲဒီအဖြစ်အပျက်တွေက ဇယ်ဆက်သလို မြန်ဆန်ပြီး နှစ်ရက်နဲ့ တစ်ညတည်းနဲ့ ကိစ္စပြတ်သွားပေလို့ပေ့ါ။

ဒီထက်များ ကြာသွားရင် ခက်မယ်။

ငါသာ နင့်ကို မရိုးသားတဲ့ အမူအရာတစ်ခု

လုပ်ပြီးသား ဖြစ်ရပြီဆိုရင် ကောက်ကောက်ကျစ်ကျစ် အလုပ်တစ်ခုလုပ်ပြီးပြီဆိုရင် ဘယ်လိုလုပ်မလဲ။

ခုလို တို့စိတ်ရင်းမှန်ကို ဘုရားသိတာပဲလို့ နင်ပြောတော့မလား။ ဘယ်သူတွေ ထင်ချင်ရာထင် တို့နှစ်ယောက်က မောင်နှမတွေလို ရိုးရိုးသားသား ဖြူဖြူစင်စင်နေတာပဲ။ ခေါင်းမာမာသတ္တိမျိုးလည်း နင် ဘယ်မွေးရဲတော့မလဲ။

အဲဒီတုန်းက ငါ မှားသွားတယ် အိနီ။

ဒါကြောင့် ငါ့စိတ်ကိုငါ လုံးဝ ပြုပြင်ပစ်လိုက်တယ်။

နောင်ကို ငါ နင့်အပေါ် ဘယ်တော့မှ ယုတ်ယုတ်မာမာ စိတ်ထားမျိုး မထားတော့ဘူး။

နင့်ကို ငါ ချစ်နေတဲ့စိတ် မဖျောက်နိုင်ရင်တောင်မှ အသန့်ရှင်းဆုံးနဲ့ အမွန်မြတ်ဆုံးအချစ်ကိုပဲ ငါ လှလှပပထားမယ် . . . လို့။

အဲဒီမှာလည်း ငါ ကံကောင်းထောက်မစွာနဲ့ သန့်ရှင်းတဲ့အချစ်လေးအကြောင်း သိခွင့်ရခဲ့တယ်၊

အချစ်တော့ အချစ်ပဲပေါ့ အိနီရယ်။

ဘာပြောမလဲ အပြစ်ကင်းတဲ့ အချစ်ခြင်းလေးတစ်ခုအကြောင်းပါ။

သည်အပိုင်းပြောလျှင် သူငယ်ချင်းဖြစ်သူ ရည်အောင့်ကို သွားသတိရမိသည်။

ကျွန်တော့် သူငယ်ချင်းများထဲတွင် လွှန်းမောင်လိုလူမျိုးများ ရှိနေသလို ရည်အောင့်လိုလူမျိုးများ ရှိနေခဲ့ခြင်းကိုလည်း ဘယ်လိုမှ မေ့၍မရ။

ရည်အောင်နှင့် ကျွန်တော်က ဟိုးသူငယ်တန်းကတည်းက မူလတန်းကျောင်းမှာ အတူတူနေခဲ့သူများဖြစ်သည်။ လေးတန်းအောင်၍ အထက်တန်းကျောင်းကို ပြောင်းကြတော့ သူနှင့်ကျွန်တော် ကျောင်းချင်းကွဲသွားသည်။ သူက အလယ်တန်းကျောင်းဆက်တက်၍ ကျွန်တော်က အ. ထ. က (၁) ကို ပြောင်းတက်ခဲ့သည်။

ငါးတန်း၊ ခြောက်တန်း၊ ခုနစ်တန်း၊ ရှစ်တန်း လေးနှစ်လောက် ကွဲနေပြီးမှ ကိုးတန်းမှာ ပြန်ဆုံခြင်း ဖြစ်သည်။ ရှစ်တန်း

အောင်လာပြီး သူက ကျွန်တော်တို့ကျောင်းကို ပြောင်းလာသည်၊ ကံအားလျော်စွာ ကိုးတန်းမှာ တန်းခွဲများကို အ. လ. က ကျောင်းခွဲတန်းအလိုက် ခွဲချပေးရာမှ သူနှင့်ကျွန်တော်တစ်တန်းတည်း ပြန်ဆုံသွားရသည်။

အိနီနှင့်ကျွန်တော် ကိုးတန်းမှာ သည်ကိစ္စများ မဖြစ်ပေါ်မီကာလကတော့ ရည်အောင်နှင့် ဒီလောက်မတွဲဖြစ်။ အတန်းထဲမှာ အတူနေရင်း တခြားသူငယ်ချင်းများနှင့် နည်းတူပင် နောက်လိုက် ပြောင်လိုက် စ,လိုက် ဟားလိုက် ဒီလိုပဲ နေဖြစ်ခဲ့ကြသည်။

တိုက်ဆိုင်ချင်တော့ ဒီကိစ္စများ ဖြစ်ပေါ်လာခိုက် အတောအတွင်းကျမှ ရည်အောင်နှင့်ကျွန်တော် အမှတ်မထင် ပေါင်းစည်းမိသွားကြသည်။

အမှတ်မထင် တိုက်ဆိုင်ချင်တော့ဟု စကားပိုများ တမင်ထည့်သုံးထားသော်လည်း စင်စစ် အမှတ်မထင်ကြီး သိပ်မဟုတ်၊ အကြောင်းမဲ့တိုက်ဆိုင်သွားခြင်းလည်း မဟုတ်။

ဒီအကြောင်းကို ကျွန်တော် အသေးစိတ် ရှင်းပြချင်ပါ၏။

"ဟော့ကောင် မောင်ဦး . . . မင်းနဲ့အိနီနဲ့ ဖြစ်နေကြပြီဆိုဟုတ်လား"

ကျွန်တော့်ဘဝတွင် အလွန်အကဲကြီး မဟုတ်သော်လည်း



တော်တော်လေး ထူးဆန်းအံ့ဩစရာကောင်းသည့်ကိစ္စလေးတွေများစွာ ကြုံခဲ့ရသည်။

ယခု ဒီကိစ္စကိုပဲ ကြည့်။

လမ်းမှာတုန်းက ဒိနီနှင့်အတူတူ ပြောဖြစ်ခဲ့ကြသော စကားများ၏ လေလှိုင်းတုန်ခါမှုများမှ မကုန်ဆုံးချင်သေး၊ ကျောင်းရောက်သည်နှင့် ထိုအမေးစကားကို စ,ကြားရသည်။

မေးသူက စိန်သောင်း။

ကျွန်တော်တို့အတန်းထဲက မဟုတ်။ မနှစ်က ရှစ်တန်းမှာ အတူတူနေခဲ့ကြပြီး ဒီနှစ် ကိုးတန်းတက်တော့ ရှစ်တန်းမှာ ကျကျန်ခဲ့သူ။

လက်ရှိ ကိုယ့်အတန်းထဲက သူငယ်ချင်းတစ်ယောက်ယောက်က မေးလျှင် ဒီလောက် မအံ့ဩမိသေး။ ခု ရှစ်တန်းမှာ ကျန်နေခဲ့သူက ကျောင်းဝမှာ ကျွန်တော့်ကို တွေ့တွေ့ချင်းမေးသည်ဆိုတော့ ဒီသတင်း၏ ပျံ့နှံ့မှုနှုန်းကို ကျွန်တော် မအံ့ဩ၍ မရ ဘူ။

"မင်းကို ဘယ်သူပြောလို့လဲ စိန်သောင်း"

"အဲဒါ မေးမနေစမ်းပါနဲ့ ကိုဦးရာ၊ အဲဒါက အရေးမကြီးပါဘူး၊ တစ်ယောက်ယောက်က ငါ့ကို ပြောလို့ပဲလို့ မှတ်လိုက်ပေါ့၊ ငါမေးတာ ဟုတ်မဟုတ်သာ ပြောစမ်းပါ"

ကျွန်တော် ရယ်လည်း ရယ်ချင်နေသည်။ သို့အတွက် သူ့မျက်နှာကို ခနိုးခနဲ့ ကြည့်ရင်း . . .

"နေပါဦး စိန်သောင်း . . . အဲဒီကိစ္စက မင်းနဲ့ ဘာဆိုင်လို့လဲ၊ ဟုတ်တော့လည်း မင်းအပူလား၊ မဟုတ်တော့လည်း မင်းအပူလား"

"ဟာကွာ မင်းကလည်း အချင်းချင်းတွေကပ်ပြီး လျှို့နေပြန်ပြီ၊ မေးမှတော့ သိချင်လို့ မေးတာပေါ့ကွ၊ ဟုတ်တော့လည်း ဘာမှမဖြစ်ပါဘူး၊ မဟုတ်တော့လည်း ဘာမှမဖြစ်ပါဘူး"

"အဲဒီလိုဆို မေးမနေပါနဲ့၊ ဒါမှ မင်းက သိချင်နေသေးတယ်ဆိုရင်လည်း မင်းကို ငါအမှန်အတိုင်း ပြောပြမယ်၊ မင်း ယုံချင်ယုံ မယုံချင်နေ၊ အိနီနဲ့ ငါနဲ့ ဘာမှမဖြစ်ဘူး၊ အရင်တုန်းကလိုပဲ သူငယ်ချင်းလို မောင်နှမလို နေနေကျတုန်းပဲ၊ အဲ ကျေနပ်ပါပြီလား"

"ဟာကွာ . . . မဟုတ်သေးပါဘူး၊ ငါကြားတာ ဒီလိုမဟုတ်ပါဘူး"

"အေး . . . အဲဒါကြောင့် မင်းကို ငါက ပြောတာပေါ့၊ ယုံချင်ယုံ မယုံချင်နေပါလို့၊ ငါ အမှန်အတိုင်း ပြောတော့လည်း မင်းကမှ လက်မခံဘဲ"

"မဟုတ်ဘူးကွ ငါ အတိအကျပြောတာ"

သူ့စကားကို နားထောင်ရင်း ကျွန်တော် ပို၍ရယ်ချင်လာသည်။ သို့အတွက် ထပ်ရှည်ရှည်ဝေးဝေးပြောရန် စိတ်မကူးတော့ဘဲ စကားစကို ဖြတ်လိုက်သည်။

"မင်းဟာမင်း အတိအကျကြားပေမယ့် မင်းကြားတဲ့သတင်းက အတိအကျမှ မဟုတ်ဘဲ စိန်သောင်း၊ မင်းကျေနပ်အောင် ငါ ဘယ်လိုလုပ်ဖြေရှင်းပြရမလဲ၊ ကဲကွာ တော်ပါတော့ . . . ငါပြောတာ လက်မခံရင်လည်း မင်းဟာမင်း ကျေနပ်သလိုသာ တွေးယူတော့၊ ငါသွားမယ်"

ပြောပြီးဆိုပြီး ကျွန်တော် ကျောင်းပေါ်တက်ခဲ့သည်။

ကျောင်းဝမှာ စိန်သောင်းကိုထားခဲ့ပြီး ကျောင်းပေါ်တက်



သွားသော အိနီလည်း ဒီဒုက္ခတွေ့ကြုံနေရမည်မှာ သိပ်သေချာလှတော့၏။

"မဟုတ်ဘူး မောင်မောင်ဦးရာ၊ ငါ့ကို မင်းတို့အကြောင်း အသေအချာသိတဲ့လူက သက်သေအထောက်အထားနဲ့ကို ပြောတာပါ၊ မင်းတို့ချင်း ခြံထဲမှာ ညတိုင်း ချိန်းတွေ့နေကြတယ်တဲ့"

နေ့လယ်ကျောင်းဆင်းချိန်မှာ ကျွန်တော်ရော အိနီပါ ကိုယ့်အဖွဲ့နှင့်ကိုယ် ဒုက္ခရောက်နေသည်။

အိနီမှာလည်း တွတ်တွတ်တွတ်တွတ် ဝိုင်းလုပ်နေကြသော ကောင်မလေးသုံးလေးယောက်ရှိသည်။ ကျွန်တော့်နားမှာလည်း အောင်ဘော်တို့၊ ခင်မောင်လွင်တို့၊ ဇော်တင်တို့ အစရှိသောသုံးလေးယောက် ဝိုင်းနေ၏။

ထိုအချိန်မှာ ကျွန်တော့်နောက်က ကျောင်းထိုင်ခုံစားပွဲမှာ ညီအောင်တစ်ယောက် ခပ်ငိုင်ငိုင်နှင့် ထိုင်နေသည်ကိုလည်း သတိထားမိသည်။

သို့သော် သူကတော့ ကျွန်တော်တို့ကိစ္စထဲမှာ ဝင်မပါ။ သူ့ဘာသာသူသာ ခပ်ငေးငေးအနေအထားနှင့် ထိုင်နေခြင်းဖြစ်သည်။

"မင်းတို့ဟာမင်းတို့ ပြောချင်တာပြောပြီး ကြားချင်တာ ကြားနေကြတာပါလို့ ဘယ်နှစ်ခါပြောရမလဲ အောင်ဘော်၊ မင်းတို့ကိစ္စကို

ငါ ထပ်ပြီးတော့လည်း ရှင်းမပြချင်တော့ဘူး၊ ငါ့ဘက်က အစွမ်းကု ပြောနိုင်တာ ဒါပဲ၊ ကျန်တာကိုတော့ မင်းတို့ ကြိုက်သလို သဘောထာ ကြတော့"

ကျွန်တော်တို့နှစ်ယောက် ဖြစ်သွားသည့်ကိစ္စမျိုးကို တခြာ မြို့ကြီးပြကြီးများမှာ နေထိုင်သော ကျောင်းသားကျောင်းသူများကြာ တွင် ထူးဆန်းအံ့ဩချင် ထူးဆန်းမည်ဖြစ်သော်လည်း ကျွန်တော်တို့မြို အနေအထား ကျွန်တော်တို့ကျောင်း အနေအထားနှင့်ကျွန်တော်တို့ နှစ်ယောက်အနေအထားမှာတော့ သိပ်မထူးဆန်း သိပ်အံ့ဩဖွယ် မကောင်းလှ။

နယ်မြို့တစ်မြို့အနေနှင့် ဘယ်လောက်ကျယ်ဝန်းသည်ပြော ပြော မြေကျဉ်းသည်။ ကျောင်းအနေအထားကလည်း မနိုင်ရင်ကာ ကျယ်ဝန်းသော တက္ကသိုလ်ကျောင်းလို ကျောင်းကြီးမျိုးမဟုတ်။

ပြီးတော့ ကျွန်တော်တို့နှစ်ယောက်ကလည်း နဂိုကတည်းက ကျောင်းထဲ အရပ်ထဲမှာ လူစိတ်ဝင်စားခံရသော နှစ်ယောက်။

အစကတော့ ကျွန်တော်တို့ချင်း မောင်လို နှမလို နေထိုင်ကြ သည်ဟု လူတိုင်း သိကြရသဖြင့် အမှတ်တမဲ့သာ နေခဲ့ကြခြင်းဖြစ် ကောင်းဖြစ်မည်။ သို့တည်းမဟုတ် ဒီနှစ်ယောက်တော့ တစ်နေ့နေ့ သည်လိုဖြစ်တော့မှာပဲဟု တွက်ပြီး အချိန်စောင့်နေကြသည်လည်း ဖြစ်ကောင်းဖြစ်မည်။

ခုကျတော့ တစ်မြို့လုံး၊ တစ်ရပ်လုံး ကျော်မသွားတော အတန်းထဲနှင့် သူငယ်ချင်းများကြားမှာတော့ ဒီကိစ္စသည် အတော်စိတ် ဝင်စားကြသော ကိစ္စတစ်ရပ်ဖြစ်သွား၏။

ထိုနေ့ညနေက ကျောင်းကအပြန်မှာ အိနီနှင့်ကျွန်တော်



အကြောင်းများ ပြန်ပြောဖြစ်ခဲ့ကြသည်။

"ငါတို့ထင်တာထက်တောင် ပိုဆိုးနေကြသေးတယ်နော်၊ ဒါပေမဲ့ ထားလိုက်ပါဟာ၊ နောက်ကျရင် သူတို့ဟာသူတို့ ရိုးသွားပြီး ဒီအကြောင်း စကားထဲ ထည့်ပြောတော့မှာတောင် မဟုတ်ပါဘူး"

အိနီက တွေးတွေးဆဆ လေသံဖြင့် ပြောသည်။ ကျွန်တော် က အိနီမျက်နှာကို တစ်ချက်အကဲခတ်ရင်း . . .

"ဒါတော့ ဒါပေါ့ဟာ၊ ဒါပေမဲ့ ခုလောလောဆယ်မှာတောင် ရှင်းပြလို့မရရင် နောက်ကျ ပိုခက်တော့မှာပေါ့၊ ငါလည်း သေချာစဉ်း စားတော့ စိတ်ထဲ မကောင်းဘူး၊ ငါ့အတွက်က ဘာမှမဖြစ်လောက်ပါ ဘူး၊ နင့်အတွက်ကျတော့ အများကြီး နစ်နာတာပေါ့"

အိနီက ကျွန်တော့်ကို ပျာပျာသလဲ လှမ်းကြည့်သည်။

"ငါ့အတွက် ဘာနစ်နာလို့လဲ ကိုဦး"

"ဩော် . . . မဟုတ်လည်း မဟုတ်ဘဲနဲ့ အပြောခံရတော့ မိန်းကလေးတစ်ယောက်အတွက် မကောင်းဘူးပေါ့အိနီရာ၊ တော်ကြာ နင့်မိဘတွေ ပြန်ကြားရင်လည်း နင့်ကို ဆူချင်ဆူကြမှာ"

"သွားစမ်းပါ ကိုဦးရာ၊ အဲဒါတွေ ငါ ဂရုမစိုက်ပါဘူး၊ သူတို့ ပြောသလို ငါနဲ့နင် တကယ်ဖြစ်တောင် ငါ့အိမ်က ဘာမှပြောမှာ မဟုတ်ဘူး . . . ငါသိတယ်၊ နင့်အိမ်ကရော ဘာပြောမှာလဲ၊ ငါက လည်း ဒီအသက် ဒီအရွယ် ဒီအတန်းနဲ့ ရည်းစားမထားချင်သေးလို့ပါ၊ ထားချင်စိတ်သာ ရှိလို့ကတော့ ဟင်း . . . မပြောလိုက်ချင်ဘူး"

မပြောလိုက်ချင်၍ မပြောလိုက်သော်လည်း သူ့စကား အသွားအလာကိုထောက်၍ သူ ဘာပြောချင်လိုက်မှန်း သိပြီး ရင်ဖို သွားသည်။

သို့သော် သူ့စကားထဲမှာပင် သူ့အဖြေက ပါပြီးသားမို့ ကျွန်တော် ဘာမှနှုတ်မတွန့်တော့ဘဲ ငြိမ်နေလိုက်သည်။

သူ့စကားအရ ဒီအသက် ဒီအရွယ် ဒီအတန်းမှာ ရည်းစား မထားချင်သေးဟု အတိအကျ သိရသည်။

ထားချင်စိတ် ရှိလာပြီ ဆိုလျှင်လည်း မပြောလိုက်ချင်စွာ ထားပစ်တော့မှာလည်း သေချာသည်။

ကျွန်တော့်ဘက်က သူ့အတွက် အပြစ်ကင်းကင်း ချစ်ခြင်း တစ်ခုဖြင့်သာ စောင့်မျှော်စရာရှိသည်ဟုလည်း နားလည်လိုက်၏။

"ဟင် . . . ရည်အောင်၊ မင်းတစ်ယောက်တည်းလား"

ထိုနေ့ညနေက ကျွန်တော် စိတ်ထွေထွေဖြင့် မြစည်းခုံဘုရား ဘက် လျှောက်ခဲ့သည်။

ဘာအကြောင်းရယ် မည်မည်ရရရှိ၍တော့ မဟုတ်။ သည် တစ်ရက် နှစ်ရက်အတွင်း ဖြစ်ပျက်ပြောင်းလဲသွားသည့် ဖြစ်စဉ်များ ကြောင့် ရှုပ်ထွေးသွားသော အတွေးစကို တစ်ယောက်ထီးတည်းနေ ခြင်းဖြင့် ရှင်းသွားမည်လား တွေးကာ ရောက်ရာပေါက်ရာဆိုပြီး လျှောက်လာခဲ့ခြင်းသာ ဖြစ်သည်။

ဘုရားနားရောက်မှ ဘုရားပေါ်တက်လျှင် အေးအေးဆေး ဆေး ထိုင်စရာနေရာလေးတွေရှိသည်ဟု တွေးကာ အရှေ့ဘက် စောင်းတန်းမှနေ တက်လာခဲ့ခြင်း ဖြစ်သည်။

လတ်တလော ဘုရားပေါ် မရောက်တာ ကြာပြီဖြစ်သော်

လည်း ရင်ပြင်တော် အရှေ့ဘက် တံတိုင်းနားက ထိုင်၍ကောင်းသည်ဟု သတိရ၍ ထိုနေရာရှိ ညောင်ပင်ကြီးဘက် ဆက်လျှောက်ခဲ့သည်။

ညောင်ပင်ကြီးနားအရောက်တွင် ကိုယ့်ထက် ဦးအောင်ရောက်နှင့်နေသော ရည်အောင့်ကို တွေ့လိုက်ရသဖြင့် အံ့အားသင့်စွာ လှမ်းမေးလိုက်၏။

"အေး . . . ဟုတ်တယ်၊ မင်းရော တစ်ယောက်တည်းပဲလား မောင်မောင်ဦး"

ရည်အောင်က ခေါင်းညိတ်အဖြေပေးရင်း ကျွန်တော့်ကိုပါ ပြန်မေးသည်။

ကျွန်တော်ကလည်း ခေါင်းညိတ်ပြ၍ သူ့နားတွင် ဝင်ထိုင်ရင်း . . .

"မင်းက ဘာလုပ်နေတာလဲ ရည်အောင်"

ရည်အောင်က ပြုံးသည်။ ကျွန်တော့်ကို ပြန်ကြည့်လျက် . . .

"မင်းကရော ဘာလာလုပ်တာလဲ မောင်မောင်ဦး"

"ငါကတော့ ဘာရယ်မဟုတ်ပါဘူးကွာ၊ စိတ်ထဲမှာ နည်းနည်းရှုပ်နေသလိုဖြစ်တာနဲ့ သက်သက်မဲ့ ထွက်လာခဲ့တာပါ"

ရည်အောင်က ခေါင်းညိတ်သည်။

"အဲဒါဆိုရင်တော့ ဒီနေရာမှာ လာထိုင်တာ အကောင်းဆုံးပဲ မောင်မောင်ဦး၊ ငါလည်း မင်းလိုပါပဲ၊ ရှုပ်နေတဲ့ စိတ်ကလေးက မကြာမကြာ ပေါ်ပေါက်လာတတ်လို့ ဒီကိုလာပြီး ရှင်းရတာပဲ"

"မင်းက ဘာအတွက် စိတ်ရှုပ်နေရတာလဲ ရည်အောင်"

အမှန်တော့ ဒီမေးခွန်းက မေးအပ်သော မေးခွန်းမဟုတ်။



သို့သော် ထိုအချိန်က ကျွန်တော့်စိတ်ထဲမှာ တစ်လောကလုံး၌ ကျွန်တော် တစ်ယောက်သာ စိတ်ရှုပ်နေရသည်ဟု ထင်မြင်ရသည့်အတွက် ဘာပြဿနာမှ ရှိဟန်မတူဘဲ စိတ်ရှုပ်သည်ဟုပြောလာသော ရည်အောင့်ကို အံ့အားသင့်စွာဖြင့် လွှတ်ခနဲ မေးလိုက်မိခြင်း ဖြစ်သည်။

ရည်အောင်က ကျွန်တော့်ကိုကြည့်၍ ရယ်ရင်း . . .

"မင်းလိုပါပဲလို့ စောစောကတည်းက ငါ ပြောခဲ့ပါပြီရောလား မောင်မောင်ဦးရာ၊ မင်းက ဒီနေ့မှ စိတ်ရှုပ်လာလို့ ဒီရောက်လာတယ်၊ ငါက မင်းထက်အများကြီး စိတ်စောရှုပ်ခဲ့လို့ မင်းထက် ရက်ပေါင်းများစွာ စောပြီး ဒီနေရာ ရောက်ရောက်လာတတ်တယ် . . . ဒါပါပဲ"

သူ့စကားက ထူးဆန်းပြီး အဓိပ္ပာယ်ပါသလို ဖြစ်နေသည်။ သို့အတွက် ကျွန်တော်က မျက်မှောင်ကြုတ်၍ . . .

"နေပါဦး ရည်အောင်၊ မင်းပြောတာ ငါ သိပ်မရှင်းဘူး၊ ငါ့လိုပဲလို့ မင်းပြောတာ ဘာအဓိပ္ပာယ်လဲ"

"အဓိပ္ပာယ်တွေ၊ အနက်တွေ ရှင်းပြစရာ မလိုပါဘူး မောင်မောင်ဦးရာ၊ မင်း ဘာဖြစ်တာလဲဆိုတာ မင်းဟာမင်း သိတာပဲ၊ မင်းလိုပဲ ငါလည်း ဖြစ်ခဲ့လို့ ဒီရောက်နေတာပေါ့"

"ငါ ဘာဖြစ်လာတယ်ဆိုတာ မင်းသိနေလို့လားရည်အောင်"

ရည်အောင်က ရယ်သည်။

"အတိအကျတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ငါထင်တာ ပြောရရင်တော့ မင်း အိနိန္ဒနဲ့ပတ်သက်ပြီး စိတ်တွေရှုပ်နေလို့ ဒီရောက်လာတာပဲဖြစ်မှာပေါ့၊ ငါပြောတာ မဟုတ်ရင် ငြင်းပါကွ၊ ငါက အတန်းထဲက ကောင်တွေလို ကိုယ်ထင်သမျှ ကြားသမျှပဲ မှန်ရမယ်လို့ ဇွတ်အတင်း မစွပ်စွဲတတ်ပါဘူး"

ကျွန်တော် အလန့်တကြားနှင့် သူ့ကိုကြည့်မိသည်။

ဒီကောင် ဘုရားပေါ်ကိုလာပြီး တရားတွေဘာတွေများ ကျင့်နေလို့ အကြားအမြင်တွေဘာတွေများ ရနေပြီလား လန့်သွားကာ . .

"ငါ အိန္ဒိနဲ့ ပတ်သက်ပြီး စိတ်တွေရှုပ်နေတယ်လို့ မင်း ဘယ်လိုလုပ်သိလဲ ရည်အောင်၊ မင်းကရော ဘာတွေကြားထားလို့တဲ့"

ရည်အောင်က လက်ကာ၍ . . .

"ဟာ . . . မကြားပါဘူး မောင်မောင်ဦး၊ ရှုပ်ရှုပ်ယှက်ယှက် ဘာတစ်ခုမှ ငါ မကြားပါဘူး၊ နေ့ခင်းက မင်းတို့ ငါ့ရှေ့မှာ ပြောနေတာလေး နည်းနည်းလေး ကြားမိတာပါ၊ အောင်ဘော်တို့၊ ဇော်တင်တို့အုပ်စုက မင်းကို အိန္ဒိနဲ့ဖြစ်နေပြီ မဟုတ်လားလို့ ဇွတ်အတင်းမေးတယ်၊ မင်းက မဟုတ်ဘူးလို့ ငြင်းတယ်၊ ငါကြားတာ ဒီလောက်ပါပဲ"

"ဪ . . . ဒါကြောင့် မင်းက ဒီစကားတွေနဲ့ ဆက်စပ်ပြီး အဲဒီကိစ္စကြောင့် စိတ်ရှုပ်ပြီး ငါ ဒီလာတယ်လို့ တွက်လိုက်တာပေါ့ ဟုတ်လား"

ရည်အောင်က ကျွန်တော့်ကို ပြုံးကြည့်သည်။ ပြီးမှ အကဲခတ်သော မျက်လုံးများဖြင့် ကျွန်တော့်ကိုကြည့်ရင်း . . .

"ငါကတော့ မင်း အစွပ်စွဲခံရတာ စိတ်ရှုပ်လို့ ဒီလာတယ်တော့ မထင်ဘူး မောင်မောင်ဦး၊ ငါထင်တဲ့အတိုင်းပြောရင် မင်း စိတ်ဆိုးမလား"

"မဆိုးပါဘူး၊ မင်းထင်တာ ပြောစမ်းပါ"

"ငါထင်တာပြောရရင် မင်း အိန္ဒိကို ရည်းစားလို သွားချစ်မိပြီး တစ်ခုခု အဆင်မပြေတာနဲ့ စိတ်တွေ ရှုပ်ကုန်တယ်လို့ ထင်တာပဲ"

"ဟေ . . . အဲဒါ မင်း ဘယ်လိုလုပ်သိလဲ ရည်အောင်"



ရည်အောင်က ခေါင်းခါသည်။

"သိလို့ မဟုတ်ဘူးကွ၊ ထင်လို့ ထင်တာပဲ ပြောတာပါ၊ တို့အရွယ် တို့အသက်နဲ့ တို့စိတ်ဆိုတာ ဘာရှုပ်စရာရှိလဲ သူငယ်ချင်း၊ သူ့အတိုင်းနေရင် ရှင်းရှင်းလေးပဲ ဖြစ်ရမှာပေါ့၊ မင်းတို့ ငါတို့မှာ တခြားစိတ်ညစ်စရာ မိသားစုအရေးအခင်းတွေ၊ စီးပွားရေး အရေးအခင်းတွေလည်း ရှိတာမဟုတ်ဘူး၊ ဘာပြဿနာမှမရှိဘဲ သူ့ဟာသူ ရှင်းနေရမယ့်စိတ်ကို ကိုယ့်ဟာကိုယ် သွားရှုပ်မိလို့သာ စိတ်ရှုပ်စရာတွေဖြစ်မှာကိုး၊ ဒါကြောင့် ဒီလောက် စိတ်ရှုပ်လာရင် အချစ်ကိစ္စကြောင့်ပဲဖြစ်မယ်လို့ တွက်လို့ရတာပေါ့"

"ဒါဖြင့် မင်းရော"

ဒီတစ်ခါလည်း ရအောင် ရယ်သည်။

"ဒီမေးခွန်း မေးပြန်ပြီလား မောင်မောင်ဦး၊ ရောက်ကတည်းက မင်းကလည်း ဒီမေးခွန်းပဲ မေးတယ်၊ ငါကလည်း ဒီအဖြေပဲ ပြန်ဖြေရတာ ဘယ်နှစ်ခါရှိပြီလဲ၊ ခုလည်း ဒီအဖြေပဲ ပေးရမှာပဲ မောင်မောင်ဦး၊ ငါလည်း မင်းလိုပဲပေါ့ကွာ"

ကျွန်တော် ခုမှပို၍ အံ့အားသင့်စွာဖြင့် သူ့ကို လှမ်းကြည့်သည်။

သူ့မျက်နှာက ပြုံးလျက်ရှိသည်။

သို့သော် သူ့မျက်လုံးများက ရီဝေမှိုင်းညို့လျက်ရှိကြောင်းကိုလည်း ထပ်မံ၍ အံ့ဩစရာတွေအဖြစ် တွေ့ရှိလိုက်ရ၏။

"ဖြစ်တာကတော့ အဲဒါပဲ ရည်အောင်၊ ငါ့ဘာသာငါ အစကတည်းက မောင်လိုနှမလိုနေခဲ့ရင် ဘာမှဖြစ်မှာ မဟုတ်ဘူး၊ အဲဒီလိုတွေဖြစ်ပြီးမှ သူ့ကို ငါ အရမ်းဆိုးရွားတဲ့စိတ်မျိုးနဲ့ သွားတပ်မက်မိတယ်၊ မင်း သိတဲ့အတိုင်းပဲ၊ ဒီစိတ်မျိုးဆိုတာက ဝင်မိရင် ရုတ်တရက် ပြန်ဖျောက်ဖို့ လွယ်တာ မဟုတ်ဘူး၊ ခုတော့ ငါ့မှာ အဲဒီ ခဏတစ်ဖြုတ်ဝင်ရှုပ်လိုက်တဲ့ စိတ်တစ်မျိုးကို တဖြည်းဖြည်း ပြန်ဖျောက်ဖို့ အလုပ်တစ်ခုပိုလာတာပေါ့ကွာ"

ဒီအကြောင်းများ ပြောပါဟု ရည်အောင်က စ၍ ကျွန်တော့်ကို တိုက်တွန်းခဲ့ခြင်းမဟုတ်။ ထိုအချိန်မျိုးမှာ ရင်ဖွင့်စရာ လူတစ်ယောက်ရှိခြင်းက အတော်အဆင်ပြေသည့်ကိစ္စဖြစ်ရာ သူ့ဘက်ကလည်း ပွင့်ပွင့်လင်းလင်းတွေ ပြောနေရသည့် ရည်အောင့်ကိုကြည့်ပြီး ကျွန်တော့်ဘက်က စတင်၍ ရင်ဖွင့်စကားပြောလိုက်ခြင်းသာဖြစ်သည်။

ရည်အောင်ကလည်း ကျွန်တော့်ကို နားလည်စွာ ကြည့်သည်။

"ဖြစ်ရမှာပေါ့ကွာ၊ နောက်ဆုံးတော့ ဒီလိုပဲဖြစ်ရမှာပေါ့၊ ဒါပေမဲ့ ကောင်းပါတယ်၊ ခုချိန်မှာ ဒီလို စောစောစီးစီး စိတ်ရှင်းဖို့ကြိုးစားတာ မင်း သိပ်ကံကောင်းတာပေါ့ မောင်မောင်ဦး၊ ဒီစိတ်မျိုးက ဝင်မိရင် ပြန်ထွက်ဖို့ထက် ဆက်ကြီးထွားဖို့ပဲ အားသန်တတ်တာ၊ ခုချက်ချင်း မင်းပြန်ထုတ်ချင်စိတ်ပေါ်တာ ကံလည်းကောင်းတယ်၊ မင်းလည်း တော်တယ်လို့ ပြောရမယ်"



"မင်းရော အဲဒါမျိုးဖြစ်ခဲ့ဖူးလို့လား ရည်အောင်"

"ဟင်း . . . ထပ်တူထပ်မျှတော့ မဟုတ်ဘူးပေါ့ကွာ၊ ဒါပေမဲ့ မတိမ်းမယိမ်းပါပဲ၊ ဆရာ တက္ကသိုလ်ဘုန်းနိုင်ရဲ့ ကမ္ဘာကုန် ကျယ်သရွေ့ဝယ် ဝတ္ထုထဲက သက်ခိုင်နဲ့ မမနွယ်တို့ရဲ့စကားနဲ့ပြောရရင် ငါလည်း မင်းလိုပဲ မစားကောင်းတဲ့အသီးကို မစားဖြစ်အောင် အားထုတ်နေရတယ် ဆိုပါတော့"

"ဘာလဲ ရည်အောင်၊ မစားကောင်းတဲ့အသီးဆိုတာ"

"မင်း ခရစ်ယာန်သမ္မာကျမ်းစာ မဖတ်ဖူးဘူးထင်တယ် မောင်မောင်ဦး၊ ကြုံရင် ဖတ်ကြည့်ပါလား၊ ကမ္ဘာဦးအစမှာ ဘုရားသခင်က ပထမဆုံးလူယောက်ျားနဲ့ ပထမဆုံးလူမိန်းမဖြစ်တဲ့ အာဒံနဲ့ဧဝကို ဖန်ဆင်းတယ်၊ အဲဒီအချိန်က ကမ္ဘာပေါ်မှာ အချစ်တို့၊ တဏှာရာဂတို့ဆိုတာ မပေါ်သေးဘူး၊ ဒီတော့ အာဒံနဲ့ ဧဝဟာ အေဒင်ဥယျာဉ်ထဲမှာ ဘာစိတ်ရှုပ်စရာမှမရှိဘဲ အေးအေးချမ်းချမ်းနေရတယ်၊ အစားအတွက် မပူရဘူး၊ အဝတ်အတွက် မပူရဘူး၊ အနေအတွက်လည်း မပူရဘူး၊ အရာအားလုံးဟာ စားစရာချည်းဖြစ်နေသလို ရာဂကိစ္စလည်း မရှိတဲ့အတွက် အဝတ်ဆိုတာ ဝတ်စရာကို မလိုတာ၊ နေစရာလည်း အေဒင်ဥယျာဉ်အနှံ့ ကြိုက်သလိုနေ၊ သူ့မှာ အိုးအိမ်ထူထောင်စရာမှ မလိုဘဲ၊ အိုးလည်း မလိုဘူး၊ အိမ်လည်း မလိုဘူးပေါ့ . . .

"ဘုရားသခင်က လူသား အာဒံနဲ့ သူ့သမီး ဧဝကို အလွန်ချစ်မြတ်နိုးတော်မူတယ် သူငယ်ချင်း၊ သားနဲ့သမီး စိတ်ရှုပ်ထွေး ဒုက္ခရောက်ရမယ့် အဖြစ်ကိုလည်း လိုလားတော်မမူဘူး၊ အဲ့ဒါကြောင့် သူတို့ရဲ့ရှေ့ရေးကို မျှော်ခေါ်တွေးတောပြီး အာဒံနဲ့ဧဝကို အင်မတန်ကျပ်တည်းတဲ့ စည်းကမ်းတစ်ခုထားတယ်၊ အဲဒါက ဥယျာဉ်ရဲ့အလယ်

က သစ်ပင်နားကို မသွားရဘူး၊ အဲဒီအပင်က အသီးကိုလည်း မစားရဘူး၊ အဲ့ဒီအသီးဟာ မစားကောင်းတဲ့ အဆိပ်သီး၊ စားရင် အမှန်ဧကန် သေရမယ်ပေါ့ . . .॥

ဒါပေမဲ့ တစ်ရက်ကျတော့ အာဒံနဲ့ဧဝဟာ အဲဒီသစ်ပင်နားကို ရောက်သွားတယ်၊ အဲဒီအချိန်မှာ ဘုရားသခင် ဖန်ဆင်းထားတဲ့ မြွေက အင်မတန်ပါးနပ်လွန်းနေတဲ့အကောင်ဆိုတော့ အာဒံနဲ့ဧဝကို မြှောက်ပေးတယ်၊ ဘုရားသခင်ဟာ လုံးဝမတရားဘူး၊ ဒီလောက်အရသာရှိပြီး ကောင်းမွန်တဲ့အသီးကို မင်းတို့ လုံးဝမစားဖူးအောင် သက်သက်မဲ့ အဆိပ်သီးလို့ ညာထားတာ၊ စားကြည့် . . . ဘာမှမဖြစ်ဘူး၊ မင်းတို့အတွက် အင်မတန်ထူးခြားတဲ့ အရသာတွေလည်းရမယ်၊ ဘာညာနဲ့ ပြောတယ်တဲ့ကွာ . . .॥

အဲဒီမှာ လူယောက်ျားနဲ့ လူမိန်းမလည်း မြွေရဲ့စကားကို နားထောင်ပြီး အဲဒီမစားကောင်းတဲ့အသီးကို ခူးစားလိုက်ကြတယ် . . .॥

စားပြီးပြီးချင်းပဲ သူတို့ဟာ သူတို့ရဲ့ အဝတ်မဲ့တဲ့ ခန္ဓာကိုယ်တွေအတွက် ရှက်ကြောက်ကုန်ကြတယ်၊ ပြီးတော့ တစ်ယောက်ကို တစ်ယောက် တပ်မက်တဲ့တဏှာရာဂစိတ်တွေလည်း ပေါ်လာတယ် . . .॥

ဘုရားသခင် ညနေဘက် နေအေးချိန် ဧဒင်ဥယျာဉ်ကို လာတော့ အာဒံနဲ့ဧဝဟာ ခါတိုင်းလို လွတ်လွတ်လပ်လပ် ပျော်ရွှင်ဆော့ကစားမနေတော့ဘူး၊ သူတို့ရဲ့ခန္ဓာကိုယ်ကို သင်္ဘောသဖန်းပင်အရွက်တွေနဲ့ ကာပြီး ဘုရားသခင် မမြင့်အောင်လည်း ပုန်းလျှိုးကွယ်နေကြတယ် . . .

အဲဒီမှာ ဘုရားသခင်က အကြောင်းစုံ ရိပ်မိပြီး အင်မတန်



လည်း ယူကျုံးမရ ဖြစ်သွားတယ်၊ ပြီးတော့ သူ့ပညတ်ချက်ကို ဖောက်ဖျက်တဲ့ အာဒံနဲ့ဧဝကို ဒဏ်ခတ်တော်မူတယ်၊ သူ မစားခိုင်းတဲ့အသီးကို စားတဲ့အတွက် တဏှာဆန္ဒတွေပေါ်ခဲ့ပြီဖြစ်တဲ့ အာဒံနဲ့ဧဝဟာ အင်မတန်စိတ်ရှုပ်ထွေးစရာကောင်းတဲ့ အိမ်ထောင်သားမွေးဒုက္ခတွေ၊ စားဝတ်နေရေးဒုက္ခတွေ ခံကြရမယ်၊ အဆုံးမသတ်နိုင်တဲ့ အပူသောကတွေနဲ့လည်း ရင်ဆိုင်ရမယ်ပေါ့ကွာ . . .॥

ပြီးတော့ လိုတရနေတဲ့ ဧဒင်ဥယျာဉ်ထဲကလည်း သူတို့နှစ်ယောက် နှင်ထုတ်လိုက်တယ်၊ ကိုယ့်အိမ်ကိုယ်တည်၊ ကိုယ့်အဝတ်ကိုယ်ဝတ်၊ ကိုယ့်အစာကိုယ်ရှာစားဆိုတဲ့ အဓိပ္ပာယ်ပေါ့။

အချို့ကလည်း အာဒံနဲ့ဧဝ နှစ်ယောက် မစားကောင်းတဲ့ အသီးကို စ,စားတဲ့နေ့ဟာ ကမ္ဘာပေါ်မှာ အချစ်ဆိုတာ ပေါ်တဲ့နေ့လို့ ဆိုကြတယ်၊ သူတို့ပြောလည်း မဖြစ်နိုင်စရာ မရှိပါဘူး မောင်မောင်ဦးရာ၊ လူတစ်ဦးစီမှာတောင် အချစ်ဆိုတာ စ,ပေါ်တာနဲ့ ဘယ်လောက်သာယာအေးချမ်းတဲ့ဘဝမှာရှိတဲ့လူဖြစ်ဖြစ် အပူသောက တစ်ခုခု ဝင်လာပြီး ဘုရားသခင်ရဲ့ ဒဏ်ခတ်တာ ခံရတာပဲ မဟုတ်လား"

သူ့စကားကို နားထောင်ရင်း ကျွန်တော် သက်ပြင်းချသည်။

"ဒါဖြင့် မင်းပြောသလိုဆို အချစ်ဆိုတာဒုက္ခဖြစ်အောင် လုပ်တတ်တဲ့အရာတစ်ခုပဲပေါ့ . . . ဟုတ်လား ရည်အောင်"

ရည်အောင် ရယ်သည်။

"အင်း . . . အဲဒီနေရာမှာ အချစ်ဆိုတာကလည်း ဘာလဲဆိုတဲ့ မေးခွန်းတစ်ခု ထပ်မေးဖို့ လိုလိမ့်မယ် မောင်မောင်ဦး၊ ခရစ်ယာန်အယူဝါဒက ဘုရားသခင်လည်း တို့ဗုဒ္ဓဘာသာအယူဝါဒက မြတ်စွာဘုရားလိုပဲ ချစ်ခြင်းနဲ့မေတ္တာတရားကို ကောင်းခြင်းတရားတွေအနေနဲ့

အထူးပြုပြောခဲ့တဲ့ ပုဂ္ဂိုလ်တွေပဲ။

လူသတ္တဝါကို ဖန်ဆင်းတာတောင်မှ ယောကျ်ားချည်းသက်သက်၊ မိန်းမချည်းသက်သက်၊ တစ်မျိုးတည်းမှ ဖန်ဆင်းမပေးခဲ့တာ၊ ဦးဆုံးဖန်ဆင်းခဲ့တဲ့ ယောကျ်ားအာဒံကို သူ ချစ်ခင်မြတ်နိုးဖို့ အဖော် အဖြစ်ရှိပါစေလို့ တွေးပြီး လူမိန်းမဧဝကို ထပ်ဖန်ဆင်းပေးခဲ့တာပဲ။

သူတားတဲ့အသီးကို မစားခင်က အာဒံနဲ့ဧဝလည်း တစ်ယောက်နဲ့တစ်ယောက် ဘာသာသီးခြားနေနေကြတာမှ မဟုတ်တာ၊ တစ်လောကလုံးမှာ ဒီနှစ်ယောက်တည်းရှိပြီး အဖော်အနေနဲ့ အမြဲ အတူတူနေ ပျော်ပျော်ရွှင်ရွှင်ရှိနေခဲ့တာပဲ၊ သူတို့ချင်းမှာ အချစ်မရှိဘူးလို့ ဘယ်လိုလုပ်ပြောလို့ရမလဲ။

ဒါပေမဲ့ မစားကောင်းတဲ့အသီး စားပြီးမှ ဖြစ်လာတဲ့ကိစ္စတွေက ခန္ဓာကိုယ်နဲ့ သွေးနဲ့သားနဲ့ စပ်ဆိုင်တဲ့ ပူလောင်တဲ့ဆန္ဒတွေပဲ၊ အဲဒါဟာ တို့ အခုခေတ်စကားနဲ့ပြောရင် လိင်ကိစ္စ ပါဠိလိုဆိုရင်တော့ တဏှာရာဂကိစ္စတွေ မဟုတ်လား။

ကမ္ဘာဦးတုန်းကတော့ အချစ်ဆိုတာနဲ့ လိင်ကိစ္စဟာ သတ်သတ်စီရှိနေကြတယ်လို့ ငါတော့ထင်တယ်။

အခု တို့လက်ထက်ကျတော့ ဘုရားသခင်နဲ့ ဒဏ်ခတ်ပြီး သား အာဒံနဲ့ဧဝရဲ့ သားစဉ်မြေးဆက်တွေကျတော့ ဒီနှစ်ခုကို ပြန်ခွဲရ ကောင်းမှန်း သိပ်မသိတော့ဘဲ ရောရောပြီး အချစ်လို့ ခေါ်ပစ်လိုက် တယ်လို့ အောက်မေ့တယ်။

တို့ဗုဒ္ဓဘာသာတရားအလိုအရဆိုရင်လည်း ခု တို့ပြောနေတဲ့ အချစ်ဟာ တဏှာပေမသက်သက် မဟုတ်ဘူးဆိုရင်တောင် ဂေဟာသိ တပေမလို့ ခေါ်တဲ့ တဏှာပေမနဲ့ ဆက်နွယ်နီးစပ်တဲ့ မမြင့်မြတ်တဲ့



မေတ္တာလို့ပဲ ပြောရမှာပဲ။

ဘာပြုလို့လဲဆိုတော့ တိပိဋကဓရဆရာတော်ကြီး အရှင် ဦး ဝိစိတ္တသာရာဘိဝံသ ရေးသားခဲ့တဲ့ မဟာဗုဒ္ဓဝင်ပထမတွဲ၊ ပထမအုပ်ရဲ့ အနုဒီပနီ ပါရမီတော်ခန်းမှာ ဘာရေးထားခဲ့သလဲဆိုတော့ . . .

မေတ္တာဟူသော ပါဠိကို ရှေးဆရာတို့က ချစ်ခြင်း ဟူတဲ့ အနက် မြန်မာပြန်ဆိုတော်မူခဲ့ကြ၏။ ပေမ ဟူသော ပါဠိစကားကိုလည်း ရှေးဆရာများက ချစ်ခြင်း ဟုပင် အနက်မြန်မာ ပြန်ဆိုတော်မူခဲ့ကြသည်။ မေတ္တာ သဒ္ဒါ ဟောအပ်သည့်ချစ်ခြင်းကား ဝိသေသဖြစ်၍ ပေမ သဒ္ဒါ ဟောအပ်သည့်ချစ်ခြင်းကား သာမညဖြစ်မည်။ ထို့ကြောင့် ပေမအရ ချစ်ခြင်းကို . . .

(၁) တဏှာပေမ
(၂) ဂေဟာသိတပေမ
(၃) မေတ္တာပေမဟူ၍ သုံးမျိုး ခွဲခြားပြဆိုထားသည်။ ထိုသုံးမျိုးတို့တွင် . . .

(၁) တဏှာပေမဟူသည် မိန်းမနှင့်ယောကျ်ားအချင်းချင်း တဏှာလောဘ၏ အစွမ်းဖြင့် ချစ်ကြိုက်ခြင်းကို ခေါ်ဆိုသည်။
(၂) မိဘနှင့်သားသမီး၊ ညီနှင့်အစ်ကို၊ မောင်နှင့်နှမ စသည်တို့က အချစ်ချင်း ချစ်ခင်တွယ်တာမှုကို ဂေဟာသိတပေမ ခေါ်၏။

အိမ်၌ နေခြင်းကိုမှီ၍ ဖြစ်သော ချစ်ခြင်းဟူလို

တဏှာပေမ၊ ဂေဟာသိတပေမ နှစ်မျိုးစလုံးပင် ကုသိုလ်တရားမဟုတ်ကြ။ တဏှာပေမမှာ တဏှာရာဂ ဖြစ်၍ ဂေဟာသိတပေမမှာ လောဘပင် ဖြစ်သည်။

(၃) သူတစ်ပါး၏ အကျိုးစီးပွားဖြစ်ထွန်းမှုကို လိုလားခြင်းသည် မေတ္တာပေမမည်၏။ ဤမေတ္တာတရားသည် သူတစ်ပါးတို့နှင့် မခွဲမခွာ အမြဲတွဲယှဉ်နေလိုခြင်းသဘော အလျဉ်းမရှိ။ လူအချင်းချင်း စကြဝဠာတစ်ခုစီပင် ဝေးကွာ၍ နေရစေကာမူ ထိုဝေးကွာနေသူမှာ စီးပွားချမ်းသာဖြစ်သည်ဟု သိရလျှင် ကျေနပ်၏။ အတူမနေရသည့်အတွက် ခက်ခဲဝန်လေးခြင်း အလျဉ်းမရှိ။ သို့ဖြစ်၍ မေတ္တာတရားသည် စင်ကြယ်မွန်မြတ်သော သဘောတရားသာ ဖြစ်၍ ဗြဟ္မဝိဟာရဟူသော အမည်ကိုလည်း ရ၏ . . . တဲ့။

အဲဒီအထဲမှာပဲ ဘာထပ်ရေးသလဲဆိုတော့ အမျက်ဒေါသ၏ ငြိမ်းခြင်းသည် မေတ္တာ၏ ပြည့်စုံခြင်းဖြစ်၍ တပ်စွန်းချစ်ခင်သော ရာဂ ဖြစ်ပေါ်ခြင်းသည် မေတ္တာ၏ပျက်စီးခြင်း ဖြစ်သည်တဲ့။

အဲဒီတော့ မင်းလည်းမင်းဟာမင်း ပြန်စဉ်းစားကြည့်ပေါ့ကွာ၊ မင်း ဘာတွေဖြစ်ခဲ့သလဲ၊ ဘယ်လိုပြောင်းလဲခဲ့သလဲ၊ အဲဒီတော့ ဘာတွေ ဆက်ခံစားရလဲ၊ အဲဒီ ခံစားရချက်တွေ ပျောက်အောင် ဘယ်လို လုပ်မလဲဆိုတာပေါ့။

ချက်ချင်း ပျောက်အောင် မလုပ်နိုင်တောင် ငါ့လိုပဲ တစ်နေ့



နည်းနည်း တစ်နေ့နည်းနည်း လာလာဖျောက်ပေါ့၊ ငါလည်း မင်းလိုပဲ မစားကောင်းတဲ့အသီးကို သွားစားမိလို့ ဒုက္ခရောက်ခဲ့တဲ့ . . . လူ တစ်ယောက်ပါပဲကွာ"

ရည်အောင့်စကားအဆုံးမှာ ကျွန်တော် ဘာပြောရမှန်းမသိ ဖြစ်သွားသည်။

သူ့စကားများကို အကုန်အစဉ် အတိအကျတော့ ကျွန်တော် မမှတ်မိလိုက်။ အတိအကျ ပြန်ပြောရန်လည်း မဖြစ်နိုင်။ သို့သော် အားထဲမှာ စကားတစ်ခွန်းကိုတော့ တိတိကျကျ မှတ်မိနေခဲ့၏။

ယင်းစကားမှာကား

'တပ်စွန်းချစ်ခင်သော ရာဂ ဖြစ်ပေါ်လာခြင်းသည် မေတ္တာ၏ ပျက်စီးခြင်းဖြစ်သည် . . . တဲ့"

# အ
# ပိုင်း
# နှစ်

## (ခေတ်လယ်ပိုင်းကာလများ)



တကယ်တမ်းကျတော့ မေတ္တာတရားဆိုတာ တော်ရုံတန်ရုံပါရမီနဲ့ထားနိုင်တဲ့ ကိစ္စမျိုးမဟုတ်ဘူး အိန္ဒိ။

အဲဒါကြောင့် ဆရာတော်ကြီးရဲ့ တရားနဲ့ပြောရင် မေတ္တာပေမအဆင့်ထိရောက်အောင် မထားနိုင်တောင်မှ တဏှာပေမအထိ ကျံ့ဝင်သွားခဲ့တဲ့ ငါ့အချစ်ကို ဂေဟာသိတပေမအဆင့် ပြန်ရောက်အောင် ဆွဲထုတ်ပြီး တတ်အားသ၍ အပြစ်ကင်းအောင်နေဖို့ အားထုတ်ခဲ့တာပါပဲ။

တစ်နည်းအားဖြင့် ပြောရရင် မစားကောင်းတဲ့ အသီးကို ပြန်အန်ထုတ်ပြီး ဘုရားသခင်က အာဒံနဲ့ ဧဝ ဘဝမျိုး ပြန်ရောက်အောင် ကြိုးစားခဲ့တာပါပဲ။

အထိုက်အလျောက်တော့ အောင်မြင်မှုရခဲ့တယ်လို့ ပြောနိုင်ပါတယ်ကွယ်။

ဘာဖြစ်လို့လဲဆိုတော့ အဲသည်နောက်ပိုင်းမှာ တို့ဘဝက အတော်လေး ပြန်အေးချမ်းခဲ့တာပဲ၊ ကိုးတန်းကနေ ဆယ်တန်းရောက်၊ ဆယ်တန်းကနေ တက္ကသိုလ်ရောက်၊ ဒီကာလတစ်လျှောက်လုံးမှာ နောက်ထပ် ဘာပြဿနာမှ မပေါ်လာဘူးလေ။

သူငယ်ချင်းတွေက ထင်ချင်သလို ထင်ကြတာလည်း နောက်ဆုံးကျတော့ ထင်ချင်သလို ထင်တဲ့ကိစ္စနဲ့ပဲ ပြီးကုန်ကြတယ်။ ကြာတော့ ဒါကြီးကို ဘယ်သူမှ အကြောင်းလုပ်ပြီး ပြောမနေတော့ဘူး။ လူဆိုတာ သူများကိစ္စကို စိတ်ဝင်စားတယ်ဆိုပေမယ့် ကာလတစ်ခုအထိ စိတ်ဝင်စားတာမျိုးပါ။ ကြာတော့လည်း ကိုယ့်ကိစ္စတွေပဲ ကိုယ်ပြန်စိတ်ဝင်စားသွားကြတာ မဟုတ်လား။

အဲဒီကာလတုန်းက အကြောင်းလေးတွေ ပြန်တွေးရင် စိတ်ချမ်းသာစရာကောင်းတယ် အိနီ၊ အထူးသဖြင့် ဆယ်တန်းကာလ၊ ဆယ်တန်းအောင်ပြီး တက္ကသိုလ် မတက်ခင်ကာလနဲ့ တက္ကသိုလ် စ,တက်စ အချိန်ပိုင်းကလေးတွေပေ့ါ။

သိပ်ထူးခြားလှတဲ့ အဖြစ်အပျက်ကြီးတွေရှိလို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဟိုကလေးဘဝတုန်းက ဘာမှ မဖြစ်ကြသေးတဲ့ ကာလလေးတွေကို



မှုန်ဝါးဝါး လုပ်ပစ်ဖို့တော့ မကောင်းဘူး။

ဘာဖြစ်လို့လဲဆိုတော့ သမုဒယမကင်းသေးတဲ့ သာမန်ပုထုဇဉ်တွေပဲဖြစ်တဲ့ တို့နှစ်ယောက်မှာ အချစ်ဆိုတဲ့ မီးလေး ရင်ထဲဝင်မလောင်အောင် ရှောင်ထားခဲ့နိုင်ပေမယ့် သံယောဇဉ်ဆိုတဲ့ နွေးထွေးတဲ့ တရားလေးတွေကတော့ အင်မတန်ချစ်ဖို့ကောင်းအောင် တွယ်တာခဲ့ကြတာ မဟုတ်လား။

ပြန်ပြောရင်း လွမ်းစရာ ကောင်းပါတယ် အိနီ။

သံယောဇဉ်ပန်းကမ္ဘာလေးတစ်ခု ဆိုပါတော့။

"ညနေ ညနေဆို နင် ဘယ်ပျောက်နေတာလဲ ကိုဦး"

ကျွန်တော် မှတ်မိသလောက် ထိုစကားကို အိနီမေးသည့် အချိန်သည် ကိုးတန်းစာမေးပွဲများ ဖြေပြီးစ နွေရာသီ ကျောင်းပိတ်ရက်မှာ ဖြစ်၏။

ကိုးတန်းမှာတုန်းက အေးအေးမော်တို့ စလိုက်သည့်ကိစ္စဖြစ်ပြီး နောက်ပိုင်း မကြာခဏဆိုသလို ကျွန်တော် ညနေတိုင်း မြစည်းခုံဘုရားဘက် လျှောက်ဖြစ်သည်။

ဘုရားပေါ်မှာ ရည်အောင်ကလည်း ရှိနေတတ်သည်ဖြစ်ရာ ဝေဒနာတူချင်းလို ဖြစ်နေသည်မို့ စကားပြောလို့ဆိုလို့ကလည်း

ကောင်းသည်။

ရည်အောင့်အဖြစ်က ကျွန်တော်နှင့် ထပ်တူထပ်မျှတော့ မဟုတ်။ သူ သွားချစ်မိနေသည်က သူနှင့်ဆွေနီးမျိုးစပ်တော်သော အစ်မဝမ်းကွဲတစ်ယောက်။ ထိုအစ်မက သူ့ကိုမောင်နှမအရင်း တစ်ယောက်လို ချစ်သည်။ တစ်ဖက်က သူ့အပေါ် ချစ်သည့်အချစ်က အလွန်သန့်ရှင်းပြီး သူ့ဘက်ကအချစ်က တစ်မျိုးဖြစ်နေမှန်းသိ၍ ရည်အောင်တစ်ယောက်လည်း ညနေတိုင်း ဘုရားပေါ်လာ၍ စိတ်ရှုပ်ခြင်း ဖျောက်နေရခြင်း ဖြစ်သည်။

ကျွန်တော်နှင့် များစွာလိုက်ဖက်နေသော အဖော်ကောင်း တစ်ယောက်ဖြစ်၏။ နေ့စဉ်မဟုတ်တောင် သုံးလေးရက်ခြား တစ်ခါတော့ ဘုရားပေါ်မှာ ရည်အောင်နှင့် ဆုံဖြစ်သည်။

ဒီလိုပဲ ညနေတိုင်း ပျောက်နေတတ်သည်မှာ ကြာပြီဖြစ်သော်လည်း ခုမှထူးထူးဆန်းဆန်း လာမေးနေ၍ ကျွန်တော် ... အိနီကို မျက်လုံးပင့်ကြည့်ပြီး ...

"ဘာဖြစ်လို့လဲ အိနီ"

"ဘာမှတော့ မဖြစ်ပါဘူး၊ ဒါပေမဲ့ အရင်က ညနေဘက် အိမ်မှာ အမြဲရှိပြီး ခုနောက်ပိုင်း နင် ပျောက်ပျောက်နေတတ်သလားလို့"

ကျွန်တော်က ရယ်၍ ...

"နေ့တိုင်း မဟုတ်ပါဘူးဟာ တစ်ခါတလေပါ"

"အေးပါ ဟုတ်ပါတယ်၊ ငါသိပါတယ်၊ နှစ်ရက်တစ်ခါ သုံးရက်တစ်ခါလောက် ငါ့ကိုအသိမပေးဘဲ နင်လစ်လစ်ထွက်သွားတာ ကြာပြီမဟုတ်လား၊ ငါမေးမယ်၊ မေးမယ်နဲ့ စိတ်ကူးတာလည်း ကြာလှ



ပြီ၊ ဒါပေမဲ့ နင့်အိမ်က တစ်ခုခုခိုင်းလို့များလားဆိုပြီး မမေးဘဲ ထားခဲ့တာ"

"ဒါဖြင့် အခုမေးတာကျတော့ရော"

"အခုမေးတာက အဲဒီကို သွားသွားနေတာ၊ နင့်အိမ်က ခိုင်းလို့မဟုတ်ဘဲ နင့်ဘာသာနင် ထွက်သွားမှန်းသိလို့ပေါ့၊ နောက်ပြီး နင် ဘယ်သွားတယ်ဆိုတာလည်း ငါသိတယ် ပြောရမလား"

"အင်း ..."

"နင် မြစည်းခုံဘုရားပေါ် သွားသွားထိုင်နေတာ မဟုတ်လား"

"နင့်ကို ဘယ်သူပြောလဲ အိနီ"

"ဘယ်သူပြောရမလဲ၊ ဘုရားရှေ့မှာ ကျော်ကျော်တို့ဆိုင် ရှိတာပဲ၊ ကျော်ကျော်က ငါ့ကို ပြောတာပေါ့၊ နင့်ကိုဦး ညနေညနေ ဘုရားပေါ် လာလာထိုင်ပြီး ဘာလာလုပ်တာလဲ၊ ခဏခဏ ငါတွေ့တယ်တဲ့"

"အဲဒီတော့ နင်က ဘာပြောလိုက်လဲ"

"အိုး ... ငါမှမသိတာ မသိဘူးပဲ ပြောတာပေါ့၊ နင့်ဟာနင် ဘုရားပေါ်မှာ ဘယ်ကကောင်မနဲ့ သွားချိန်းတွေ့နေမှန်းမသိ ဘာမှန်းမသိ"

ကျွန်တော် ရယ်လိုက်ပြန်ရင်း ...

"မဟုတ်ပါဘူး အိနီရာ ဘုရားပေါ်မှာ ရည်အောင်လည်း ရှိရှိနေတတ်လို့ သူနဲ့ငါ သွားစကားပြောတာပါ၊ နောက်ပြီး အဲဒီပေါ်မှာ ထိုင်လို့လည်း ကောင်းလို့"

"သွားစမ်းပါ ငါ မယုံပါဘူး၊ ရည်အောင်နဲ့တွေ့လည်း တစ်ခါ

နှစ်ခါပေါ့၊ ဒီလောက်အကြာကြီး ခဏခဏ သွားစရာမလိုဘူး၊ နင် မှန်မှန်ပြောစမ်း ကိုဦး၊ ငါ့ကို မညာနဲ့၊ နင် ဘုရားပေါ်မှာ ဘယ်ကောင်မ နဲ့ သွားချိန်းတွေ့နေလဲ၊ ဒါမှမဟုတ် ဘုရားစောင်းတန်းက ပန်းရောင်း တဲ့ ဘယ်ကောင်မလေးကို သွားပိုးနေလဲ"

"မဟုတ်ရပါဘူးဟာ၊ ငါ တကယ်ပြောတာပါ၊ နင်မယုံရင် ငါနဲ့ တစ်ရက်လိုက်ကြည့် ဘုရားပေါ်မှာ ရည်အောင် နေ့တိုင်းလိုလို ရှိတယ်"

"ရည်အောင် ဘုရားပေါ်မှာ နေ့တိုင်းဘာကိစ္စ ရှိနေရတာလဲ ပြီးတော့ နင်ကရော ဘာကိစ္စနဲ့ သွားသွားတွေ့နေရတာလဲ၊ ကျောင်းမှာ လည်း နေ့တိုင်းတွေ့နေရတာများ အထူးအဆန်းလုပ်ပြီး သွားတွေ့နေ ရတယ်လို့"

"ကိစ္စတော့မရှိပါဘူး ဒီလိုပဲ တောင်ပြောမြောက်ပြော လျှောက်ပြောနေကြတာပါဟာ၊ ငါပြောသားပဲ နင်မယုံရင် ညနေကျ နင်လိုက်ခဲ့၊ ငါနဲ့အတူတူ ထိုင်ကြည့်၊ ဘာပြောလဲ နင် သေချာသိမယ်"

"မလိုက်နိုင်ပါဘူး နင်တို့ဟာနင်တို့ ဘာပြောပြော အဲဒါတွေ လည်း မသိချင်ပါဘူး၊ အခုဟာက ဒီ့ပြင်ကိစ္စရှိလို့ နင့်ကို ငါမေးတာ"

"ဘာကိစ္စရှိလို့လဲ အိနီ"

ကျွန်တော် မေးခွန်းအဆုံးမှာ အိနီခဏငြိမ်နေသည်။ ပြီးမှ ကျွန်တော့်ကို မျက်မှောင်တစ်ချက်ကြုတ်ကြည့်၍ . . .

"ငါ နင့်ကို သေချာမေးမယ် ကိုဦး နင်အမှန်အတိုင်းဖြေ နင့်မှာ တခြားကြိုက်နေတဲ့ ကောင်မလေးတွေ ပိုးနေတဲ့ ကောင်မလေး တွေရှိလား"

"ဟာ မရှိပါဘူးဟာ"



"သေချာပါတယ်နော်"

"သေချာပါတယ်"

"ကတိ"

"အေး . . . ကတိ"

ထူးထူးဆန်းဆန်း ငယ်ငယ်ကလို ကတိတွေဘာတွေလုပ် နိုင်းနေသဖြင့် ကျွန်တော် အံ့တော့အံ့ဩမိသည်။ သို့သော် ဘာဖြစ်၍ ဒါတွေမေးနေမှန်း မသိသောကြောင့် ကျွန်တော် အသာငြိမ်ပြီး အကဲ ခတ်သည်။

အိနီက ဒီတော့မှ နည်းနည်းကျေနပ်သွားပုံရပြီး . . .

"အဲဒီလိုဆို ငါပြောပြမယ်၊ နေ့ခင်းက ငါ့ကို ငါတို့အဖေနဲ့ အမေက မေးတယ်"

"ဘာတဲ့လဲ"

"နင်နဲ့ငါနဲ့ ရည်းစားဖြစ်နေပြီလားတဲ့"

"ဟောဗျာ . . . အဲဒီတော့ နင်က ဘယ်လိုဖြေလိုက်လဲ"

"ဩော် . . . ဖြစ်မှမဖြစ်တာ ငါကညာပြီး ဖြေရမလား"

"နေပါဦး အိနီ၊ သူတို့က ဘာဖြစ်လို့ အဲ့ဒီလို မေးရတာလဲ"

"အဲဒါတော့ ငါလည်း ဘယ်သိမလဲ၊ ဒါပေမဲ့ တစ်ကျောင်းလုံး လိုလိုက နင်နဲ့ငါနဲ့ကို ရည်းစားဖြစ်နေပြီပဲ အောက်မေ့နေကြတဲ့ဟာ၊ သူတို့လည်း အဲဒီလိုပဲထင်ပြီး မေးတာဖြစ်မှာပေါ့၊ အဲဒါက အရေးမကြီး ဘူး၊ အရေးကြီးတာက ဘာလဲသိလား"

"ဟင့်အင်း"

"သူတို့နှစ်ယောက်စလုံးက ငါ့ကို ပြောတယ်၊ အေး . . . အဲဒီ လို ရည်းစားမဖြစ်သေးရင် ဘွဲ့ရတဲ့အထိလည်း ရည်းစားမဖြစ်ကြနဲ့

ဦးတဲ့၊ ဒို့ပြင်ဟာကြောင့် မဟုတ်ဘူး ပညာသင်တာ ထိခိုက်မှာစိုးလို့တဲ့"

"အင်း"

"ပြီးတော့ သူတို့က ဆက်ပြောသေးတယ်၊ သူတို့စိတ်ဆိုးလို့ သဘောမတူလို့ ဒါတွေ ပြောနေတာ မဟုတ်ဘူး၊ ကိုဦးနဲ့ဆို ဘာမှ သဘောမတူစရာမရှိဘူး၊ တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်ရှိရင် ဘွဲ့ရတာနဲ့ ပေးစားပေးမယ်တဲ့၊ ဒီကြားထဲ နှစ်ယောက်စလုံး အလုပ်ပို လုပ်ပြီး ရည်းစားထားတာတွေဘာတွေ လုပ်မနေကြနဲ့တဲ့"

"ဟာ . . . အဲဒီလိုပဲပြောလား အဲဒီတော့ နင်က ဘာပြောလိုက်လဲ"

"ဘာပြောရမလဲ အင်းလို့ပဲ ပြောတာပေါ့"

"အဲဒီတော့"

"အဲဒီတော့ ဒါပဲကိုဦး . . . ပြီးပြီ၊ ငါ့အိမ်က အဲဒီလို ပြောတယ်ဆိုတာ နင်သိအောင် ပြောထားတာ၊ တော်ပြီ ဒီလောက်ပဲ"

ပြောရင်းနဲ့ ချာခနဲလှည့်၍ အိနိလှစ်ခနဲ ထွက်ပြေးသွားသည်။

ကျွန်တော် ထိုနေရာ၌ပင် အူကြောင်ကြောင် ဖြစ်ကျန်ခဲ့၏။

ကျွန်တော့်စကားအဆုံးမှာ ရည်အောင်က ရယ်သည်။

"မင်းကလည်း အူကြောင်ကြောင် နိုင်လိုက်တာ မောင်မောင်



ဦးရာ၊ သူပြောတာ အရှင်းကြီးပဲ၊ ခုချိန်မှာ မင်း သူ့ကိုလည်း ရည်းစား မထားနဲ့၊ ဒို့ပြင်လူလည်း ရည်းစားမထားနဲ့၊ ဘွဲ့ရရင် မင်းတို့နှစ်ယောက် ယူမယ်၊ ဒါပဲပေါ့ကွ"

"သူပြောတာ အဲဒီအဓိပ္ပာယ်မျိုး တကယ်ရလားရည်အောင်"

"ဟ . . . သိပ်ရတာပေါ့ မောင်မောင်ဦးရာ၊ သူ့စကားက ဒီအဓိပ္ပာယ်ကလွဲလို့ ဒို့ပြင်အဓိပ္ပာယ်ကို ကောက်စရာမှမရှိတာ"

"အဲဒီတော့ ခဏနေပါဦး ငါ မရှင်းလို့ မေးပါရစေဦး၊ သူပြောသလိုကတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ ဒီကြားထဲမှာ ငါက သူနဲ့ ဘယ်လို နေသွားရမှာလဲ"

"ဘယ်လိုမှမနေနဲ့လေကွာ၊ ခု မင်းနေသလိုပဲ နေပေါ့၊ ဘုရားသခင် ဒဏ်ခတ်ပြီးသား လူတွေအနေနဲ့ မစားကောင်းတဲ့အသီးကို စားချင်ရင် ဘွဲ့ရပြီးမှစား၊ ဘွဲ့မရခင်တော့ ဧဒင်ဥယျာဉ်ထဲမှာပဲနေ၊ မိဘအရိပ်အောက်မှာ ဘာဒုက္ခမှမရှာဘဲ ပညာကောင်းကောင်းသင်၊ စိတ်မထွေနဲ့လို့ လူကြီးတွေကလည်း ပြောချင်တာဖြစ်မှာပေါ့"

တွေးကြည့်တော့ ထိုကိစ္စလေးက စိတ်ချမ်းသာစရာကောင်းသည်ဟုလည်း ထင်မိသည်။

ကျွန်တော့်အနေနှင့်ဆိုလျှင်လည်း အကောင်းဆုံးအနေအထားဟု ပြောနိုင်၏။ ခုချိန်မှာ အိနိနှင့် ရည်းစားဖြစ်သွားလျှင်လည်း မလွယ်။

ကျွန်တော့်ရင်ထဲမှာက အခံမီးပွားလေးတွေ ရှိသည်။

နှစ်ယောက်သား ရည်းစားတွေဖြစ်ပြီး အထိအတွေ့ အပွန်းအတီးများလျှင် ကျွန်တော့်ရောဂါဟောင်းက ပြန်မထဟု မပြောနိုင်။ ထိုအခါမှာ ဘွဲ့ရဖို့ မပြောနှင့် ဆယ်တန်းပင်အောင်အောင် မဖြေလိုက်

ရဘဲ သားတွဲလွဲသမီးတွဲလွဲဖြစ်သွားနိုင်သည့်ကိစ္စ။

ခုတိုင်ကတော့ ဒီကိစ္စမျိုးတွေဖြစ်လာစရာမရ။

ပြီးတော့ အချိန်တန်လျှင် အိနီကို လက်လွှတ်ဆုံးရှုံးစရာအကြောင်းလည်း မမြင်။ အိနီ တခြားတစ်ပါးသော ယောကျ်ားနှင့်နှီးစပ်သွားမှာလည်းမပူရ။ အဘယ်ကြောင့်ဆိုသော် ဒီအစီအစဉ်ကိုသူက စ၍ တင်ပြလာသောကြောင့်ပင် ဖြစ်သည်။

ဤကဲ့သို့ ကျွန်တော် တွေးခဲ့ပါ၏။

ဒီထက်ပိုသေချာသော ကိစ္စတစ်ခုကလည်း ထိုရက်ပိုင်းအတွင်းမှာပင် ထပ်ဖြစ်လာသည်။

"ကိုဦး ခဏလာဦး"

မနက်ပိုင်း အိပ်ရာထ ရေမိုးချိုး၊ စားစရာရှိတာ စားသောက်၍ ခြံထဲဆင်းမည်အပြု ဧည့်ခန်းမှာ ထိုင်နေသော ဖေဖေက လှမ်းခေါ်သဖြင့် ကျွန်တော် သူ့နားသွားသည်။

"ထိုင်ဦး"

ဖေဖေက သူ့ရှေ့ကုလားထိုင်ကို မေးဖြင့်ညွှန်ရင်း ပြောသည်။ ကျွန်တော် ဝင်ထိုင်လိုက်၏။

"မင်းကို ဖေဖေ တစ်ခုပြောမယ်၊ မင်းနဲ့ ကိုရဲသွေးသမီး အိနီနဲ့က ရည်းစားတွေ ဖြစ်နေကြတာလား"

ကျွန်တော် ခေါင်းခါသည်။

"မဟုတ်ပါဘူး ဖေဖေ၊ ကျွန်တော်တို့ချင်း ရိုးရိုးခင်တာပါ"

"ဒါပေမဲ့ မင်းတို့ကို ရည်းစားဖြစ်နေသလိုလို ဘာလိုလို သူများတွေက ပြောနေကြပါလား"

ကျွန်တော် သက်ပြင်းချ၍ . . .

"ဟုတ်တယ် ဖေဖေ၊ တခြားသူငယ်ချင်းတွေက စ,ရင်း နောက်ရင်းကနေ အဲဒီလို ဖြစ်ကုန်တာ၊ ဒါပေမဲ့ အိနီနဲ့ကျွန်တော်နဲ့က ခုထိ ဘာမှမဖြစ်သေးပါဘူး"

ဖေဖေက မျက်မှောင်ကြုတ်လိုက်သည်။

"နေပါဦးကွ ကိုဦးရ၊ ခုထိ ဘာမှမဖြစ်သေးဘူး ဆိုတော့ ဘယ်တော့ကျမှ ဖြစ်မယ်လို့ စိတ်ကူးထားလို့လဲ"

"ကျွန်တော့်စိတ်ကူး မဟုတ်ဘူး ဖေဖေ၊ အိနီ အဖေနဲ့ အမေ စိတ်ကူး၊ သူတို့က အိနီကို ပြောထားတယ်"

"အေး ဘာပြောလဲ"

ကျွန်တော်က ဟိုတစ်ရက်က အိနီပြောသောစကားများကို ပြန်ပြောလိုက်သည်။ ဖေဖေက ခေါင်းညိတ်နားထောင်ရင်း . . .

"မင်းကတော့ အဲဒီအတိုင်း လက်ခံလား"

ကျွန်တော် ခေါင်းညိတ်ပြသည်။

"ကျွန်တော်ကလည်း အဲဒီလိုပဲ နေမယ်လို့ ဆုံးဖြတ်ထားပါတယ်၊ ဖေဖေတို့ဆန္ဒက ဘယ်လိုရှိလို့လဲ"

ကျွန်တော့်စကားအဆုံးမှာ ဖေဖေက တဟားဟား ရယ်သည်။ ရယ်ရင်းနှင့် . . .

"ဟ . . . ငါတို့က ဘယ်လိုသဘောရှိရမလဲကွ၊ ဒီကိစ္စက မင်းရယ်မှမင်းကောင်မလေးရယ်၊ မင်းယောက္ခမတွေရယ် စီစဉ်ထားတဲ့



ကိစ္စပဲ၊ အားလုံးပြီးမှ ငါ့ကို ဘယ်လိုသဘောရလဲဆိုတော့ ငါက ဘာပြောရမှာလဲ၊ မင်းယောက္ခမနှစ်ယောက်ကလည်း ငါ့ကို ဒီအတိုင်းပဲ လာပြောတာပဲ"

"ဟာ ဖေဖေကလည်း ကျွန်တော့်ယောက္ခမ မဟုတ်သေးပါဘူး"

"အေးလေ ခုမဟုတ်သေးပေမယ့် နောက် ဟုတ်ဖို့ သေချာနေပြီပဲကွ၊ ဘာထူးလဲ၊ ဒါပေမဲ့ ကောင်းပါတယ်ကွ၊ ငါတို့က ဘာလို့ မကြိုက်ရမှာလဲ၊ မင်းတို့ချင်း ခုကြိုက်ပြီး ကိုးရိုးကိုးရားတွေ ထလုပ်ရင် တောင် တို့က စိတ်ပူနေရဦးမှာ၊ ခုတော့ ဒီကိစ္စ စိတ်မပူရတော့ဘူးပေါ့၊ အေးလေ အဲဒါ ကောင်းပါတယ်၊ ဒါပဲ ကိုဦး၊ အဲဒီကိစ္စသေချာအောင် မင်းကို ထပ်မေးတာပါ၊ သွားတော့ သွားတော့"

ကိစ္စက အလိုလို ချောမောပြေလည်သွားပြီမို့ ကျွန်တော် ဖေဖေ့ရှေ့က ထ၍ရပ်သည်။ စောစောက သွားလက်စအတိုင်း ခြံထဲ ဆင်းရန် လှည့်ထွက် ဖေဖေက နောက်ကျောဘက်မှနေ၍ . . .

"အေး . . . ကိုယ့်စကားလည်း တိုယ်တည်အောင် လုပ်ကြဦးနော်၊ တော်ကြာ လူကြီးတွေ သဘောတူပြီးပြီဆိုပြီး ထင်တိုင်း ကျဲမနေကြနဲ့ဦး၊ မင်းကောင်မလေးအဖေနဲ့ အမေကလည်း အဲဒါစိတ်ပူလို့ စောစောစီးစီး ငါတို့နဲ့ လာညှိထားတာ၊ ဒီနှစ်ကုန်ရင် ကိုရဲသွေးတို့က လည်း ဆယ်တန်းဘယ်လိုအောင်အောင် ရန်ကုန်တက္ကသိုလ်တက်ရ အောင် လုပ်ပေးမှာ၊ တော်ကြာ လူချင်းဝေးရမယ်ထင်ပြီး ကိုးရိုးကား ရားတွေ မလျှောက်မလုပ်ကြနဲ့ဦး"

ဖေဖေ့ဆီမှ ထပ်မံသိလိုက်ရသော ကိစ္စတစ်ခုကြောင့် စိတ်ထဲမှာ အုံ့ဩသလိုလို ဖြစ်သွားသည်။ အိနီ၏မိဘများ ဘာကြောင့်

ဒီလောက် ကြိုတင်ပြင်ဆင်မှုတွေ လုပ်နေသည် ဆိုသည်ကိုလည်း
ခုမှ သဘောပေါက်သည်။

ထိုစဉ်က ဤမျှ ချောမောပြေပြစ်နေသော အခြေအနေအနေ
အထားများကိုကြည့်၍ အိနီနှင့်ကျွန်တော့်အကြား ဘာပြဿနာမျှ မရှိ
တော့ဟုလည်း ထင်မြင်မိ၏။

ထင်မြင်ခဲ့မိပါ၏။

"မဟုတ်ပါဘူး မောင်မောင်ဦး၊ မင်း ဒီလို မတွေးသင့်ဘူး
လောကကြီးမှာ မမျှော်လင့်တဲ့ကိစ္စတွေဆိုတာ မထင်မှတ်ဘဲ ဖြစ်ဖြစ်
လာတတ်တယ်၊ ကိုယ့်ကိုယ်ကိုယ် သိပ်တွက်ပြီး လျော့လျော့ရဲရဲတွေ
မလုပ်နဲ့၊ ငါးဆိုတာ ပိုက်ထဲရောက်နေရင် ခပ်ငယ်ငယ်ပဲ အောက်မေ့ရ
တယ်၊ လွတ်သွားမှ ကြီးတတ်တာမျိုး"

ဒီအကြောင်းများ ပြန်စဉ်းစားတိုင်း သူငယ်ချင်းဖြစ်သူ လွန်း
မောင်ပြောခဲ့ဖူးသည့် စကားများကို အမှတ်ရသည်။

သူကတော့ ဘာရယ်မဟုတ်။ ထိုစဉ်က ကျွန်တော်နှင့် အိနီ
တို့၏ အခြေအနေမှန်ကို မသိဘဲ ကျွန်တော် ရွှတ်နောက်နောက် လုပ်
ပြောလိုက်သည့်ကိစ္စအား သူ့ပူပန်သမျှနှင့် သူ ကျွန်တော့်ကို သတိပေး
စကား ပြောလိုက်ခြင်းသာ ဖြစ်၏။

ကျွန်တော်ကလည်း ကိုယ့်ဟာနှင့်ကိုယ် သေချာပြီးသားဟု



တွက်ထားသဖြင့် ဘာမှပင် နှုတ်တုံ့ပြန်မှု မပြုတော့ဘဲ ရယ်၍သာ
နေလိုက်ခဲ့သည်။

အမှန်တကယ်လည်း ထိုအချိန်ကတော့ အိနီနှင့်ကျွန်တော့်
ကြားမှာ သေချာပြီးသားချည်း ဖြစ်နေခဲ့သည်။ လူသိရှင်ကြား စေ့စပ်
ကြောင်းလမ်းတာတို့ဘာတို့ လုပ်မထားသည့်တိုင် လူကြီးချင်းလည်း
ပြောဆိုပြီးကြပြီ။ လူငယ်ချင်းလည်း ပြောပြောဆိုပြီးကြပြီ။

မလိုအပ်ဘဲ အခြေအနေပြောင်းလဲစေတတ်သည့် ရည်းစား
ထားခြင်းကိစ္စသာ မလုပ်ကြသည့်ကိစ္စ။

ဒါလည်း အမှားတစ်ခုဟု ကျွန်တော် မသတ်မှတ်ချင်။

စဉ်းစားကြည့်တော့ သူနှင့်ကျွန်တော့်အကြားမှာ အရာအား
လုံးသည် ပွင့်လင်းစွာ ပြောဆိုခဲ့ပြီးသား အမှန်။

"ငါ့အိမ်နဲ့လည်း ဟိုကိစ္စ ပြောပြီးပြီ အိနီ"

"ဘာကိစ္စလဲ"

ဖေဖေနှင့်ကျွန်တော် ပြောဆိုပြီး နောက်နေ့တွင် အိနီကို
န်တော် ခြံထဲဆင်းရင်းနှင့် အကျိုးအကြောင်း ပြောပြသည်။ အိနီက
ည်လည်နှင့် ပြန်မေးနေသဖြင့် ကျွန်တော် စိတ်နည်းနည်းတိုသွား
. . .

"ဘာကိစ္စရမှာလဲဟ . . . ဘွဲ့ရရင် နင်နဲ့ငါနဲ့ လက်ထပ်ပေး

မယ်ဆိုတဲ့ကိစ္စပေါ့"

"ဩော် . . . အေး . . . ဘယ်သူကပြောလဲ၊ နင့်အဖေက
လား နင့်အမေကလား"

"ဖေဖေက ပြောတာ၊ **နင့်အဖေအမေနဲ့လည်း** ကိစ္စတိုင်ပင်
ပြီးပြီတဲ့၊ တစ်ခုပဲရှိတယ်၊ **နင့်အဖေပြောသလိုပဲ** ဒီကြားထဲမှာ ပညာသင်
ပျက်အောင် ရည်းစားလိုတော့ **မနေကြနဲ့တဲ့**"

"အဲဒီတော့ နင်က **ဘာပြောလိုက်လဲ**"

"ဟ . . . ဘာပြော**ရမလဲ**၊ **နင့်အဖေကို** နင်ပြောသလို ငါ
လည်း ဟုတ်ကဲ့ပဲ ပြောရတာ**ပေါ့**၊ **သူတို့ပြောတာ** တရားပါတယ်ဟာ
အချိန်တန်ရင် ပေးစားမယ်လို့ **ပြောပြီးပြီပဲ**၊ တို့က ဒီတိုင်းနေလည်
ဘာထူးတာမှတ်လို့ ဒီတိုင်းပဲ **နေကြတာပေါ့** မဟုတ်ဘူးလား"

"အင်း . . ."

"ဒါပေမဲ့ **တစ်ခုတော့ရှိတယ်**၊ ငါ့အဖေ ပြောတဲ့အထဲမှာ နင့်
အဖေ ပြောတုန်းက **မပါတဲ့ကိစ္စတစ်ခု** ပါလာတယ်"

"ဘာလဲ ကိုဦး"

"နင်တို့ ဒီနှစ်ကုန်လောက်မှာ ရန်ကုန်ပြောင်းရမယ်လို့ ပြော
တယ်၊ အဲဒါကြောင့် တက္ကသိုလ်တက်ရင် ငါ့ကိုလည်း ရန်ကုန်ရအော
ပြောင်းထားပေးမယ်တဲ့"

"ဩော် . . . အေး . . . ဟုတ်တယ်၊ ဖေဖေလည်း ငါ့
ပြောတော့ ပြောတယ်၊ ဒါပေမဲ့ မသေချာသေးလို့ ငါက ဘာမှမပြေ
သေးတာ၊ ဖေဖေပြောတာတော့ ငါတို့ ဆယ်တန်းဖြေပြီးတဲ့ အချိ
လောက်မှာ ပြောင်းရမယ် ထင်တာပဲတဲ့"

ကျွန်တော်က မျက်မှောင်ကြုတ်၍ စဉ်း ားရင်း အချိန်တွ



ကြည့်သည်။

"အဲဒါဆို တက္ကသိုလ်မဖွင့်မချင်း နင်နဲ့ငါ တွေ့ရဖို့ သိပ်
မလွယ်ဘူး၊ အိနိ ဆယ်တန်းဖြေပြီးတဲ့ အချိန်ကနေ တက္ကသိုလ်တက်
ဖို့ ကြားမှာ အချိန်တော်တော်ကြာအောင် စောင့်ရဦးမှာ"

"လေးငါးလတော့ ရှိမှာပေါ့"

"ဘယ်ကမလဲဟ၊ ရှစ်လလောက်ရှိမယ် ထင်တယ်"

"အဲဒါ ဘာဖြစ်လို့လဲ"

"အဲဒါ အဲဒီလိုကျတော့လည်း တစ်မျိုးကြီးပဲ အိနိရာ၊ နင်နဲ့ငါ
ရည်းစားလိုမနေဘဲနေဆို ငါ နောက်ထပ် လေးငါးနှစ် နေနိုင်တယ်၊
ဒါပေမဲ့ အဲဒီလိုကြီး ရှစ်လလောက် ခွဲနေရမှာတော့ မနေချင်ဘူး"

အိနိက ရယ်သည်။

"ဘာလဲ . . . နင်က နင်နဲ့ငါ့ကို အိမ်တွေက သဘောတူ
လိုက်ကြပြီဆိုတာနဲ့ ငါ့ကို လာချွဲပြန်နေပြီလား ကိုဦး"

"မဟုတ်ပါဘူး အိနိရာ၊ ငါ တကယ်ပြောတာပါ၊ အဲဒီရှစ်လ
လောက်မှာ ငါ ဘယ်လိုနေရမလဲဆိုတာ စဉ်းတောင်မစဉ်းစားရဲဘူး"

"မစဉ်းစားနဲ့ ကိုဦး၊ အဲဒီကိစ္စက အဝေးကြီးလိုသေးတယ်၊
သေလည်းမသေချာသေးဘူး၊ သေချာလို့ ပြောင်းရတော့လည်း တစ်
ယောက်နဲ့တစ်ယောက် စာရေးပြီး ဆက်သွယ်ကြတာပေါ့၊ ဒါမှမဟုတ်
စကားပြောချင်ရင်လည်း တယ်လီဖုန်းတွေ ရှိတာပဲ၊ မခက်ပါဘူး"

ထိုရက်ပိုင်းမှာ မြစည်းခဲ့သို့ ကျွန်တော် မရောက်ဖြစ်။

ကျောင်းနှင့် မလှမ်းမကမ်းမှာ ထောမဲ့ပါဟု အမည်ရှိသော ဆိုင်ကလေးတစ်ဆိုင်ရှိသည်။ လက်ဖက်ရည် ကော်ဖီစသော အပူရည်များ ရသလို အအေးမျိုးစုံလည်း ရသည်။

ဆယ်တန်းနှစ် တစ်နှစ်လုံးမှာ အိနီနှင့် ကျွန်တော် မကြာခဏ သွားထိုင်ဖြစ်၏။

ထောမဲ့ပါက ကျောင်းရှေ့မှ ဖြတ်သွားသော ဘုရင့်နောင် လမ်းပေါ်တွင်ပင် တည်ရှိ၍ ဆိုင်နှင့်မျက်နှာချင်းဆိုင်တွင် စစ်တောင်း မြစ်ကမ်းပါးသို့ ဦးတည်သွားသော ဒေါနလမ်းအမည်ရှိ လမ်းတိုလေး ရှိသည်။ ဆိုင်၏တည်နေရာလေး လှသလို နာမည်ကလည်း အဓိပ္ပာယ် ပါ၍ ထူးဆန်းသည်။

ထောမဲ့ပါသည် ကရင်အမျိုးသားတို့၏ ရာဇဝင်တွင် နာမည် ကြီး စစ်သူကြီးတစ်ဦးဖြစ်၍ သူ့တွင် ထူးဆန်း၍ တန်ခိုးရှိသော ဝက် စွယ်တစ်ခုရှိသည်။ ထိုဝက်စွယ်ကို သွေးလိမ်းလျှင် အမြဲနုပျိုနေသည် ဟု ဆို၏။

ထိုဆိုင်မှ ဆိုင်ရှင်ယောက်ဖ ကာကူးကို ဘာကြောင့် ဒီအမည် ယူရသလဲဟု မေးကြည့်သောအခါ ကာကူးက . . .

"ဒီဆိုင်မှာထိုင်ပြီး ဒီဆိုင်က အစားအသောက်စားလျှင် လူတိုင်း ပြန်လည်ဆန်းသစ်နုပျိုနေအောင် . . ဟု ခပ်ကြွားကြွားလေး ပြောတတ်သည်။

ထိုဆိုင်မှာ အနီးအနားရှိ ကျောင်းတို့ ရုံးတို့မှ အတွဲကလေး တွေ အတွဲကြီးတွေ ထိုင်တတ်သည်။



"လက်ထပ်ပြီးရင် နင် တောင်ငူမှာလိုက်နေမှာလား အိနီ"

"ဟာ အဲဒီကိစ္စက အဝေးကြီးလိုပါသေးတယ် ကိုဦးရာ၊ ဘာတွေ လျှောက်မေးနေတာလဲ"

"မဟုတ်ဘူး အိနီရ၊ အဲဒီအခါကျ တောင်ငူမှာ ပြန်နေဖြစ်ရင် ဒီထောမဲ့ပါကို ခဏခဏ လာမယ်လို့ ပြောမလို့"

"ဘာဖြစ်လို့လဲ"

"ဩော် . . . ကို့လည်း ကာကူးပြောသလို အမြဲတမ်း ပြန် လည်ဆန်းသစ်နုပျိုနေအောင်လို့ပေါ့ဟာ"

အိနီက ရယ်သည်။

"နင် တော်တော်စိတ်ကူးယဉ်တယ် ကိုဦး၊ အဲဒီအခါကျ နင် ရော ငါရော အလုပ်နဲ့အကိုင်နဲ့ဖြစ်ပြီး ဒီပြင်မြို့တွေ ရောက်ချင်ရောက် မှာဟ၊ နင်ပြောသလိုဆို တောင်ငူမှာ မနေရတာနဲ့ အိုမင်းရွတ်တွကုန် ကြရမလိုလိုကြီး"

အိနီ ရယ်သောအခါ ကျွန်တော်လည်း ရယ်သည်။

ထိုအချိန်က ဒေါနလမ်းကို လှမ်းကြည့်ရသည်မှာ စိတ်ချမ်း သာစရာ ကောင်းလှ၏။

လမ်းနှစ်ဘက်တွင် စိန်ပန်းပင်၊ ယူကလစ်ပင်များ အုပ်ဆိုင်း နေပြီး လမ်းအဆုံးဘက်မှာ စစ်တောင်းမြစ်ကမ်းပါးနှင့် တစ်ဖက်ကမ်း မှ ရွာလေးများထိ လှမ်းမြင်နေရသည်။ တို၍ဖြောင့်တန်းသော လမ်း ကလေး။

နင်နဲ့ ငါ့ရဲ့ အချစ်ဇာတ်လမ်းလေးဟာလည်း
သံသရာ ဟိုဘက်ကမ်းကို လှမ်းမြင်နိုင်တဲ့အထိ
ဒေါနလမ်းလေးလို သာသာယာယာဖြောင့်ဖြောင့်

ဖြူဖြူ ရှိနေမယ်လို့ ထင်ခဲ့မိတယ် အိနီ။

"ငါတို့ရန်ကုန်ပြောင်းသွားရင် နင် တောင်ငူမှာ အေးအေးဆေးဆေးနေနော် ကိုဦး၊ ငါမရှိဘူး မမြင်ဘူးဆိုပြီး ထင်ရာတွေလျှောက်လုပ်မနေနဲ့"

ဆယ်တန်းစာမေးပွဲဖြေဖို့ တစ်လလောက်အလိုမှာ အိနီအဖေ ရန်ကုန်ပြောင်းရဖို့ကိစ္စက သေချာသလောက် ဖြစ်သွားသည်၊ ဧပြီလဆန်းလောက်မှာ ပြောင်းရမည်ဟုလည်း တိတိကျကျ သိနေရပြီ။

အိနီက ခါတိုင်းမပြောဖူးသော စကားများ ပြောလာသဖြင့် ကျွန်တော် ရယ်လိုက်ပြီး . . .

"အောင်မာ အိနီရာ . . . နင်ကများ ငါ့ကို မှာရတယ်ရှိသေးတယ်၊ ငါက တစ်သက်လုံးနေခဲ့တဲ့ တောင်ငူမှာ ကျန်နေရစ်ရမယ့်သူပါဟ၊ ခုမှ ထူးပြီး ဘာမှထင်ရာလုပ်နေစရာ မလိုဘူး၊ နင်သာ ရန်ကုန်မှာ နေရာသစ်၊ လူသစ်တွေနဲ့တွေ့ပြီး တစ်မျိုးဖြစ်ချင် ဖြစ်သွားမှာ"

**အိနီက မဲ့၏။**

"**ငါက ဖြစ်စရာအကြောင်းမရှိဘူး ကိုဦး၊ ရန်ကုန်က ဘာပြဿနာမှရှိတဲ့မြို့ မဟုတ်ဘူး၊ နင်တို့ တောင်ငူသာ ကြောက်ရတာ**



ငါ သေချာမမှတ်မိလို့၊ ငါတို့ တောင်ငူကို ပြောင်းစက နင့်အဖေ ပြောခဲ့တဲ့ ကဗျာလေးတစ်ပုဒ်ရှိတယ်၊ တောင်ငူမှာ ဘာဖြစ်မှာစိုးလို့ဆိုလားဟ၊ သူ့မိန်းမက သူ့ယောက်ျားကိုမှာတာ"

ကျွန်တော် ရယ်လိုက်သည်။ ဒါလေးတွေအထိ အိနီ မှတ်မိသေးကြောင်းတွေး၍ ဝမ်းသာသွားပြီး . . .

"ယမ်းဖြမင်းသားကို သူ့မိန်းမကမှာတဲ့ မှာတမ်းကဗျာပါဟာ၊ ငါ အလွတ်ရပါတယ်"

"ဘာတဲ့လဲ . . . ငါ့ကို ရွတ်ပြပြီးတော့ စာရွက်တစ်ရွက်နဲ့လည်း ရေးပေးစမ်းပါ"

"ဘာလုပ်မလို့လဲ"

"ဘာလုပ်လုပ်ပေါ့ဟ နင်ကလည်း အမေးအမြန်းထူလိုက်တာ၊ ပြောမှာသာပြော ရေးမှာသာရေးပေးစမ်း"

"ဟုတ်ကဲ့ ဒေါ်အိနီ၊ အမိန့်တော်အတိုင်းပါပဲ"

ကျွန်တော်က ဖေဖေ့ဆီမှ အကျိုးအကြောင်းမေး၍ မှတ်ထားကျက်ထားသော မှာတမ်းကဗျာလေး ရွတ်ပြရေးပြလိုက်သည်။

*မှာလိုက်တဲ့ကိုယ်တော်*
*မျက်ကွယ်မှာ သက်လှယ်များ*
*ထားလေနဲ့နော်*
*နောက်နောင်ပေါ့ ...ကိုယ်တော်ခက်မဲ့။*
*အကျင့်တော်ကြောင်မှုနဲ့*
*တောင်ငူမှာ အလေလိုက်မည်ကြောင့် ...*
*မှာလိုက်ပါငဲ့ . . .ဟု။*

အိနီက ကျွန်တော်ရေးပြသော ကဗျာလေးကို ဖတ်ရင်း ရယ်သည်။

"အဲဒီအမျိုးသမီး တကယ်တော်တယ်နော်၊ စကားလုံးတွေက အဓိပ္ပာယ်ရှိ လှလည်းလှတယ်၊ နင်တို့တောင်ငူလည်း ဒီကဗျာနဲ့ ဒုက္ခရောက်တာပဲ"

"ဩော် . . . အဲဒီအမျိုးသမီးက စာဆိုလည်း စာဆို၊ သူ့ယောက်ျားကိုလည်း သူက အရမ်းချစ်တာကိုး အိနီရဲ့၊ ဒါပေမဲ့ တစ်ခု တော့ရှိတယ်နော်၊ သူ့မိန်းမက မှာတာသာ ရာဇဝင်ထဲပါတာ၊ ယမ်းပြ မင်းသားတောင်ငူမှာ ဘာဖြစ်သွားတယ်လို့ လုံးဝမပါဘူး၊ တောင်ငူသူ တောင်ငူသားတွေ ကောင်းတာနဲ့ မင်းသား အလေလိုက်ခွင့်တောင် မရဘူး ဖြစ်သွားတယ်နဲ့တူတယ်"

"အေးပေါ့လေ၊ ခုနေ ပြောအားရှိတုန်းတော့ ပြောပေါ့၊ နောက်မှ သတင်းတစ်ခုခု ကြားရင်တော့ နင်အသေပဲ ကိုဦး"

ဘာပြောပြော ဒါလေးတွေလည်း လွမ်းစရာ
လေးတွေပါပဲ အိနီရယ်။

နင်နဲ့ငါ ရည်းစား မဖြစ်ခဲ့ဘူးဆိုတာ ငါ့ဘာသာ
ငါတောင် ယုံဖို့ခက်တယ်။



"သွားမယ်နော် ကိုဦး၊ ငါမှာတာ မမေ့နဲ့၊ စာလည်း မှန်မှန် ရေး"

စာမေးပွဲပြီးပြီး တစ်ပတ်အကြာမှာ အိနီတို့ ရန်ကုန်ပြောင်း ရသည်။

အိမ်ထောင်ပစ္စည်းများနှင့်အတူ သူ့အဖေက သုံးရက်ကြို၍ ကားနှင့်ထွက်သွားပြီး အိနီနှင့်အတူ အမေက နောက်မှ ရထားနှင့်လိုက် သွားခြင်း ဖြစ်သည်။

ထိုရက်ပိုင်းကလေးမှာ အိနီနှင့်သူ့အမေက ကျွန်တော်တို့ အိမ်မှာပဲ ဧည့်သည်လို ခဏတည်းနေသည်။

"အေးပါဟာ၊ ငါမမေ့ပါဘူး"

ကျွန်တော်က တိုတိုပြတ်ပြတ်ပင် ပြောရင်း မျက်မှောင်ကြုတ် ထားသည်။

ကျွန်တော့်စိတ်ထဲမှာ ဘာကြောင့်မှန်းမသိ။ အိနီတို့ ရန်ကုန် ပြောင်းသည့်ကိစ္စအတွက် ဟာဟာလိုက်လိုက်ကြီး ဖြစ်နေသည်။ ကျောင်းဖွင့်လျှင် ရန်ကုန်တက္ကသိုလ်မှာ ပြန်ဆုံရမည်မှန်း သိလျက် စိတ်က မဖြောင့်။

ထိုစဉ် အိနီက သူ့ပခုံးလွယ်အိတ်ထဲမှ စာအိတ်လေး တစ် အိတ် ထုတ်လိုက်ရင်း . . .

"ရော့ ကိုဦး . . . နင့်မွေးနေ့မှာ ငါနဲ့နင် တွေ့ရဦးမှာ မဟုတ် သေးလို့ မွေးနေ့လက်ဆောင် တမင်ကြိုပေးထားခဲ့တာ"

စာအိတ်အနေအထားအရ အထဲမှာ ခါတိုင်း ပေးနေကျ ဒိုင်ယာယီမှတ်တမ်းစာအုပ်ကလေးပဲဖြစ်မည်ဟု သိသည်။ သူ့မွေးနေ့ ကတော့ ရန်ကုန်မှာ ကျောင်းတက်ချိန်ကျမှ ရောက်မည်မို့ ကျွန်တော့်

ဘက်က ဘာမှမစီစဉ်ထား။ ထို့ပြင် ကျွန်တော်ကတော့ သူ့လို တစ်ခုတည်း သတ်သတ်မှတ်မှတ်လည်း ပေးတတ်သူမဟုတ်။ အဆင်ပြေရာပြေရာ မပေးသူ။

ခဏအကြာတွင် ရထားထွက်သည်။

မျက်ရည်ဝဲလျက် လက်ပြသွားသောအိနီ၏ အမူအရာလေးကို ကျွန်တော် ယခုတိုင် မျက်လုံးထဲက မထွက်။

အိမ်ပြန်ရောက်သောအခါ ကျွန်တော့်တစ်ကိုယ်လုံး နွမ်းဖတ်ဖတ်ကြီး ဖြစ်နေသည်။

ကိုယ့်ကိုယ်ပင် သယ်ချင်စိတ်မရှိတော့သဖြင့် အိပ်ရာပေါ်လှဲချပြီး အိနီပေးသွားသော စာအုပ်ကလေးကို ဖွင့်ဖတ်သည်။

မောင်မောင်ဦးဟု ကျွန်တော့်နာမည် ရေးထိုးပေးထားခြင်းထုံးစံလေးကလည်း မပျက်။ နောက်တစ်ခု ထပ်တိုးထားသည်ကိုလည်း တွေ့ရသည်။

တခြားတော့ မဟုတ်။ ယမ်းပြမင်းသား၏ ကြင်ယာတော်မင်းသမီးက သူ့ခင်ပွန်းမင်းသားအား တောင်ငူသို့ မှာတမ်းခြွေလိုက်သည့် ကဗျာလေးပင်ဖြစ်သည်။

*အကျင့်တော်ကြောင်မှုနဲ့.*
*တောင်ငူမှာ အလေလိုက်မည်ကြောင့် ...*
*မှာလိုက်ပါငဲ့ . . .ဟု။*

ကဗျာလက်ရေး နောက်ဆုံးပိုဒ်ကို ကျွန်တော် ပြုံး၍ ဖတ်လိုက်ပြီး ကဗျာအောက်မှ လက်မှတ်ရေးထိုးထားသည့် အိနီ



လက်မှတ်လှလှလေးကို အကြာကြီး စိုက်ကြည့်နေမိသည်။

အိနီသည် ကျွန်တော့်ဇနီးလောင်း ဖြစ်၏။

"တောင်ငူက ပြောင်းလာခဲ့တဲ့ အချိန်အထိ ငါ့ရဲ့သံယောဇဉ်တွေဟာ နင်တစ်ယောက်အပေါ်မှာပဲ ရှိခဲ့ပါတယ် ကိုဦး၊ အဲဒါတော့ ငါ့ရဲ့ အမှန်ဆုံး သစ္စာစကားပါ။ အဲဒီစကားကို နင် ယုံဖို့လည်း လုံးဝသံသယမရှိပါနဲ့" တဲ့။

နင်ပြောတတ်တဲ့ စကား။

ယုံပါတယ် အိနီ။

ဒီဇာတ်လမ်းမှာ တောင်ငူကနေ ရန်ကုန်ပြောင်းတဲ့အချိန်အထိ ငါ မင်းသားဆိုတာ ငါ့ကိုယ်ငါလည်း အကြွင်းမဲ့ယုံပါတယ်၊ ငါကလွဲလို့ မင်းသားဖြစ်စရာ တခြားလူလည်း ရှိမှမရှိဘဲကိုး။

တောင်ငူမှာ နင့်ကိုကြိုက်တဲ့သူတွေက တစ်ပုံကြီးရှိပေမယ့် ငါရှိနေတော့ ဘယ်သူက စင်ပြိုင်မင်းသားလုပ်ဖို့ ဝင်ကြိုးစားကြမှာလဲ။ ဒါကြောင့် အဲဒီအချိန်မှာ ငါ့ဘာသာငါ ဘာဇာတ်ကွက်ကကငါပဲဇာတ်လိုက် ငါပဲ မင်းသားပေါ့။

ဒါတောင် မင်းသားက မဏ္ဍပ်တိုင် တက်ပြ

တယ်ထင်မှာစိုးလို့ ပြောမပြခဲ့တဲ့ ဇာတ်ကွက်တွေ အများကြီး ကျန်သေးတယ်။ စိတ်ရှိတိုင်း ပြောရရင်လည်း ကာလအားဖြင့်ပြောရင် နှစ်ပေါင်း ၆နှစ်နီးပါး၊ လပေါင်း ၇၀ ကျော်၊ ရက်ပေါင်း နှစ်ထောင်ကျော်၊ နာရီပေါင်း လေးသောင်း ရှစ်ထောင်ကျော်၊ တစ်ဝင်းထဲ တစ်ခြံထဲ အတူနေခဲ့ရတဲ့၊ နောက်ကျရင် လက်ထပ်ကြမယ်လို့ စိတ်ကူးထားကြတဲ့ ယောက်ျားလေးတစ်ယောက်နဲ့ မိန်းကလေး တစ်ယောက်ရဲ့ဇာတ်လမ်းဟာ ပြောလို့ ကုန်ပါ့မလား။

ဒါပေမဲ့ တကယ်တန်းကျတော့ အဲဒါတွေဟာ အကုန်လုံး အလကား ဖြစ်သွားရတာပဲ မဟုတ်လား အိနီ။

'ကျေးဇူးလက္ခဏာ၊ မငဲ့ရာဘူး၊ ပညာမဲ့ကြ၊ မိုက်မောဟနှင့် မိန်းမသဘော၊ မြစ်ရေကြော်သို့ စုန်မျောသည်သာ၊ အညာမဆန်၊ များလှလွန်ခဲ့၊ ဉာဏ်လက်နှစ်ချောင်း၊ သိမပြောင်းပဲ၊ ဆိုးကောင်းယုတ်မြတ်၊ မရှုတတ်တည်း . . .

ဆိုတဲ့ မဃဒေဝလင်္ကာထဲက မန်လည်ဆရာတော်ကြီးစကား သွားသတိရတယ်။

မိန်းမတွေရဲ့သဘောဟာ စုန်ရေသာရှိတယ်၊ အဆန် ပြန်မလာတတ်ဘူးတဲ့။

'မိဘမောင်ကြီး၊ ချစ်မငြီးဘဲ၊ ရွှေသီးမည်



လောက်၊ စောင့်ရှောက်အနိုင်၊ နန်းပင်တိုင်နှင့်၊ ရံပြိုင်ခြွေရွေ၊ စံပစေလည်း၊ မပြေထဲနှောင့်၊ ထိန်းမစောင့်တည့်၊ ထို့ကြောင့်မုချ၊ သားမိန်းမအား၊ ကာလမြင့်စွာ၊ မလင့်ရာဘူး၊ ချိန်ခါရောက်ငြား၊ ဆိုင်လင့်ထားက၊ မောင်ဘွားမိဘ အရှက်ရ၏ . . တဲ့။

'သေနုသုစစ်၊ ဆယ့်ခြောက်နှစ်သို့၊ ရောက်လစ်တုံငြား၊ မိန်းမများကား၊ ယောက်ျားအလို၊ ကမ်းနှယ်ပြို၏၊ စီးကျယ်ဖိတ်၊ လော်လည်စိတ်လည်း၊ မပိတ်ဆို့သာ၊ လှိုက်လှိုက်ဆာ၍၊ မမွတာအမျိုး၊ တက်ရေတိုးသို့၊ ဖြိုးဖြိုးဝေလျက်၊ ရမ္မက်သွေးကြွ၊ လျှမ်းလျှမ်းထ၏ . . . တဲ့။

အဲ့လောက်ကြီးတော့ နင့်အပေါ် ငါ ပက်ပက်စက်စက် မပြောရက်ပါဘူး အိနီရယ်၊ ဒါပေမဲ့ ပြန်တွေးကြည့်ရင် နင့်ကို ငါ အရမ်းဒေါသထွက်မိတာတွေ အများကြီးရှိတယ်။

ငါဆိုတဲ့ကောင်က မိန်းမမုန်း ဝါဒသမား မဟုတ်ဘူး၊ ဒါပေမဲ့ ဒီအကြောင်းတွေးရင် ငါ့သူငယ်ချင်းတစ်ယောက် ပြောဖူးတဲ့ စကားတစ်ခု သွားသတိရတယ်။

အဲဒါက ဘာလဲဆိုတော့ စန္ဒကိန္နရီဇာတ်မှာ ကိန္နရီမကို လိုချင်တော့ ဗြဟ္မဒတ်မင်းလား ဘာလားမသိဘူး၊ မင်းကြီးက ကိန္နရီဖိုကို မြားနဲ့ပစ်တယ်၊ ပြီးတော့ ကိန္နရီမကိုလက်ဆွဲပြီး မိဖုရား

မြှောက်မယ် ပြောတာပေါ့၊ အဲဒီအခါ ကိန္နရီမက လက်မခံဘူး၊ သူ့ချစ်လင်ကလွဲရင် ဖွဲနဲ့ဆန်ကွဲပဲ ထင်တယ်၊ ဘာဘာညာညာ ပြောတယ်၊ နင်လည်း ကြားဖူးမှာပါ၊ ရှေးက အဆိုတော်ကြီးတစ်ယောက် ဆိုခဲ့တာ။

စန္ဒကိန္နရီသီချင်းလေး။

'ရက်စက်စွာပြောသော်လည်း ချစ်လင်ကလွဲ ဖွဲနဲ့ဆန်ကွဲထင်တာ၊ အတင်းငြင်း မချစ်နိုင်ပါ . . . သေပေမယ့်လည်း မခွဲခွာဘူး မယ့်ချစ်ဦးသာ' ဆိုတဲ့ အပိုဒ်။

အဲဒီအပိုဒ်ကြားရင် ငါ့သူငယ်ချင်းက ရယ်တယ်။ ပြီးတော့ ဘာပြောတယ် မှတ်လဲ။

"အလကားပါကွာ . . . ဗြဟ္မဒတ်မင်းကြီးက အကြောင်းမသိလို့ အပြောစောသွားလို့ပါ၊ ကိန္နရီ ဆိုတာလည်း မိန်းမပါပဲ၊ ရက်လည်အောင် စောင့်ပြီးမှ ပြောရင် ဘာလို့မရဘဲနေပါ့မလဲ' တဲ့။

ပြီးတော့ အဲဒီသူငယ်ချင်းပြောတဲ့ စကားတစ်ခု ရှိသေးတယ်၊ ဘလ္လာတိယဇာတ်မှာ ကိန္နရီ ကိန္နရာ တစ်ညတာကွဲတာနဲ့ နှစ်ပေါင်း ၇၀၀ ငိုလို့ မဆုံးဘူးဆိုတဲ့ကိစ္စ။

သူငယ်ချင်းက ရယ်တယ် အိနီ။

'တစ်ညတည်း ကွဲတာဆိုတော့ ဟုတ်လောက်ပါတယ်၊ တစ်နှစ်လောက်သာ ကွဲသွားကြည့်ပါ



လား၊ ပြန်ဆုံရင် နောက်တစ်ယောက်နဲ့ ရတဲ့ ကလေးက တစ်လတောင် ကျော်နေလိမ့်မယ်'တဲ့။

သူကတော့ သူ့ခံစားချက်နဲ့ သူပြောတာဆိုတော့ ဘုရားဟောဇာတ်တွေကို ဒီလိုပြောတဲ့ အတွက် ငရဲကြီးမှာလည်း စိုးပုံမရပါဘူး။

သူ့လောကလည်း ငါမဆိုးပါဘူး အိနီ။

ဒါပေမဲ့ နင်နဲ့ငါ ကွဲသွားတာ သူပြောသလို တစ်နှစ်တောင် မပြည့်ပါဘူး။ မသကာ ရှိလှမှ ခုနစ်လ ရှစ်လပေါ့။

အေး . . . နင်ကလည်း ကလေးတစ်လတော့ ကျော်မနေဘူးပေါ့။

ပြန်ဆုံတဲ့အချိန်မှာ ငါ ရင်ကျိုးစရာတွေပဲ ဆက်လက်ဖြစ်လာခဲ့တယ်။

အိနီ . . . နင် တကယ်မကောင်းဘူး။

ကျွန်တော် အံ့ဩမိသည်မှာ ဤမျှညွတ်တိမ်းလွယ်မည်ဟု မထင်ထားသော အိနီ၏ နှလုံးသားကို ဖြစ်၏။

အကြောင်းဖြစ်ရပ်များကို ကျွန်တော် မသိ၍ မဟုတ်။ ဘာလုပ်လုပ် ဖုံးဖုံးဖိဖိ မလုပ်တတ်သော အိနီ၏

သဘောအတိုင်း သူနှင့်ဒီပါတို့၏ ဖြစ်ရပ်စုံ အသေးစိတ်ကို ကျွန်တော့်အား ပြောပြခဲ့သည်။

သူတို့နှစ်ယောက် ဇာတ်လမ်းအစအဆုံး ကျွန်တော်သိခွင့်ရသည်။

သို့သော် ကျွန်တော်ကိုယ်တိုင်ကပင် နှလုံးသားနှင့် ပတ်သက်သော ကိစ္စမှန်သမျှကို ထုံထုံထိုင်းထိုင်းရှိနေသူဖြစ်၍လား၊ သို့တည်းမဟုတ် ကျွန်တော်ခံယူခဲ့သော အချစ်၏ သဘောတရားကပင် ခံစားမှုမဆန်၍လား မပြောတတ်။ ကျွန်တော့်စိတ်ထဲမှာ အိနီ၏ အလုံစည်းရိုးခတ် ပိုင်ရှင်နေရာချထားပေးပြီးသော သံယောဇဉ် ဧရိယာထဲသို့ ဒီပါတစ်ယောက် ကျူးကျော် ဝင်ရောက်လာနိုင်ခြင်းကိစ္စအတွက် အဖြေမထုတ်တတ်။

မင်းသားနေရာကနေ နေရာကျ၍ ဘေးလူဖြစ်သွားသော ဤဇာတ်သည် သူတို့နှစ်ယောက် အဖြစ်အပျက်ကို ဘေးလူနေရာကသာ ကြည့်နိုင်တော့၏။

ဒီပါဆိုသော ထိုစကားသည် ကျွန်းဟူသော အနက်အဓိပ္ပာယ်ရသည်ဟု သိရ၏။

သို့ဆိုလျှင် ရေပတ်လည် ဝိုင်းရံလျက်ရှိသော ကုန်းမြေတစ်ခုဖြစ်သည်။ ဒီပါဆိုသော လူကျွန်းကလေးသည် လူ့လောကသမုဒ္ဒရာအလယ်၌ ထီးတည်းတည်း ရှိနေသည့် အထီးကျန်ကုန်းမြေကလေးတစ်ကုန်းဟု ဆိုနိုင်သည်။



ဒီပါမှာ အမေ မရှိ၊ အဖေလည်း မရှိ။

အမေ မရှိသည်ကတော့ သေဆုံးသွား၍ ဖြစ်သော်လည်း အဖေမရှိခြင်းကျတော့ နောက်အိမ်ထောင်နှင့် အခြေကျနေပြီဖြစ်သော သူ့အဖေက စွန့်ပစ်ထား၍ ဖြစ်သည်။

ဒီပါမှာ အိမ်ခြေရာခြေ အတည်တကျမရှိ။

သို့သော် ဒီပ့ါမှာ နေစရာ ခိုစရာလေး တစ်နေရာတော့ ရှိသည်။ သူ့အစ်မအကြီးဆုံး၏ ယောကျ်ား၊ သူ့ယောက်ဖ ကားဂိုဒေါင်လေး။ ဒါလည်း သူ့အစ်မ၏ စေတနာကြောင့် နေခွင့်ရသည်မဟုတ်။ သူ့အစ်မက သူ့အိမ်ပေါ် အတက်ပင်မခံ။ ယောက်ဖဖြစ်သူ အင်ဂျင်နီယာ အရာရှိကြီးကသာ လူကြီးပီပီ ခွင့်လွှတ်နိုင်သောစိတ်နှင့် ကြည့်မကောင်းလည်း မကောင်းတတ်သဖြင့် သူ့မိန်းမကို ဖျောင်းဖျပြီး ကားဂိုဒေါင်မှာ နေစရာတစ်နေရာ ပေးထားခြင်း ဖြစ်သည်။

ဒီပါသည် မိဘများနှင့် ညီအစ်ကို မောင်နှမများက ခွင့်မလွှတ်နိုင်စရာ အဖြစ်ဆိုးလေးတွေ ရှိသော်လည်း ရုပ်ကလေးကတော့ သနားကမားနှင့် ကြည့်ကောင်းသည်။

အသားဖြူဖြူ၊ နှာတံပေါ်ပေါ်၊ မျက်နှာသွယ်သွယ်နှင့် မိန်းမချောလေး ချောသလို သူကိုယ်တိုင်ခံစားမှုမှ ပွင့်အံထွက်လာသည့် စကားအဆန်းလေးတွေကိုလည်း ပြောတတ်သည်။

နောက်တစ်ခုက ဂီတာ အတီးကောင်းသည်။ သီချင်းလေးတွေ ဆိုလည်းဆို ရေးလည်းရေးတတ်သည်။

ပြီးတော့ ဒီပ့ါယောက်ဖအိမ်သည် အိနီတို့ ပြောင်းရွှေ့နေထိုင်

သည်ဖြစ်သော ရန်ကုန်မှအိမ်၏ မျက်နှာချင်းဆိုင်အိမ်လည်း ဖြစ်၏၊

*♫ ဝန်းမှုန်ရည် နှလုံးသားထဲမှာ စူးနစ်ရောက်ရှိ ××× ဝန်းမှုန်ရည် ဓောင်ရင်ခုမို့ သာတုန်းမှာ အလွမ်းမှုန်ကလေးတွေနဲ့ ဆွတ်ဖျံ့စေခဲ့တဲ့ ဓောင်ဝန်းမှုန်ရည် ××× တောင်ဝင်လယ်ကို ဖြတ်သန်း တောင်ပံချိုးဖြန့်လွှမ်း ဝန်းဝှင့်ဝတ်မှုန်လေးတွေ အလွမ်းပြေဖို့ပေးပါလား ××× ထာဝရတမ်းတသည့် ဓောင့်လွှမ်းချစ်ဝန်းမှုန်ရည် ♫*

သံစဉ်က အကြမ်းပတမ်းကြီး မဟုတ်။ ဖွဲ့ဖွဲ့နုနု သွယ်သွယ် လေးဖြစ်သည်။ စာသားလေးများကလည်း ကဗျာဆန်သည်ဆိုနေသူ ၏ ချိုအေးအေး ကြည်လင်လင် အသံလေးနှင့်ကိုက်၏။

ညဥ့်အတော်နက်ပြီမို့ တိတ်ဆိတ်နေသော ပတ်ဝန်းကျင် တွင် ထိုသီချင်းသံမှအပ အခြားအသံ မရှိ။ သိပ်အကျယ်ကြီး ဟစ် အော်ဆိုနေသည် မဟုတ်ဘဲနှင့် ညဥ့်ယံကို စိုးမိုးထားနိုင်သော အသံ၊

*♫ ဓောင်လွှမ်းနေသည် ချစ်ဝန်းမှုန်ရည် ××× ဓောင်လွှမ်းနေမည် ချစ်ဝန်းမှုန်ရည် ♫*

သီချင်းလေး တဖြည်းဖြည်း တိုးညင်းတိမ်ဝင်၍ ပြီးဆုံးသွား သည်။

ကက်ဆက်တွေတို့ ဘာတို့ထဲမှာ တစ်ခါမှ မကြားဖူးသော



သီချင်းလေးတစ်ပုဒ်ဖြစ်မှန်း အိနီသိလိုက်သည်။ သို့သော် ခုမှ ကြား ဖူးရုံနှင့်ပင် ရင်ထဲမှာ စွဲငြိသွားသည်။

နောက်ထပ် သီချင်းသံကြားရဦးမလား နားစွင့်ထောင်နေမိ သည့်အဖြစ်။

သို့သော ညဥ့်ယံက ပြန်၍ တိတ်ဆိတ်သွားသည်။

ဒီလောက်ထိ ရင်ကို စွဲထင်စေသော သီချင်းလေးကို မည်သူ ဆိုနေသနည်း။ အိနီ မသိ။

အိနီ ထိုအိမ်ကို အပေါ်ထပ်အခန်းသို့ ပြောင်းလာသည်မှာ မကြာသေး။ စုစုပေါင်းမှ သုံးရက်သာ ရှိသေးသည်။

အိပ်ရာပေါ်မှ အသံမကြားအောင် ထ၍ အိမ်ရှေ့မျက်နှာစာ ပြတင်းအထိ ထွက်လာခဲ့သည်။ အပြင်ဘက် လမ်းမီးရောင်ဖြင့် လမ်းမကို ကောင်းစွာမြင်နေရသည်။

အိမ်ရှေ့အိမ်၏ခြံဝအုတ်ခုံလေးမှာ ဂီတာလေးပိုက်၍ ထိုင် နေသော ကောင်လေးတစ်ယောက်ကို အိနီမြင်၏။

"အဲဒါ ကိုဒီပ့်ါအသံ မမရဲ့၊ နားထောင်မကောင်းဘူးလား အရမ်းကောင်းတာပဲနော်၊ ထွေးတို့ဆို ညဘက် ကိုဒီပါသီချင်းဆိုရင် မအိပ်တော့ဘူး၊ သူဆိုတာ ရပ်မှပဲ အိပ်လို့ရတယ်"

ချက်ချင်းကြီး မေးဖြစ်တာတော့ မဟုတ်။ တစ်လလောက

ကြာမှ သူတို့အိမ်အောက်ထပ်က အိမ်ရှင့်သမီး ထွေးထွေးကို မေး
ခြင်း ဖြစ်သည်။

ထိုအချိန်ကျတော့ ထွေးထွေးနှင့် သူလည်း အတော်
ရင်းနှီးနေကြသည်။ ဒီအိမ်မှာလည်း ထွေးထွေးတစ်ယောက် အ
ရှိပေလို့သာ တော်တော့၏။ နို့မို့ ပျင်းတာနှင့် အိနီ သေသွားနိုင်သ

ရန်ကုန်မှာ ငှားနေရသည့်အိမ်က တောင်ငူတုန်းက ကိုဦး
အိမ်မျိုးမဟုတ်။ မြေအပြည့် နှစ်ထပ်ဆောက်ထားသောအိမ်မို့ အိမ်
ကျယ်သလိုလို ရှိသော်လည်း ခြံမရှိ ဝင်းမရှိ။

ခုအရွယ်အထိ ခြံဝင်းထဲမှာ လွတ်လွတ်လပ်လပ် ဆော့က
ရင်း ကြီးလာရသော အိနီအတွက် ထိုအိမ်နေရသည်မှာ အကျဉ်း
ခံရသလို ဖြစ်နေသည်။

ကျောင်းလေးဘာလေး တက်နေရလျှင် တော်သေးသ
ခုတော့ ကျောင်းကလည်း ပြန်တက်ဖို့က အကြာကြီး လိုသေးသ
တက္ကသိုလ်မတက်ရမချင်း အိမ်မှာ နေရဦးမည့် ပိတ်ရက်ရှည်ကြီး

စိတ်ထဲမှာတော့ ကိုဦး၏ခြံရော၊ ကိုဦးကိုရော များစွာ သတိ
နေပါသည်။ ခုတစ်လ ကာလအတွင်းမှာပင် ကိုဦးဆီ စာငါးစော
လောက် ရေးဖြစ်ခဲ့ပြီးပြီ။

ကိုဦးဆီကလည်း စာငါးစောင်လောက် ရပြီးပြီ။

သို့သော် ဒါလောက်နှင့်လည်း ပျင်းခြောက်ခြောက်ဖြစ်
သော စိတ်ကိုမဖြေဖျောက်နိုင်။ သို့အတွက် အားလျှင်ထွေးထွေးနှင့်
စကားမရှိ စကားရှာ ပြောနေရှာသည်။

ထွေးထွေးက ခုကျောင်းပြန်ဖွင့်လျှင် ကိုးတန်းတက်ရမည်
ရှစ်တန်းဖြေထားဆဲ ကျောင်းသူ။



"ဟုတ်တယ် ထွေးထွေး၊ မမလည်း တစ်ခါတစ်ခါ အိပ်မပျော်တဲ့အခါ သူ့သီးချင်းလေးတွေ ကြားနေရလို့၊ ညတိုင်းတော့ မကြားပါဘူး၊ သူက သူများတွေ အိပ်မောကျတဲ့အချိန်လောက်မှ ထထဆိုတာကိုး"

ထွေးထွေးက ရယ်သည်။

"ထဆိုတာ မဟုတ်ဘူး မမရဲ့၊ အဲဒီလူက တစ်ညလုံး အိပ်တာမှ မဟုတ်ဘဲ၊ ညဘက် သီချင်းဆိုလိုက်၊ ဂီတာတီးလိုက်၊ သီချင်းစပ်လိုက်လုပ်နေတာ တစ်ခါတလေလည်း ဘယ်ထွက်သွားမှန်း မသိပါဘူး၊ ညရှစ်နာရီကိုးနာရီဆို ဂီတာဆွဲပြီး ထွက်သွားတာ တွေ့တယ်၊ မနက်မိုးလင်းမှ ပြန်လာတယ်"

"ဟုတ်လား၊ သူက ညဘက် မအိပ်ဘူးလား"

"ထွေးထွေး တွေ့သလောက်တော့ အဲဒီလူ ဘစ်ခါမှ ညမအိပ်ပါဘူး၊ အိပ်လည်း တစ်နာရီ နှစ်နာရီလောက်မှ ဖြစ်မှာပေါ့၊ အဲဒီအချိန်ကျတော့ ထွေးထွေးတို့လည်း အိပ်ပြီ၊ သူ အိပ်မအိပ် ဘယ်သိတော့မလဲ"

"ဒါဖြင့် နေ့ကျတော့ရော"

"နေ့လည်း ဒီလိုပါပဲ၊ လမ်းထိပ်မှာ တစ်ခါတလေ တစ်ယောက်တည်း ထိုင်နေတာလည်း တွေ့တယ်၊ တစ်ခါတလေလည်း အိမ်က နှစ်ရက်သုံးရက် ပျောက်နေတယ်၊ ဘာလုပ်မှန်းလည်း မသိဘူး၊ ဘယ်သူနဲ့မှလည်း သိပ်အပေါင်းအသင်းလုပ်တာ မတွေ့ဘူး၊ တစ်ခါတလေ သူ့ကြည့်ရတာ ကြောင်တောင်တောင်နဲ့ ရူးများ ရူးနေသလားလို့တောင် အောက်မေ့ရတယ်"

"အဲဒါ သူ့အဖေအမေအိမ်ပဲ မဟုတ်လား"

"မဟုတ်ဘူး မမရဲ့၊ အဲဒါ သူ့အစ်မနဲ့ သူ့ယောက်ဖအိမ်၊ အရင်တုန်းကလည်း သူ ဒီမှာ မနေပါဘူး၊ ဒီရောက်တာ တစ်နှစ်နှစ်နှစ်လောက်ပဲ ရှိဦးမယ်"

အိနီက ရယ်၍ . . .

"ထွေးထွေးက တယ်သိပါလား၊ ဘာလဲ ထွေးထွေးက ဒီပါ့သီချင်းတွေတင် ကြိုက်တာမှ ဟုတ်ရဲ့လား"

ထွေးထွေးက ရယ်၍ အိနီကို လှမ်းရိုက်ရင်း . . .

"ဟာ . . . မမကလည်း သူ့သီချင်းလေးတွေပဲ ကြိုက်တာပါ၊ သီချင်းလေးတွေက သူ့ဟာသူ စပ်တာလေးတွေများတော့ တခြားမှာလည်း နားထောင်လို့ မရဘူး၊ ဒီမှာပဲ နားထောင်ရတာ"

"ဩော် . . . သူ့ဟာသူ စပ်တာလား"

'ဟုတ်တယ်၊ ကိုဒီပါက သီချင်းရေးတာလည်း တော်တယ်၊ ထွေးထွေးနဲ့လည်း ခင်ပါတယ်၊ မမသိချင်ရင် ပြောလေ၊ ထွေးထွေး မိတ်ဆက်ပေးမယ်"

"အို . . . မသိချင်ပါဘူး ထွေးထွေးရဲ့၊ မမလည်း သူ့သီချင်းလေးတွေပဲ နားထောင်ချင်တာပါ"

မြားဦးက ကိုယ့်ဘက်လှည့်လာသဖြင့် ကပျာကယာ စကားပိတ်လိုက်ရ၏။

အမှန်တကယ်တော့လည်း အိနီစိတ်ထဲမှာ အဲဒီလောက်ထိ ပတ်သတ်ချင်စိတ် မရှိ။

ပတ်သတ်ချင်စိတ် မရှိသည့်ကြားကပင် တချို့ကိစ္စလေးများကို အိနီ မြင်ရင်းတွေ့ရင်း သတိထားမိနေသည်။

ပထမဆုံး စ,သတိထားမိသည့် ကိစ္စကတော့ ထွေးထွေးနှင့်



ဒီပါတို့၏ ဆက်ဆံရေးကိစ္စ။ ထွေးထွေးနှင့် ဒီပါတို့ နှစ်ဦးကြားမှာ လျှို့ဝှက်ဆက်သွယ်မှုလေးတွေ ရှိသည်ဟု မြင်နေရသည်။

လျှို့ဝှက်ဆိုသောစကားကို သုံးရခြင်းမှာ အမှတ်တမဲ့သုံးခြင်း မဟုတ်။ ထွေးထွေးသည် လူအများအမြင်သာ ထင်သာသော အချိန်များတွင် ဒီပါနှင့် ဘာမှမသက်ဆိုင်သလို ခပ်တည်တည်နေတတ်ပြီး လူလစ်မှ ဒီပါနှင့် လှစ်ခနဲ လှစ်ခနဲ သွားစကားပြောတာမျိုး၊ ပစ္စည်းလေးတွေ အပေးအယူလုပ်တာမျိုး တွေ့ရသောကြောင့်ပင်။ ဒီလိုတွေ့ဆုံခါနီးတိုင်း ထွေးထွေးအမူအရာက ကျီးကန်းတောင်းမှောက် လုပ်လုပ်နေတတ်သည်။

တကူးတက စောင့်ကြည့်နေ၍ ဒါတွေ တွေ့နေရသည် မဟုတ်။ အိနီတို့ နေသည်က အပေါ်ထပ်။ အိနီမှာ ပြင်ပနှင့် ဆက်သွယ်စရာဟူ၍ လမ်းမဘက်ပြတင်းသာ ရှိသည်။ ထိုပြတင်းမှာ မကြာခဏသွားရပ်ရင်း မြင်နေရသည်။

ဒီပါပုံစံကတော့ ခပ်အေးအေးပင်။ ဖျတ်လတ်တက်ကြွသော အမူအရာဟု တစ်ခါမှ မမြင်ရဖူးပဲ အမြဲလေးလံထိုင်းမှိုင်းနွေးကွေးသော လှုပ်ရှားမှုများသာ ပြုနေတတ်သည်။

ဒီပါ့ပုံစံက ထွေးထွေးနှင့်တွေ့တော့လည်း မပြောင်း။ သူ့ခေါင်းပေါ်မှ ဂုတ်ထိ ဆံပင်ရှည် နက်ပျော့ပျော့တို့ကို လက်ဖြင့် သပ်တင်လိုက်၊ တစ်ခါတစ်ရံ လက်ချောင်းများဖြင့် ထိုးခွဲလိုက် လုပ်ခြင်းသာ သူ့ခန္ဓာကိုယ်မှာ လှုပ်ရှားမှုရှိသည်။

သူ့ပုံစံကလည်း ဖျတ်ခနဲလှမ်းမြင်လျှင်ပင် မမှတ်မိစရာ မရှိ။ စုစုပေါင်းမှ ဒါပဲရှိဟန်တူသော တီရှပ်စွပ်ကျယ်တစ်ထည်၊ ရင်ဘတ်မှာ ငြိမ်းချမ်းရေးဟု အဓိပ္ပာယ်ရမည်ဖြစ်သော အင်္ဂလိပ်စာတမ်းတစ်တန်း

ပါသည်။

ထို့နောက် ဂျင်းဂျက်ကက်နွမ်းတစ်ထည်။ အောက်ပိုင်းက ဖြူလျော်နေသော ဘောင်းဘီတစ်ထည် ဝတ်နေလျှင်ဝတ်၊ မဝတ်လျှင် အပြာကွက် ပုဆိုးတစ်ထည်။ ဘယ်တော့ကြည့်ကြည့် ဒါကလွဲ၍ တခြား ဘာအဝတ်မှ ဝတ်သည်လည်း မတွေ့ရ။

အသားဖြူ၍သာ တော်တော့သည်။ အသားမည်းမည်းနှင့် ဆိုလျှင် ဘယ်လိုမှ အဆင်မပြေသော အဝတ်အစားများ။

အိနိမျက်လုံးထဲတွင် သူ့ငြိမ်သက်လေလံမှုကြီးက ထူးဆန်း အံ့ဩစရာဖြစ်နေသည်။ သူ့ဘဝမှာ ဒီလို ချောင်ကုတ်ငြိမ်သက်နေ တတ်သော ယောကျ်ားလေးမျိုးကို တစ်ခါမျှ မတွေ့ဖူးခဲ့။ သူ့ပါးစပ် နှင့် သူ့ဦးနှောက်မှ ထွက်လာသော သံစဉ်လှလှနွဲ့နွဲ့လေးများနှင့် ဘာမှမဆိုင်သော လှုပ်ရှားမှု ပုံပန်းသဏ္ဌာန်။

ထွေးထွေးနှင့်တော့ တခြားစီဖြစ်နေ၏။ ထွေးထွေးက ဒီပါ နှင့်တွေ့လျှင် အမြဲပျာယာခတ်နေသည်။

ဒါလည်း တစ်ရက်မှာ အိနိမနေနိုင်။ ထွေးထွေးကို မေးကြည့် မိ၏။

"ထွေးထွေး"

"ဘာလဲ မမအိနို"



"ထွေးထွေး ဒီပါနဲ့ သွားခိုးခိုးတွေ့နေတာလား"

ထွေးထွေးမျက်နှာလေး ရဲခနဲ ဖြစ်သွားသည်။ ထုံးစံအတိုင်း ပျာပျာသလဲလေး ဖြစ်သွားရင်း . . .

"မမ အဲဒီကိစ္စကို ဘယ်သူမှတော့ မပြောပါနဲ့နော်၊ အရေး အကြီးဆုံးက ထွေးထွေးတို့အိမ်ပဲ၊ အိမ်က ကိုဒီပါနဲ့ စကားပြောတာ တောင် ကြိုက်တာမဟုတ်ဘူး၊ ထွေးထွေးကသာ ကိုဒီပါကြီးကို ခင် လည်းခင် သနားလည်း သနားလို့ သွားသွားတွေ့တာ"

"ဘာလုပ်ဖို့ သွားတွေ့တာလဲ ထွေးထွေး"

"ကိုဒီပါမှာ စားစရာတောင် မရှိဘူး မမ၊ သူ့အစ်မကလည်း သူ့ကို မုန့်ဖိုး ဆေးလိပ်ဖိုးတောင် ပေးတာမဟုတ်ဘူး၊ ထမင်းလည်း မကျွေးဘူး၊ ခု အဲဒီ ကားဂိုဒေါင်ထဲမှာတောင် သူ့ယောက်ဖကထားလို့ နေရတာ၊ သူ့ယောက်ဖကလည်း နေရာပဲ ပေးရဲတယ်၊ ထမင်းလည်း မကျွေးရဲဘူး၊ ပိုက်ဆံလည်း မပေးရဲဘူး"

"အဲဒါနဲ့ ထွေးထွေးက ထမင်းသွားကျွေးတာလား"

"မဟုတ်ဘူး မမ၊ ထွေးထွေး မုန့်ဖိုးထဲက စုလို့ရသလောက် လေးတွေ သူသုံးဖို့ သွားပေးတာပါ"

"ဟင် သူနဲ့ထွေးထွေးက ရည်းစားဖြစ်နေလို့လား"

"မဟုတ်ဘူး မမ၊ အဲလို မဟုတ်ပါဘူး၊ ကိုဒီပါကြီးက အဲလို သဘော မရှိပါဘူး၊ ထွေးထွေးက သူ့ကို စားစရာလေး ပိုက်ဆံလေး ပေးတယ်၊ သူက ထွေးထွေးစာအုပ်ထဲမှာ သူ့သီချင်းလေးတွေ ပြန်ပြန် ရေးပေးတယ်၊ ပြီးတော့ ထွေးထွေးနားထောင်ဖို့ဆိုပြီး သီချင်းလေးတွေ ညညဆိုပြတယ်၊ ဒီလောက်ပါပဲ"

"ဩော်"

အိနိ ဘာမှမပြောတတ်တော့ဘဲ အံ့ဩခြင်းကြီးစွာဖြင့်သာ ထွေးထွေးမျက်နှာကို ကြည့်နေမိသည်။ နမ်းကြည့်လျှင် အမွှေးနံ့ ကောင်းကောင်းမစင်သေးသည့်အရွယ် ကလေးမလေးက သူ့မုန့်ဖိုးထဲ က ပိုက်ဆံစုပြီး **ထိုအရွယ်ရောက်ပြီး** ချောင်ကုပ်ငြိမ်သက်နေသည့် သီချင်းသမား သတ္တဝါကို ထောက်ပံ့နေရသည်တဲ့။ ထိုအထောက်အပံ့ ခံ ယောကျ်ားရင့်မကြီးကလည်း ကလေးပေးသည့် ပိုက်ဆံကိုယူပြီး သီချင်းလေးတွေ **ရေးပြ ဆိုပြ**နေသည်တဲ့။

ပြီးတော့ **ကောင်မလေး**က ပြောသေးသည် ကိုဒီပါကြီးကို သနားလို့တဲ့။

ဘဝ၏**အထူးဆန်း**ဆုံးပြဿနာတစ်ခုကို **အိနိ** မျက်ဝါးထင် ထင်တွေ့မြင်ရသလို **ခံစားရသည်။**

“နေပါဦး ထွေးထွေး အဲဒီကောင်က ဒီအသက်အရွယ်ရှိနေ ပြီ ဘာအလုပ်မှ မလုပ်ဘူး**လား**၊ သူ့ဝမ်းစာ သူ ရှာမစားနိုင်ဘူးလား”

“သူက ပညာတစ်ပိုင်းတစ်စနဲ့ ကျောင်းထွက်လိုက်ရတာ မမ၊ သူ့မိဘတွေကရော သူ့ဆွေမျိုးအသိုက်အဝန်းတွေကရော သူ့ အနုပညာကို နားမလည်ဘဲ ပစ်ထားကြတယ်၊ ခုချိန်လောကကြီးမှာ သူ ထမင်းရှာစားတဲ့ အလုပ်နဲ့လည်း ဘဝကို ဖြုန်းမပစ်ချင်ဘူး၊ သူ့ အနုပညာလောကလေးကို သူ့ဘာသာပဲသူ သီးသန့်ဖန်ဆင်းထားချင် တယ်တဲ့”

“ဟာ . . .”

အိနိ ထိုစကားလုံးများကို နားထောင်ရင်း မျက်စိလည်သွား သည်။ ဒီစကားလုံး ရှုပ်ရှုပ်ထွေးထွေးတွေကို ဒီမိန်းကလေး ဘယ်လို နားလည်နေပါလိမ့်ဟု တွေး၍ . .



“နေပါဦး ထွေးထွေး၊ သူရေးပေးတဲ့သီချင်းတွေဆိုတာ မမ ကြည့်လို့ မရဘူးလား”

“ရပါတယ်မမ၊ သူ့သီချင်းတွေတင် မဟုတ်ပါဘူး၊ ထွေးထွေး နဲ့ ပတ်သက်လို့ရော သူ့ခံစားမှုနဲ့ပတ်သက်လို့ရော အထဲမှာ သူရေး ထားတာတွေ အများကြီးပါပါတယ်၊ မမဖတ်ချင်ရင် ထွေးထွေး ခဏ ပေးပါ့မယ်”

ပြောပြောဆိုဆိုနှင့် ထွေးထွေးက သူ့အိမ်ပေါ် ပြေးတက် သည်။ အိနိက ဒီပါဆိုသောပုဂ္ဂိုလ် စံမြန်းရာကားဂိုဒေါင်ဘက်သို့ မျက်မှောက်ကြုတ်၍ တစ်ချက်လှမ်းကြည့်လိုက်၏။

*သဘာဝတရားဟာ ခါးသီးခက်ထန်တဲ့ ကန္တာရလွင်ပြင်ကို ဖြတ်ရင်း*
*ဆေးလိပ်မီးခိုးတွေ မှိန်သွားကြတယ်လို့ ငါထင်တယ်။*
*ဘုရားရှင်ရဲ့ သဘာဝတရားအမှတ်အသားသံတွေဟာ စကြဝဠာကို*
*ဖြတ်သန်းရင်း ဂီတသံငွေ့တွေကြောင့် မူးမေ့သေဆုံးကုန်ကြပြီ*
*ထင်ပါရဲ့။*
*နာမကျန်းတဲ့ ပန်းပွင့်ကလေးတွေဟာ ဂီတဆောင်ရဲ့ ကမ္ဘာကျော်*
*သဘာဝတရားကို ပို့ဆောင်သကြားလုံးရဲ့ ပလက်ဖောင်းအခွဲမှန်သွားပြီလို့*
*ပျော်ရင်းကြမ်းတမ်းစွာ တွက်ချက်နေကြမှာပေါ့။*
*ငါဟာ အောင်ရဲ့တမန်တော်နတ်မင်း မဟုတ်။*

*မြေမှုန့်မှင် ဖန်ဆင်းလျက် ဘုရားသခင်က နှာခေါင်းမှတစ်ဆင့်*
*အသက်ကို မှုတ်ထုတ်ခြင်းခံရသော လူ ဖြစ်သည်။*
*သို့သော် ငါ့နှလုံးသား၌ ခံစားခြင်းမှ ထုံမွှန်းသော ပန်းသီးနံ့ရှိသည်။*
*အကယ်၍ ငါ့ခေါင်းကြီးကို သက်တန့်မျဉ်းကွေးပေါ်မှာ လှုပ်ခါခွင့်*
*ရပါအုံး၊*
*ကမ္ဘာလောကနှင့် မြင့်မားသောသစ်ပင်တိုင်းသည် ငါ့အား ဦးညွှတ်*
*လေးစားကြကုန်မည်ဖြစ်၏။*

ဘာတွေမှန်းတော့ အိနိလည်း သေချာမသိ။

သို့သော် ဒါမျိုးတွေကို ထွေးထွေးတစ်ယောက် နားမလည်စွာ လေးစားနေပြီဟုတော့ နားလည်မိသည်။

ထွေးထွေးသို့ဟု ရည်ညွှန်းပြီးရေးထားသောစာပိုဒ်ကိုလည်း ကြည့်ပါဦး။

*ကန္တာရချောက်ကမ်းပါး၏ အောက်ခြေမှာ*
*ဝံပုလွေများစွာ သားကောင်ရှာနေဆဲ။*
*စပျစ်နံ့သင်းထုံသော သံလွင်ခက်လေးသယ်*
*သင့်ကို ငါ့အပြုံးနှင့် နှုတ်ဆက်ခွင့်ရခဲ့သည်။*
*အရာအားလုံးထဲတွင် နှလုံးသားအဖြူစင်ဆုံး*
*ညီမပန်းပွင့်လေးတစ်ပွင့်ဟု တင်စားလိုပါ၏။*
*ညီမ ပန်းပွင့်လေး ...*
*မင်းရဲ့ စေတနာတွေဟာ နိုဝင်ဘာနံနက်ခင်း နှင်းပွင့်တွေပါ။*
*မင်းရဲ့အကြင်နာတွေဟာ ငါ့ကို ဖိုးနစ်ငှက် ဖြစ်စေခဲ့တယ်။*



*မင်းဟာ အသန့်ရှင်းဆုံး အထွတ်အထိပ်သစ္စာတရားကို သိမြင်ပြီး*
*ဆိုတာ ငါ သံသယမရှိပါဘူး။*
*မင်းရဲ့နှလုံးအိမ်ကို ဖွဲ့ခြွေဖိရင်ပေးခဲ့တဲ့ ထမင်းဖြူတစ်ခွက်ဟာ*
*တောင်ပံမဲ့ ပျံသန်းနေတဲ့ ငါ့ရင်ထဲက ငန်းရိုင်းတစ်ကောင်ကို*
*တေးဆိုစေတတ်တဲ့ ငှက်ခါးလေးတစ်ကောင်ဖြစ်အောင်*
*ပြောင်းလဲနိုင် တယ်။*
*ငါ လေးနက်စွာ ရှိသေပါတဲ့ ညီမလေး ...*
*ကမ္ဘာအားလုံးက အလှဆုံးတေးသံတွေ*
*မင်းနှလုံးသားမှာ ထာဝရ ကိန်းဝပ်မွေ့လျော်ပါစေကွယ် ...။*

ဟင်း ... ခနဲသက်ပြင်းချ၍ စာအုပ်ကို ပိတ်ထားလိုက်မိသည်။

ဒီလူ၏ဘဝကို ဘယ်လိုနားလည်ရမှန်း မသိ။

ကားဂိုဒေါင်မှာနေ၍ ဆံပင်ရှည်ရှည် ကုတ်ချောင်းချောင်း သတ္တဝါ ... ဘာလဲ၊ ဘယ်လိုလဲ။

အိနိ စဉ်းစားမိ၏။

သီချင်းလေး တော်တော်များများကိုတော့ အိနိခံစားနားလည်၍ ရသည်။

ညတိုင်းညတိုင်း ဆိုနေကျ မောင့်ပန်းဝတ်မှုန်ရည်လို ရိုးမို သန့်သန့်သီချင်းလေးများက ချစ်စရာကောင်းသလို တချို့ဘဝခံစားမှု သီချင်းလေးတွေကလည်း သူ့ဟာနှင့်သူ မိပြင်သည်။

တစ်ခါကျတော့လည်း အူကြောင်ကြောင်နှင့် ဘာဆိုလို့မှန်း မသိပါ။

ဘာပဲပြောပြော အားလုံးကို ခြုံငုံကြည့်လျှင် ဒီပုဂ္ဂိုလ်မှာ အနု ပညာ စိတ်ကူးလေးများ ရှိနေသည်တော့ အမှန်။ လူကလည်း ရူးသလို လိုနှင့် တစ်ချက်တစ်ချက် ဘာတွေလျှောက်ရေးမှန်းမသိခြင်းနှင့် လု တောသူတော မတိုး၊ လူပီပီ မနေတတ်ခြင်းတို့ကြောင့် အလကားနေ ရင်း သူတောင်းစားလိုလို ကလေကချေလိုလို ဖြစ်နေခြင်းသာဖြစ်နေ သည်ဟု သူ့ဟာနှင့်သူ ဆုံးဖြတ်ချက်ချ၏။

ဒီကြားထဲမှာ ထွေးထွေးကို သနားမိသည်။

သူ့ခမျာ ဘာမှန်းမသိ ညာမှန်းမသိဘဲ၊ သူ နားမလည်သည့် စကားလုံးများနှင့် အမြှောက်အပင့် ခံနေရပြီး မတန်တရာ စကားလုံး များဖြင့် ချီးပင့်ခံရသည်ကို သာယာ၍ ရှိသမျှ မုန့်ဖိုးပဲဖိုးတွေမှ လှူနေ သည်။

ချက်ချင်းတော့ အိနီလည်း ဘာလုပ်ရမည် မစဉ်းစားတတ် သေးပါ။ သို့သော် တစ်ရက်မှာတော့ ဘာလုပ်ရမည်ဆိုသည်ကို စဉ်းစား၍ ရ၏။



"ခွေးမ တိရစ္ဆာန်မ . . . နင်က နင့်ကိုနင် ဘာများ အောက်မေ့လို့ ကယ်တင်ရှင်ကြီး သွားလုပ်နေရတာလဲ မိထွေးတင်၊ အဲဒီဟာက လူကောင်းမဟုတ်ဘူး၊ ဘိန်းစား၊ ကလေကချေ၊ သူ့အဖေ၊ သူ့အစ်မ အရင်းတွေကတောင် ဘာမှသုံးမရတဲ့ ဆန်ကုန်မြေလေး ဖြစ်နေမှန်း သိလို့ ပစ်ထားတဲ့ကောင်၊ အဲဒါကို နင် သွားဖို့နေတော့ ငါ . . . တယ် မပြောလိုက်ချင်ဘူး၊ ဟိုက နင့်ကို . . ."

သွားတုန်းကတော့ ထွေးထွေးဆီ၊ ခါတိုင်းလို စကားစမြည် ပြောဖို့ပင် ဖြစ်သည်။ သို့သော် လှေကားမှ ဆင်း၍ နောက်ဖေးဘက် ပတ်တက်ခါနီး အောက်ထပ်နောက်ဖေးခန်းမှ ကျိတ်မာန်မဲနေသံနှင့် ရှိုက်သံများကြောင့် ကိုယ်ရှိန်သတ်ပြီး နားစွင့်ထားလိုက်မိသည်။

"နင်က ဒီလောက်တော့ ခိုးကြောင်ခိုးဝှက်လုပ်ပြီး ပုံ့ပိုးနေရအောင် အဲဒါက နင့်လင်မို့လို့လား၊ နင့်လင်ဆိုရင်တောင် ဟိုက နင့်ကို ရှာကျွေးရမှာ၊ ခုတော့ နင်က ကိုယ့်ထမင်းကိုယ်စား သူ့ရှာကျွေးပြီး တယ် . . . ငါမပြောလိုက်ချင်ဘူး"

ကျိတ်ပြီး အသံမထွက်အောင် ပြောဆိုနေသည့်ကြားက ဒေါသသံက အပြင်ကကြားသာအောင် ထွက်ထွက်လာသည်။

ထွေးထွေး၏ နာကျင်တိုးလျှိုးသံကလည်း ရှိုက်သံနှင့်အတူ ရောထွက်နေ၏။

"အား . . . အံမယ်လေး ကြောက်ပါပြီ အမေရယ်၊ သမီး နောက်မလုပ်တော့ပါဘူး အီး"

ထွေးထွေးတော့ ဒုက္ခရောက်နေပြီဟု အသံကြားတာနှင့် အိနီ သဘောပေါက်သည်။

"ဘာ နောက်မလုပ်တော့ပါဘူးလဲ၊ အရင်တစ်ခါလည်း ညဘက် ခိုးထွက်တာ ငါမိလို့၊ တစ်ခါ သေမလောက်လုပ်ပြီးပြီ၊ ဒါတောင် နင့်အဖေ မသိလို့၊ သိရင် နင် အသက်တောင် ရှင်မှာမဟုတ်ဘူး၊ ခုလည်း နင့်ကို ငါမေးမယ် မိထွေး၊ မှန်မှန်ပြောစမ်း . . . ဟိုကောင်နဲ့ နင် ဘာဖြစ်ထားသေးလဲ"

"အင် . . . ဘာမှမဖြစ်ပါဘူး အမေရယ်၊ တကယ်ပြောတာပါ၊ မယုံရင် အမေကြိုက်သလို စစ်ပါ၊ အား . . . နာလိုက်တာ အမေရယ်၊ သမီး ဒီလောက် မမိုက်ပါဘူး၊ ဟီး ဟီး"

အိနီ ရင်မောစွာဖြင့် ပင့်သက်ရှိုက်သည်။ အိမ်ပေါ်တက်မည့် ခြေလှမ်းများကို ပြန်ရုပ်လိုက်ပြီး အပေါ်ထပ်သို့ ပြန်တက်လာခဲ့သည်။

သူ လေးနက်စွာ ရှိသေမိတဲ့ ပန်းပွင့် ညီမလေး ဒီမှာ သေ မလောက်ဖြစ်နေသည်ကို ဟိုမသာကောင် သိမှာမဟုတ်ဘူးဟုလည်း စိတ်နာနာနှင့် တွေးလိုက်မိ၏။

"နာတာပေါ့ မမရာ၊ ထွေးထွေးတော့ တစ်ခါတည်း သေပြီ တောင် အောက်မေ့တာ၊ တံမြက်စည်းနဲ့လည်း ချတယ်၊ ဗိုက်တွင်း ကြောတွေရော ပေါင်တွင်းကြောတွေရော လိမ်ဆွဲထားတာ ညိုမည်း နေတာပဲ၊ ခုထက်ထိ ထွေးထွေး လမ်းတောင် ကောင်းကောင်း မလျှောက်နိုင်သေးဘူး"



နောက်နေ့ကျမှ အေးအေးဆေးဆေး ထွေးထွေးနှင့်တွေ့ သည်။ မနေ့က ဘယ်လောက် အတွယ်ခံထားရပြီး တစ်ညလုံးသည် ဘယ်လောက်ငိုထားသည် မသိ။ ထွေးထွေးမျက်နှာလေး မို့မောက်ပြီး နွမ်းနယ်နေသည်။

"သိတယ် ထွေးထွေး၊ မနေ့က အသံတွေ ကြားကတည်းက ထွေးထွေးတော့ ဒုက္ခပဲလို့ အောက်မေ့နေတာ၊ ထွေးထွေးအမေပြော တာလည်း ဟုတ်ပါတယ် ညီမရယ်၊ ဟိုက သူစိမ်းယောက်ျားလေး မဟုတ်လား၊ ထွေးထွေးက စေတနာနဲ့ ဒီလိုလုပ်နေပေမယ့် သူ့ဘက် က စိတ်ရိုင်းဝင်ပြီး တစ်မျိုးမဖြစ်ဘူးလို့ ဘယ်ပြောနိုင်မလဲ၊ ထွေးထွေး မှာ အန္တရာယ်လည်း များပါတယ်၊ သူ့ဆီ လုံးဝမသွားပါနဲ့တော့"

ထွေးထွေးက မျက်နှာလေးညှိုးရင်း သက်ပြင်းချသည်။

"ထွေးထွေးလည်း မသွားတော့ဘူးလို့ ဆုံးဖြတ်ထားပါတယ် မမရယ်၊ ဒါပေမဲ့ ခက်တာက ထွေးထွေးစိတ်ထဲမှာ ကိုဒီပါကို သနား တယ်၊ သူ့အတွက် မမတို့ မေမေတို့ ပူလို့သာ ပူတာပါ၊ ဒါပေမဲ့ ထွေးထွေးကို အဲဒီလိုစိတ်မျိုးနဲ့ သူ ယောင်လို့တောင် မပစ်မှားဖူးပါဘူး၊ ထွေးထွေး ကလေးဆိုတာလည်း သူသိပါတယ်"

"ဒါပေမဲ့ ဘေးအမြင်မှာ ဘယ်ကောင်းမလဲ"

"ဘေးပတ်ဝန်းကျင်ဆိုတာကတော့ ဒီလိုပဲ ထင်ရာပြောတာပဲ မဟုတ်လား မမရယ်၊ ကိုဒီပါလည်း ပြောဖူးပါတယ်၊ လောကကြီးက ဒီပတ်ဝန်းကျင်ကြောင့် အမှန်တရားတွေ ပျောက်ဆုံးနေတာ အများ ကြီးပဲတဲ့"

ဟူး . . . အရေးထဲ ပုဂ္ဂိုလ်ကျော်၏အဘိဓမ္မာက ဝင်ရှုပ်နေ ရသေးတယ်ဟု အိနီ ရင်မောစွာ တွေးသည်။

"ဒါဖြင့် ဒီလိုလုပ်ပါလား ထွေးထွေး . . . ညီမလည်း အိမ်က အကြိမ်းအရိုက် မခံရအောင် သူလည်း သူ့ဟာသူ ထမင်းရှာစားတတ်အောင် အလုပ်ကလေး တစ်ခုခုလုပ်ဖို့ တိုက်တွန်းကြည့်ပါလား"

"ပြောတာပေါ့ မမရယ်၊ ထွေးထွေး သူ့ကို ခဏခဏ ပြောပါတယ်၊ အဲဒီတော့ သူက ဘာပြောတယ်မှတ်လဲ အနုပညာသမားမှာ ထမင်းရှာစားဖို့ အချိန်မပေးနိုင်ဘူး၊ လူ့ဘဝဆိုတာ ခဏလေးတဲ့၊ ရတဲ့ ခဏလေးဟာ သူလိုချင်တဲ့ ကိုယ်ပိုင်အနုပညာတွေ ရှာဖို့တောင် မလောက်ဘူးတဲ့၊ ထမင်းအတွက် အဖိုးတန်တဲ့အချိန်တွေ ဖဲ့မပေးချင်ဘူးတဲ့"

"ဟာ . . . ဒါဖြင့် ဘာဖြစ်လို့ သူ့ထမင်းစားနေသေးလဲ သူများပေးလည်း မစားနဲ့ပေါ့"

"သူလည်း မစားချင်ဘူးတဲ့ မမရယ်၊ ထမင်းဆိုတာ စားနေရတာကိုက အချိန်ကုန်တယ်တဲ့၊ ထမင်းဆို ထမင်းချည်းစားရတာ မဟုတ်ဘူး၊ လက်ဆေးရသေးတာနဲ့ လက်သုတ်ရတာနဲ့ ပန်းကန်ဆေးရတာနဲ့ ရေသောက်ရတာနဲ့ စားပြီးတော့လည်း ပြန်ထုတ်တဲ့အလုပ်လုပ်ရတာနဲ့ အရမ်းအချိန်ကုန်တာပဲတဲ့၊ လောကကြီးမှာ ထမင်းစားတာနဲ့ အိပ်တဲ့အလုပ်ကို သူအမုန်းဆုံးပဲတဲ့"

ခုမှ ခက်ပြီဟု ဒိနီစိတ်ညစ်သွားသည်။ ဘာရယ်မဟုတ်သော်လည်း ခု နေရသည့် လေးငါးလအတွင်းမှာ ထွေးထွေးကို ညီမလေး တစ်ယောက်လို ခင်မိသည်။

ဒီကလေးခေါင်းထဲမှာ ဟိုသတ္တဝါ၏ အဘိဓမ္မာပျက်ကျေစွဲနေသည်။ ထွေးထွေးသည် ကြာလျှင် ဒီထက် ဒုက္ခရောက်ဖို့သာ မှသည်။



တစ်ခါက ထွေးထွေးပြောခဲ့ဖူးသည့် စကားတစ်ခုကို သတိရ၍ . . .

"ဒါဖြင့် ဒီလိုလုပ်ပါလား ထွေးထွေး၊ အဲဒီလူနဲ့ မမကို တစ်ခါလောက် ဆုံပေးပါလား၊ မမလည်း သူ့ကို ဒီလိုမနေဖို့ ဝိုင်းပြောပေးကြည့်မယ်လေ၊ လူဆိုတာ ကိုယ့်စားဝတ်နေရေးမှ မဖန်တီးနိုင်ရင် ဘယ်လူဟုတ်တော့မလဲ၊ လူ့တာဝန်တော့ လူတစ်ယောက်ဟာ ကျေပွန်ရမှာပေါ့၊ မမနဲ့ထွေးထွေး နှစ်ယောက်စလုံး ဝိုင်းပြောလို့မှ မရရင်တော့ ထွေးထွေးလည်း သူ့ကို သနားမနေနဲ့၊ သူ့ဘဝနဲ့သူ ရှိပစေလို့ သဘောထားလိုက် . . . ဘယ်လိုလဲ"

"အင်း မမပါ အကျိုးအကြောင်း ဝိုင်းပြောပေးရင်တော့ ရမလားမသိပါဘူး၊ တစ်ခုတော့ရှိတယ်၊ မမအိနီနဲ့ တွေ့ဖို့ကတော့ ခုသွားပြောရင် ခုရပါတယ်၊ ဒါပေမဲ့ ဒီနားမှာ ရပ်စကားပြောနေလို့တော့ မကောင်းဘူး ထင်တယ်၊ ဒီလမ်းထဲမှာ သူ့ကို လူကြီးပိုင်းထဲက လူလို့ သတ်မှတ်တာ တစ်ယောက်မှမရှိဘူး၊ တော်ကြာ မမပါ တစ်မျိုးအပြောင်နေရမယ်"

"ဒီလိုဆို ဒီလိုလုပ်လေ၊ တခြားဒီ့ပြင်နေရာမှာ ချိန်းလိုက်ပါလား၊ အဲဒီကို မမနဲ့ထွေးထွေး သွားကြတာပေါ့၊ ရန်ကုန်မှာ ဘယ်နေရာဘယ်လိုသွားလို့ရတယ်ဆိုတာတော့ မမ မသိဘူး၊ ထွေးထွေးက သိတယ်၊ ဒီအရပ်နဲ့ ခပ်လွတ်လွတ်ကင်းကင်း တစ်နေရာမှာတွေ့ကြတာပေါ့"

"အင်း . . . အဲလိုဆို ဖြစ်ပါတယ်၊ ခုချက်ချင်းတော့ ထွေးထွေးလည်း အမေ့ကြောက်လို့ မသွားရဲသေးဘူး၊ နောက်တစ်ရက်နှစ်ရက်ကြာရင် သွားတာပေါ့"

အိနီ ခေါင်းညိတ်သည်။

ဒီအကြောင်း ပြန်စဉ်းစားမိတိုင်း နောင်သောအခါ ကိုဦး ပြောသည့်စကားတစ်ခွန်းကို သတိရသည်။

"နင် တော်တော်မိုက်တယ် အိနီ၊ အလကားနေရင်း ကိုယ့်ပြဿနာကိုယ် မီးခွက်ထွန်းပြီး လိုက်ရှာတဲ့မိန်းမ"

တကယ်လည်း အိနီ ကိုယ့်ပြဿနာကို မီးခွက်သာ မက လက်နှိပ်ဓာတ်မီးရော အောက်လင်းဓာတ်မီးပါ ထွန်း၍လိုက်ရှာမိခဲ့ခြင်း ဖြစ်၏။

"ဒီလိုရှိပါတယ် ကိုဒီပါ တကယ်တမ်းပြောကြကြေးဆိုရင်တော့ ဒီအပိုင်းမှာ ကျွန်မ ဝင်ပါစရာအကြောင်းမှ မရှိပါဘူး၊ ကျွန်မနဲ့လည်း မဆိုင်ဘူး၊ ဒါပေမဲ့ လွန်ခဲ့တဲ့ သုံးလေးရက်က ရှင့်ကိစ္စနဲ့ ပတ်သက်ပြီး ထွေးထွေးအိမ်မှာ အရိုက်ခံရတယ်"

ထွေးထွေးက . . .

"အဲဒါ မမအိနီပဲ ကိုဒီပါနဲ့ ပတ်သက်လို့ စကားနည်းနည်း ပြောချင်တယ်ဆိုလို့ ခေါ်လာတာ"

ဟု အစပြု၍ မိတ်ဆက်ပေးပြီးကတည်းက တစ်လျှောက်လုံး ခေါင်းငုံ့နားထောင်နေခဲ့သော ဒီပါက ထိုနေရာရောက်မှ တစ်ချက် မျက်လုံးလှန်ကြည့်သည်။

"ထွေးထွေးက ကျွန်မညီမလေးလိုဖြစ်နေတော့ ကျွန်မလည်း စိတ်မကောင်းဘူး၊ ဒါကြောင့် ထွေးထွေးကို အကျိုးအကြောင်း အစုံ

အလင်မေးပြီး ရှင်နဲ့ နည်းနည်းဆွေးနွေးချင်လို့ ဒီမှာချိန်းလိုက်တာပဲ"

ဘာများတုံ့ပြန်မလဲ အခြေအနေကြည့်ရန် အိနီစကားကို ခဏရပ်သည်။ ဒီပါကတော့ မလှုပ်။

"ဒီလိုပါ ကိုဒီပါ . . မမအိကလည်း ထွေးလိုပဲ ကိုဒီပ့ါ အနုပညာကို လက်ခံနိုင်ပါတယ်၊ ဒါပေမဲ့ ကိုဒီပ့ါကို ထွေးပြောသလိုပဲ မမအိကလည်း ကိုဒီပ့ါကို ဘဝရပ်တည်မှုလမ်းကြောင်း တစ်ခုခုပေါ်မှာ လျှောက်စေချင်တယ်၊ မမအိကလည်း ထွေးလိုပဲ စေတနာနဲ့ ပြောတာပါ"

"ဟုတ်ပါတယ် ကိုဒီပါ . . . ထွေးထွေးဆီက ကိုဒီပ့ါသီချင်းစာအုပ်လည်း ကျွန်မဖတ်ပြီးပါပြီ၊ ကိုဒီပ့ါသီချင်းလေးတွေ တော်တော်များများကိုလည်း နားထောင်ဖူးပါတယ်၊ ဘယ်လိုပြောမလဲ ကျွန်မကတော့ သိုင်းသိုင်းဝိုင်းဝိုင်းလည်း မပြောတတ်ဘူး၊ ပွင့်ပွင့်လင်းလင်းပြောရရင် ကိုဒီပါလိုလူမျိုးတစ်ယောက် ဒီလိုဖြစ်နေတာ နှမြောတယ်"

ဒီပါထံမှ သက်ပြင်းချသံ ကြားရသည်။ ထို့နောက် ဒီပါက အိနီတို့ဘက် လုံးဝမကြည့်ဘဲ ခေါင်းကိုမော့၍ . . .

"ခင်ဗျားတို့ ပြောချင်တာက ကျွန်တော် သိပါတယ်၊ စိတ်မရှိပါနဲ့ဗျာ၊ ကျွန်တော့်ကို ဒါတွေ လာမပြောပါနဲ့၊ ကျွန်တော့်ကြောင့် ထွေး အရိုက်ခံရတယ်ဆိုရင် ကျွန်တော့်ကို ပစ်ထားလိုက်ကြပါ၊ ထွေးလည်း နောက်ကို ငါ့ဆီမလာပါနဲ့၊ ဘယ်သူမှလည်း ခေါ်မလာပါနဲ့၊ ဒီစကားမျိုးတွေ နားမဆန့်အောင် ကျွန်တော် ကြားခဲ့ပြီးသားပါ"

အိနီစိတ်ထဲ တင်းခနဲ ဖြစ်သွားသည်။

"ဒီမှာ ကိုဒီပါ . . . ရှင့်ကို တကူးတကခေါ်တွေ့ပြီး ဒီစကားတွေ ပြောတာ ရှင့်ကို စေတနာရှိလို့ဆိုတာ ရှင် ပထမဆုံး သဘော



ပေါက်စေချင်တယ်"

"ကိုယ့်ဘဝနဲ့ကိုယ်ပါဗျာ"

"ကောင်းပြီ ကိုဒီပါ၊ ရှင့်ဘက်က အဲဒီလိုသဘောထားတယ်ဆိုရင်လည်း ပြီးတာပါပဲ၊ ကဲ ထွေးထွေး ကြားပြီနော်၊ တို့စကားတွေနဲ့ ပတ်သက်လို့ သူ့မှာ လက်ခံဖို့ဝေးလို့ နားထောင်ချင်စိတ်တောင် မရှိတာ သေချာသွားပြီ၊ အဲဒီတော့ ထွေးထွေးလည်း ဒီလူနဲ့ ပတ်သက်စရာ မရှိတော့ဘူး၊ သူ့ဟာသူ ငတ်ငတ်သေသေ ကိုယ့်ဘဝနဲ့ကိုယ်ပဲ၊ တို့ဘာမှ ဝင်စွက်စရာ အကြောင်းမရှိတော့ဘူး"

ထွေးထွေး မျက်နှာလေး ငယ်သွားသည်။

"နေဦးလေ ကိုဒီပါ၊ ထွေးကို ကိုဒီပါ ဘာပြောဖူးလဲ၊ ထွေးဟာ အမှန်တရားကို ရှာတွေ့ထားတဲ့လူဆို၊ ဒီလိုဆိုရင် ခု ထွေးပြောတဲ့စကားကို နားမထောင်နိုင်တာဟာ ကိုဒီပါ အမှန်တရားဆို ရင်မဆိုင်ရဲတာလား"

ဒီပါ နည်းနည်းတော့ ငိုင်သွားသည်။ ပြီးမှ စိတ်လျှော့လိုက်ဟန်ဖြင့် . . .

"ကဲဗျာ . . . ဒါဖြင့်လည်း ခင်ဗျားပြောချင်တာပြော၊ ဘာပြောချင်လဲ"

"နေဦး . . . မမအိနီ မပြောခင် ထွေး အရင်ပြောမယ်၊ ကိုဒီပ့ါဘက်ကလည်း ကိုဒီပါလက်ခံထားတဲ့ အယူအဆတွေနဲ့ ကြိုက်သလို ခုခံကာကွယ်ပြောနိုင်တယ်၊ ဒါပေမဲ့ မမအိနီကိုတော့ ကိုဒီပါ တလေးတစား ဆက်ဆံပါ၊ မမအိနီက ထွေးအစ်မ"

ထွေးထွေးစကားကြောင့် အိနီ အားတက်သွားရင်း . . .

"ပြောချင်တာကတော့ ရှင်းရှင်းနဲ့ တိုတိုပဲ ကိုဒီပါ၊ ကိုဒီပါ

ရှင်ဟာ ရှင့်ကိုယ်ရှင် အနုပညာသမားတစ်ယောက်လို့ ခံယူထားရင် အနုပညာသမားပီသဖို့ ကြိုးစားပါ၊ အနုပညာသမားဆိုတာ ကိုယ်တစ် ယောက်တည်း အနုပညာနေလို့ ရတာမဟုတ်ဘူး၊ သူ့မှာ ပရိသတ်ဆို တာရှိတယ်၊ ကိုယ့်ပရိသတ်ကို အနုပညာသမားတစ်ယောက်ဟာ ကိုယ်နဲ့ထပ်တူ သံယောဇဉ်ရှိရတယ်၊ ကိုယ့်အနုပညာကို ဂုဏ်သိက္ခာ ရှိရှိ ဖော်ပြနိုင်တဲ့ အဆင့်ရောက်အောင်လည်း အားထုတ်နိုင်ရတယ်၊ အဲဒီတော့ ရှင် ထမင်းစားဖို့ တခြားအလုပ် မလုပ်ချင်နေပါ၊ ကိုယ့်အနု ပညာကို ပြုစုပျိုးထောင်ရင်းနဲ့ ထမင်းတစ်လုပ်စားနိုင်အောင်တော့ ကြိုး စားသင့်တယ်၊ ကျွန်မ ပြောနေတာ ထမင်းကို သိပ်အရေးစိုက်ဖို့ ပြော တာမဟုတ်ဘူး၊ လူဘစ်ယောက် ဖြစ်လာရင် လူအသက်ရှင် နေထိုင် ရေးအတွက် လိုအပ်တဲ့ စားဝတ်နေမှုကိုတော့ ဖန်တီးယူတတ်ရတယ်"

"ကျွန်တော့်မှာ ဒါတွေအားလုံးအတွက် ဘာမှအဆင်သင့်မရှိ ဘူး မအိနိ"

"ကြိုးစားရမှာပေါ့၊ ရှင် သီချင်းတွေရေးနေတာ၊ သီချင်းဆိုနေ တာဟာ ရှင့်အလုပ်ပဲ၊ အလုပ်ရှိရင် စားစရာ၊ ဝတ်စရာ၊ နေစရာ ရှိရမှာ ပေါ့၊ ဘာလဲ အဲဒါတွေအတွက် အလုပ်လုပ်နိုင်ဖို့ လိုအပ်တဲ့ ကူညီပံ့ပိုး မှုမရနိုင်ဘူးလို့ ပြောချင်သေးလို့လား၊ ကောင်းပြီ၊ ရှင်လည်း ရှင့်ဟာရှင် အစွမ်းကုန်ကြိုးစားပါ၊ လိုအပ်လာရင် ကျွန်မတို့လည်း ဘာအကူအညီ ပေးရမလဲပြောပါ၊ ကျွန်မတို့ တတ်နိုင်သလောက် ကူညီမယ်၊ ဘယ်လို လဲ"

ဒီပါက ဟူးခနဲ လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီးမှ ခေါင်း ခါရင်း . . .

"ခင်ဗျားတို့ကို ကျွန်တော် လုံးဝ နားမလည်ဘူးဗျာ၊



ကျွန်တော့်ဘာသာကျွန်တော် ကျေနပ်နေတဲ့ ငြိမ်းချမ်းတဲ့ ကမ္ဘာတစ်ခု ကို ဘာဖြစ်လို့ လာပြီးဖျက်ဆီးချင်ကြရတာလဲ"

"ဘာပြောတယ် ကိုဒီပါ"

ထောင်းခနဲ ဒေါသဖြစ်သွားသည်နှင့်အတူ အိနိ ဆတ်ခနဲထ ရပ်သည်။ ထွေးထွေးလက်ကိုလည်း ဆောင့်ဆွဲရင်း . . .

"လာ ထွေးထွေး . . လူဆိုတာ ကစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် လေးစားမှ စကားဆိုတာ ပြောလို့ရတယ်၊ ခင်မင်မှုဆို တာလည်း လုပ်လို့ရတယ်၊ ဒီလိုအသိခေါက်ခက် အဝင်နက်ပြီး တောမသိ တောင်မသိ လူမျိုးနဲ့ ဘာစကားမှလည်း ပြောလို့ရမှာ မဟုတ်ဘူး၊ စေတနာကိုလည်း စေတနာလို့ နားလည်တာမှ မဟုတ် တာ၊ လေကုန်ခံပြီး ဘာမှပြောမနေနဲ့တော့၊ သူ့ဟာသူ ဖြစ်ချင်ဖြစ် ထားခဲ့တော့"

စကားဆုံးသည်နှင့် လှည့်ထွက်ခဲ့သည်။

ထွေးထွေးလည်း ကန့်လန့်ကန့်လန့်နှင့် ပါလာ၏။

"မမအိနိက စိတ်အရမ်းပြတ်တယ်နော်၊ ကောင်းတော့ ကောင်းပါတယ်၊ ဒီလိုလူမျိုးနဲ့ အဲဒီလိုပြောမှပဲ ဖြစ်မှာ . . . မဟုတ်ဘူး လား"

အိမ်ပြန်မရောက်ခင် လမ်းမှာပင် ထွေးထွေးက မဝံ့မရဲမေး

သည်။

အိနီက လှည့်ကြည့်ရင်း . . .

"ဘာလဲ . . . မမ ဒီလိုပြုတ်ပြုတ်လုပ်လာခဲ့လို့ ထွေးထွေးက စိတ်မကောင်း ဖြစ်နေတာလား၊ ထားလိုက်စမ်းပါ ညီမရာ၊ ဒီလိုလူမျိုးကို သွားပြီး အတိုက်အခံပြော ဖြေရှင်းနေလို့လည်း အလကားပဲ၊ သု မာတယ်ဆိုတာ မမ အိပ်နေသလောက်ပဲ ရှိပါတယ်၊ အဲဒီအစွဲကို မရရ အောင် ချွတ်ပြမယ်၊ ထွေးထွေးစောင့်ကြည့်၊ မမ မသိဘဲ ထွေးထွေး သူနဲ့ လုံးဝသွားမတွေ့နဲ့၊ ဒါမျိုးဆိုတာ အဆိပ်ပင်ကို ရေမလောင်းရဘူး ထွေးထွေး၊ သူ့ကို သံယောဇဉ်ရှိရင် မမစကားကို နားထောင် . . . ကြားလား"

"ဟုတ် . . . ဟုတ်ကဲ့ မမအိနီ"

သိပ်သေချာလွန်း၍တော့မဟုတ်။ သို့သော် အိနီစိတ်ထဲမှာ ဒီကိစ္စ ဒီလိုနှင့်ပြီးမသွားဆိုသည်ကိုတော့ သိနေသလို ခံစားရသည်၊

တစ်ခုခု အပြောင်းအလဲ ဖြစ်တော့မည်ဟုလည်း သေချာ ပေါက် ထင်၏။

"မမ . . . မမအိနီ"

နောက်နှစ်ရက်လောက်အကြာမှာ ထွေးထွေးတစ်ယောက် အိနီရှိရာ အိမ်အပေါ်ထပ်သို့ အပြေးအလွှား တက်လာသည်။

"ဘယ်လဲ ထွေးထွေး"

ထွေးထွေးက ချက်ချင်း အဖြေမပေးသေးဘဲ အခန်းဝကနေ အိမ်ထဲ လှမ်းကြည့်လိုက်သေးသည်။ အိမ်ခန်းထဲမှာ ဘယ်သူမှ မရှိ ကြောင်း သေချာမှ . . .

"မမ ထွေးထွေးနဲ့ အောက်ခဏ လိုက်ခဲ့စမ်းပါ၊ မမကို ပြစရာ ရှိလို့"

သူ့မျက်နှာကိုကြည့်၍ တစ်ခုခု ထူးခြားနေပြီဖြစ်ကြောင်း အိနီသိသည်။ အိမ်မှာ ဖေဖေကလည်း ရုံးသွား၊ မေမေကလည်း ဈေး သွား၊ ဘယ်သူမှ မရှိဆဲမို့ . . .

"အောက် ဘာလို့ဆင်းမှာလဲ ထွေးထွေး၊ အိမ်မှာ ဘယ်သူမှ မရှိဘူး၊ မမတစ်ယောက်တည်း ပြစရာရှိရင် ဒီမှာပဲ ပြလိုက်ပါလား"

"အင်း . . . အင်း . . . ဒါဆိုရတယ်၊ ရော့ ဟောဒီစာ ဖတ်ကြည့်၊ မနေ့ညနေ ထွေးထွေး ကျောင်းကအပြန် လမ်းထိပ်မှာ လာစောင့်ပြီး ကိုဒီပါ ပေးသွားတာ၊ ညကတည်းက မမကိုပြမလို့၊ ဒါပေမဲ့ လူကြီးတွေရှိနေလို့"

"ဟုတ်လား ပြစမ်းပါဦး . . . ဘာတွေရေးထားတာလဲ သိရအောင်"

အိနိက ခပ်လေးလေးပင် စာကိုလှမ်းယူရင်း ဖွင့်ဖတ်သည်။ ဖတ်နေရင်း အိနိ မဲ့ပြုံးပြုံးလိုက်၏။

မမအိနိနဲ့ထွေးထွေး ...

နှစ်ယောက်စလုံးကို ကျွန်တော် တောင်းပန်ပါတယ်။

မအိနိတို့ ထွေးတို့ နားလည်သွားသလို ကျွန်တော်ဟာ စေတနာကို စေတနာလို့ နားမလည်တဲ့ လူတစ်ယောက် မဟုတ်ပါဘူး။

ကျွန်တော့်ဘဝမှာ နာကြည်းချက်တွေ များလွန်းနေတော့ ဒီစကားမျိုးကြားတိုင်း ကျွန်တော် ပင်ကိုမာနတရားက ကျွန်တော့်ကို အင်မတန်ရိုင်းပျတဲ့ သတ္တဝါဖြစ်အောင်



လှုံ့ဆော်နေကျဖြစ်လို့ အဲဒီနေ့က ကျွန်တော် ရိုင်းသွားခဲ့တာပါ။

ကျွန်တော် ကြိုးစားပါ့မယ်။

ကျေးဇူးအများကြီး တင်ပါတယ်။

ဒီပါ

"အဲဒါ သူ ဘာပြောတာလဲ မမ ဟင်"

အိနိက ရယ်ရင်း . . .

"ဘာပြောမလဲ ထွေးထွေးရယ်၊ အဲဒီနေ့က မမတို့ပြောခဲ့တဲ့ စကားတွေကို သူလက်ခံတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့၊ ထားလိုက်ဦး ညီမ၊ လွှတ်ပေးထားလိုက်ဦး၊ သူ ဘာတွေလုပ်တယ်ဆိုတာ စောင့်ကြည့်ရမယ်"

ထွေးထွေး ပါးစပ်လေး အဟောင်းသား ဖြစ်သွားသည်။

"ထွေးထွေး အရမ်းအံ့သြတာပဲ မမ၊ မမပြောတဲ့စကားတွေလည်း မှန်တယ်နော်၊ သူ့ကို ဒါမျိုးပြောခဲ့တဲ့လူတွေ မနည်းဘူး၊ ဒါပေမဲ့ ခုကျမှ သူ ဘာဖြစ်သွားတာလဲ"

အိနိက ခေါင်းခါရင်း . . .

"အဲဒါတော့ မမလည်း မသိဘူး၊ မမ,သိတာ တစ်ခုပဲရှိတယ်၊

သူ့သီချင်းတွေ သူ့ခံစားမှုတွေအရ သူဟာ ဘယ်တော့မှ စေတနာတို့ သံယောဇဉ်တို့ကို မထိခိုက်ရဲဘူးဆိုတာကိုပဲ မမသိတယ်၊ အဲဒီနေ့က မမပြောခဲ့တာ ထွေးထွေး မမှတ်မိဘူးလား၊ ဒီလိုလူမျိုးနဲ့ ဘာစကားမှ လည်း ပြောလို့ရမှာ မဟုတ်ဘူး၊ ဘာသံယောဇဉ်မှလည်း ထားလို့ ရမှာ မဟုတ်ဘူး၊ စေတနာကို စေတနာလို့ နားလည်မှာ မဟုတ်ဘဲဆို တာလေ"

"အဲဒီစကားက သူ့ကို တော်တော်ထိသွားတယ် ထင်တယ် နော်"

"ထိတာပေါ့ ထွေးထွေးရယ်၊ သူ့မှာ သူ့အပေါ် အဲဒီလို စေတနာတွေ သံယောဇဉ်တွေထားတဲ့လူဟာ ထွေးထွေးကလွဲလို့ ဘယ်သူရှိလို့လဲ၊ မလွဲသာလို့ ထပ်ဖြည့်ရင်တောင်မှ နောက်ထပ် မမ တစ်ယောက်ပဲ ရှိဦးမှာပေါ့"

ထွေးထွေးက အံ့ဩသောမျက်နှာဖြင့် လှမ်းကြည့်သည်။

နောက် သုံးလေးရက်ကြာတွင် ကြေးစားဂီတဝိုင်းတစ်ခု၌ ဒီပါတစ်ယောက် ဂီတာဝင်တီးနေကြောင်း သတင်းကြားရ၏။

ကျွန်တော်နှင့် အိနီ တက္ကသိုလ်မှာ ပြန်ဆုံချိန်ထိ အိနီ၏ ဇာတ်လမ်းကတော့ ဒီမျှသာဖြစ်၏။

ထိုအချိန်အထိ ကျွန်တော်သည် ဒီအကြောင်းတွေ ဘာမှ



မသိရသေး။ ကျွန်တော် စာရေးမပျက်သေးသော အိနီတစ်ယောက် ကွဲကွာနေချိန်အတွင်းမှာ ဒါတွေဖြစ်ခဲ့လိမ့်မည်ဟုလည်း ယောင်၍ပင် မတွေးမိသေး။

သို့အတွက် တက္ကသိုလ်တက်စ ကာလပိုင်းများမှာ အရာအား လုံးသည် လွန်ခဲ့သည့် ခုနစ်လရှစ်လခန့်က တောင်ငူနယ်မြေမှာ ရှိခဲ့ သည့်အတိုင်းပင် ရှိသေးသည်ဟုပင် ကျွန်တော် ယုံကြည်ခဲ့၏။

တက္ကသိုလ်၏ ကနဦးရက်များသည် အစစလှပနေလျက် ပင်။

# အပိုင်း သုံး

(ခေတ်နှောင်းပိုင်းကာလများ)



"ကိုဦးဘွဲ့ရရင် နင်နဲ့ငါ လက်ထပ်ကြမယ်ဆိုတဲ့ကိစ္စကို ဖျက်လိုက်ရအောင်ဟာ၊ ငါ နင်နဲ့ လက်မထပ်ချင်တော့ဘူး ဖြစ်နေတယ်"

"ဘာ . . . ဘာပြောတယ် အိနီ"

အိနီဆီမှ လုံးဝ မမျှော်လင့်ထားသော စကားကြောင့် ကျွန်တော် အကြီးအကျယ် အံ့အားသင့်သွားသည်။ ရင်ထဲမှာလည်း ဘယ်လိုပူမှန်းမသိသည့် အပူတစ်ခု ပေါ်ထွက်လာပြီး သူ့ကို အထိတ်တလန့် လှမ်းကြည့်သည်။

သူ ကျွန်တော် အလန့်တကြားဖြစ်သွားအောင် စ,နေ နောက်နေတာလားဟု တွေး၍လည်း သူ့မျက်နှာကို အကဲခတ်ကြည့်သည်။ သူ့ပုံစံက နောက်နေသည့် ပုံစံမျိုးမဟုတ်။ တစ်ခုခုကို အလေးအနက်ထား ပြောနေကြောင်း သိသာသည်။

"ဟုတ်တယ် ကိုဦး၊ နင်ကြားလိုက်တဲ့စကားအတိုင်း အမှန်

ပါ၊ နင် နားကြားမလွဲပါဘူး၊ နင်နဲ့ငါ လက်ထပ်ဖို့ လုပ်ထားတဲ့ကိစ္စကို ဖျက်လိုက်ကြရင် ကောင်းမယ်လို့ ငါထင်လို့ပါ"

"ဘာဖြစ်လို့လဲ အိနီ၊ နင် ငါ့ကို ဘာမကျေနပ်လို့လဲ နင်မကြိုက်တာ တစ်ခုခု ငါလုပ်နေမိလို့လား"

အိနီက ခေါင်းကို ဖြည်းညင်းစွာ ခါသည်။

"အဲလိုမဟုတ်ပါဘူး ကိုဦး၊ ဒီကိစ္စ နင်နဲ့ ဘာမှမပတ်သက်ပါဘူး၊ ပြဿနာက ငါ့ပြဿနာပါ"

အိနီ စကားကို ရပ်လိုက်ပြီး ခဏငြိမ်နေသည်။ ကျွန်တော်ကလည်း သူ့မှာ ပြောစရာစကားများ ကျန်သေးကြောင်း သိသဖြင့် သူ့ထံမှ ထွက်လာမည့်စကားသံကို ရင်တထိတ်ထိတ်ဖြင့် စောင့်နေမိသည်။

ခုရက်ပိုင်းမှာ အိနီတစ်ယောက် အမူအရာ ပြောင်းနေသည်ဟူတော့ ထင်ထားမိ၏။ သို့သော် ဒီအခြေအနေအထိ ဖြစ်လာနိုင်သောကိစ္စဟူကား လုံးဝမတွက်မိ။ တစ်ခုခုအကြောင်းရှိလို့ပဲဖြစ်မှာပါလေဟုသာ ကျွန်တော် မသိမသာ နေခဲ့သည်။

အိနီ ငိုင်တိငိုင်တိုင် ဖြစ်နေသည်ဆိုသည်ကိုတော့ ဒီရက်ပိုင်းအတော်ကြာကြာကပင် သတိထားမိနေပါသည်။

"လာဟာ ဒီမှာ ခဏလောက်ထိုင်ရအောင်၊ ထိုင်ရင်းနဲ့ စကားပြောကြတာပေါ့"

အိနီက သူ့စကားကို တိုက်ရိုက်ဆက်မပြောသေးဘဲ အင်းလျားရေစပ်မှ ထိုင်ခုံတန်းတစ်ခုဆီ လက်ညွှန်၍ ပြောရင်း ထိုင်ခုံဘက်လျှောက်သည်။ ကျွန်တော် သူ့နောက်မှ လိုက်လာခဲ့၏။

"ထိုင်ပါဦး ကိုဦးရာ၊ ငါ နင်နဲ့လည်း တကယ် တိုင်ပင်ချင်လို့



ကျွန်တော်က ကျွန်တော့်အပူနှင့် ကျွန်တော် မထိုင်နိုင်၊ သူ
ိုင်နေသည့်ခုံနားမှာပင် ရပ်ပြီး စကားနားထောင်ရန် ပြင်သည်။ သူက
ူ့ဘေးမှ ခုံနေရာလပ်ကို လက်ဖြင့်ပုတ်ပြီး အတင်းထိုင်ခိုင်းသည်။

ကျွန်တော် သက်ပြင်းချ၍ သူ့ဘေးတွင် ဝင်ထိုင်၏။

အိနီ စကားမပြောသေးဘဲ သူ့လက်ထဲက လက်ကိုင်ပဝါကို
ာ လက်ဖြင့် တွင်တွင်ချေနေသေးသည်။ သူလည်း သူ့ဟာနှင့်သူ
ုံ့တုံ့ချတုံ့ဖြစ်နေပုံရသည်။

ဘာတွေလဲ၊ ဘာဖြစ်နေပြီလဲ ကျွန်တော် စဉ်းစားမရ။

ဆောက်တည်ရာမရ ဖြစ်နေသော စိတ်ဖြင့် ကန်ရေပြင်ကို
ြတ်ပြီး အေဒီလမ်းသွယ်ဘက်ကို လှမ်းကြည့်သည်။

လေပွေတစ်ချက် ကတော့ထိုးသွားသောကြောင့် ဖုန်မှုန့်များ၊
အမှိုက်စများ ဝဲထသွားသည်ကို မြင်လိုက်ရ၏။

"ငါ တစ်ခု နင့်ကိုမေးမယ် ကိုဦး၊ ခုလောလောဆယ်မှာ နင်နဲ့ငါဟာ ဘာလဲ၊ ငါ နင့်ကို ဘယ်လိုသဘောထားရမှာလဲ"

အတန်ကြာ ငြိမ်နေပြီးမှ အိနီက စကားစ,သည်။ စ,လိုက်သည့်စကားကလည်း ဘာနှင့်ဘယ်လိုဆက်စပ်ပြီး ဘယ်လိုရည်ရွယ်ချက်နှင့် မေးလိုက်မှန်းမသိ။

ကျွန်တော် မျက်မှောင်ကြုတ်လိုက်သည်။

"နင်ဘာမေးတာလဲ အိနီ၊ နင့်မေးခွန်းကို ငါနားမလည်ဘူး"

"ဒီလိုလေဟာ၊ နင်နဲ့ငါနဲ့ နှစ်ယောက်ဟာ ငယ်ငယ်ကတည်းက သူငယ်ချင်းတွေလို နေလာခဲ့တယ်၊ နောက်ကြတော့ လူကြီးတွေက ဘွဲ့ရရင် ပေးစားမယ်လို့ ပြောတော့ နင်နဲ့ငါနဲ့ နှစ်ယောက်စလုံးက ကျေကျေနပ်နပ် လက်ခံခဲ့တယ်၊ အဲလိုဆိုရင် နင်နဲ့ငါနဲ့ အခုလက်ရှိ အနေအထားက ဘာလဲ၊ သူငယ်ချင်းလား၊ ချစ်သူရည်းစားတွေလား၊ ဒါမှမဟုတ် လူကြီးတွေ စေ့စပ်ပေးထားတဲ့ အိမ်ထောင်ဘက်လောင်းတွေလား"

သူ့အမေးကို ကျွန်တော် ချက်ချင်းမဖြေသေးဘဲ စဉ်းစားသည်။ သာမန်အားဖြင့် အလွယ်တကူ ဖြေသင့်သော မေးခွန်းမဟုတ်ဟုလည်း စိတ်ထဲမှာ ခံစားမိသဖြင့် . . .

"ဒါကတော့ ကိုယ့်ဟာကိုယ် သတ်မှတ်ချင်တဲ့ ပုံစံတစ်ခုနဲ့ပဲ သတ်မှတ်ရမယ်လို့ ငါထင်တယ် အိနီ၊ ဘာဖြစ်လို့လဲဆိုတော့ နင်နဲ့ငါနဲ့ကို သူငယ်ချင်းလို့ပဲ ပြောရင်လည်း ငါမငြင်းနိုင်ဘူး၊ ငါ့စိတ်ထဲမှာတော့ နင့်ကို သူငယ်ချင်းတစ်ယောက်လိုပဲ သဘောထားတယ်၊ သတ်သတ်မှတ်မှတ်ကြီး မဖြစ်သေးပေမယ့်လည်း ချစ်သူရည်းစားလို့ သဘောထားတဲ့အခါလည်း သဘောထားတယ်၊ တစ်ခါက ပြောခဲ့ဆိုခဲ့တဲ့စကားတွေအရ တစ်ချိန်ကျ လက်ထပ်ရမယ့် ကိုယ့်အိမ်ထောင်ဖက် တစ်ယောက်အနေနဲ့လည်း အမြဲခံယူပြီးသား၊ အဲဒါတွေ မေးမနေပါနဲ့ အိနီ၊ နင်ဘာပြောချင်လဲ ဘာလုပ်ချင်လို့လဲ၊ အဲဒါပဲ ပွင့်ပွင့်လင်းလင်း ပြောပါ"

အိနီ သက်ပြင်းချသည်။ ပြီးမှ . . .



"ငါလည်း အစကတော့ နင့်လိုပဲ သဘောထားပါတယ် ကိုဦး၊ ဒါပေမဲ့ နင်မသိလိုက်တဲ့အချိန် အတောအတွင်းမှာ ငါ့ဘက်က အပြောင်းအလဲတစ်ခု ဖြစ်သွားတယ်၊ အဲဒါက တခြားမဟုတ်ဘူး၊ ငါ လူတစ်ယောက်ကို အတော်လေး သွားတွယ်တာနေမိတယ်၊ ချစ်တယ်လို့ပြောတာ မဟုတ်ဘူးနော်၊ မှန်တာပြောရရင် ချစ်တယ်ဆိုတဲ့ကိစ္စကို ခုထိ နားမလည်သေးဘူး၊ ငါ စောစောကပြောခဲ့တာ အမှန်ပဲ၊ ငါ သူ့ကို တွယ်တာသွားတယ်၊ ဘာဖြစ်တာလဲဆိုတာတော့ ငါ့ဟာငါ နားမလည်ဘူး ကိုဦး"

ကျွန်တော့်မှာ ထပ်မံ၍ အံ့အားသင့်ရပြန်သည်။ အိနီသည် ဘယ်ကလူတစ်ယောက်နှင့် ဘယ်လိုများ ဆက်စပ်ကြပါသနည်း။ ကျောင်းပိတ်ရက်တုန်းက အနည်းငယ် အလှမ်းဝေးနေသည်မှအပ ထိုကိစ္စနှင့်ပတ်သက်၍ တစ်စွန်းတစ်စမှ သူပြောဖူးဆိုဖူးသည် မရှိ။ ကျောင်းဖွင့်တော့လည်း ကျောင်းမှာ သူနှင့်ကျွန်တော် နှစ်ယောက်တည်းသာ အတူရှိနေတတ်သည့်ကိစ္စ။

"နေပါဦး အိနီ၊ ပြောရင်လည်း ငါ့ကို အစအဆုံး ပြောဟာ၊ အဲဒီလိုကြီး ဖြတ်မပြောနဲ့၊ နင်ဘယ်ကနဲ့ ဘယ်လိုတွေ့လို့ ဘယ်လိုဖြစ်ပြီး တွယ်တာတာတို့၊ ကြင်နာတာတို့ ဖြစ်ကုန်ရတာလဲ၊ နင့်စကားကို ငါ ဘယ်လိုမှ အစရှာလို့ မရဘူး"

အိနီ ခေါင်းညိတ်သည်။

"ငါသိပါတယ် ကိုဦး၊ ဒီစကား ငါပြောရင် နင်ဘယ်လိုမှ နားလည်မှာ မဟုတ်ဘူးဆိုတာ ငါကြိုသိပါတယ်၊ နင်သိလိုက်စရာလည်း အကြောင်းမှမရှိတာ၊ အားလုံး နင့်ကွယ်ရာမှာ ဖြစ်သွားကြတာ၊ အေးပါဟာ ဒီနေ့တော့ နင့်ကို ငါအားလုံးဖွင့်ပြောမယ်လို့ ဆုံးဖြတ်ထားပါ

တယ်၊ ငါလည်း အဲဒါကြီး တအုံနွေးနွေးနဲ့ စိတ်ထဲမှာ နေရတာ မကောင်းဘူး၊ ဖြစ်သွားတဲ့ပုံစံက ဒီလို ကိုဦး . . . ”

ဤတွင် အိနီက ကျွန်တော်နှင့် ခဏကွဲနေခိုက် ဖြစ်သော ကျောင်းပိတ်ရက်တုန်းက သူနှင့်ဒီပါတို့ ဆုံခဲ့ကြုံခဲ့ရသည့် အဖြစ်လေး များ ပြောပြသည်။

ထိုအခါမှ ကျွန်တော်လည်း သူတို့အကြောင်းများကို သိခွင့် ရခြင်း ဖြစ်၏။

“မမအိနီ”

“ဟင်”

ထိုနေ့က မှတ်မှတ်မိမိ ကိုဦး ဒုတိယအကြိမ် သူတို့ ရန်ကုန် ိမ်သို့ လာသွားသည့်နေ့ ဖြစ်သည်။ ပထမတစ်ခေါက် ကိုဦးနှင့် သူ့ ဖေ ရန်ကုန်ဆင်းလာသေးသည်။ အောင်စာရင်းများ ထွက်ပြီး က္ကသိုလ်ဝင်ခွင့်များ တင်ရမည်ဆိုသောအခါ ရမှတ်ချင်းလည်း တိမ်းမယိမ်းမို့ မေဂျာတစ်ခုတည်း ရနိုင်သည့် သူနှင့် ကိုဦးကို အတူတူ ကျောင်းတက်နိုင်ရန်ဟု လူကြီးများက စီစဉ်ကြရန် ရောက်လာခြင်း ဖြစ်သည်။

တောင်ငူလိပ်စာဖြင့် ရန်ကုန်ကျောင်းတက်ဖို့ မလွယ်သဖြင့် ိုဦးကို တောင်ငူမှနေ ပုံစံ (၁၀) ဖြင့် သန်းခေါင်စာရင်းမှ ထွက်လာ ရန်ကုန် သူတို့အိမ်ထောင်စုစာရင်းထဲ ရွှေ့လိုက်သည်။ ဆွေမျိုး

တော်စပ်ပုံကိုတော့ အိနီအဖေ၏ တူဟု ဖြည့်သည်။

ပြီးတော့မှ နှစ်ယောက်အတူတူ တက္ကသိုလ်ဝင်ခွင့်ပုံစံများ တင်လိုက်ကြသည်။

ထိုအခါက်တွင် အိနီအဖေက အိမ်ထောင်စုစာရင်း ဝင်မည့် တူတူ သူတို့အိမ်ကပဲ ကျောင်းတက်ပါလားဟု ပြောသေးသည် ကိုဦး ဖေဖေရယ်ပြီး . . .

"မကောင်းပါဘူးဗျာ၊ ကိုဦးကို ရန်ကုန်မှာ အဆောင်ပဲထားပါ့ မယ်၊ အဆောင်ကိစ္စလည်း စုံစမ်းထားပါတယ်"

ဆို၍ စီစဉ်စရာရှိသည်များ စီစဉ်ပြီး ပြန်သွားကြသည်။

အခု ဒုတိယခေါက်ကျတော့ ကိုဦးတစ်ယောက်တည်း ကျောင်းတက်ဖို့ လာခြင်းဖြစ်၏။ ကိုဦး အဆောင်မှာနေသည်။ ရောက် ရောက်ချင်းပင် အိနီဆီလာပြီး နောက်နေ့မှာ ကျောင်းဝင်ပုံစံဖြည့်ဖို့ ငွေသွင်းဖို့ စီစဉ်သည်။

ညနေစောင်းကျမှ ကိုဦး သူ့အဆောင်သူ ပြန်သည်။ ကိုဦး အပြန်မှာ လမ်းထိပ်ကားဂိတ်အထိ အိနီ လိုက်ပို့သည်။

ကိုဦး ကားပေါ်တင်ပေး၍ ပြန်လှည့်ရုံရှိသေး ကျောဘက်မှ ကြားလိုက်သောအသံကြောင့် အိနီ အလန့်တကြား လှည့်ကြည့်လိုက် သည်။

"ဟင် . . . ကိုဒီပါ"

"ဟုတ်ပါတယ် အိနီ၊ မအိနီကို အကျိုးအကြောင်း ပြောစရာ လေး ရှိလို့ပါ၊ ဒါပေမဲ့ အိနီလည်း ကျွန်တော့်ကို စကားပြောဖို့ အချိန် ပေးနိုင်မယ် မထင်လို့ ကျွန်တော် စာနဲ့ပဲ ရေးယူလာခဲ့ပါတယ်၊ ရော့ . . . အိနီ"



"အို"

ရုတ်တရက် ကားမှတ်တိုင်ကြီးမှာ သူပေးတာကို ယူဖို့ ခက် ားသဖြင့် အိနီ တွန့်သွားသည်။ ရိပ်မိပုံရသော ဒီပါက . . .

"ယူလိုက်ပါ အိနီ၊ ကျွန်တော် အကြာကြီး မအိနီနဲ့ ရပ် ားပြောနေဖို့ ရည်ရွယ်ချက် မရှိပါဘူး၊ ဘေးလူတွေ မြင်ရင်လည်း အိနီ သိက္ခာချစရာဖြစ်မှာ ကျွန်တော် စိုးရိမ်မိပါတယ်၊ ကျွန်တော့်မှာ ိုးသားတဲ့ ရည်ရွယ်ချက် မရှိပါဘူး"

ဖြေရှင်းချက်တွေ တသီတတန်းကြီး ဆက်ပေးနေသဖြင့် နီ ဘာမှမပြောတော့ဘဲ သူကမ်းပေးသည့် စက္ကူအိတ်ထူထူတစ်ခု မ်းယူလိုက်သည်။

"ကျွန်တော်သွားမယ် အိနီ"

လက်ထဲရောက်သည်နှင့် ဒီပါက နှုတ်ဆက်စကား ပြောပြီး နားက ခပ်သွက်သွက် ထွက်သွားသည်။

အိနီ နည်းနည်းတော့ အူကြောင်ကြောင်ဖြစ်၍ ကျန်နေခဲ့ ။

ထိုအကြောင်းများပြောစဉ်က အိနီ၏စကားစဉ်ကို စိတ်ဝင် နေသောကြောင့် ကျွန်တော့်မှာ အခြားအတွေးပင် ဝင်ချိန်မရ။

သို့သော် နောင်သောအခါ ဤကိစ္စပြန်တွေးတိုင်း ကျွန်တော့်

ဘက်က နောင်တတစ်ခု အမြဲရသည်။ နောင်တဆိုသော်လည်း အမှား တစ်ခုကို တွေး၍နေသော နောင်တမဟုတ်။ အမှန်တရားကို ဦးစား ပေးလွန်းခြင်းအတွက် ကိုယ့်ဘက်က ခံရခြင်းဖြစ်သည်ဆိုသော နောင် တမျိုးသာ ဖြစ်သည်။

အမှန်က ကျွန်တော်သာ ဒီလောက် အဆင်ခြင်ဉာဏ် မကြီး ခဲ့လျှင် အိနီ သည်ကပင် ဖြစ်မည်မဟုတ်။

အိနီပြောသည့် ပထမတစ်ခေါက်၊ ဒုတိယတစ်ခေါက် ရန်ကုန် ကျွန်တော်ရောက်သည်ဆိုသော စကားထဲမှာ သူ မသိလိုက် သော ကျွန်တော့်ဘက်က ဆင်ခြင်မှုတွေ အများကြီး လုပ်ခဲ့ရသည်။

အထူးသဖြင့် သူတို့အိမ်က ကျောင်းတက်ဖို့ဆိုသည့်ကိစ္စ။

"ဘယ်လိုလဲ ကိုဦး၊ မင်းယောက္ခမက မင်းကို သူတို့အိမ်က နေ ကျောင်းတက်ဖို့ပြောတော့ မင်း ဖိုးကျိုင်းတုတ် ဖြစ်မသွားဘူးလား"

အိနီတို့အိမ်မှာ ပြောခြင်းမဟုတ်။ အပြန်လမ်းကျမှ အငှား ကားပေါ်တွင် ပြောဖြစ်ခြင်း ဖြစ်သည်။ ကျွန်တော်က ရယ်နေသော အခါ ဖေဖေကပင် ဆက်၍ . . .

"မင်း နေချင်တော့နေပေါ့ကွာ၊ ဒါပေမဲ့ ဖေဖေက တစ်ခုစဉ်း စားလို့ ငြင်းထားခဲ့တာပါ၊ မင်း သိပ်နေချင်တယ်ဆိုလည်း ကိုရဲရေ ကျွန်တော့်သားက ခင်ဗျားအိမ်ကပဲ ကျောင်းတက်ချင်တယ် ပြောနေ တယ်ဆိုပြီး ထားလို့ရပါတယ်၊ မင်းသဘောက ဘယ်လိုလဲ"

ဒီတစ်ခါတော့ ကျွန်တော် ရယ်နေ၍ မရတော့သဖြင့် . . .

"ဖေဖေက ဘာလို့ ကျွန်တော့်ကို မနေစေချင်တာလဲ"

"မကောင်းဘူးပေါ့ကွာ၊ သူတို့အိမ်က မင်းမြင်တဲ့အတိုင်းပဲ၊ စုစုပေါင်းမှ အခန်းလေးနှစ်ခန်း ရှိတာ၊ မင်းတစ်နေရာအတွက် သူတို့



လည်း ကျဉ်းကျပ်မှာပဲ၊ အဲဒါထက် ဆိုးတာက သူ့သမီးနဲ့မင်းနဲ့ အရမ်း နီးစပ်သွားမှာ စိုးရတယ်၊ အနေသိပ်နီးလို့ မဖြစ်သင့်တာတွေ ဖြစ်ကုန် ရင် တို့ယောကျ်ားလေးဘက်က အကြောင်းမဟုတ်ပေမယ့် တစ်ဘက် မိန်းကလေးဘက်မှာ နစ်နာသွားနိုင်စရာတွေ အများကြီး ရှိတာပေါ့၊ ပတ်ဝန်းကျင်အမြင်မှာလည်း ဘယ်ကောင်းမလဲ"

ထိုစကားတစ်ခွန်းနှင့်ပင် ကျွန်တော် ဖေဖေ့ကို မနေတော့ဘူး ဟု ပြောဖြစ်သွားခြင်း ဖြစ်သည်။

အကယ်၍ ကျွန်တော်သာ သူတို့အိမ်မှာ နေလိုက်မည်ဆို လျှင် ဒီပါနှင့်ကိစ္စသည် ပေါ်လာစရာမရှိ။

ခုတော့ . . .။

ကျွန်တော့်ဆီက ဒီစာကိုရလို့ မအိနီ အံ့ဩချင် အံ့ဩသွားပါလိမ့်မယ်။

ဒီလိုပါ မမအိနီ ...

မမအိနီကို ကျွန်တော်ကျေးဇူးတင်ပါတယ်ဆိုတဲ့ အကြောင်း ပြောချင်လို့ပါ။ ကျွန်တော့်ဘက်က ရိုင်းစိုင်း သလိုဖြစ်သွားတဲ့ အပြုအမူတွေအတွက်လည်း တောင်းပန် ပါတယ်။

ဘယ်လိုပြောမလဲ မမအိနီရယ်။

ကျွန်တော့်ဘဝဟာ ချောင်ပိတ်ပြီး အနိုပ်အစက်ခံရတဲ့ ခွေးတစ်ကောင်လို ဖြစ်နေခဲ့တာပါ။ အမေကလည်း ကျွန်တော့်ကို စောစောစီးစီး ပစ်ခွာသွားခဲ့တယ်၊ ကျန်ရစ်တဲ့ အဖေတစ်ယောက်အားကိုးမယ် မျှော်မိပြန်တော့လည်း အဖေလုပ်တဲ့လူက ဥပေက္ခာပြုရုံမကဘဲ တစ်ခါတစ်ခါ ရက်စက်မှုတွေတောင် အဆစ်ထည့်ပေးတယ်။

ဆွေမျိုးညီအစ်ကိုမောင်နှမတွေကလည်း မသိတဲ့ အတိုင်းပဲ ကျွန်တော့်ကို ခွေးဝင်စားတစ်ကောင်လောက် တောင် တန်ဖိုးမထားပါဘူး။ ခွေးဝင်စားတစ်ကောင်ကိုမှ ထမင်းကြမ်းခဲတစ်ခဲ အလွယ်တကူပစ်ကျွေးရင် ကျွေး မယ်။ ကျွန်တော့်ကို ထမင်းတစ်ခဲကျွေးဖို့ သိပ်ဝန်လေး ကြတယ်။

ကျွန်တော့်ကို ဘိန်းစားတဲ့၊ ဆေးသမားတဲ့၊ ကလေ ကချေဘဝနဲ့ ခွေးလိုနေပြီး ခွေးလိုသေမယ့်ကောင်တဲ့။

ကျွန်တော့်အဖေနဲ့နေတုန်းက မူးယစ်ဆေးဝါးသုံးခဲ့ ဖူးပါတယ် မမအိနီ။ အဲဒီအချိန်က စိတ်တွေလေဖြစ်ပြီး ဘဝမှာ လေလွင့်ခဲ့တဲ့အချိန်ပါ။ ခုချိန်မှာ ကျွန်တော် ဒါတွေ မလုပ်နိုင်တော့ပါဘူး။ ကျွန်တော့်မှာ ထမင်းစား ဖို့တောင် အနိုင်နိုင်ဆိုတာ မမအိနီသိပါလိမ့်မယ်။

ကျွန်တော့်အနေနဲ့ ထမင်းစားတဲ့ကိစ္စကို စိတ်နာနေရ တာလဲ။ ဒါကြောင့်ပါပဲ။ ဒီထမင်းလုတ်အတွက် ကျွန်တော် ခါးသီးစက်ဆုတ်စရာကောင်းတဲ့ သံယောဇဉ်မဲ့မှုတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒါကြောင့် ကျွန်တော်မြတ်နိုးတဲ့ အန



ပညာတေးဂီတသီချင်းလေးတွေနဲ့ပဲ ဘဝကို အထီးကျန် တည်ဆောက်ခဲ့တယ်။

လောကကြီးကိုလည်း အဆိုးမြင်၊ အမှောင်မြင်ဝါဒနဲ့ပဲ ရင်ဆိုင်ခဲ့တယ်။

ပြောရရင်တော့ ရင်ဆိုင်ရတဲ့အားငယ်စရာ နာကြည်း စရာတွေ အများကြီးပေါ့။ စေတနာတို့ သံယောဇဉ်တို့ ဆိုတာတွေကိုလည်း မုန်းတီးချင်လာတယ်၊ ဒါတွေဟာ ပကာသနတစ်ခုတစ်ရာ သတ်မှတ်ချက်ပေါ်မှာ မှီခိုနေကြ တာပဲလို့လည်း တစ်ယူသန်ဆုံးဖြတ်ထားခဲ့တယ်။

ဒါကြောင့်လည်း ထွေးထွေးရဲ့ စေတနာကိုက အစ ကျွန်တော် မထိမဲ့မြင်ရှိခဲ့တယ်။ ဒီမိန်းကလေးဟာ အလွန် စိတ်ထားဖြူစင်တဲ့ မိန်းကလေးပါ။ ဒါပေမဲ့ သူ့အနေနဲ့ ကျတော့ ကျွန်တော့်အယူအဆတွေကို မှန်သည်ဖြစ်စေ မှားသည်ဖြစ်စေ တစ်ထပ်တည်းခံစားတတ်ဖို့ပဲ အားထုတ် တတ်တယ်၊ ကျွန်တော့်ကို ဆန့်ကျင်ပြီး သူ ဘာတစ်ခုမှ မလုပ်ရဲခဲ့ဘူး။

မမအိနီကျတော့ ဒီလိုမျိုး မဟုတ်ဘူး။

မမအိနီက ဘဝကို ကိုယ်တိုင်အောင်မြင်မှုရအောင် လှုပ်နိုင်နေသလို ရဲရဲမြင် ရဲရဲရင်ဆိုင်ရဲတဲ့သတ္တိလည်း ရှိတယ်။ ကိုယ့်စေတနာကို ကိုယ်ဘယ်လိုပြဌာန်းရမယ်ဆို တာလည်း သိထယ်။

မမအိနီနဲ့ ဆုံဆည်းခြင်းဟာ ကျွန်တော့်ဘဝကို တစ်မျိုးတစ်ဖုံပြောင်းအောင် လုပ်ပေးနိုင်တဲ့ကိစ္စတစ်ခု ဖြစ်

လာတယ်။ မမအိနီတို့ ပြန်သွားပြီး အကြာကြီးနေတဲ့အထိ ကျွန်တော် အဲဒီနေ့က မပြန်ဘဲစဉ်းစားနေခဲ့ပါတယ်။

မမတို့ပြောသွားတဲ့ စေတနာနဲ့သံယောဇဉ်ဆိုတဲ့ စကားတွေကလည်း ကျွန်တော့်ရင်ကို အကြိတ်အနယ် တိုက်ခိုက်ဝေဖန်ကြတယ်။ နောက်ဆုံးမှာ မမပြောသွားတဲ့အတိုင်းပဲ ကျွန်တော့်ဘဝကို ကျွန်တော် ကြိုးစားပြီး ပြုပြင်မယ်လို့လည်း သန္နိဋ္ဌာန်ချခဲ့တယ်။

ကျွန်တော့်ဘဝရဲ့ ထွက်ပေါက်ဟာ ကျွန်တော်မြတ်နိုးတဲ့ အနုပညာလောကထဲမှာပဲ ရှိတယ်ဆိုတာ ကျွန်တော်သိပါတယ်။ ဒါပေမဲ့ လောကကြီးတစ်ခုလုံးကို မျက်ကွယ်ပြုဖို့ ကြိုးစားနေတဲ့ ကျွန်တော့်အတွက် အဲဒီအနုပညာလောကကြီးကိုလည်း စိတ်ပျက်စရာအဖြစ်ပဲ မြင်နေမိတယ်။

ကျွန်တော် တစ်ချိန်ကလည်း အနုပညာလောကထဲဝင်ဖို့ ကြိုးစားပါသေးတယ် မမအိနီ။ ဒါပေမဲ့ ကျွန်တော်စိတ်ပျက်စွာနဲ့ စွန့်ခွာခဲ့ရတယ်။ သိတယ်မဟုတ်လား။ အနုပညာလောကဆိုတာ အရည်အချင်းကို ကျော်ကြားမှုနဲ့ပဲ တိုင်းတာကြတာ၊ လူသစ်တစ်ယောက်အတွက် အနုပညာမျက်နှာစာဟာ သိပ်မတ်စောက်လွန်းတယ်။

ဒီလောကမှာ လူသစ်တစ်ယောက်ကို လက်တွဲခေါ်ချင်တဲ့လူ ရှားတယ်၊ လက်နဲ့ဖိထားဖို့ ပုတ်ထုတ်ဖို့ ကြိုးစားတဲ့သူကပဲ အများစု။ အောင်မြင်မှုမရခင်စပ်ကြားမှာ လူသစ်တစ်ယောက်ဟာ ကျွန်လိုလည်း နေရတာပဲ၊ နွားလိုလည်း



ရုန်းရတာပဲ၊ ခွေးလိုလည်း မကြာခဏ အမြီးနှံ့ပြနေရတယ်၊ ဒီကြားထဲက တစ်ခါတစ်ခါ မျက်နှာငယ်ငယ်နဲ့ ချောင်ထိုးတာ ခံရင်ခံနေရတာ။

ဒါကြောင့် ပထမအကြိမ်တုန်းက စိတ်ပျက်ပြီး ကျွန်တော် စွန့်ခွာခဲ့တာပေါ့။

ကိုယ့်အနုပညာနဲ့ကိုယ် လောကကျဉ်းကျဉ်းလေးပဲ တည်ဆောက်ပြီး အငတ်ခံကျေနပ်နေရတာ ကောင်းသလိုလို ဖြစ်နေခဲ့တယ်။

ခုတော့ ကျွန်တော် မမစကားတစ်ခုတည်းနဲ့ပဲ ကြိုးစားပြုပြင်ကြည့်နေပါတယ်။ အနုပညာပတ်ဝန်းကျင်မှာ အနှိမ်ခံရတာ၊ အပယ်ခံရတာ၊ ခိုင်းဖတ်ဘဝနဲ့ နေရတာကို လှေကားထစ်တစ်ထစ်လို့ သတ်မှတ်ရင် ကျွန်တော်လည်း တစ်နေ့အောင်မြင်မှု ရမှာပေါ့လို့ ပြောင်းစဉ်းစားထားပါတယ်။

မမပြောသလို ကိုယ့်ပရိသတ်ကို လေးစားရမယ်။ တန်ဖိုးထားရမယ်။ ကျယ်ပြန့်အောင်လည်း လုပ်ယူရမှာပေါ့။

ကျွန်တော် ကြိုးစားပါ့မယ် မမရယ်။ မမတို့ရဲ့ အကြင်နာနဲ့ စေတနာ သံယောဇဉ်ကို တုံ့ပြန်တဲ့အနေနဲ့ ကြိုးစားပါ့မယ်။ ဘာတွေ ရင်ဆိုင်ရ ရင်ဆိုင်ရ ကျွန်တော် အောင့်အည်းခံပြီး ကြိုးစားနိုင်ပါတယ်။

မမကိုလည်း ကျွန်တော် အရမ်းအားကိုးပါတယ်။ တွက်ကြည့်ရင် မမနဲ့ကျွန်တော် အသက်ချင်းကွာလှရင်

နည်းနည်းပဲဖြစ်မှာပါ။ ကျွန်တော် တစ်လပိုင်းလောက်ပဲ ငယ်ချင်ငယ်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က ရှစ်တန်းနဲ့ ကျောင်းထွက်ပြီး လေနေခဲ့တာဆိုတော့ ကျောင်းသာဆက်တက်ရင် မမလိုပဲ ဒီနှစ်တက္ကသိုလ်တက်ရဖို့ ပြင်ဆင်နေရမယ့်လူပါ။

ဒါပေမဲ့ မမကို ကျွန်တော့်ရွယ်တူတစ်ယောက်အနေနဲ့ ခံစားလို့မရဘူး။ ကျွန်တော့်ထက်ကြီးတဲ့အစ်မတစ်ယောက်လို၊ ကျွန်တော့်ကို ဆုံးမပဲ့ပြင်နိုင်တဲ့ အစ်မတစ်ယောက်လိုပဲ အားကိုးတွယ်တာမိတယ်။ ဒါကြောင့် ဒီစာကနေစပြီး မမလို့ ကျွန်တော် ပြောင်းခေါ်ပါရစေ၊ ကျွန်တော့်ကိုလည်း ဒီပါလို့ ခေါ်ပါ။ ပြီးတော့ ကျွန်တော့်ကို ဆုံးမပါ။

ရှေ့လျှောက် ရင်ဆိုင်ရမယ့် ကြမ်းတမ်းတဲ့ အောင်မြင်မှုလမ်းကို လျှောက်တဲ့အခါမှာတဲ့ မမကို ကျွန်တော် ဦးဆောင်လမ်းပြသဖွယ် သဘောထားပါရစေ။

ဒါကြောင့် မနက်ဖြန်ညမှာ ကျွန်တော့်အဖွဲ့တီးမယ့် စတိတ်ရှိုးကိုလည်း မမနဲ့ထွေးထွေးကို လာကြည့်နိုင်ရင် ကြည့်ဖို့ လက်မှတ်နှစ်စောင် ထည့်ပေးလိုက်ပါတယ်။ အဲဒီမှာ ကျွန်တော် ပထမဆုံးအနေနဲ့ သီချင်းတစ်ပုဒ် နှစ်ပုဒ် စ,ဆိုခွင့် ရပါမယ်။

ကျွန်တော့်အနုပညာကို အကဲဖြတ်ပေးပါ။

ပရိသတ်တစ်ယောက်အနေနဲ့လည်း ကျွန်တော့်ကို ဝေဖန်ပေးပါ။

မမတို့ အားသစ်လောင်းပေးလိုက်တဲ့ စိတ်ဓာတ်တွေနဲ့



ဒီပါတစ်ယောက် စင်ပေါ်ကနေ ကြိုးစားအားထုတ်ပြချင်ပါတယ်။

ကျွန်တော့်ကို ခွင့်လွှတ်နားလည်မယ်ဆိုရင် ခဏဖြစ်ဖြစ် ကြွခဲ့ကြပါလို့ မေတ္တာရပ်ခံပါတယ်။

ဒီပါ

အိန္ဒိက စာဖတ်ပြီးနောက် စာဖြင့်ပူးတွဲပါလာသော ဂီတဝိုင်း လက်မှတ်နှစ်စောင်ကို ကြည့်သည်။

ပွဲလုပ်သည့်နေရာက သူတို့နေသော မရမ်းကုန်းမြို့နယ်အတွင်းရှိ အားကစားကွင်းထဲမှာ။ အိမ်နှင့်ဆိုလျှင် သိပ်တော့အလှမ်းဝေးလှသည်မဟုတ်။ သို့သော် ဒီလိုညပွဲမျိုးကို တစ်ယောက်တည်းလွှတ်လေ့လွှတ်ထမရှိသည့် ဖေဖေနှင့်မေမေတို့ကို ဘယ်လိုပြောရမည်မသိ။

ထွေးထွေးတော့ အဖော်ပါသည်။

တစ်နည်းနည်းနှင့်ဖြစ်အောင် ကြိုးစားပြီး သွားကြည့်မည်ဟုဆုံးဖြတ်သည်။ ဘာပြောပြော ကိုယ့်ကြောင့် လူတစ်ယောက်ဘဝအဲလိုပြောင်းလဲသွားသည်ဆိုသည့်ကိစ္စသည် မင်္ဂလာရှိသော ကိစ္စတစ်ရပ်ပင်။

သူ့ခမျာလည်း ကိုယ့်ကို အားကိုးတကြီးနှင့် တကူးတက

ဖိတ်ထားသည့်ကိစ္စ။ ဖြစ်နိုင်လျှင် ကြားဖူးနေပြီဖြစ်သော သူ့သီချင်းများထဲမှ ဘာသီချင်း ဘာသီချင်းလေးတွေ ဆိုဟုပင် စီမံခန့်ခွဲပေးလိုက်ချင်သေးသည်။ အနုပညာကို ဖန်တီးသူနှင့် ခံစားသူကြားမှာ တစ်ခါတစ်ရံ အမြင်မတူသော ဖြစ်ရပ်တွေရှိတတ်သည်။

သူက အလေးအနက်နှင့် အားကြိုးမာန်တက် ဖန်တီးထားပေမယ့် တစ်ခါတစ်ရံ ပရိသတ်နားနှင့် စွဲချင်မှစွဲသည်။ သူ့ဟာသူ ခပ်ပေါ့ပေါ့ ခပ်သွက်သွက် ဖန်တီးထားသော ကိစ္စများက ပရိသတ်ဘက်ကြတော့ အရမ်းနှစ်သက်စရာဖြစ်ချင်ဖြစ်နေတတ်သည်။

သို့အတွက် ထွေးထွေးနှင့် တိုင်ပင်ပြီး ထိုည တီးဝိုင်းပွဲကို ဖြစ်အောင် သွားကြည့်မည်။ အချိန်ရလျှင် အခြားသီချင်းများနှင့်တွဲ၍ 'မောင်ပန်းမှုန်ရည်' ကို ဆိုဖို့လည်း အကြံပေးမည်ဟု အိနီ စဉ်းစားသည်။

ထိုအချိန်တွင် ဒီပါသည် အိနီတို့အိမ်ရှေ့က သူ့ယောက်ဖအိမ်မှာ မနေတော့။

ထိုတီးဝိုင်းခေါင်းဆောင်အိမ်သို့ ပြောင်းရွှေ့နေထိုင်လျက်ရှိ၏။

"ဘယ်သွားချင်လို့ပါလဲ ခင်ဗျာ၊ ဒီဘက်က တီးဝိုင်းသမားနဲ့ အဆိုတော်တွေပြင်ဖို့ ဆင်ဖို့ နားဖို့ လုပ်ထားတဲ့နေရာပါ၊ အပြင်လူတွေ ဝင်လို့မရပါဘူး"

ထိုနေ့က ဆိုပွဲတီးပွဲကျင်းပသည့်နေရာသို့ အိနီနှင့် ထွေးထွေးတို့ ပွဲမစခင်ပင် ရောက်သွားသည်။

ပထမတော့ အိမ်ကို ခက်ခက်ခဲခဲ ပြောရမည်ဟု ထင်ထားသော်လည်း ထွေးထွေးလည်း အဖော်ပါ၊ ရန်ကုန်မှာ ဒီပွဲမျိုး ဒီလိုကြည့်တာ သိပ်မဆန်းဟု ယူမှတ်သွားသလားမသိ။ ဝေးလည်း သိပ်မဝေးသောခရီးမို့ အိမ်က လွယ်လွယ်ကူကူပင် လွှတ်လိုက်သည်။ သို့သော် အပြန်သိပ်ညဉ့်မနက်ရန်တော့ မှာလိုက်သည်။

နည်းနည်းစောရောက်သွားသဖြင့် သူ့စိတ်ကူးအတိုင်း ဒီပါ့ကို နည်းနည်းပါးပါး အကြံလေးဘာလေးပေးနိုင်ရန် တီးဝိုင်းအဖွဲ့

ပြင်ဆင်သည့်နေရာဘက် လျှောက်ခဲ့သည်။

အကာအရံများရှိသော နေရာထိပ်မှ လူတစ်ယောက်ယောက်က တာဝန်ဖြင့် လာရောက်မေတ္တာရပ်ခံသည်။ အိနီက ပြုံးပြလိုက်ပြီး . . .

"ကျွန်မတို့ ဒီတီးဝိုင်းက ကိုဒီပါနဲ့ ခဏတွေ့ချင်လို့ပါ၊ မေတ္တာလက်မှတ်တောင်းဖို့ကိစ္စ၊ မိတ်ဆက်ဖို့ကိစ္စမဟုတ်ပါဘူး၊ ကျွန်မတို့က သူ့အစ်မနဲ့ညီမပါ ခဏလေး အကြောင်းကြားလို့ရရင် အကြောင်းကြားပေးပါ"

ပြောမယ့်ပြောတော့ မထူးသဖြင့် တစ်လက်စတည်း မိမိတို့ကို အထင်မသေးစေရန်ပါ ကာကာကွယ်ကွယ်လေး လုပ်ပြောလိုက်သည်။ ထိုအခါကျမှ တာဝန်ရှိသူက နည်းနည်းဂရုစိုက်သွားပြီး . . .

"ဒါဖြင့် ခဏလေး ဒီကစောင့်ဗျာ၊ ကျွန်တော် တစ်ယောက်ယောက်ကိုခေါ်ပြီး ပြောခိုင်းလိုက်ပါ့မယ်၊ ဘယ်လိုမှ မအောက်မေ့ပါနဲ့၊ ကျွန်တော်က တာဝန်အရ အခုလို လုပ်ရတာပါ"

"ရပါတယ်"

သူတို့နှစ်ယောက် ရပ်စောင့်နေစဉ် ထိုပုဂ္ဂိုလ်က အနားတွင်ရှိသော ရင်ဘတ်တံဆိပ်ဝိုင်းတပ်ထားသည့် လူငယ်တစ်ဦးအား ခေါ်ပြီး ဒီပါထံ အကျိုးအကြောင်း ပြောရန် ခိုင်းသည်။

ခဏကြာသောအခါ ဒီပါတစ်ယောက် အူယားဖားယား ပြေးလာသည်ကို တွေ့ရ၏။

"ဟာ . . . မမတို့ပါလား၊ ဝင်ခဲ့လေ မမရာ၊ ထွေးလည်းလာ၊ ဩော် . . . ဆရာ၊ ဒါ ကျွန်တော့်အစ်မနဲ့ညီမပါ သူတို့အတွက် အထူးလက်မှတ်ရှိပြီးသားပါ၊ ကျွန်တော် အထဲကပဲ ပို့ပေးလိုက်မယ်"



တာဝန်ရှိသည်ဆိုသောပုဂ္ဂိုလ်က ဒီအခါကျတော့လည်း ပြုံး၍ အလွယ်တကူပင် ခေါင်းညိတ်သည်။

"လာ . . . မမ၊ ဒီဘက်ကိုလာ၊ စင်နောက်ဘက်မှာ ထိုင်စရာတွေရှိတယ်"

လောလောဆယ် ပြင်ဆင်နေဆဲအချိန်မို့ ထင်သည်။ ဒီပါတစ်ယောက် ခါတိုင်းလိုပင် တီရှပ်အင်္ကျီနှင့် ဂျင်းဘောင်းဘီအနွမ်းကိုပင် ဝတ်ထားသေးသည်။ သို့သော် ခါတိုင်းနှင့်မတူသောကိစ္စက အပြောအဆို အမူအရာအားလုံး လေးလံလျော့ရဲမနေတော့ဘဲ သွက်လက်ဖျတ်လတ်နေခြင်းဖြစ်သည်။ မျက်နှာပေါ်တွင် မြင်ရခဲသော အပြုံးတစ်ခုကိုပင် ထူးထူးဆန်းဆန်း ဖြစ်နေရ၏။

"လာ . . . မမထိုင်၊ ဩော် . . ထွေးလည်း ထိုင်၊ ညီမ . . . ရော့ ခုံ"

ပြောင်းတာကတော့ အတော့်ကို ပြောင်းသွားပြီဟု အိနီသတိထားမိသည်။ မိမိအပေါ်လည်း အရမ်းဦးစားပေး ရိုသေနေသည့်အဖြစ်ကို ဂရုပြုမိ၏။ ထိုင်ခုံပေးသည်ကအစ သူ့အတွက် ထိုင်ခုံကိုလက်နှစ်ဖက်ဖြင့် မ,၍ ထိုင်ဖို့ အဆင်သင့်ဖြစ်အောင် အသာချပေးသည်။ ထွေးထွေးကို ချသောခုံကို လက်တစ်ဖက်ဖြင့် ဆွဲပေးပြီး ညွှန်ရုံသာညွှန်ပြသည်။

ပြီးမှ မျက်နှာချင်းဆိုင်ဘက်တွင် ထိုင်ခုံတစ်ခု ချထိုင်ရင်း . . .

"ကျွန်တော် အရမ်းဝမ်းသာတာပဲ မမအိနီ၊ တကယ်ပြောတာပါ၊ ကျွန်တော့်စိတ်ထဲမှာ မမတို့လာမှ လာပါ့မလားလို့တောင် အောက်မေ့နေတာပဲ၊ ပြော မမ . . . ဘာသောက်မလဲ အအေးသောက်မလား၊

အပူသောက်မလား၊ မမတို့ကြိုက်တာ ကျွန်တော်မှာပေးမယ်"

"မသောက်တော့ပါဘူး ဒီပါရယ်၊ ထွေးထွေးဖို့ပဲ မှာချင်မှာပါ ထွေးထွေး ဘာသောက်မလဲ"

"ဟင့်အင်း . . . မသောက်တော့ဘူး မမအိနီ"

ထွေးထွေးက ပြုံးတုံးကြောင်တောင်ဖြင့် ပျာပျာသလဲ ဝင်ဖြေသည်။ သူ့မျက်လုံးထဲမှာလည်း အရာရာကို ထူးဆန်းအံ့ဩနေသည့် အရိပ်အယောင်များ မြင်နေရ၏။

"မဟုတ်သေးပါဘူး တစ်ခုခုသောက်ပါ၊ ဒီလိုလုပ်လေ မမတို့ မေးလို့လည်း ရမှာမဟုတ်ဘူး၊ ကျွန်တော့်ဟာ ကျွန်တော်ပဲ တိုက်ချင်တာ တိုက်မယ်၊ ကျွန်တော် ဧည့်ခံတာကိုတော့ မမတို့ မငြင်းနဲ့"

ပြောပြောဆိုဆိုနှင့် လှစ်ခနဲ ထသွားပြန်သည်။ ထွေးထွေးက အိနီနားကပ်ပြီး . . .

"ဘယ်လိုဖြစ်သွားတာလဲ မမအိနီ၊ ကိုဒီပါပုံစံ အရမ်းပြောင်းသွားတာပဲ"

အိနီက ပြုံးပြီး ခေါင်းညိတ်သည်။ ပြီးမှ သူ့ခေါင်းမှ သူပန်လာသည့် ပန်းရောင်နှင်းဆီပွင့်လေးကို လက်ဖြင့် အသာပြင်ရင်း . . .

"စိတ်ဓာတ်ပေါ့ ထွေးထွေးရယ်၊ စိတ်ဓာတ်တက်ကြွနေတော့လည်း လူပါ ဖျတ်လတ်သွက်လက်လာတာပေါ့"

"မမကိုလည်း သူက မမတဲ့လား"

ထွေးထွေးစကားကြောင့် အိနီပင် သဘောကျပြီး ခစ်ခနဲရယ်လိုက်၏။

ထွေးထွေးကို ပွဲကြည့်ဖို့ လက်မှတ်အကြောင်းသာ ပြောဖြစ်သော်လည်း စာကိုမပြဖြစ်သဖြင့် ဤကိစ္စဇာစ်မြစ်ကို မသိရှာ။



အိနီက ရယ်ရင်း . . .

"သူက မမကို အစ်မတဲ့၊ ထွေးထွေးကို ညီမတဲ့၊ မမက သူ့ကို းမစရာရှိရင် ဆုံးမနိုင်အောင်လို့တဲ့ ထွေးထွေးရေ"

ထွေးထွေးက မျက်လုံးပြူးရင်း . . .

"အမယ်လေး သူကများ"

နှစ်ဦးသား ခိုးခိုးခစ်ခစ်ရယ်ဖြစ်သည်။

ပွဲခင်းကြီးက မီးရောင်စုံလင်းလက်၍ လှုပ်လှုပ်ရှားရှား စည် ားနေ၏။

"ဒီခုတော့ အဆင်ပြေတယ် မဟုတ်လား ဒီပါ"

ဒီပါဝယ်လာသည့် စပတ်ကလင်ပုလင်းကို အသာစုတ်ယူ း အိနီက မေးသည်။ ဒီပါက ပြုံးရင်း . . .

"မဆိုးပါဘူး မမရယ်၊ စားဝတ်နေရေးလေးကတော့ အဆင် ပြေပါပြီ၊ အရင်ကလို သိပ်အောက်ကျစရာတော့ မရှိတော့ဘူးပေါ့၊ ျွန်တော်တို့ အဖွဲ့ခေါင်းဆောင်ကလည်း သဘောသိပ်မဆိုးပါဘူး၊ ျွန်တော်သည်းခံပြီး သူတို့စိတ်ကြိုက် လုပ်ပေးနေမှန်းသိတော့ ဒီပွဲက ပြီး ကျွန်တော့်ကို စ,ပွဲထုတ်ပေးပါတယ်၊ နည်းနည်းတော့ အနာခံရ တပေါ့လေ၊ တကယ့်အဆိုတော်လိုတော့ ပိုက်ဆံတွေဘာတွေ မရ သေးဘူး၊ ကျွန်တော် ရှေ့ပွဲတွေ လိုက်တီးပေး ဘာပေးလုပ်ခဲ့တဲ့

အတွက် အဝတ်အစားတော့ ဆင်ပေးပါတယ်၊ ကျွန်တော်တို့ စ,တီး
ရင် မမတွေ့မှာပါ ဝတ်စုံတစ်စုံဖိုးကလည်း နည်းတော့ မနည်းဘူး"

"ကြိုးစားပေါ့လေ၊ ပရိသတ်နဲ့ကိုယ် ထိတွေ့ခွင့်ရတဲ့အချိန်မှာ
သာ ကိုယ့်အနုပညာကို ပြခွင့်ရတာပဲ၊ ပရိသတ်က လက်ခံရင် ဒီထက်
ပိုအခွင့်အရေးတွေ ရလာမှာပါ၊ ဒါနဲ့ ဒီပ့ါကို တို့ အကြံတစ်ခုပေးမလို့"

"ဘာလဲ မမ ပြောပါ"

"ဒီည ဘယ်နှစ်ပုဒ်ဆိုရမလဲ"

"အဲဒါတော့ မပြောတတ်သေးဘူး မမ၊ ကျွန်တော်တို့က ပင်
တိုင်ဝိုင်းကဆိုတော့ ဖိတ်ထားတဲ့ စူပါတွေကို ဦးစားပေးရမှာပေါ့၊ သူတို့
မရောက်လာသေးခင်တို့၊ သူတို့ စင်ကူးပြီးဆိုချိန်ကြားမှာ ဝင်ဖြည့်
ပေးဖို့လောက်တို့ပဲ လုပ်ရမှာ၊ နှစ်ပုဒ်လောက်တော့ ဆိုရမယ်ထင်တယ်၊
အဆင်သင့်ရင်လည်း သုံးပုဒ်ပေါ့"

"အဲဒါဆို ဒီပါဆိုနေကျ မောင့်ပန်းမှုန်ရည်ကိုလည်း ထည့်
ဆိုဖြစ်အောင်ထည့်ဆိုနော်၊ အဲဒါလေးက အသံရော စာသားလေးပါ
ချစ်စရာကောင်းတယ်"

"ဟာ မမက ဆိုခိုင်းရင် ဆိုမှာပေါ့၊ ကျွန်တော်လည်း အဲဒီ
သီချင်းလေးကို ကြိုက်ပါတယ်၊ ထွေးကတော့ ဘာဆိုခိုင်းဦးမလဲ"

"ထွေးထွေး မပြောတတ်ပါဘူး၊ ကိုဒီပါကြိုက်တာ ဆိုပါ"

"ဩော် . . . နောက်တစ်ခုက အဲဒီသီချင်းဆိုရင် ပန်း
ကလေးတစ်ပွင့်လောက်ကိုင်ပြီး ဆိုရင်ကောင်းမယ်၊ ပန်းကလေး
တစ်ပွင့်လောက် ဒီပါရှာလို့ မရဘူးလား"

အိနိစကားကြောင့် ဒီပါ နည်းနည်းပျာယာခတ်သွားသည်၊

"ဟာ . . . ပြဿနာပဲ၊ ခုချိန်ကျမှ ရှာလို့လွယ်ပါတော့မလား



သိဘူး မမ၊ ခဏနေ ကျွန်တော် စင်ပေါ်တက်ရတော့မှာ၊ မမပြောတာ
ဘပန်းလဲ . . . နှင်းဆီပန်းလား"

အိနိက ပြုံးသည်။

"ဟုတ်တယ်၊ အင်းလေ ဒါဖြင့် ဒီလိုလုပ်ပေါ့ တို့ပန်လာတဲ့
နှင်းပဲယူသွား၊ ပန်ထားတာဆိုတော့ နည်းနည်းတော့ နွမ်းမလား မသိ
ဘူး၊ ဒါပေမဲ့ မရှိတာထက်စာရင်တော့ တော်ပါသေးတယ်"

ပြောပြောဆိုဆိုနှင့် အိနိက သူ့ခေါင်းမှ နှင်းဆီပန်းရောင်
လေးကို ဖြုတ်ပေးလိုက်သည်။ ဒီပါက ထိမိကိုင်မိလျှင် ကြွေကျသွားမှာ
စိုးသည့်အလား အလွန်ပျာယာခတ်စွာဖြင့် အလွန်ဂရုစိုက်စွာ လှမ်းယူ
သည်။

အားလုံးကို တအံ့တဩကြည့်နေသူက ထွေးထွေး။

ပါးစပ်တွင်းသို့ စုတ်ယူထားသော စပတ်ကလင်အဖေးရည်
ဘူးကိုပင် မျိုချရန် မေ့ပြီး အချိန်အတန်ကြာ ငုံထားနေမိ၏။

"ခု ဆက်လက်ဖျော်ဖြေဖို့ အလှည့်ကျသူကတော့ ကျွန်တော်တို့ တေးလုလင် ဂီတသစ်တီးဝိုင်းအဖွဲ့ရဲ့ ရစ်သမ်ဂီတာသမားဖြစ်တဲ့ ဒီပါဖြစ်ပါတယ်၊ ဒီပါရဲ့ တေးသီချင်းများကို ဆက်လက်နားသောတဆင်ကြပါ ခင်ဗျာ၊ ကျေးဇူးတင်ပါတယ်"

တီးဝိုင်းခေါင်းဆောင် နာမည်ကြီး အဆိုတော်၏ ကြေညာသံအဆုံးမှာ ပရိသတ်များထံမှ စိတ်ပျက်လက်ပျက် ဖြစ်သွားသည့် အသံများ ပေါ်ထွက်လာသည်။ သူတို့မျှော်လင့်တောင့်တနေကြသည့် စူပါအဆိုတော်မဟုတ်သဖြင့် အားပျက်သွားကြပုံရ၏။

ဒီပါက သူ စလွယ်သိုင်းထားသည့် ဂစ်တာကိုလွယ်လျက်ပင် ရှေ့တိုးလာ၍ မိုက်ကရိုဖုန်းခွက်နားအထိကပ်သည်။

သူ့လှုပ်ရှားမှုက စောစောပိုင်း စင်အောက်မှာတုန်းကလို ပျာယာခတ်မနေတော့ဘဲ အတော်တည်ငြိမ်လေးနက်သည်။ အားလုံး



နှင့် ဆင်တူဝတ်ထားကြသော အနောက်တိုင်း ဝတ်စုံအဖြူဆွတ်ဆွတ်လေးကလည်း သူနှင့်အတော်လိုက်ဖက်သည်။

ဖြူသန့်သော ဝတ်စုံနှင့် သေသေသပ်သပ် ပြုပြင်ထားသော ဆံပင်ကြောင့် နဂိုနုသော သူ့မျက်နှာလေးမှာ အရမ်းပျို့မျစ်နေသည်။

"ငကြောင်"

"တော်ပါတော့"

ထုံးစံအတိုင်း လူသစ်အဆိုသမားအလှည့်က ပရိသတ်အကြားမှာ မျက်နှာငယ်သည်။ နောက်ဘက်နှင့် ဘေးဘက်ပရိသတ်လူငယ်ယောကျ်ားလေးများဆီမှ မေတ္တာပို့သံများ ထွက်လာ၏။

ဒီပါကိုကြည့်ရင်း အိနှိ ရင်ခုန်လာသည်။ ဖြစ်မှဖြစ်ပါ့မလား။

ပရိသတ်၏အကျီစားဒဏ်ကို မခံနိုင်ဘဲ ရုပ်ပျက်ဆင်းပျက်တစ်ခုခု ဖြစ်သွားမှာ စိုးရိမ်လာသည်။

ထွေးထွေးကလည်း သူ့နားကပ်ပြီး . . .

"ဖြစ်ပါ့မလား မသိဘူး မမရယ်၊ ကောင်လေးတွေက အရမ်းလှောင်နေတယ်"

"ဘိန်းစား၊ ငပေါ"

သူနေခဲ့သော ရပ်ကွက်နှင့် နီးသဖြင့် အကြောင်းသိ ပရိသတ်များလည်း ပါနိုင်သည်ဟု အိနှိ တွက်သည်။

ဒီပါက မိုက်ကရိုဖုန်းကို နေရာနည်းနည်းပြင်ရင်း အိနှိတို့ထိုင်နေသည့်နေရာသို့ တစ်ချက်လှမ်းကြည့်သည်။ ပြီးမှပြုံးသည်ဆိုရုံပြုံးလိုက်ရင်း ပရိသတ်နှင့် မျက်နှာမူ၍ . . .

"ကျွန်တော် ပထမဆုံး သီဆိုမည့် သီချင်းကတော့ ကျွန်တော်ကိုယ်တိုင် ရေးစပ်ထားပြီး ကျွန်တော်ကိုယ်ပိုင်သီချင်းဖြစ်တဲ့ 'မင်းပေး

တဲ့ ခွန်အားနဲ့ အရာရာကို အနိုင်ယူမယ်’ဆိုတဲ့ သီချင်းဖြစ်ပါတယ်"

စကားသံ ဆုံးသည်နှင့် စတင်နိုင်ပြီဖြစ်ကြောင်း အချက်ပြရန် တီးဝိုင်းဘက် တစ်ချက်လှည့်၍ မျက်နှာရိပ်ပြသည်။

သီချင်းအသစ်ပဲဟု အိနှိသိလိုက်၏။

ထွေး စာအုပ်ထဲမှာ ဒီသီချင်း မတွေ့ဘူးသေး။

ပရိသတ်ကတော့ ခပ်လျောင်လျောင်ပင် လုပ်နေကြသေးသည်။

တီးဝိုင်းမှ အင်ထရို စတင်ဝင်ပေးသည်။ ဒီပါ ကြွန္တြေရရပင် သူ၏ ဂစ်တာကြိုးကို ခေါင်းငုံ့၍ ခတ်သည်။ အင်ထရိုဆုံးခါနီးမှ ခေါင်း မော့လာ၏။

❦

♪ မင်းစေတနာစကားလေးတွေ မကြားရခင်က ငါဟာ အသိမ်ငယ်ဆုံးဘဝမှာ ရှိနေခဲ့တယ်
မင်းအကြင်နာ အားပေးမှုတွေ မရှိခင်က ငါ့ဦးခေါင်းတွေဟာ ငုံ့လျှိုးနေခဲ့တယ်။
မင်းက အနားလေးလာပြီး အားပေးတဲ့အခါ
ငါ့နှလုံးသားတစ်ခုလုံး တဖျပ်ဖျပ် တုန်ခါလာတယ်
အရှုံးသမားဘဝတစ်ခုလုံးလည်း တလျှပ်လျှပ်လင်းလက်လာတယ်၊
မင်းစေတနာကြောင့်ပါ အချစ်ရယ်၊ မင်း အကြင်နာတွေကြောင့်ပါ၊
မင်းပေးလိုက်တဲ့ ခွန်အားတွေဟာ ငါ့ရဲ့မဟာအားဆေးတွေပါ၊
မင်းအပြုံးလေးတစ်ခုအတွက် တစ်ကမ္ဘာလုံးကို ပြောင်းပြန်လှန်အောင် လုပ်ဝစ်မယ် ♪



ပင်ကိုယ်ချိုမြသော အသံလေးက လျှပ်စစ်ဂီတသံစဉ်များနှင့် ပေါင်းစပ်ပြီး လွင့်ဟိန်းနေသည်။ စောစောက ဖရိုဖရဲဖြစ်ကာ လျော့ရဲနေသော ပရိသတ်အားလုံး တုတ်တုတ်မျှ မလှုပ်တော့သည်ကို သတိထားမိသည်။

ခါတိုင်း သူ့သီချင်းသံကို အလွတ်ကြားနေကျ အိနှိပင်လျှင် အခမ်းအနား၏ ပုံပိုးမှု၊ ဂီတသံများ၏ ဖြည့်စွမ်းမှု ပေါင်း၍ မလှုပ်ဘဲ မည်မျှကြာအောင် နစ်မျောသွားမိမည်မသိ။

♪ မင်းကို အထူးပဲကျေးဇူးတင်ပါတယ် အချစ်ရယ်၊
မင်းသာ ငါ့ရဲ့မဟာအင်အားတန်ခိုးရှင်ပါ၊
မင်းကို ငါ လေးစားတယ်၊ မင်းကို ငါချစ်တယ်၊ ♪

အိနှိ ကြက်သီးများပင် ဖြန်းခနဲထသည်။ ထိုနေရာတွင် အသံအားဖြည့်၍ မာန်ပါထည့်ဆိုသောကြောင့် ကွင်းတစ်ခုလုံး သူ့အသံဖြင့် ဟိန်းသွားသည်။ ထိုအပိုဒ်ကို အားရပါးရဆိုရင်း ဒီပါ့အကြည့်က အိနှိဆီ စူးစိုက်ကာရှိသည်။

အိနှိရင်လှိုင်းများ တလှပ်လှပ် တုန်ခါလာ၏။

“ငါ့ကို ရည်ညွှန်းပြီး ဆိုနေတာများလား”

တစ်ခါမှ မခံစားရဖူးသော နွေးထွေးလှိုက်ဟာခြင်းတစ်ခုက အိနှိရင်ကို လွှမ်းမိုးသွားသည်။

♪ မင်း . . . ကို . . . ငါ . . . ချစ် . . . ချစ်တယ် ♪

---

အဆုံးပိုဒ်နဲ့အတူ ဒရမ်ဆက်က မိုးပေါက်ကြဲ တီးချလိုက်သည်။ ပြီးမှ တီခနဲ ရပ်ချလိုက်၏။

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ဒီပါက ပရိသတ်ကို ဦးညွှတ်လိုက်ပြီးနောက် ကျောဘက်ချာခနဲ လှည့်သွားသည်။ ပရိသတ်သည် ရုတ်တရက်ငြိမ်သွား၏။

ပြီးမှ အားလုံး သက်ဝင်လာကြပြီး လက်ခုပ်များ တီးကြသည်။

ဝေါခနဲ တစ်ခဲနက် ထွက်ပေါ်လာသော လက်ခုပ်သံများကြောင့် ဒီပါ အောင်မြင်ပြီဟု အိနီ သိလိုက်သည်။ တီးဝိုင်းထဲမှ အဖော်များမျက်နှာလည်း ဝင်းပကုန်ကြ၏။

ဒုတိယသီချင်းဆိုရန် ပြန်လှည့်လာသောအခါ ဒီပါ လက်ထဲတွင် ဂီတာပါမလာတော့။ သူ့ဂီတာကို အဖော်တစ်ယောက်အား လွှဲပေးထားခဲ့သည်။

ဒီတစ်ခေါက် ပြန်ထွက်လာသည့်အခါမှာတော့ ဒီပါ့လက်ထဲတွင် နှင်းဆီပန်း ပန်းနုရောင်လေး။

ဒီပါက ရှင်လန်းသော အမူအရာလေးဖြင့် နှင်းဆီပန်းလေးကို ဖွဖွနမ်းသည်။



ပရိသတ်ထံမှ လက်ခုပ်သံများ ပေါ်ထွက်လာပြန်၏။

ပရိသတ်က စောစောကနှင့် မတူတော့။ လျှောင်သံ၊ အော်သံများ မကြားရတော့ဘဲ ဒီပါ့လှုပ်ရှားမှုများကို လိုလားသော အကြည့်များဖြင့်သာ စောင့်မျှော်နေကြပြီ။

ဒီပါက သီချင်းမစခင် မိုက်ခရိုဖုန်းလေးနား ရပ်လိုက်ပြီး . . .

"ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ အခု ကျွန်တော် ဆက်လက်ဖျော်ဖြေမယ့်သီချင်းကတော့ ကျွန်တော့်လက်ရာ၊ ကျွန်တော်အကြိုက်ဆုံး တေးတစ်ပုဒ်ဖြစ်တဲ့ 'မောင့်ပန်းမှုန်ရည်' ပါ၊ ဒီသီချင်းကိုဆိုပါလို့ တိုက်တွန်းစကား ပြောကြားပြီး လာရောက်အားပေးခဲ့တဲ့ 'မမ' ကိုလည်း ကျွန်တော် ကျေးဇူးတင်ရှိပါတယ်"

ပြောရင်းနှင့် အကြည့်တဝင့်က အိနီထံ ရောက်လာသည်။ အိနီမျက်နှာလေး နီဆွေး နွေးသွားသည်။ သို့သော် ရင်ထဲမှာတော့ ကျေနပ်အားရမိ၏။

♪ *မောင်လွမ်းနေသည် ချစ်ပန်းမှုန်ရည် ××× မောင်လွမ်းနေမည် ချစ်ပန်းမှုန်ရည်* ♪

နှင်းဆီပန်းလေးက ဒီပါ မျက်နှာနားမှာ ဝဲပျံနေသည်။ တစ်ချက်တစ်ချက် ဖွဖွနမ်းရှိုက်တာမျိုးလည်း လုပ်သည်။ ထိုအခါမျိုး၌ အိနီပါးပြင်သည် ရှိန်းခနဲ ရှိန်းခနဲ ဖြစ်သွားသည်။ အိနီရင်သည် မခုန်စဖူး အခုန်ထူးနေကြောင်း ကိုယ့်ဟာကိုယ် သိလိုက်၏။

သီချင်းအဆုံးမှာ စောစောကထက်ပင် ပိုအားပေးသော လက်ခုပ်သံများက ဟိန်းထွက်လာသည်။ ဒီပွဲက ဒီပါ့ပွဲဖြစ်သွားပြီဟု

သဘောပေါက်သည်။

အိနို ဝမ်းသာလွန်းသဖြင့် မျက်ရည်များပင် ဝဲလာသည်။

ထွေးထွေးကို သတိရ၍ လှမ်းကြည့်လိုက်သောအခါ ထွေးထွေးသည်လည်း သူ့လိုပဲ မျက်ရည်များဝဲနေသည်ကို တွေ့လိုက်ရ၏။

တယ်လီဖုန်းခွက်ကို မချပြီးသည်အထိ အိနိုစိတ်တို့ ချိတုံချတုံဖြစ်နေသေးသည်။

"ကောင်းပါ့မလား ငါ့ကို သူ တစ်မျိုးများ အောက်မေ့သွားမလား"

တစ်ဖက်က မဝံ့မရဲစိတ်လေးကလည်း တားသလိုလို လုပ်နေ၏။ ညကတီးဝိုင်းမှာ ဒီပါဆိုသွားသော သီချင်းများနှင့် လုပ်သွားသော အမူအရာတို့တွင် သူ့အား ချိတ်တိတ်တိတ်လုပ်သွားသော စာသားများနှင့် အမူအရာတို့ပါသည်ဟုလည်း အိနို ထင်မိသည်။

ညက အိမ်ပြန်ရောက်တော့ အိနိုတော်တော်နှင့် အိပ်မရ။ ဒီပါ့အကြောင်းတွေ တော်တော်များများ တွေးနေမိသည်။ တကယ်ပဲ ရိုးရိုးသားသား ထားမိသောစေတနာကို သဘောပေါက်၍ ဒီပါ သူ့ကိုယ်သူ ပြောင်းလိုက်ခြင်းလား။ ဒါမှမဟုတ် သူ့သီချင်းထဲကလို အိနို

အပြုံးလေးတစ်ခုအတွက် တစ်ကမ္ဘာလုံးကို ပြောင်းပြန်လှန်အောင် လုပ်ပစ်နေတာများလား။ အဲလိုဆိုရင် ထိုသီချင်းထဲက မင်းကိုငါချစ်တယ်ဆိုသော စကားသည် ဘယ်သူ့ကို ရည်ညွှန်းပြီလဲ။

• အိနီ သူ့ကိုယ်သူလည်း မကျေနပ်မိ။ သူ့ဘာသာသူ သီချင်းဆိုမည့်ကိစ္စ၊ ဘာအတွက် ကိုယ့်ခေါင်းကပန်းကို ဖြုတ်ပေးရသနည်း။ ပြီးတော့ သူဆိုသည့်သီချင်းက မောင့်ပန်းမှုန်ရည်။ ဒီပါ စင်ပေါ်ကနေ သူ့ပန်းကလေးကို ဖွဖွနမ်းပြသွားခဲ့သည်။ ထိုအခါမျိုးမှာလည်း ဘာအတွက် ကိုယ့်က လိုက်ရင်ခုန်နေမိရသနည်း။

ထိုအခြေအနေမျိုးအပြင် မနေ့က ပြန်ခါနီးတွင် ဘယ်အချိန်ဘယ်လိုလုပ် စင်ပေါ်က ဆင်းလာမှန်း မသိဘဲ ပွဲစင်နှင့်ခပ်လှမ်းလှမ်းရောက်နေသည့် သူတို့နောက်မှ လိုက်၍ ဒီပါက ဘယ်အချိန်က ရေးထားမှန်းမသိသော စာတစ်စောင် ပေးသည်။

စာထဲပါ အကြောင်းအရာကတော့ တိုတိုလေး။

ဒီနေ့ ကျွန်တော်ဆိုတဲ့ သီချင်း၊ ဆိုတဲ့ပုံစံနဲ့ ပတ်သက်လို့ နည်းနည်းဝေဖန်ပေးပါဦး မမအိနီ၊ ကျွန်တော် အချိန်မရလို့ စာနဲ့ ကမန်းကတန်း ရေးပေးရတာ အားနာပါတယ်၊ မမကို ဘယ်လို ဆက်သွယ်ရမှန်းမသိဘူး၊ ဖြစ်နိုင်ရင် ကျွန်တော့်ဆီကို ဖုန်းဆက်ပါလား၊ ကျွန်တော့် တီးဝိုင်းခေါင်းဆောင်အိမ်မှာ ဖုန်းရှိပါတယ်”

ကျွန်တော် တစ်နေ့လုံး မမအိနီခေါ်မယ့်ဖုန်းကို ထိုင်စောင့်နေမယ်။

ဒီပါ



ဟု ဖြစ်သည်။

သူ့လက်မှတ်အောက်ကမှ သူနေသော အိမ်ရှိသည့် ဖုန်းနံပါတ်ကို ရေးပေးထားသည်။

သို့အတွက် မနက်ကတည်းက ဒါနီဖုန်းဆက်ရကောင်းနိုး မဆက်ရမကောင်းနိုး ချီတုံချတုံဖြစ်နေခြင်း ဖြစ်၏။

တစ်ဖက်ကလည်း ဒီပါ့အောင်မြင်မှုကို ချီးကျူးလိုသည်။ သူ့ကို အားကိုးတကြီးရှိလှသော ဒီပါ့မျက်နှာလေးကို သနားစိတ်ဖြင့် မြင်ယောင်သည်။

သို့သော် နောက်တစ်ဖက်ကလည်း ဒီပါက ခုလို သွယ်ဝိုက်သောနည်းဖြင့် သူ့ မရိုးသားမှုလေးများကို ပြထားပြီးမှ ကိုယ်ကစပြီး ဖုန်းဆက်လိုက်လျှင် ထိုအမူအရာများကို ကိုယ်ကျေနပ်လက်ခံသလို များ ဖြစ်နေမလား။

“အို . . . မလုပ်ပါဘူး ကိုယ့်ဘက်ကမှန်ရင်ပြီးတာပဲ ဘယ်သူ့ကို ဂရုစိုက်ရမှာလဲ”

ထုံးစံအတိုင်း ဒါမျိုးကြုံလာလျှင် ဇွတ်လုပ်တတ်သော အိနီ၏ဉာဉ်အရ သူ့ဟာသူ စိတ်တင်းလိုက်ပြီး တယ်လီဖုန်းနံပါတ်များကို လှည့်သည်။

ခဏအကြာတွင် ဒီပါ့အသံကို ဖုန်းထဲမှ ကြားလိုက်ရ၏။

"ဟာ . . . မမလား၊ ဝမ်းသာလိုက်တာ မမရာ ကျွန်တော် ခု တစ်မနက်လုံး တယ်လီဖုန်းနားက မခွာဘဲ မမဖုန်းကို မျှော်နေတာ ဆက်မှဆက်ပါ့မလားလို့လည်း ပူလိုက်ရတာ"

"ကဲ အခုဆက်ပြီမဟုတ်လား ဘာပြောမလို့လဲ ပြော"

"ကျွန်တော်ပြောမလို့ မဟုတ်ဘူး မမရ၊ မမပြောတာ နားထောင်ချင်လို့၊ မနေ့ညက ကျွန်တော်ဆိုတာ ဘယ်လိုနေလဲ မမ၊ အဆင်ပြေရဲ့လားဟင်"

အိနီ ရယ်သည်။

"ဪ . . . ဒါများ ပူနေရသေးလား ဒီပါရယ်၊ မနေ့က ဒီပါဆိုသွားတာ အရမ်းကောင်းပါတယ်၊ ပရိသတ် လက်ခုပ်သံတွေ ဒီလောက်ကြားနေရတာပဲ ဘာပူစရာရှိလဲ . . . ဒီပါ အောင်မြင်ပါတယ်"

"ဟုတ်ရဲ့လား မမရာ၊ ကျွန်တော်က ဒီပြင်ပရိသတ်ကို ခဏထားပါဦး မမသဘောမှကျပါ့မလားလို့တောင် စိုးရိမ်နေတာ အရေးကြီးတာကလည်း မမက သဘောကျတယ် ပြောဖို့ပါ"

"ဘယ်လို ဒီပါ"

"ဒီလိုလေ မမရဲ့ . . . မမက အရာရာကို အကဲဖြတ်ပေးတတ်တယ်၊ မမဆုံးဖြတ်ချက်ပေါ် မူတည်ပြီး ကျွန်တော်ဘာလုပ်မယ်ဆိုတာ ဆုံးဖြတ်ရမှာ မဟုတ်လား၊ အဲဒီတော့ ကျွန်တော့်မှာ ချို့ယွင်းတာ၊ လိုတာရှိရင် အားမနာတမ်းပြောစေချင်တယ်၊ ကျွန်တော် . . . မမ ပြုပြင်ခိုင်းတာ မှန်သမျှ ပြုပြင်သွားမှာပါ၊ နောက်တစ်ခုက မမ ဝမ်းသာစရာတစ်ခုလည်း ပြောချင်လို့"



"ဝမ်းသာစရာ ဟုတ်လား၊ ဘယ်လို ဝမ်းသာစရာလဲ ဒီပါ"

"ဒီနေ့မနက် ကျွန်တော်တို့ တီးဝိုင်းခေါင်းဆောင်က ပြောတယ်၊ ကျွန်တော်ဆိုတာကို သဘောကျတယ်တဲ့၊ နောက်ကို ကျွန်တော်တို့တီးဝိုင်း တီးတိုင်းမှာ ပင်တိုင်အနေနဲ့ သီချင်းသုံးပုဒ် အမြဲဆိုပေးရမယ်တဲ့၊ ဒီအတွက် ထိုက်သင့်တဲ့ပိုက်ဆံလည်း ပေးမယ်တဲ့"

"ဟုတ်လား . . . ဒါဖြင့် ဒီပါ ဟန်ကျတာပေါ့"

"မမကျေးဇူးလို့ပဲ ပြောချင်တယ် မမရယ်၊ မမစကားကို နားထောင်မိတာ ကျွန်တော့်ဘက်က အရမ်းမှန်သွားတယ်၊ နောက်လည်း ကျွန်တော့်ကို အဲလိုပြုပြင်ပေးပါလို့ မေတ္တာရပ်ခံချင်ပါတယ်၊ ကျွန်တော် မမကို တကယ်ကျေးဇူးတင်တာပါ"

"မဆိုင်ပါဘူး ဒီပါရာ၊ ဒီပါ့အစွမ်းအစနဲ့ ဒီပါ ဖြစ်တာပါ"

"မဟုတ်ဘူး မမ၊ အဲဒီလို မဟုတ်ပါဘူး၊ အဲလိုဆို အစောကြီးထဲက ကျွန်တော် ဘယ်သူတောင်းစား ဖြစ်နေမလဲ၊ ကျွန်တော့်အစွမ်းအစ ရှိတယ်ပဲထားဦး၊ မမ မပါရင် ဒီကိစ္စတွေ ဖြစ်လာမှာမှ မဟုတ်တာပဲ၊ ကျွန်တော့်အပေါ် မမထားခဲ့တဲ့ စေတနာတွေက တန်ဖိုးအရမ်းကြီးပါတယ်"

"ကဲ ဒီပါ . . . တို့ကို ကျေးဇူးတင်တဲ့စကားတွေ တော်ပါတော့၊ ညကဆိုခဲ့တဲ့ ပုံစံတွေမှာလည်း တို့ဘက်က ပြောစရာ မရှိပါဘူး၊ အဲဒီ ပုံစံပဲ ကောင်းပါတယ်၊ ဒါပဲနော်"

"ဪ . . . ကောင်းပါပြီ မမ၊ ခုလို တကူးတက ဆက်တဲ့အတွက် ကျေးဇူးတင်ပါတယ်"

အိနီက စကားစကို လက်စသတ်၍ ဖုန်းခွက်ပြန်ချသည်။

ဒီပါဆိုသော လူတစ်ယောက်နှင့် ပတ်သက်၍ သူ့ရင်မှာ

တစ်ခုခု ဖြစ်နေကြောင်း မကျေမနပ်ဖြင့် နားလည်လိုက်၏။

"ဟင် . . . ဒီပါ"

"ဟုတ်တယ် မမ၊ မမကျောင်းသွားမလို့ မဟုတ်လား၊ လာလေ . . . ကျွန်တော် လိုက်ပို့ပေးမယ်"

မတော်တဆ တိုက်ဆိုင်ခြင်းမျိုး မဟုတ်ဟု အိနိစိတ်ထဲက သိနေသည်။

ဖုန်းဆက်ပြီး နောက်နေ့ အိနိကျောင်းသွားရန် လမ်းထိပ် ကားမှတ်တိုင်ကို ရောက်စဉ် ဒီပါက သူကိုယ်တိုင် မောင်းလာသော ကားတစ်စီးဖြင့် ရောက်လာခြင်းဖြစ်၏။ သူ ကားဂိတ်ရောက်၍ ခြေစုံမှ မရပ်ရသေး။ အချိန်ကိုက် ရောက်လာသော ဒီပါ့ပုံစံက မြင်သာသော တစ်နေရာမှ အသင့်စောင့်နေမှန်း သိသာသည်။

မနေ့က မအီမလည် ဖြစ်နေသောစိတ်ဖြင့် အိနိ ခေါင်းခါပြီး . . .

"ရတယ် ဒီပါ မလိုက်တော့ဘူး၊ တို့ ဘတ်စ်ကားနဲ့ပဲ သွားမယ်"

"ဟာ . . . မဟုတ်တာ မမရာ၊ ဘာလဲ မမက ကျွန်တော့်ကို မယုံလို့လား၊ ကျွန်တော် ကျောင်းကို လိုက်ပို့ရုံပဲ ပို့မှာပါ၊ ဟိုမှာတောင် ရပ်စကားမပြောဘူး၊ လမ်းမှာ မမနဲ့ ခဏလေး စကားပြောရရင်



တ်ပြီ၊ လိုက်ခဲ့ပါ မမရယ်နော်"

အိနိ ပင့်သက်တစ်ချက် ရှိုက်သည်။

ဒီပုဂ္ဂိုလ်လေးနှင့် ဆက်ဆံရသည်မှာ သိပ်တော့မလွယ်လှ။ ယ်လိုပဲဖြစ်ဖြစ် ဇွတ်ပင့် ဖိတ်နေမှာကတော့ သေချာသည်။

"လိုက်ခဲ့ပါ မမရယ် လာပါ၊ မမစိတ် ကသိကအောင့်ဖြစ်စရာ ျွန်တော် ဘာမှမလုပ်ပါဘူး၊ ကျွန်တော် မမနဲ့ ခဏလေး စကားပြော ါ"

အင်းလေ . . . ဒီလောက်တောင် ဖြစ်နေလျှင်လည်း လိုက်တော့ သွားလိုက်တာပေါ့။ ဒါပေမဲ့ တစ်ခုခုတော့ သူ့ကို ပြောပြထား က်မည်ဟု တွေး၍ အိနိ ကားခေါင်းဘက်မှ ပတ်လာပြီး သူ ပစ်ကပ် ားရှေ့ခန်းတွင် ဝင်ထိုင်သည်။

ကားလေးက သိမ့်ခနဲ ထွက်လာခဲ့သည်။ ကားထွက်စတွင်ပင် ါက မလုံမလဲနှင့် သူ့ဘာသာသူ ဝန်ခံ၏။

"ကျွန်တော့်ဝိုင်းခေါင်းဆောင်ကားပါ၊ မမကို လိုက်ပို့ချင်လို့ ငှားလာခဲ့တာ"

"ကဲ . . . ဘာပြောမလို့လဲ ဒီပါ"

တတ်နိုင်သလောက်တော့ တည်တည်ငြိမ်ငြိမ်ရှိရန် ကြိုးစား လေသံမှန်မှန်ဖြင့် မေးသည်။

ဒီပါက ရယ်၏။

"ဘာမှ မဟုတ်ပါဘူး မမ၊ သီးခြားပြောစရာ အရေးတကြီး ကိစ္စမရှိပါဘူး၊ ခဏလေး မမနဲ့တွေ့ပြီး ဒီလိုပဲ ဟိုပြောဒီပြော ပြောလိုက် ရရင် ကျွန်တော် ကျေနပ်ပါပြီ၊ ကျွန်တော် ဒီနေ့သီချင်းလေးတစ်ပုဒ် ရေးစရာ ရှိလို့ပါ"

"သီချင်းရေးတာတဲ့၊ တို့နဲ့တွေ့တာ ဘာဆိုင်လို့လဲ"

"မမနဲ့ခဏတွေ့လိုက်ရင် ကျွန်တော့်ခေါင်းထဲမှာ သီချင်းရေ စရာအကြောင်းအရာတွေ ကျွန်တော် အများကြီးရတတ်တယ် မမ ဒါပေမဲ့ မမကို သီချင်းရေးဖို့ သက်သက်တင် လာတွေ့တာ မဟုတ်ပ ဘူး၊ ကျွန်တော် သီချင်းဆိုလို့ရတဲ့ ပထမဆုံးပိုက်ဆံနဲ့ မမအတွက် လက်ဆောင်လေးတစ်ခု ဝယ်ထားတာ ရှိတယ်၊ အဲဒါလေးလည် လက်ဆောင်ပေးချင်လို့ပါ"

"ဟာ . . . မလိုချင်ဘူး၊ ဒီပါ တို့ကို ဘာမှမပေးနဲ့"

"ကျွန်တော် အမှတ်တရပါ မမရယ်၊ ကျွန်တော် မမက ပိုးကြေးပန်းကြေး ပေးတာမဟုတ်ပါဘူး၊ မမမှာ ရည်းစားရှိတယ် တာလည်း ကျွန်တော် သိပါတယ်၊ ကိုမောင်မောင်ဦးတဲ့၊ မမ တစ်တန်းတည်းပဲ၊ မမအိမ်ကိုလည်း ခဏခဏ လာလည်ဖူးတာပဲ"

ဆတ်ခနဲ အိနီလှမ်းကြည့်သည်။ ဒါတွေ သူက ဘာကြော သိရတာလဲ။ ဒီအကြောင်းအရာတွေကရော ဘာကိစ္စထဲ ပါလာရတ လဲ။

"အဲဒါနဲ့ မဆိုင်ဘူး"

"မဟုတ်ပါဘူး မမ၊ မမ ကျွန်တော့်ကို တလွဲထင်နေမှာစိုး ပြောတာပါ၊ မမ ကျွန်တော်နဲ့ ပတ်သက်လို့ ဘာမှစိတ်အနှောင့်အယှ



မဖြစ်နဲ့၊ ကျွန်တော့်ဘဝ ကျွန်တော် သိပါတယ်၊ ထမင်းစားစရာလေး ရပြီး ကားငှားမောင်းခွင့် ရှိတာကလွဲလို့ ဒီပါဟာ ကလေကချေပါပဲ၊ မမကို ရည်မှန်းရဲလောက်တဲ့ အဆင့်အတန်းမျိုးကို ဘယ်တော့မှ ရောက်မသွားနိုင်ပါဘူး"

"မမ ကျွန်တော့်ကို တစ်မျိုးထင်မှာကို စိုးတယ်မမ၊ ကျွန် တော်ဟာ မမလို မိန်းကလေးမျိုးနဲ့ ဒီဘဝမှာ ဒီတစ်ခါပါပဲ ကြုံဖူးတယ်၊ ကျွန်တော့်ဘက်က မမကို တစ်ခါမှ မတွယ်တာဖူးတဲ့ တွယ်တာမှုမျိုး နဲ့လည်း တွယ်တာခဲ့တယ်၊ ဒါကြောင့် ခုချိန်မှာ ကျွန်တော်စိတ်ကူး စိတ်သန်းထဲမှာ မမပဲ ရှိတယ်၊ အဲဒါကို မမက တလွဲထင်ပြီး ကျွန်တော့် ကို ရင်းရင်းနှီးနှီး ယုံယုံကြည်ကြည် မဆက်ဆံရဲသွားမှာ ကျွန်တော် ကြောက်တယ်၊ ဒါကြောင့် မမ ကျွန်တော့်ကို စိတ်ချလက်ချ ဆက်ဆံ ရဲအောင် အကုန်ဖွင့်ပြောထားတာပါ၊ ခုဆိုရင် မမ သဘောပေါက်ပြီ မဟုတ်လား"

"ဘာကိုလဲ"

"ကျွန်တော် မမကို နည်းအမျိုးမျိုးရှာပြီး ချဉ်းကပ်နေတာ မဟုတ်ဘူးဆိုတာကိုပေါ့"

"ဪ"

"ဒါပေမဲ့ ဘယ်ပုံစံနဲ့ဖြစ်ဖြစ် မမနားမှာ နေရအောင်တော့ ကျွန်တော် ကြိုးစားနေမှာပဲ၊ အဲဒါတော့ မမ ကျွန်တော့်ကို နားလည် ပေးပါ၊ မမနဲ့ပတ်သက်ပြီး ကျွန်တော် သီချင်းတွေလည်း အများကြီး ရေးရမယ်၊ ခုတောင် မမနဲ့ပတ်သက်တဲ့ သီချင်းတွေချည်း စီးရီးတစ် ခွေစာ ရနေတယ်၊ နောင် အဆင်ပြေရင် စီးရီးထုတ်ဖို့ . . . အဲဒီ စီးရီးကို ဘာနာမည်ပေးထားလဲ သိလား"

"မသိဘူးလေ . . . ဘာပေးထားလဲ"

"မချစ်ရဲတဲ့ အချစ်လို့"

"အို"

"မအိုနဲ့ မမ ကျွန်တော့်ရင်ထဲက ခံစားချက်အမှန်ဟာ ဒါပဲ၊ ဒါကြောင့် မမ ကျွန်တော့်ကို လုံးဝမစိုးရိမ်နဲ့လို့ ပြောတာ၊ ကျွန်တော့်ဘက်က အဆုံးစွန်လုပ်ရပ်ဟာ ဒီထက်မပိုဘူး၊ မမနားမှာ အချိန်ရသ၍ ကုတ်ကပ်နေမယ်၊ မမမျက်နှာကို ကျွန်တော်ကြည့်ခွင့်ရသလောက် ကြည့်နေမယ်၊ မမအသံကို နားထောင်ရသလောက် နားထောင်မယ်၊ မမနဲ့ပတ်သက်တဲ့ သီချင်းတွေ ရေးမယ်၊ အဲဒါကလွဲလို့လည်း မမရဲ့ အချစ်ရေးမှာလည်း ဘာမှဝင်မနှောင့်ယှက်ဘူး၊ မမက ပြန်ချစ်ပါစေလို့လည်း ဘယ်တော့မှ မကြိုးစားဘူး၊ ရော့ မမ . . . ကျွန်တော် ခုန ပြောခဲ့တဲ့ လက်ဆောင်လေး လက်ခံပါ"

"ဟင် . . ."

စကားတွေက ရှေ့နောက်မညီ အဆက်အစပ်မရှိသော်လည်း ဒီပဲ့လက်ထဲမှ လက်ဆောင်ပစ္စည်းလေးက အိနိလက်ထဲ ရောက်လာသည်။ သေသေသပ်သပ် စည်းပတ်ထားသောရောင်စုံစက္ကူများကို ခွာလိုက်ပြီး အထဲမှပစ္စည်းကို သူ့ရှေ့တွင်ပင် ဖွင့်ကြည့်သည်။

ပလတ်စတစ်ကတ်ဖြင့် ထည့်ထားသော နှုတ်ခမ်းဆိုးဆေးဘူးလေး ပွန်းစ်အိန်ဂျယ်ဖေ့စ် အမျိုးအစား၊ အမျိုးအစားကောင်းလေး။

"မမရော ကိုမောင်မောင်ဦးရော နှစ်ယောက်စလုံးအတွက်ပါ မဟုတ်ဘူးလား"

"အို . . ."

အိနိမျက်နှာတွင် ရှက်သွေးလေး ရဲခနဲဖြစ်သွားသည်။



ဒီပါက ရယ်ရင်း . . .

"ကျွန်တော် အဲဒီအတွက်ကြိုပြီး သီချင်းစာသားလေးတွေ တောင် ရထားတယ်၊ အသံတော့ မထည့်ရသေးဘူး၊ စာသားအကြမ်းပေါ့ နားထောင်ကြည့်မလား"

"အင်း . . . ပြောပါဦး"

အိနိ စိတ်ဆိုးရမလား ခွင့်လွှတ်ရမလား ဘာမှမဝေခွဲတတ်။

အရူးတစ်ယောက်လို ထင်ရာပြော၊ ထင်ရာလုပ်နေသော ဒီပဲ့ကို တအံ့တဩလှမ်းကြည့်မိသည်။

မလိမ့်တပတ်နှင့် ရည်းစားစကားအပြောခံလိုက်ရခြင်းကိုပင်လျှင် အမှတ်မထားနိုင်ဘဲ ဖြစ်နေ၏။

ငါအမှန်အတိုင်းပြောတာပါ ကိုဦး။ အဲဒီအချိန်ပိုင်းလောက်အထိမှာ ငါ နှင့်အပေါ် သစ္စာရှိနိုင်အောင် အရမ်းကြိုးစားခဲ့ပါတယ်၊ သူ့ဘက်က ငါ့အပေါ်ထားတဲ့သဘောထားဟာ ရိုးရိုးမဟုတ်ဘူးလို့ ထင်လာတဲ့ အချိန်ကစပြီး တတ်နိုင်သလောက် ငါ သူနဲ့ကင်းကင်းနေဖို့ ကြိုးစားခဲ့ပါတယ်။

ပြောရရင် ခုထိလည်း နှင့်အပေါ်မှာ ငါ့စိတ်ထား ဘာမှမပြောင်းလဲပါဘူး။ သံယောဇဉ်ဆိုတဲ့စကားနဲ့ပြောရရင် နှင့်အပေါ်မှာ ဘယ်တုန်းကမှ သံယောဇဉ် မလျော့ခဲ့ပါဘူး ကိုဦး၊ အဲဒါ . . . မှန်သောစကားပါ။

ဒါပေမဲ့ အဲဒီလိုနဲ့ ဖြစ်ခဲ့တဲ့ကိစ္စက နှင့်ကို ငါ



ဘယ်လိုရှင်းပြရမယ်ဆိုတာတောင် စဉ်းစားလို့ မရဘူး။ ငါ့ကိုယ်ငါလည်း နားမလည်မိတာ အမှန်ပါ။

သူနဲ့ပတ်သက်တဲ့ကိစ္စတိုင်းမှာ ငါဟာ အသိဉာဏ်အဆင်ခြင်ကင်းမဲ့တဲ့လူတစ်ယောက်လို ဖြစ်ဖြစ်သွားတယ်။ မဖြစ်သင့်ဘူး၊ မသွားသင့်ဘူး၊ သူ ခေါ်ရာ မလိုက်သင့်ဘူးလို့ စဉ်းစားနေတဲ့ကြားက သူခေါ်ရင် သွားဖြစ်နေတယ်။ သူပြောရင် ပါမိနေတယ်။ သူညို့ထားတဲ့ လူတစ်ယောက်လို ငါ ဘာကြောင့် သူ့ဘက် ပါပါသွားရတာလည်း ငါ စဉ်းစားလို့မရဘူး ကိုဦး။

သူက ညို့ဆေးတွေ တို့ဆေးတွေနဲ့ ဖမ်းစားတယ်ဆိုရအောင်လည်း သူ့ဆီမှာ ဒီလောက် အစွမ်းထက်တဲ့ ဆေးဝါးတွေ၊ ဆရာသမားတွေ လက်ကိုင်မရှိပါဘူး။ ငါကလည်း သူ့ကို တမ်းတမ်းစွဲကြီး ဖြစ်နေပါတယ်လို့ မပြောနိုင်ဘူး။ အချိန်တန်ရင် ငါ့အသိတရားတွေက ငါ့ကို အမြဲတမ်း ပြန်သတိပေးပါတယ်။

ဒါပေမဲ့ သူနဲ့တွေ့ရင် ငါ အဲဒီအသိတရားတွေက ဘယ်ချောင် ဘယ်အရပ်ရောက်ကုန်ကြလဲ မပြောတတ်ဘူး။

စိတ်ညစ်ပါတယ် ကိုဦးရာ။

နှင့်ကို ငါ တစ်ခုပြောပြမယ်၊ အဲဒီကိစ္စကိုသာ နှင်နားထောင်ပြီးရင် ငါ့ကို နှင် အထင်တစ်မျိုး

တောင် လွဲသွားနိုင်တယ်။ ငါလည်း ပြောရမှာ အင်မတန်ရှက်ပါတယ်။ ဒါပေမဲ့ ပြောလက်စရှိပြီ ဆိုတော့လည်း မပြောလို့ မဖြစ်တော့ဘူး။

ဘာဖြစ်လို့ နင့်ကို ငါလက်ထပ်ဖို့ကိစ္စတွေ ဖျက်ဖို့အထိ ပြောနေရတာလဲဆိုတော့ အဲဒီကိစ္စကြောင့်ပဲ။

ငါပြောပြမယ် ကိုဦး။

ပြီးခဲ့တဲ့စနေနေ့ညက သိမ်ဖြူကွင်းမှာ သူတို့ တီးဝိုင်းရှိတယ်။ အဲဒီညမှာ ငါ့ကိုလာကြည့်ဖို့လည်း ဖိတ်တယ်။ နင်သိတဲ့အတိုင်းပဲ ငါ့အိမ်က ဒီလောက်ဝေးဝေးကြီးသွားပြီး တီးဝိုင်းကြည့်ဖို့ကိစ္စမျိုး ဘယ်လွှတ်နိုင်ပါ့မလဲ။

ဒါကြောင့် ငါမကြည့်နိုင်ဘူးလို့ ငြင်းလိုက်တယ်။

ဒါပေမဲ့ ဖြစ်လာတဲ့ပုံစံလည်း ကြည့်ဦး။

"မဟုတ်ပါဘူး မမရယ်၊ ကျွန်တော် တော်ရုံတန်ရုံသာမန်ပွဲမျိုးဆို မမကို ကျွန်တော် ဒီလောက် ဒုက္ခမပေးပါဘူး၊ ဒီပွဲက တကယ့်ပွဲမို့ပါ၊ မမကို ကျွန်တော် ပြောပြနဲ့ပြီပဲ၊ ကျွန်တော်တို့အဖွဲ့ရယ် တကယ့်



ထိပ်တန်းနာမည်ကြီးပေ့ဆိုတဲ့ တခြားနှစ်ဖွဲ့ရယ်ပေါင်းပြီး သုံးဖွဲ့လက်စွမ်းပြကြရမယ့်ပွဲ၊ အဆိုတော်ဆိုလည်း တကယ့်ထိတ်ထိတ်ကြဲတွေချည်း ပွဲထုတ်ပြီး ယှဉ်ရမယ့်ပွဲ၊ အဲဒီပွဲမှာ ကျွန်တော့်ကို ဝင်ခွင့်ပေးထားတယ် မမ၊ ဒီလိုပွဲမျိုးမှာ မမရှိနေရင် ကျွန်တော် ဘယ်လောက်အားတက်မလဲ"

အိနိ သက်ပြင်းချသည်။

"တို့လည်း မလိုက်ချင်ဘူးလို့ မပြောပါဘူး ဒီပါရယ်၊ တို့လည်း ဒီပွဲမျိုးကို ကြည့်ရခဲတယ်ဆိုတာ သိပါတယ်၊ ပွဲကြည့်ရင်းနဲ့ ဒီပါ့ကိုလည်း လိုက်အားပေးရတာ ဘာခက်တာမှတ်လို့၊ ဒါပေမဲ့ တို့ပြောနေတာက အိမ်ကထွက်ဖို့ မလွယ်လို့ ပြောနေတာ၊ နေ့ခင်းပွဲဆိုရင် ကြံဖန်ပြောပြီး ထွက်လို့ ကောင်းသေးတယ်၊ ခုဟာက ညပွဲကြီး . . . ပြီးတော့ သွားရမယ့်ခရီးက နီးနီးလေး မဟုတ်ဘူး"

"ခရီးကို မပူပါနဲ့ မမ၊ ကျွန်တော်ကိုယ်တိုင် ကားနဲ့ကြိုပို့လုပ်ပေးမှာပါ၊ အဲဒီလို လုပ်လို့ရအောင် ကျွန်တော် ကားတစ်စီးသတ်သတ်ငှားထားပြီးသား၊ ကားခတောင် ပေးပြီးနေပြီ"

"အဲဒါက ပိုမဖြစ်နိုင်တာပေါ့ ဒီပါ၊ အဲဒီကားကြီး လာကြိုတော့ အိမ်က ဘယ်ကကားလဲ၊ ဘယ်သူနဲ့ သွားမှာလဲမေးရင် ဘယ်လိုလုပ်ဖြေမလဲ"

"အဲဒါလည်း စဉ်းစားပြီးသားပါ မမ၊ အိမ်ကို မမကျောင်းက သူငယ်ချင်းရဲ့ ဘုရားကိုးဆူသွားမှာလို့သာ ပြောထား၊ မမအိမ်က ယုံအောင် မိန်းကလေးအဖော်ငါးယောက်နဲ့ လာခေါ်မယ်"

"အို . . . ဒီပါ့မိန်းကလေးအဖော်တွေနဲ့မှ မသိတာ"

"ဩော် . . . ဒါ မခက်ပါဘူး မမကလည်း၊ အဲဒီအိမ်က

လာခေါ်တဲ့ ခဏလေးမှာ သိချင်ယောင်ဆောင်လိုက်ပေါ့၊ အပြန်လည်း သူတို့နဲ့ပဲ ပြန်ပို့ပေးမယ်၊ ဘာမှမပူနဲ့ ကျွန်တော့်အဖွဲ့က ဘယ်လို ပြောပေး ဆိုပေးရမယ်ဆိုတာ သူတို့သိတယ်"

"ဟင်း . . . "

အိနီသက်ပြင်းချသည်။

"မဖြစ်ပါဘူး ဒီပါရာ၊ တို့ မလိုက်တော့ပါဘူး၊ ဒီတစ်ခါတော့ တို့ကိုခွင့်လွှတ်ပါ"

ဒီပါက ခေါင်းခါသည်။

"မရဘူး မမရာ၊ ဘယ်လိုပဲဖြစ်ဖြစ် စနေနေ့ညနေကျရင်တော့ ကျွန်တော်လာဖြစ်အောင် လာခေါ်မယ်၊ မမ မလိုက်လိုက်အောင် အတင်းဆွဲခေါ်မှာပဲ"

"အဲလို ခေါင်းမမာနဲ့ ဒီပါ၊ ဒီလို ဇွတ်လုပ်တာမျိုး တို့ မကြိုက်ဘူး၊ နောက်တစ်ခုက ဒီပါ စဉ်းစားကြည့်၊ တို့လမ်းထဲကို ဝင်လာတာနဲ့ ဒီပါ့ကို မမှတ်မိတဲ့လူ ဘယ်သူရှိမှာ မဟုတ်ဘူး၊ အိမ်က တို့နဲ့ဒီပါနဲ့ လိုက်သွားတယ်ဆိုတာ ချက်ချင်းမသိတောင် နောက်တစ်ရက် နှစ်ရက် ဆို သိမှာပဲ၊ မဖြစ်နိုင်လို့ မဖြစ်နိုင်ဘူး ပြောနေတာ"

"ဖြစ်နိုင်ပါတယ် မမရာ၊ ကျွန်တော် ဇွတ်ပြောတာ မဟုတ်ပါဘူး၊ အဲဒီလမ်းထဲကို ကျွန်တော် ဘယ်လိုက်ခဲ့မလဲ၊ ကားသမားနဲ့ ကောင်မလေးတွေပဲ လွှတ်ခေါ်ခိုင်းမှာပေါ့၊ ဒါမှမဟုတ် အဲဒီ ကောင်မလေးနဲ့မမနဲ့ ကြိုတွေ့ထားချင်ရင်လည်း ပြော၊ ဒါမှမဟုတ် ကျောင်းက မမသူငယ်ချင်းတွေ လိုက်ခေါ်ပေးဆိုရင်လည်း လိုက်ခေါ် ပေးမယ်၊ လိုအပ်ရင် ကိုမောင်မောင်ဦးကိုပါ ခေါ်ထားဗျာ၊ မမတို့စုံတွဲ ကြည့်၊ ကျွန်တော် အနားကို လာမကပ်ဘူး . . . ဘယ်လိုလဲ"



အိနီက ခေါင်းခါသည်။

"ကိုဦးကိုတော့ သွားဒုက္ခမပေးပါရစေနဲ့ ဒီပါရာ၊ ဒီရှုပ်ရှုပ် ယှက်ယှက်ကိစ္စတွေ သူ ဘာမှသိတာ မဟုတ်ပါဘူး၊ သိလည်း အသိ မပေးချင်ဘူး၊ အမှန်အတိုင်း ပြောရရင် ဒီပါနဲ့သူ မသိအောင် ခင်နေ ရတာတောင် တို့စိတ် သိပ်သန့်တာ မဟုတ်ဘူး"

ဒီပါမျက်နှာ ကွက်ခနဲ ပျက်သည်။ သို့သော် ချက်ချင်းပင် ပြန်၍ ပြုံးလိုက်ပြီး . . .

"ဟုတ်ပါပြီ မမရယ်၊ ကျွန်တော်လည်း ကိုမောင်မောင်ဦးကို လေးစားပါတယ်၊ ထားပါလေ၊ ကျွန်တော်လည်း စကား ဥပမာ ပြောပြ တာပါ၊ ဒီလိုလုပ်လေ မမအိနီ၊ ကျွန်တော် အဲဒီနေ့မှာ ကားနဲ့ကျွန်တော် မိတ်ဆွေကောင်မလေးတွေကိုတော့ လွှတ်လိုက်မယ်၊ ဘုရားကိုးဆူ လာခေါ်တဲ့အနေမျိုးနဲ့လည်း သူတို့လာကြလိမ့်မယ်၊ မမ မလိုက်နိုင်ရင် လည်း သူတို့ကိုသာ ကြည့်ပြောပြီး ပြန်လွှတ်လိုက်၊ ကျွန်တော်ကတော့ နောက်ဆုံးအချိန်ထိ မျှော်လင့်ချက် ထားချင်သေးတယ်၊ အစီအစဉ်ကို မဖျက်ပစ်လိုက်သေးဘူး"

"ခက်ပါလား ဒီပါရာ၊ ပြောရင်းဆိုရင်းနဲ့ကို တဖြည်းဖြည်း ခက်ခက်လာပါလား"

အိနီက ညည်းညည်းညူညူလေး ပြောလိုက်၏။

အဲဒီညက ငါ လိုက်သွားဖြစ်တယ် ကိုဦး။

ငါ့မှာ အိမ်ကို လှည့်ပတ်ညာခဲ့ရတာပေါ့။ ဖေဖေကဆို လုံးဝ ထည့်ချင်တာ မဟုတ်ဘူး။ ဟို ကောင်မလေးတွေကို အားနာပြီး မေမေက ထည့် လိုက်လို့သာ သူ့ခမျာ မပြောသာတော့ဘဲ ကြည့် နေလိုက်ရတာ၊ ဖေဖေ့မျက်နှာ သိပ်မကောင်းချင် ဘူး။

ငါလည်း စိတ်ထဲမှာတော့ ဘယ်ကောင်းမလဲ ကိုဦးရာ၊ နင် သိပါတယ်၊ ငါ ဘယ်တုန်းက အိမ် ကို ညာဖူးလို့လဲ၊ ဘာကိစ္စဖြစ်ဖြစ် မပြောသင့်လို့ မပြောပြတာသာ ရှိရင်ရှိမယ်၊ ပြောင်ကြီး ညာပြော တာမျိုး ဘယ်တုန်းကမှ မလုပ်ခဲ့ဘူး၊ ခုကျတော့ ကိုယ်လုပ်တဲ့အလုပ်က သိပ်အလုပ် မဟုတ်ဘူးဆို တာ သိနေရတဲ့အထဲ ဖေဖေ့မျက်နှာမြင်တော့ ငိုချင်စိတ်တောင် ပေါက်သွားတယ်။

ဒီပါက ဟိုကောင်မလေးတွေကို ဘယ် လောက် သင်ပေးလိုက်လဲမသိဘူး၊ ကောင်မလေး တွေကလည်း သွက်လိုက်တာ၊ လိမ်လို့ လိမ်နေ မှန်း မသိအောင်ကို လိမ်တတ်တယ်။

ထားပါတော့လေ၊ အတိုချုပ်ပြောရရင် အဲဒီနေ့ ညက ငါ အဲဒီပွဲကို သွားကြည့်မိတယ် ကိုဦး။

ပွဲခင်းထဲရောက်တော့ ဒီပါက . . .

"မမအတွက် ပွဲခင်းထဲမှာ လက်မှတ်တော့ ဝယ်ထားတယ်



မမ၊ ဒါပေမဲ့ ကျွန်တော့်သဘောကတော့ မမလည်း တစ်ယောက်တည်း ပွဲခင်းထဲမှာ ကြောင်နေလိမ့်မယ်၊ ပွဲခင်းထဲက မကြည့်ဘဲ ဒီစင်ဘေးက ဆိုင်းသည်တော်ထိုင်ခုံကပဲ ကြည့်လိုက်စေချင်ပါတယ်၊ ဒီမှာဆိုတော့ အဆိုတော်တွေနဲ့လည်း နီးနီးနားနား၊ ကျွန်တော်နဲ့လည်း နီးနီးနားနား ရှိတာပေါ့"

ဆိုတာနဲ့ သူပြောသလိုကလည်း ဟုတ်နေတာ နဲ့ ငါ စင်ဘေးက အဆိုတော်တွေထဲမှာပဲ ရောထိုင် နေလိုက်တယ်။

ပွဲကတော့ ကောင်းပါတယ်၊ နာမည်ကြီး အဆို တော်တွေကလည်း အကုန်လုံး ညီလာခံလုပ်သလို ရောက်လာ၊ တီးဝိုင်းကလည်း အပြိုင်အဆိုင်တွေ ကျဲကြတာဆိုတော့ အရမ်းကောင်းတာပေါ့။

ဒါပေမဲ့ အဲဒီနေ့က ပွဲဆုံးတဲ့အထိ မကြည့် လိုက်ရပါဘူး။

"ဘာဖြစ်လို့လဲ"

အိနိစကား မဆုံးခင် ကျွန်တော် ရင်ထိတ်သွားသဖြင့် ပျာပျာ သလဲ ဝင်မေးမိသည်။

အိနိ မျက်လွှာချရင်း . . .

"ငါ ပြောပြမယ် ကိုဦးရယ်၊ ဒီအကြောင်းတွေ ပြောချင်လို့ပဲ နင့်ကိုငါ ဒါတွေ ပြောပြနေတာပေါ့"

သူ့စကား အတိမ်အနက်က ဘယ်လိုမှန်းဆရမှန်း မသိအောင် ရင်ထိတ်ဖွယ်ကောင်းလှသည်။

ဘုရားသိကြားမလို့ မကြားဝံ့မနာသာတွေ မကြားပါရစေနဲ့ဟု ရင်ထဲကနေ တိတ်တိတ်ဆုတောင်းမိ၏။

(၂)

ဒီပါ ဆိုပြီးသည့်အချိန်မှာ ည ဆယ်နာရီ ထိုးတော့မည်။

ဒါတောင် သူတို့ဝိုင်းက ပထမဆုံးဖျော်ဖြေရသည့်ဝိုင်း။ ဒီပါ အပြီးမှာ နောက်တီးဝိုင်းက တက်ပြီး လူလဲနေကြပြီ။ တစ်ဝိုင်း နှစ်နာရီနှုန်းနှင့်ပင်တွက်ဦး ဒီတိုင်းဆို ပွဲပြီးချိန်က ညနှစ်ချက်ထိုး ဖြစ်သွားမည်။

ဒီပါလာလျှင် သူ ပြန်ဖို့ပြောမည်ဟု အိနီ ဆုံးဖြတ်လိုက်၏။

တီးဝိုင်းကလည်း တော်တော်ကောင်းပါသည်။ ဒီပါလည်း ထိုညက အရမ်းကောင်းသည်။ ထုံးစံအတိုင်း ဒီပါသီချင်းဆိုတာကြည့်၍ အိနီ ရင်ခုန်နေသည်။ ပရိသတ်၏အခြေအနေကိုကြည့်၍ ဒီပါ့အောင်မြင်မှုသည် မဝေးတော့ဟု တွက်နိုင်သည်။ စိုးရိမ်သွင်းဖို့ စီစဉ်နေသည်ဆိုသော ဒီပါ့စကားမှာ ဘာမှယုံမှားသံသယဖြစ်စရာမရှိ။

ထုတ်လျှင်လည်း အထိုက်အလျောက်တော့ အောင်မြင်ဖို့ရာ သေချာနေသည်။

ဒီပ့ါအလှည့်မှာ ကောင်မလေးတွေ ပိုကဲကြသည်ဆိုသည်ကိုလည်း ပရိသတ်ကို လှမ်းမြင်နေရသည့် အိနိနေရာမှ အထင်းသားတွေ့နေရသည်။

ပေါ်ပေါ်ထင်ထင်ကြီး မဟုတ်လှသော်လည်း အိနိစိတ်ထဲမှာ ပုန်းလျှိုးကွယ်လျှိုးလေးတော့ ကျေနပ်နေမိသည်။ သူ့ကို ဇွတ်အတင်းကပ် ပက်ကျိချွဲ ချွဲနေသော ကောင်လေးသည် ယခုအခါ နှယ်နှယ်ရရ ကောင်လေးတစ်ယောက် မဟုတ်တော့။

သူ့ထက် အများကြီး ခေတ်ဆန်လှပသွက်လက်သော မိန်းကလေး တော်တော်များများက စိတ်ဝင်စားနေကြသော၊ အသည်းစွဲနေကြသော ကောင်လေးတစ်ယောက်။ ပရိသတ်ထဲက မပြောနှင့် အဆိုတော်အချင်းချင်း ကောင်မလေးအချို့ကပင် ဒီပါဆိုသူကိုစ၍ ရိတိတိလေး ပြောရန် ဝန်မလေးကြောင်း သတိထားမိနေသည်။

"မမ ဆောရီးနော်၊ ကျွန်တော် အဝတ်အစားလဲနေတာနဲ့ နည်းနည်းကြာသွားတယ်"

ကိုယ့်အတွေးနှင့်ကိုယ် ငေးနေမိသဖြင့် ဒီပါ အနားရောက်လာသည်ကိုပင် သတိမပြုလိုက်မိ။ အိနိက ပြုံးပြရင်း . . .

"ကိစ္စမရှိပါဘူး ဒီပါ၊ အဲဒါက ရပါတယ်၊ ဒါပေမဲ့ ခဏနေရင် တို့ပြန်မယ်၊ အဲဒါတော့ စီစဉ်ပေးပါဦး"

"ဩော် . . . လုပ်ပေးမယ် မမ . ရပါတယ်၊ မမပြန်မယ်ဆိုတာနဲ့ ခု ထပြန်လို့ရတယ်၊ ကားက အဆင်သင့်ပါ"

"အဲဒါဆို 'သွားရအောင်၊ အိမ်ပြန် နောက်မကျချင်ဘူး"

"ရတယ်မမ ကျွန်တော် ပြန်လိုက်ပို့ပေးပါမယ်၊ လမ်းထိပ်ကျတော့ ကျွန်တော် ခဏဆင်းနေခဲ့မှာပေါ့"



အိနိ ခေါင်းညိတ်ပြီး ထ,ရပ်လိုက်သည်။ ဒီပါက ရယ်လိုက်ပြီး . . .

"နေပါဦး မမ ထိုင်ပါဦး၊ ဟိုကောင်မလေးတွေကို သွားပြောလိုက်ဦးမယ်"

ပြောပြောဆိုဆိုနှင့် ဒီပါက အလာတုန်းက အိနိအတွက် အဖော်အဖြစ် ခေါ်လာခဲ့သော ကောင်မလေးတွေဘက်လျှောက်သွားသည်။ ထိုကောင်မလေးအုပ်စုက အိနိထိုင်နေသောဘက်၏ အခြားတစ်ဘက် စင်ဘေးမှာ ရှိနေကြသည်။

ခဏအကြာတွင် ဒီပါပြန်ရောက်လာပြီး . . .

"လာ မမ . . . ကျွန်တော်တို့ သွားနှင့်မယ်၊ အပြင်ကပဲ စောင့်ရအောင်၊ သူတို့က မေဆွိဆိုတာ ခဏလေးကြည့်ပါရစေတဲ့ မေဆွိအလှည့်ပြီးတာနဲ့ ထ,လာခဲ့မယ်တဲ့ ဖြစ်ပါတယ်နော်"

"ရပါတယ် သိပ်မလိုတော့ဘူး မဟုတ်လား"

"အခု တစ်ယောက်ဆိုပြီးရင် မေဆွိဆိုတော့မှာပါ၊ သူတို့ကြည့်နေတုန်း မမနဲ့ကျွန်တော် ပွဲဈေးတန်း ခဏလျှောက်ကြည့်ကြတာပေါ့"

နှစ်ယောက်သား ပွဲခင်းအပြင်ဘက် ကားထားသည့်နေရာဘက်သို့ လျှောက်လာကြသည်။

ထိုနေရာမှ လှမ်းကြည့်လိုက်သောအခါ ကန်တော်ကြီးနှင့် ကရဝိတ်ဟိုတယ်ကြီးကို နီးနီးနားနားနှင့် လှလှပပမြင်နေရ၏။

"မမ ပျင်းနေရင် ဟိုဘက် ခဏလမ်းလျှောက်မလား၊ ရေစပ်ဘက်သွားရင် လေကောင်းလေသန့်လေးလည်း ရတာပေါ့"

ဒီပဲ့စကားကြောင့် အိနိ ကန်တော်ကြီးဘက် လှမ်းကြည့်သည်။

မြင်ကွင်းလေးက စွဲမက်ဖွယ်ကောင်း၏။ လရောင်အောက်မှာ ကန်ရေပြင်မှ လှိုင်းကြက်ခွပ်ကလေးများကို မြင်နေရသည်။ ကရဝိတ်ခန်းမဘက်မှ မီးရောင်အချို့ကလည်း ရေပြင်ပေါ်၌ အရိပ်ထင်လှုပ်ရှားနေသည်။ အဝေးဘက်မှာတော့ ရွှေတိဂုံဘုရား။

"သွားလေ"

ဒီတိုင်း ရပ်စောင့်နေရမည့်အတူတူတော့ ပွဲခင်းဘက် လူရှုပ်ရှုပ်ထက်စာလျှင် ထိုနေရာလေးဘက် ခဏသွားလမ်းလျှောက်နေတာ ကောင်းမည်ဟု တွေးမိသည်။

နှစ်ယောက်သား လျှောက်လာခဲ့၏။

ပွဲခင်းဘက်မှ သီချင်းသံ၊ တီးမှုတ်သံများက အဝေးမှ အရသာ တစ်မျိုးဖြင့် ကြားနေရသည်။ အိနိက မြူလွှာပါးပါးဝေ့နေသော ကန်ရေပြင်ဘက် တစ်ချက်ကြည့်ရင်း . . .

"ဒီပါ ဒီနေ့ဆိုတာ ကောင်းတယ်၊ ဟိုတစ်ခါထက် ပိုကောင်းနေသလိုပဲ"

ဒီပါက တိုးတိုးညင်းညင်းရယ်ရင်း . . .

"မမရှိနေရင် ကျွန်တော်ဆိုလို့ သိပ်အားရှိတာပဲ"

"စိတ်ထင်လို့ ဖြစ်မှာပါ"



"မဟုတ်ဘူး မမ၊ အရမ်းကွာပါတယ်၊ မမရှိမနေရင် ဒီစာသား
တွေက သူ့ဟာသူပဲ လေထဲကလိုလို လွင့်နေတာ၊ မမရှိနေတော့
မကို ပြောပြနေရသလိုပဲ၊ ကျွန်တော် မညာချင်ပါဘူး မမ၊ ကျွန်တော့်
သီချင်းအားလုံးဟာ မမကို ရည်ညွှန်းတာချည်းပါပဲ"

အိနိရင်ထဲ လှုပ်ခနဲ နွေးထွေးသည်။

"အဲလိုဆို တို့ နောက်ကို ဒီပဲ့သီချင်းတွေ လာနားမထောင်
ချင်တော့ဘူး"

ပြောလိုက်သည်ကတော့ နောက်သလိုလို ပြောလိုက်ခြင်း
သာ ဖြစ်သည်။ ဒီပါ ပျာပျာသလဲဖြစ်ကာ သူ့ဘက်ကို ဖျတ်ခနဲ လှည့်
ကြည့်သည်။

"မလုပ်ပါနဲ့ မမရယ်၊ ကျွန်တော် မမကို ဘယ်တော့မှ အပြင်
မှာ ဒီစကားတွေ မပြောပါဘူး၊ သီချင်းအနေနဲ့ပဲ ဆိုမှာပါ၊ ကျွန်တော့်
သီချင်းကိုလည်း သီချင်းအနေနဲ့ပဲ မမ နားထောင်ပါ၊ ကျွန်တော့်ကို
တာမှ တုံ့ပြန်စရာ မလိုပါဘူး"

ဒီပဲ့အသံက သိသိသာသာ တုန်ခါနေသည်။ အိနိလည်း
ပ်လိုက်ရင်း ပြန်လှည့်ကြည့်၍ . . .

"ဒီပါ"

"ဘာလဲ မမ"

"တို့နဲ့ပတ်သက်လို့ ဒီပါ မေ့နိုင်အောင် ကြိုးစားပါကွာ"

"ကျွန်တော် နားလည်ပါတယ် မမ၊ အဲဒါသာ အဖြစ်သင့်
း ဆိုတာလည်း ကျွန်တော်သိပါတယ်၊ ဒါပေမဲ့ . . ."

"ဒါပေမဲ့ ဘာဖြစ်လဲ ဒီပါ"

"မရပါဘူး မမရယ်၊ မမကို ကျွန်တော် ဘယ်လိုမှ မေ့လို့မရ

ပါဘူး၊ မမကို ကျွန်တော် တကယ်ချစ်တာပါ"

"အို . . ."

"ဟုတ်တယ် မမရယ်၊ ကျွန်တော် မညာချင်တော့ဘူး၊ မမမှာ ဘယ်သူတွေရှိရှိ ဘာအကြောင်းတွေပဲရှိရှိ ကျွန်တော် ချစ်တာကတော့ ချစ်တာပဲ"

ပြောရင်းဆိုရင်းနှင့် ဒီပါက အိနီ၏ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်သည်။ အိနီ ကြောင်ကြည့်နေဆဲမှာပင် ဒီပါက အိနီတစ်ကိုယ်လုံး သိုင်းဖက်ထားလိုက်သည်။

"ချစ်တယ် မမရယ်၊ အရမ်းချစ်တာပဲ"

ရှန်းကန်ရန် မေ့နေဆဲမှာပင် ဒီပါအနမ်းများ အိနီ၏မျက်နှာအနှံ့ နေရာအနှံ့သို့ ရောက်ရှိလာသည်။

"ကျွန်တော် တောင်းပန်ပါတယ် မမရယ်၊ ကျွန်တော့်စိတ်ကို ဘယ်လိုမှ မထိန်းနိုင်တော့လို့ ဒီလိုဖြစ်သွားတာပါ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ၊

တဒင်္ဂရှည်ကြာသော အနမ်းတစ်ခုမှာ အိနီသတိလက်လွတ်ပါသွားမိသည်။ ရုတ်တရက် သတိဝင်လာသည်နှင့် ဒီပါ့ကို အလန့်တကြား တွန်းဖယ်ရင်း ချောက်ချားတုန်ရင်နေသောစိတ်နှင့်အတူ ရှိုက်ကြီးတငင် ငိုချလိုက်မိသည်။



ရင်ထဲမှာလည်း ဘာဖြစ်ကုန်မှန်းမသိ။ ဖြောင့်ဆန်လှုပ်ရှားကုန်၏။

တတွတ်တွတ် တောင်းပန်သော ဒီပါ့အသံက နားထဲမရောက်။ လှုပ်ရှားနေသော စိတ်သည် ငိုချလိုက်သောအခါမှပင် ဖြေလျော့တည်ငြိမ်လေသည်။

ရင် တည်ငြိမ်ပြီဟု ထင်မှ အိနီ မျက်ရည်စများကို သုတ်ဖယ်ပြီး . . .

"ပြန်မယ် ဒီပါ၊ မင်း မလိုက်ခဲ့နဲ့တော့၊ အလာတုန်းကလိုပဲ တို့ကို ကားသမားနဲ့ ပြန်ထည့်ပေးလိုက်"

"ဘာဖြစ်လို့လဲ မမ၊ မမ အရမ်းစိတ်ဆိုးသွားပြီလား"

"အဲဒါတွေ မမေးနဲ့၊ ဒီပါ တို့ပြောတဲ့အတိုင်းပဲ လုပ်"

ပြောပြီးသည်နှင့် ဒီပါ မလှုပ်ရှားခင် သူ့ရှေ့မှနေ ထွက်လာခဲ့သည်။

နောက်ဘက်မှ ပြေးလိုက်လာသော ဒီပါ့ခြေသံကို ညဥ့်ယံထဲတွင် ကျယ်လောင်စွာ ကြားနေရ၏။

အိနီဘက်မှ စကားသံ အတန်ကြာ တိတ်ဆိတ်သွားသည်။

ဆက်ပြောဦးမလား စောင့်နားထောင်နေသော်လည်း တော်တော်လေး ကြာသည်အထိ ဘာသံမှ ပေါ်မလာသဖြင့် ကျွန်တော်က

သူ့ကိုလှည့်ကြည့်လိုက်ပြီး . . .

"ပြောလေ အိနီ၊ အဲဒီတော့ ဘာဖြစ်သလဲ အဲဒါနဲ့ပဲ နင်က သူ့ကို တွယ်တာသွားရောလား၊ အဲဒါနဲ့ပဲ ငါနဲ့ လက်ထပ်ပေးဖို့ လူကြီးတွေစီစဉ်ထားတဲ့ကိစ္စကို ဖျက်ပစ်ဖို့ ဆုံးဖြတ်လိုက်ရောလား"

ကျွန်တော့်လေသံက အငေါ်တူးသံ ပါကောင်းပါသွားနိုင်သည်။ တစ်လျှောက်လုံး ပွင့်ပွင့်လင်းလင်းတွေ ပြောပြလာပြီး ခုမှ ငြိမ်သက်သွားသော အိနီကို ကျွန်တော် သိပ်မကျေနပ်ချင် ဖြစ်သွားသည်။

အိနီက ကျွန်တော့်ကို တစ်ချက်လှည့်ကြည့်၏။

ပြီးမှ . . .

"အဲလောက်နဲ့ဆိုရင်ရော ငါပြောတဲ့ကိစ္စကို သဘောတူပေးနိုင်မှာလား ကိုဦး"

"ဘာကိုလဲ"

"နင်နဲ့ ငါနဲ့ လက်ထပ်ဖို့ကိစ္စ ဖျက်ပေးဖို့လေ"

ကျွန်တော် သက်ပြင်းတစ်ချက်ချသည်။

"မဟုတ်သေးဘူးလေ အိနီ၊ နင်ပြောတဲ့စကားက ဆုံးမှမဆုံးသေးဘဲ၊ စစချင်း နင် ငါ့ကိုပြောတုန်းက ဟိုတစ်ယောက်ကို နင် တွယ်တာနေလို့ ငါနဲ့ လက်ထပ်ဖို့ကိစ္စ ဖျက်ပေးပါလို့ ပြောတာ၊ ခု နင်ပြောပြီးတာက နင့်ကို အဲဒီညက ဟိုကောင် ဖက်နမ်းတဲ့ကိစ္စပဲ ပြောတာပဲ၊ အဲဒီတော့ နင်ဆိုလိုတဲ့အဓိပ္ပာယ်က ဘာလဲ၊ အဲလိုနမ်းလိုက်တာနဲ့ နင် သူ့ကို စွဲလမ်းသွားတယ်လို့ ပြောချင်တာလား"

"အဲလို မဟုတ်ပါဘူး၊ ဘာဆိုင်လို့ ငါက သူနမ်းရုံနဲ့ စွဲလမ်းသွားရမှာလဲ"



"အဲလိုဆို ပြောလေ၊ ဘာအတွက် ငါက နင့်ကို လက်မထပ်ရမှာလဲ"

"မဟုတ်ပါဘူး၊ ပြောစရာကျန်ပါသေးတယ်၊ ဒါပေမဲ့ နင့်သဘောကို ငါ သိချင်သေးလို့ပါ၊ အဲလိုဖြစ်ပြီးတဲ့နောက်မှ နင် ငါ့ကို လက်ထပ်နိုင် မထပ်နိုင်ဆိုတာလည်း ရှိသေးတယ် မဟုတ်လား"

ကျွန်တော့်စိတ်ထဲ ထောင်းခနဲ ဒေါသဖြစ်သွားသည်။

"ဘာလဲ အိနီ၊ နင်ဆိုလိုချင်တာ အဲဒီကိစ္စအပေါ် ငါက ခွင့်မလွှတ်နိုင် ခွင့်လွှတ်နိုင်ဆိုတဲ့ သဘောလား"

"အင်းပေါ့"

"ဟာ . . . ငါ့ကို ဒီလိုဝေ့လည်ကြောင်ပတ်လုပ်မနေနဲ့ အိနီ၊ နင်ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်းပြော၊ ဘာလဲ အဲဒီညက နင်တို့ချင်း နမ်းရုံတင်မကဘဲ ဒီထက်ဆိုးတာတွေ ဖြစ်ကုန်ကြလို့လား၊ ငါ့ကို ဘာမှဖုံးဖိမနေနဲ့၊ ပြီးတော့ သွေးတိုးစမ်းတဲ့မေးခွန်းတွေလည်း မေးမနေနဲ့"

ကျွန်တော့်ပုံစံကိုကြည့်၍ အိနီ ပြုံးသည်။

"အဲလောက်တော့ ငါမမိုက်ပါဘူး ကိုဦးရာ၊ ဒါပေမဲ့ နမ်းတယ်ဆိုတာလည်း အပြစ်တစ်ခုပဲ မဟုတ်လား၊ အဲဒီလောက်နဲ့လည်း နင် ငါ့ကို မုန်းသွားနိုင်တာပေါ့"

"အေး မုန်းချင်လည်း ငါဘာသာမုန်းမယ်၊ မမုန်းချင်လည်း မမုန်းဘူး၊ အဲဒါ ဘာမှမမေးနဲ့ ခုအပိုင်းက ငါနဲ့ဘာမှဆိုင်တဲ့ အပိုင်း မရောက်သေးဘူး၊ နင့်စကား နင်ဆုံးအောင်ပြော"

အိနီ မျက်နှာ ပြန်တည်သွားသည်။ သက်ပြင်းတစ်ချက်ချရင်း . . .

"အေးလေ အဲလိုဆိုရင်တော့ ငါဆက်ပြောပါမယ်၊ အဲဒီနေ့ကအထိတော့ ငါ ဘာမှမဖြစ်သေးပါဘူး၊ ဒါပေမဲ့ ခုနောက်ပိုင်းမှာ ငါ သူ့ကို အရမ်းသနားနေတယ် ကိုဦး၊ ငါ အဲဒီနေ့က အဲလိုလုပ် ထွက်လာခဲ့တာကို သူ့စိတ်ထဲမှာ ငါ သူ့ကို အရမ်းစိတ်ဆိုးသွားပြီလို့ သူထင်သွားတယ်၊ သီချင်းလည်း မရေးမဆိုတော့ဘူး၊ အချိန်ရှိသ၍ မှိုင်ငိုင်နေပြီး ဘာအလုပ်မှကို မလုပ်တော့ဘူးတဲ့"

"ဘယ်သူပြောလဲ"

"သူတို့တီးဝိုင်းခေါင်းဆောင်က တစ်နေ့က ငါ့ကို လာပြောတယ်၊ ငါတို့ချင်း ဘာတွေဖြစ်ကြလို့လဲတဲ့၊ တော်ရုံတန်ရုံ ခွင့်လွှတ်နိုင်တဲ့အပြစ်ဆို ခွင့်လွှတ်ပေးပါပေါ့ဟာ၊ ငါ အဲလို သူ့ကို မခေါ်မပြောမဆက်ဆံဘဲနေရင် သူ ပြန်ဘဝပျက်သွားပါလိမ့်မယ်တဲ့"

"အဲဒီတော့"

"အဲလိုဖြစ်သွားပြန်တော့ သူ့ကို ငါ သနားသွားပြန်ရော ကိုဦး၊ ဒါပေမဲ့ ခက်တာက ဒါကို ခွင့်လွှတ်လိုက်တာနဲ့ အဓိပ္ပာယ်က တစ်မျိုးဖြစ်သွားပြီး သူ့အချစ်ကို ငါ လက်ခံလိုက်ပြီဆိုတဲ့သဘောပဲပေါ့၊ အဲဒါကြောင့် အဲလိုလုပ်တော့မယ်ဆိုရင်လည်း နင်နဲ့ငါနဲ့ကြားမှာ ရှင်းနေဖို့ လိုလိမ့်မယ်၊ ဒါကြောင့် နင့်ကို ငါ စောစောကကိစ္စ ပြောတာပါ"

ကျွန်တော် တော်တော်ဒေါသဖြစ်သွားသည်ကတော့ အမှန်ပင် ဖြစ်သည်။ ခုတိုင်းက ဘာမှရေရာသောအကြောင်းပြချက် မရှိဘဲ သူနှင့်ကျွန်တော် ဇာတ်လမ်းပြတ်ရမည့်ကိစ္စ။

သို့သော် တတ်နိုင်သလောက် စိတ်ကို အေးချမ်းတည်ငြိမ်အောင် ပြုလိုက်သည်။ ခုချိန်မှာ ဒေါသက ဘာမှအရာမရောက်မှန်း သိသဖြင့် စိတ်ကိုလျှော့ချလိုက်ခြင်း ဖြစ်၏။



ကျွန်တော့်မျက်စိရှေ့မှာ အင်းလျားလေးရေပြင်ကြီးတစ်ခုလုံး ရှိနေသည်ပဲလေ။

"ကဲ . . . ဘယ်လိုလဲ ကိုဦး"

ကျွန်တော် ငြိမ်နေဆဲမှာပင် အိနီက စိတ်မရှည်တော့သလို လှမ်းမေးသည်။

ကျွန်တော်က ခေါင်းကို ခါယမ်းလိုက်ပြီး . . .

"ဘယ်လိုမှမလဲဘူး အိနီ၊ အဲဒါ နင့်ကိစ္စပဲ နင့်ဟာနင် ကြိုက်သလို ဆုံးဖြတ်၊ ငါ ဘာမှဝင်မပြောဘူး၊ ပြောချင်စိတ်လည်း မရှိဘူး"

"မဟုတ်ဘူးလေ နင် တစ်ခုခုတော့ ပြောရမှာပေါ့"

"ငါ ဘာပြောစရာလိုလဲ အိနီ၊ စကတည်းက ဒီဇာတ်လမ်းကို ငါ စ,ခဲ့တာ မဟုတ်ဘူး၊ တစ်လျှောက်လုံးလည်း ငါသိတောင် မသိလိုက်ရဘူး၊ ခုကျမှ ငါ့ဆီ ဘာဖြစ်လို့ ဒီပြဿနာယူလာရတာလဲ၊ နင် စ,ခဲ့တဲ့ ဇာတ်လမ်း နင်ကခဲ့တဲ့ဇာတ်လမ်း နင်ဆုံးဖြတ်ချက်နဲ့ နင် အဆုံးသတ်ပေါ့"

"ငါ သူ့ကိုပဲ ယူတော့မယ်လို့ ဆုံးဖြတ်ရင်ရော"

"သဘောပဲပေါ့၊ ငါက ဘာပြောစရာရှိမလဲ"

အိနီမျက်နှာလေး သိသိသာသာ အိုသွားသည်။ ကြည့်နေသော မျက်လုံးများထဲတွင်လည်း မျက်ရည်များ ဝဲလာပြီး . . .

"နင် တကယ်ဘာမှပြောစရာ မရှိဘူးလား"

"မရှိဘူး"

"အေး အဲဒါကြောင့် ငါထင်သားပဲ၊ နင့်မှာက ငါနဲ့ပတ်သက်လို့ ဘာခံစားချက်မှမရှိဘူးလို့၊ အဲဒီတော့လည်း ငါ နင့်ဘက်ကို ဘယ်လို ငဲ့စဉ်းစားရမလဲ ကိုဦး၊ ဟိုတစ်ယောက်က ငါ့အတွက်ဆို ဘဝအပျက်ခံတဲ့အထိ ခံစားမှု ပြင်းထန်တဲ့သူ၊ ချစ်လိုက်တာကျတော့လည်း တုန်နေတာပဲ၊ နင်ကျတော့ ငါ့ကို ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် မှတ်တာမဟုတ်ဘူး၊ ချစ်ဖို့ဆိုတာ ဝေးရော၊ နင့်လို လူတစ်ယောက်နဲ့ ငါ တကယ်တမ်း ဘယ်လိုလုပ် လက်တွဲလို့ဖြစ်မှာလဲ"

"ဟား . . . ဟား . . . ဟား"

သူ့စကားအဆုံးမှာ ကျွန်တော် တဟားဟား ထ,ရယ်သည်။ အလွန်ရယ်ရ၏။ အူနှိပ်နေရ၏။

အဲဒီမှာ ငါ့ဒေါသတွေ အစွမ်းကုန်ပေါက်ကွဲတော့တာပဲ အိနီ။

နောက်ဆုံးတော့ ဒေါသတွေက နာကြည်းစရာ အဖြစ်နဲ့ ရယ်ပြီး ပွင့်အံကုန်တာပဲ။ စိတ်ထဲမှာလည်း ခံပြင်းလွန်းလို့ စကားတွေ တစ်ပုံကြီး ပြောချလိုက်တယ်။



နင်တော့ မှတ်မိမယ်မထင်ပါဘူး အိနီ၊ ငါပြန်ပြောပြလို့ ရတယ်။

ဒီမှာအိနီ နင် ယောကျ်ားတစ်ယောက်ရဲ့ အချစ်ဆိုတာကို ဘယ်လိုနားလည်လဲ၊ ငါ နင့်ကို ချစ်တဲ့အချစ်ကို ပေါ့သေးသေးများ တွက်သလား၊ အေး . . . ငါကတော့ သီချင်းသမားလည်း မဟုတ်ဘူး၊ ကဗျာသမားလည်း မဟုတ်ဘူး၊ နင့်ကို အင်မတန်လှ အင်မတန်နုပြီး အင်မတန် ခံစားချက် ပြင်းထန်တယ်လို့ ထင်ရတဲ့စကားလုံး အလှတွေလည်း သုံးပြီး မပြောတတ်ဘူး၊ သုံးလည်း မသုံးချင်ဘူး။

ဒါပေမဲ့ နင့်ကိုငါ လက်တွေ့ကျတဲ့အချစ် အကြောင်းတော့ ပြောပြချင်တယ်။

ငါက ယောကျ်ားတစ်ယောက်ပါ အိနီ . . . ပြီးတော့ သွေးနဲ့ကိုယ် သားနဲ့ကိုယ်ပါ၊ နင့်ပါးကို နမ်းဖို့ စိတ်ကူးမပေါ်ခဲ့ဖူးဘူးများ အောက်မေ့လား။

နင်နဲ့ငါ ခုမှတွေ့တာ မဟုတ်ဘူး။ ဟိုးပဝေသဏီအချိန် နင်နဲ့ငါ အပျိုလူပျို ဖြစ်တယ်ဆိုကတည်းက ပေါ်ခဲ့ဖူးပြီးသား။

အဲဒီတုန်းကသာ ငါချစ်သလောက် ငါ့စိတ်ကို လွှတ်ပေးထားရင် နင်နဲ့ငါ ဒီတက္ကသိုလ်တောင် ခြေချဖြစ်မှာ မဟုတ်ဘူး၊ ကိုးတန်းဆယ်တန်းကတည်းက လင်မယားတွေ ဖြစ်နေခဲ့တာ ကြာပြီ။

စဉ်းစားကြည့် . . . နင်နဲ့ငါနဲ့က တစ်ခြံတည်း၊ တစ်ကျောင်းတည်း အတူတူနေတာ နင့်ကို ငါ တစ်နေ့လုံး ငါတွေ့ချင်တဲ့အချိန် တွေ့လို့ရတယ်၊ တစ်ညလုံး အတူတူနေချင်လည်း ဘယ်မိဘကိုမှ ညာထွက်စရာမလိုဘူး၊ ဘာအကြောင်းနဲ့ဖြစ်ဖြစ် နင်နဲ့ငါ တွေ့ချင်တဲ့အချိန် တွေ့လို့ရတယ်။

ဒါပေမဲ့ ငါ အဲဒီစိတ်တွေကို ရအောင်ဖျောက်ခဲ့တယ် အိနီ၊ ဘာဖြစ်လို့လဲဆိုတော့ နင့်ကို ငါက တကယ်ချစ်လို့ပဲ၊ ဘာမဟုတ်တဲ့ အဲဒီသွေးသား အချစ်မျိုးကြောင့် နင်ရောငါရော ဘဝပျက်မှာ အင်မတန်စိုးခဲ့တယ်။

ဒါကြောင့် ဖြူစင်သန့်ရှင်းတဲ့ အချစ်ဆိုတာ ဘာလဲ၊ အပြစ်ကင်းတဲ့ ချစ်ခြင်းဆိုတာ ဘာလဲ၊ ငါ မရအရရှာပြီး နားလည်ယူခဲ့တယ်။

အဲဒါလည်း လွယ်လွယ်ကူကူ ရခဲ့တယ်လို့ နင် အောက်မေ့လား။

ရော့ . . . အိနီ။

ဒါ နင့်ကို ငါမွေးနေ့တိုင်း လက်ဆောင်ပေးနေကျ ဗိုင်ယာရီ စာအုပ်လေး၊ နောက်ဆုံး နင်ပေးတုန်းက နင် ငါ့ကို ဘာရေးပေးခဲ့လဲ၊ အေး . . . အဲဒီထဲမှာ ပါတယ်၊ ဖတ်ကြည့် . . . အဲသလိုပဲ နင်ပေးတဲ့ စာအုပ်တိုင်းမှာ ငါအမြဲတမ်း အမှတ်ရနေအောင်ဆိုပြီး စာပိုဒ်နှစ်ပိုဒ်ကိုလည်း နှစ်စဉ်



ကူးရေးခဲ့တယ် သေချာဖတ်ကြည့်။

ကျွန်တော် ပြောပြောဆိုဆိုနှင့် ကျွန်တော့်လွယ်အိတ်ထဲမှာ အမြဲရှိနေကျ စာအုပ်လေးကို ထုတ်ပေးလိုက်သည်။

စာအုပ်ထဲမှာ ပါသော စာသားများမှာ ပထမတစ်ပုဒ်က ရည်အောင်ညွန့်ဖူးသဖြင့် ဆရာတော် ဦးဝိစိတ္တသာရဘိဝံသ၏ မဟာဗုဒ္ဓဝင်မှ ကူးထားသောစာသားများ . . .

" အမျက်ဒေါသ၏ ငြိမ်းခြင်းသည် မေတ္တာ၏ ပြည့်စုံခြင်းဖြစ်၍ တက်စွန်းချစ်ခင်သောရာဂ ဖြစ်ပေါ်လာခြင်းသည် မေတ္တာ၏ပျက်စီးခြင်း ဖြစ်သည်။ "

ဟူသော စာသားက အစပြု၍ ချစ်ခြင်းမေတ္တာ၏သုံးမျိုးသော ပေမခွဲခြားခြင်းစာသားများ။

ဒုတိယပိုဒ်က သမ္မာကျမ်းစာထဲမှ ကူးယူထားသော အာဒံနှင့် ဧဝဇာတ်လမ်းထဲမှ ဘုရားသခင်၏ ဒဏ်ခတ်ခြင်း စကားများ။

"မိန်းမကိုလည်း သင်၌ ကိုယ်ဝန်ဆောင်ခြင်း ဝေဒနာကို ငါ အလွန်များပြားစေမည်။ ပင်ပန်းစွာ ဝေဒနာကို ခံ၍ သားဖွားရမည်။ ကိုယ့်ခင်ပွန်း၏ အလိုကိုလိုက်၍ သူ၏အုပ်စိုးခြင်းကိုလည်း ခံရ

မည်။

ယောက်ျားကိုလည်း ထိုအပင်၏ အသီးကို မစားရဟု ငါပညတ်သော်လည်း သင်သည် မယား၏စကားကို နားထောင်၍ စားမိသောကြောင့် မြေသည် သင်၏အတွက် ကျိန်ခြင်းကို ခံလျက်ရှိ၏။ မြေ၏အသီးကို တစ်သက်ပတ်လုံး ပင်ပန်းစွာ စားရမည်။ ဆူးပင်အမျိုးမျိုးကိုလည်း သင့်အဖို့ မြေပေါက်စေမည့် လယ်၌ဖြစ်သော ဟင်းသီးဟင်းရွက်တို့ကို သင်စားရမည်။ သင်ထွက်ရာမြေသို့ မပြန်မီတိုင်အောင် သင်၏မျက်နှာမှ ချွေးထွက်လျက် အစားကိုစားရမည်။

အာဒံနဲ့ဧဝဇာတ်လမ်းက အဲဒါပဲ အိန်နီ၊ မစားကောင်းတဲ့အသီးကို စားမိတဲ့အတွက် အစစအရာရာ ပြည့်စုံပြီး ဘုရားသခင် ထာဝရ စောင့်ရှောက်နေတဲ့ ဧဒင်ဥယျာဉ်က နှင်ထုတ်တာ ခံရတယ်၊ ပြီးတော့ ခုန နင်ဖတ်ခဲ့တဲ့ ဒဏ်ခတ်ခြင်းတွေ အကုန်ခံရတော့တယ်။

ဒါက အရှည်သဖြင့်ကိစ္စ။ ချက်ချင်းမှာလည်း



နင်နဲ့ငါ ပညာရေးတွေပျက်မယ်၊ ဘဝအတွက် တိုးတက်ရာတိုးတက်ကြောင်းတွေ ဆုတ်ယုတ်မယ်၊ ငါ အများကြီးဆင်ခြင်ပြီးမှ ဒီလိုနေနိုင်အောင် ကြိုးစားခဲ့ရတာပါ အိန်နီ။

ငါ့ကို ဒီ့ပြင်စကားပြောရင် သည်းခံနိုင်တယ် နောက်ဆုံးပေါ့ဟာ၊ နင် ဒီပါဆိုတဲ့ကောင်ကို ချစ်လွန်းလို့ ငါနောက်ဆုတ်ပေးပါဆိုရင်တောင် နင်တကယ်စိတ်ချမ်းသာရမယ်ဆိုရင် ငါ ကြည်ကြည်ဖြူဖြူ နောက်ဆုတ်ပေးနိုင်ပါတယ်၊ တစ်ချိန်ကျရင် ပုထုဇဉ်ဘဝ မကင်းနိုင် မရှောင်နိုင်ထားရမယ်ဆိုတဲ့ ဂေဟာသီတပေမနဲ့ တဏှာပေမအချစ်ကို ဖယ်ပြီး မေတ္တာပေမသက်သက်နဲ့ ချစ်ဖို့ ကြိုးစားပေးနိုင်ပါတယ်။

ဒါပေမဲ့ အဲဒါကြောင့် ငါမချစ်ဘူးဆိုတဲ့ စကားကိုတော့ မပြောပါနဲ့ အိန်နီ။

ငါချစ်တာ သူများတွေလို မဟုတ်ဘူး။

ငါ့အချစ်မှာ စည်းရှိတယ်၊ စောင့်စည်းနိုင်တယ်၊ ဘဝအတွက် အမြော်အမြင်ထားတယ်။

နင် ငါ့ကို တို့နှစ်ယောက် လက်ထပ်ဖို့ကိစ္စ ပယ်ဖျက်ပေးပါလို့ ပြောတဲ့အချိန်မှာ ငါ့နှလုံးသားတွေဟာ အားတစ်ခုခုနဲ့ ဆုပ်ချေပစ်လိုက်သလို ခံစားရတယ်။ ဒါပေမဲ့ ငါ ဣန္ဒြေမပျက်အောင် ကြိုးစားတယ်။ နင့်မှာ ဘာတွေများ အခက်အခဲရှိလို့ပါ

လိမ့်။ ငါဖြစ်ချင်တာ တစ်ခုတည်း မကြည့်နဲ့။ သူ့ဘက်က အခြေအနေကိုလည်း သေချာ နားထောင် စဉ်းစားဆိုပြီး ငါ့ကိုယ်ငါ အရမ်းဆုံးမခဲ့တယ်။ ဒါကြောင့် နင့်အမြင်မှာ ငါ မတုန်မလှုပ်ဖြစ်နေတာပဲ။

ခုလည်း ငါ့ရင်ထဲမှာ ဘာတွေခံစားနေရတယ်ဆိုတာ ဘယ်သူမှ မသိဘူး။

ငါ ယောက်ျား အိနိ။

**''လူ့အခရဲ့ သူ့ရဲ့ကောင်းအခန်းဆိုတာ**
**မျက်ရည်တွေတွေကျလောက်အောင် မူဆွေးနေမယ့်**
**ပြုံးနိုင်ရယ်နိုင်တဲ့ လူတွေဖြစ်တယ်တဲ့''**

အဲလောက်အထိတော့ ငါ မစွမ်းဆောင်နိုင်သေးပါဘူး။ ဒါပေမဲ့ . . . ငါဟာ ယောက်ျားတစ်ယောက်လို တည်ကြည်တတ်အောင်တော့ ကြိုးစားနိုင်ပါတယ်။

အဲဒါပါ အိနိ။

ငါ့ဘက်က ပြောစရာရှိတာကတော့ ဒါပါပဲ ကျန်တာတော့ နင့်အပိုင်းပဲ နင်ကြိုက်သလို ဆုံးဖြတ်။ နင်ကြိုက်တဲ့လမ်း ရွေး။ နင် ဘယ်သူနဲ့တစ်သက်လုံး လက်တွဲမယ်ဆိုတာ နင် လွတ်လွတ်လပ်လပ် စဉ်းစား။ ငါ့ကို ဘာမှ မမေးနဲ့တော့။

"ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ငါနဲ့ ဝေးလို့ နင် ဘာမှဖြစ်တော့မှာ မဟုတ်ဘူးမို့လား"

ကျွန်တော့်ဘက်က ဒီလောက်ပြောနေသည့်ကြားက ကျွန်တော့်စကားအဆုံးမှာ ထွက်လာသော အိနိစကားသံကြောင့် ကျွန်တော် စိတ်ဓာတ်ကျဆင်းသွား၏။

ဒီလောက် နားဝေးနေပြီမို့ အကျယ့်အကျယ် ထပ်ရှင်းပြရန် ကျွန်တော် မကြိုးစားချင်တော့။

ပင့်သက်တစ်ချက်သာ ရှိုက်လိုက်ပြီး . . .

"နင်က ဘာတွေ ဖြစ်စေချင်လို့လဲ အိနိ"

"ငါ ဖြစ်စေချင်တာ ပြောတာမဟုတ်ပါဘူး၊ နင်ပြောတဲ့စကားရဲ့အဓိပ္ပာယ်က ဒီအတိုင်းပဲဟာ၊ ငါနဲ့ ဝေးသွားလို့လည်း နင် မျက်ရည်ကျမှာ မဟုတ်ဘူး၊ နင့်ဘက်က ခံနိုင်ရည်ရှိရှိနဲ့ ဘာမဆို ရင်

ဆိုင်သွားမှာပဲ အဲဒီလို မဟုတ်လား"

ကျွန်တော် အံတစ်ချက် ကြိတ်လိုက်သည်။ ပြီးမှ ခေါင်းညိတ်ရင်း . . .

"ဟုတ်တယ် အိနီ၊ နင်နဲ့ ဝေးသွားတဲ့အခါမှာ ငါရင်ကွဲမတတ် ခံစားရင် ခံစားမယ်၊ ဒါပေမဲ့ ဘ သ်တော့မှတော့ မျက်ရည်ကျမှာ မဟုတ်ဘူး၊ အဲလိုပဲ လက်ရှိ လုပ်နေတဲ့ လုပ်လက်စ အလုပ်တွေ အကုန်လုပ်ပစ်ပြီး တစ်နေကုန် ထိုင်ငိုင်နေဖို့လည်း အစီအစဉ်မရှိဘူး၊ ငါ လုပ်စရာရှိတဲ့ အလုပ်တွေကတော့ လုပ်နေရဦးမှာပဲ၊ အဲဒါ ဘာဖြစ်လို့လဲဆိုတာရော ပြောရဦးမလား"

"အင်း . . . ဘာဖြစ်လို့လဲ ပြောပါဦး"

"ဘာဖြစ်လို့လဲဆိုတော့ လောကကြီးဆိုတာ တဖြောင့်တည်းသွားတဲ့အလုပ်ကို ဘယ်နေရာမှာမှ မလုပ်လို့ တစ်ချိန် နင်နဲ့ငါ မတော်တဆ ပြန်တွေ့ရလို့ နင့်ကိုငါ လက်ထပ်ရတော့မယ်ဆိုတဲ့အခါမှာ နင်နဲ့ လက်ထပ်ရမယ့်သူဟာ ဘဝတစ်ခုလုံး ပျက်စီးပြီး အနာဂတ်မဲ့နေတဲ့ လူတစ်ယောက် မဖြစ်စေချင်လို့ပဲ"

"အေးပါဟာ ကိုဦးရာ၊ နင် အဲဒီလို ပြောတဲ့အတွက်တော့ နင့်ကို ငါ အများကြီး ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ခုလောလောဆယ်မှာ ကိုယ့်ကြောင့် ဘဝတစ်ခုလုံး ပျက်စီးလုနီးပါးဖြစ်နေတဲ့ လူတစ်ယောက်ကိုတော့ ငါ သနားတယ် ကိုဦး၊ ဖြစ်ချင်တာဖြစ်ဆိုပြီး ငါ သူ့ကို ဥပေက္ခာမပြုရက်ဘူး"

"အဲဒါ နင့်ဆုံးဖြတ်ချက်ပဲပေါ့ အိနီ၊ ဟုတ်လား"

"အင်း . . ."

အိနီက ခေါင်းညိတ်ရင်း တုံ့ပြန်သည်။ ကျွန်တော်က သူ့



ျက်နှာသို့ စူးစူးစိုက်စိုက် တစ်ချက်ကြည့်ရင်း . . .

"လူကြီးတွေအတွက်ရော နင် ဘယ်လိုစဉ်းစားလဲ"

"နောက်မှပဲ အခြေအနေ ကြည့်ရှင်းရမှာပေါ့၊ ဒါပေမဲ့ တစ်ခုတော့ ရှိပါတယ်၊ အားလုံးကို ရင်ဆိုင်မယ်လို့ ဆုံးဖြတ်ပြီးမှတော့လည်း တစ်ခုစီ လိုက်စဉ်းစားပြီး ပူမနေချင်တော့ပါဘူး"

ကျွန်တော် ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ကောင်းပြီလေ၊ အဲလိုဆိုရင် နင့်သဘောပဲပေါ့ အိနီ၊ နင့်စိတ် ကြိုက်ပဲ လုပ်ပါ၊ ငါ့မှာ ပြောစရာတွေကတော့ အများကြီးပဲ၊ ဒါပေမဲ့ ခုချိန်မှာ ပြောလို့ကတော့ စကားတွေပဲ အဖတ်တင် ကျန်ခဲ့မှာပဲ၊ အဲဒီတော့ မပြောတော့ပါဘူး၊ တချို့ကိစ္စတွေက မဖြစ်ခင် ကြိုပြော လည်း မထိရောက်ဘူး၊ ဖြစ်ပြီးမှ ပြောတော့လည်း မထူးတော့ဘူး၊ င့်အခုကိစ္စဟာ အဲဒီကိစ္စမျိုး မဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းပါတယ်"

"အေးပါဟာ၊ နင့်စေတနာကို ငါနားလည်ပါတယ်၊ ငါလည်း ငါ့စိတ်ကူးနဲ့ငါ အကောင်းဆုံးဘဝလေးတစ်ခု တည်ဆောက်သွားမှာ ပါ၊ နောက်တစ်ခုကလည်း ငါ့ဘက်က သစ္စာမဲ့တယ်ဆိုတဲ့ အဖြစ်မျိုး မရောက်ချင်လို့ နင့်ကို ကြိုပြီး အားလုံးဖွင့်ပြောပြတာပါ၊ နင်နဲ့ငါကြား မှာ လက်ထပ်ဖို့ကိစ္စတစ်ခုကလွဲလို့ ဘာမှမပြောင်းလဲပါဘူး၊ သူငယ် ချင်းတစ်ယောက်အနေနဲ့ရော တချို့ကိစ္စမှာ တိုင်ပင်ဖော် တိုင်ပင်ဖက် အနေနဲ့ရော အမြဲရှိနေပါ့မယ်"

ကျွန်တော် ပြုံးလိုက်သည်။

မချိပြုံး သို့မဟုတ် အရှုံးပြုံးတော့ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

လောကမှာ မှန်လွန်းရင် မှားတတ်သလား၊ ကျွန်တော် မစဉ်း စားတတ်။

အကောင်း ဖြစ်စေချင်၍ ကောင်းအောင် လုပ်ကာမှ ထို အကောင်းအတွက် မကောင်းသော ရလဒ်တစ်ခုရလိုက်ခြင်းအဖြစ်ကို တော့ မျက်ဝါးထင်ထင်ပင် ကြုံတွေ့လိုက်ရပြီဖြစ်၏။

# အပိုင်း လေး

## (နိဂုံးချုပ်မြင်ရုပ်များ)



တစ်ခါတုန်းက ...
ထားခဲ့ကြတဲ့ လှသစ္စာလေး
ချန်ခဲ့ပြေးရင်း တဖြည်းဖြည်းနှင့်
ဝေးဝေး၍သွား မောင့်မြသားရယ်
ထားခဲ့နိုင်လို့ ခွဲတာမို့လည်း
အောက်ကြို့ယူခံတော့ပါဘူး။
ပြောချင်တာတွေ
ရင်လျှံဝေအောင် ဆူနေသော်လည်း
ခွဲပြီပဲကွယ် ပြောလည်းမထူးခြား
စကားတွေသာ ဖတ်တင်မှာမို့
တွေးမိတိုင်းလျှင် ...
ရင်ထဲမှာပြို ငိုချင်သော်လည်း

ဝေးပြီပဲကွယ် အသည်းပျော့သူ။
ဘွဲ့တစ်ဆူသာ ကျန်ခဲ့မှာမို့
ကျလာလုဆဲ မျက်ရည်ဝဲကို
အံခဲမျိုသိပ်လိုက်ပါတယ် ...။
သွားပါတော့ကွယ် ...
ငယ်စဉ်ကြိုက်မို့ မိုက်ခဲ့တာပဲ
ဘာပဲဆိုဆို ...ကိုယ့်ကိုယ်ကိုသာ
ပြစ်တင်ပါ့မယ် ...တစ်ခါတုန်းက
ထားခဲ့ကြတဲ့ လှသစ္စာလေး
ချန်ခဲ့ပြေးရင်း တဖြည်းဖြည်းနှင့်
ဝေးဝေး၍သွား မောင့်မြသားရယ်
ထားခဲ့နိုင်လို့ ခွဲတာမို့လည်း
အောက်ကြို့ယူခံတော့ပါဘူး ...။
မုန်းနိုင်မှတော့
"သွားပေါ့" လို့ပဲ မျက်ရည်ဝဲရင်း
လမ်းခွဲနှုတ်ဆက်လိုက်ပါတယ်။ ။

ကျွန်တော် ကဗျာဆရာမဟုတ်။

အလားတူပင် ကဗျာတွေဘာတွေလည်း အရသာခံ၍ ဖတ်တတ်သူမဟုတ်။

သို့သော် မဂ္ဂဇင်းတစ်စောင်၌ အမှတ်မထင် တွေ့လိုက်သော 'လွမ်းသူရဲ့ပွဲ' အမည်ရှိ ကဗျာလေးကိုတော့ အလွန်သဘောကျပြီး ကျွန်တော့်နေ့စဉ်ကျော် ဒိုင်ယာရီစာအုပ်လေးထဲမှာ ကူးထားလိုက်မိ



သည်။

အိနိနှင့်ကျွန်တော်သည် တဖြည်းဖြည်းနှင့်ဝေးဝေးသွားကြတာ အမှန်ပင်ဖြစ်၏။

ကျွန်တော် လွမ်းခဲ့တာလည်း တကယ့်ကို အမှန်ပင်ဖြစ်ပါတသည်။

အထူးသဖြင့် ကျောင်းပိတ်ရက်ရှည်ရှည်ရ၍ တောင်ငူပြန်ရတိုင်း အလွမ်းတွေက ပိုလို့ သည်းခဲ့သည်။

အများသူငါလို ထင်ပေါ်အောင် မလွမ်းတတ်သူမို့ ကျွန်တော် လွမ်းမိပါကြောင်း သက်သေအထောက်အထား များများစားစား ရှာဖွေမပြနိုင်သော်လည်း ကျွန်တော် ရှားရှားပါးပါး လွမ်းစကားများကို ရည်အောင်ကတော့ ကောင်းကောင်းကြားခဲ့ရပါသည်။

ထုံးစံအတိုင်း လွမ်းရိပ်မြုံကတော့ မြစည်းခုံရင်ပြင်မှာသာပဲ ဖြစ်၏။

"နောက်ဆုံးတော့ လူကြီးတွေပြောကြတဲ့စကားအတိုင်း ငိုတတ်တဲ့ကလေး နို့စို့ရတာပဲပေါ့ ရည်အောင်၊ မငိုတတ်တဲ့အချစ်သမားစ်ထားခံရတတ်တယ်လို့ ဆိုရိုးအသစ် ထပ်ထုတ်ရကောင်းမလားတောင် စဉ်းစားမိတယ်၊ အများမိုးခါးရေသောက်နေချိန်မှာ မင်းတို့ငါတို့က ရေကြည်ရေသန့်ရှာပြီး သွားသောက်မိတာကို"

ရည်အောင်က ခေါင်းခါသည်။ ကျွန်တော်တို့ ထိုင်နေကျနေရာမှ လှမ်းကြည့်လျှင် မြင်ရသော ဘူတာရုံကြီး၊ မီးရထားဝင်းရေစင်၊ ရထားလမ်းတံခါးနှင့် မီးရထားစက်ရုံဘက်မှစ၍ လက်ညွှန်ရင်း . . .

"မင်းကို ငါတစ်ခုပြောမယ် မောင်မောင်ဦး၊ အခု ငါ စပြတဲ့နေရာက စကြည့်စမ်း . . . မင်းမြင်ရတာတွေ အကုန်မှတ်သွား၊

မင်းမြင်ရတာ အဆောက်အအုံ ဘယ်နှစ်ခုရှိလဲဆိုတာ ငါ့ပြောပြ"

ပြောရင်းနှင့် လက်ကိုရွှေ့သည်။ သူ့လက်ညှိုးက အဝေးအနီးမှ အိမ်အမိုးများကို ဖြတ်လာပြီး အလက (၂) ကျောင်း၊ ဆောက်လက်စ သာသနာ့ဗိမာန်အစရှိသည့် ထင်ထင်ရှားရှားအဆောက်အအုံများကို ကျော်လာ၍ နောက်ဆုံး မြစည်းခုံဘုရားရှေ့တည့်တည့်ရှိ ဘုရားဈေးမှာ လာအဆုံးသတ်သည်။ အင်ဖက်များ မိုးထားသော ဈေးဆိုင်တန်းများကိုလည်း အပေါ်စီးမှ မြင်နေရသည်။

"ပြောလေ မောင်မောင်ဦး . . . အဆောက်အအုံ ဘယ်နှစ်ခုလောက် မင်းမြင်ရလဲ"

"အများကြီးပေါ့ ရည်အောင်ရာ ဘယ်ရည်နိုင်မလဲ"

"အေး ဒါပေမဲ့ မင်း အဲဒီအဆောက်အအုံတွေထဲက ကြိုက်တဲ့ အဆောက်အအုံတစ်ခုထဲကို ဝင်ပြီးကြည့်၊ ဒီလိုမြင်ပါ့မလား"

"ဘယ်မြင်မလဲ"

"ဘဝမှာ အမှန်တရားတစ်ခုကို ကိုင်ထားတော့မယ်ဆိုရင် အဆောက်အအုံတစ်ခုထဲကနေ ကြည့်တဲ့အကြည့်မျိုးနဲ့ ဘယ်တော့မှ မကြည့်ရဘူး မောင်မောင်ဦး၊ အဆောက်အအုံတစ်ခုထဲ ဝင်ကြည့်ရင် အဲဒီအဆောက်အအုံပဲ မင်းမြင်ရမယ်၊ လုံးလုံးအပြင်မထွက်ဖူးတဲ့လူဆိုရင် အဲဒီအဆောက်အအုံဟာ လောကကြီးတစ်ခုလုံးပဲလို့တောင် ထင်နေလိမ့်မယ်၊ အမှန်တရားရဲ့အမြင်ဟာ ခု တို့ဒီကနေကြည့်သလိုပဲ မြင့်လည်းမြင့်ရတယ်၊ ကျယ်လည်းကျယ်ရတယ်၊ အဲဒါမှ အားလုံးကို မရေမတွက်နိုင်အောင် ခြုံမြင်ရတာ၊ မြစ်ကိုကန့်လန့်ဖြတ် ဖြတ်ကူးရင် တိုတိုလေးပေါ့ကွာ၊ အလျားလိုက်ကူးကြည့်မှ မြစ်ဟာ တကယ်ရှည်လျားပါလားဆိုတာ သိမှာပေါ့၊ အမှန်တရားကို ဘယ်တော့မှ ကန့်လန့်ဖြတ်မကြည့်နဲ့ အလျားလိုက် မြင်နိုင်သလောက် မြင်အောင်ကြည့်၊ ဒါမှ အမှန်တရားရဲ့ ပကတိပုံစံကိုမြင်ရမှာ"



"မင်းပြောတာ ငါနားမလည်ဘူး ရည်အောင်"

ကျွန်တော် သူ့စကားအဆုံးမှာ ရိုးသားစွာပင် ဝန်ခံလိုက်မိသည်။

"အေး ဆောရီးကွာ . . . ငါမှားသွားတယ် မင်း ပိုရှုပ်သွားတယ် ဆိုပြီး ဥပမာနဲ့ပြောလိုက်တာ မင်းကို မရှုပ်ရှုပ်အောင် လုပ်လိုက်သလိုဖြစ်သွားပြီထင်တယ်၊ ငါပြောချင်တာက ဒီလိုပါ၊ အမှန်တရားဆိုတာ အမှားမဖြစ်နိုင်တာကို ပြောတာ၊ အဲဒါ မင်းလက်ခံလား"

"မဟုတ်ဘူး ရည်အောင်၊ ငါ့ကိစ္စကျတော့ မှားသလိုဖြစ်နေပြီ"

"နေပါဦးကွ လာပါ့မယ်၊ အဲဒီအထိ ရောက်အောင် ပြောပါ့မယ်၊ ငါဆိုတဲ့အဓိပ္ပာယ်ဟာ ကောင်းတာဖြစ်စေတဲ့သဘော၊ အမှားမဖြစ်နိုင်တဲ့သဘော အဲလိုပဲရှိရ မဟုတ်ဘူးလား"

"အေးပါ ထားပါတော့ ဆက်ပြောပါဦး"

"ထားပါတော့၊ မဟုတ်ဘူး မောင်မောင်ဦး၊ အဲလိုပဲ ရှိကိုရှိရမယ်၊ ဒါပေမဲ့ အခု မင်းက အမှန်တရားကို မမှန်ဘူးလို့ ထင်နေတာဘာကြောင့်လဲဆိုတော့ မင်းက မင်းပြဿနာကို အကြောင်းပြုပြီး ဘဝကို ကန့်လန့်ဖြတ်ကြည့်လိုက်လို့ပဲ၊ နောက်တစ်မျိုးပြောရရင် မင်းက ဒီအဖြစ်အပျက်တစ်ခုလေးပဲ ကွက်ကြည့်ပြီး ပြောလိုက်လို့"

"ဒါဖြင့် မင်းဆိုလိုတာက တစ်ချိန်ချိန်မှာ အကောင်းပြန်ဖြစ်မယ်လို့ ပြောချင်တာလား"

"မင်းနဲ့ အိနီ ပြန်အဆင်ပြေမလား အဆင်မပြေဘူးလားဆို

တဲ့ကိစ္စ ပြောတာမဟုတ်ဘူး၊ မောင်မောင်ဦး ငါတို့ပြောတဲ့ အမှန်တရား ဆိုတာ ဘဝနဲ့ပတ်သက်တဲ့ အမှန်တရားကိုပြောနေတာ၊ အဲဒီတော့ တစ်ချိန်ကျလို့ မင်းဘဝတစ်ခုလုံးကို အစကနေအားလုံး အလျားလိုက် ပြန်သုံးသပ်ကြည့်ရင် ဒီအမှန်တရားကို ပြောနေတာ၊ အဲဒီတော့ တစ်ချိန်ကျလို့ မင်းဘဝတစ်ခုလုံးကို အစကနေအဆုံး အလျားလိုက် ပြန်သုံးသပ်ကြည့်ရင် ဒီအမှန်တရားကြောင့် ကောင်းကိုကောင်းနေရမယ်၊ အမှားတွေဖြစ်မလာခဲ့ရဘူးလို့ ပြောတာ ရှင်းလား"

"ဆိုလိုတာက အချစ်ကိစ္စမှာသာ ကျဆုံးရင်ကျဆုံးရမယ်၊ ဘဝကြီးတစ်ခုလုံးကတော့ ကောင်းနေမယ် အဲလိုပေါ့"

"လောလောဆယ်တော့ အဲလိုပဲ သဘောထားလိုက်ဦးပေါ့ကွာ၊ ဒါပေမဲ့ တစ်ခုတော့ ရှိပါတယ်၊ တို့ အခုကိုင်စွဲနေတဲ့ အမှန်တရားက အချစ်နဲ့လည်း ပတ်သက်နေပါတယ်၊ အနည်းဆုံး မင်းအခုလိုလုပ်တာ မှန်တယ်ဆိုတဲ့ အဖြေမျိုးတော့ ထွက်လာလိမ့်မယ်လို့ ငါယုံတယ်"

ကျွန်တော် ရယ်ရင်းနှင့် . . .

"အဲလိုယုံတာကတော့ ခုလည်းပဲ ငါယုံပါတယ် ရည်အောင်၊ ယုံလို့လည်း ဒီလိုပဲဆုံးဖြတ်ခဲ့တာပေါ့၊ အေးပေါ့ကွာ တစ်နေ့နေ့ကျရင်တော့ အိနီကို နားလည်လာမှာပါ၊ အဲဒီအခါကျရင် ဘယ်လိုအချစ်မျိုးရှိတတ်တဲ့ ယောက်ျားကို ရွေးသင့်ခဲ့တယ် ဆိုတာလည်း သူသဘောပေါက်မှာပါ၊ ဒါပေမဲ့ ပြန်ပြင်ချင်လို့ရတဲ့ အနေအထားမှာတော့ ရှိချင်မှရှိတော့မှာပေါ့"

"ဒါတော့ မတတ်နိုင်ဘူးပေါ့ မောင်မောင်ဦး၊ ဒါပေမဲ့ မင်းတို့ဇာတ်လမ်းက နောင်မှားဖို့ပြင်နေတဲ့ အချစ်သူအချစ်သားတွေအတွက်



သင်ခန်းစာကောင်းကောင်းပေးနိုင်တဲ့ အမှန်တရားရဲ့ သက်သေဇာတ်လမ်းလေးတစ်ခုတော့ ဖြစ်ချင်ဖြစ်သွားနိုင်တာပေါ့"

"ဘာလဲ ခုမြင်ရတဲ့ အဆောက်အအုံတွေထဲက တစ်ခုဖြစ်သွားမှာလား"

ရည်အောင်က ရယ်သည်။

"ဒါပေါ့ကွာ ဧရာဝတီမြစ်ကြီးဟာ ဘယ်လောက်ရှည်လျားပါတယ်လို့ ပထဝီစာအုပ်ထဲမှာ ရေးထားနိုင်သလိုပေါ့"

နှစ်ယောက်သား ရယ်လိုက်သည်။

သို့သော် ရင်ထဲမှာတော့ လွမ်းဌွေ့များဖြင့် နာကျင်လျက်ရှိ၏။

"ကိုဦး ခဏ"

လူငယ်သက်သာဆိုင်တွင် အဝင်ဘက် ကျောပေးထိုင်ထားသဖြင့် အိနိ ဝင်လာသည်ကို မမြင်လိုက်ရ။ တစ်ဝိုင်းတည်းမှ အတူတူထိုင်နေသည့် ကျော်အောင်နှင့် သက်တင်တို့ကလည်း မြင်လိုက်ပုံမပေါ်။ စားပွဲဝိုင်းနားလာရပ်ပြီး အသံပြုလိုက်မှသုံးယောက်သား ပြိုင်တူလှည့်ကြည့်ကြသည်။

အိနိကြည့်ရသည်မှာ နည်းနည်းတော့ ရှုံ့တွန့်တွန့် ဖြစ်နေပုံရ၏။

ကျွန်တော်က ပြုံးပြလိုက်ပြီး . . .

"လာလေ အိနိထိုင် ဘာသောက်မလဲ"

အိနိက ခေါင်းခါသည်။

"မထိုင်တော့ဘူး၊ ကိစ္စလေးတစ်ခုရှိလို့ဟာ၊ နှင် ငါနဲ့ခဏ



လိုက်ခဲ့စမ်းပါ"

ပြောရင်းနှင့်လည်း ကျော်အောင်နှင့်သက်တင်တို့ဘက်ကို အားနာသလို တစ်ချက်ကြည့်သည်။ ကျွန်တော်က ထိုနှစ်ယောက်ကို ခဏလိုက်သွားဦးမယ်ကွာဟု ပြောရင်းထ,ရပ်လိုက်သည်။ ကျော်အောင်နှင့်သက်တင်က နားလည်စွာခေါင်းညိတ်ပြ၏။

ဆိုင်အပြင်ဘက်ရောက်မှ ကျွန်တော်က . . .

"ဘာဖြစ်လို့လဲ အိနိ အရေးကြီးလို့လား"

"ဟင့်အင်း အရေးတော့မကြီးပါဘူး ကိစ္စလေးတစ်ခုပဲ ရှိတာပါ၊ ဒီနေ့ ဒီပါ ကျောင်းကိုလာမယ်၊ အဲဒါ နင်နဲ့မိတ်ဆက်ပေးမလို့"

"ဟာ . . . မလိုက်ချင်ဘူး အိနိ၊ နင်တို့ကိစ္စ နင်တို့ဟာနင်တို့လုပ်၊ ငါနဲ့ ဘာဆိုင်လို့လဲ"

ကျွန်တော်က ပြောပြောဆိုဆိုနှင့် လှည့်ထွက်ရန်ပြင်သည်။ အိနိက ကျွန်တော့်လက်ကို လှမ်းဆွဲပြီး . . .

"နေပါဦး ကိုဦးရာ . . . နင်ကလည်း ဘယ်လိုဖြစ်ရတာလဲ၊ လက်ဖက်ရည်ဆိုင်မှာထိုင် လေကန်နေတာများ အရေးကြီးတဲ့ကိစ္စကျနေတာပဲ"

"အရေးကြီးတဲ့ကိစ္စရှိတာ မရှိတာနဲ့ မဆိုင်ဘူး အိနိ၊ ငါကလည်း အဲဒီမှာ အရေးကြီးတဲ့ကိစ္စရှိလို့ သွားမယ်လို့ ပြောနေတာမဟုတ်ဘူး၊ နင်ခေါ်တဲ့ကိစ္စက ငါနဲ့ ဘာမှမပတ်သက်လို့၊ အဲဒီကိစ္စက ဘာမှမလိုအပ်ဘူး၊ ဘာမှလည်း အပင်ပန်းခံပြီး လုပ်မနေနဲ့"

အိနိက လျှော့ပုံမရ ကျွန်တော့်လက်ကိုသာ ခပ်တင်းတင်း ဆုပ်ကိုင်ထားရင်း . . .

"အဲလိုမဟုတ်ပါဘူးဟာ၊ ဟိုကလည်း နင့်ကို သိချင်တယ်

ဆိုလို့ပါ"

"ဘာကိစ္စသိချင်တာလဲ သိချင်မနေနဲ့လို့ ပြောလိုက်"

အိနီက ရယ်သည်။

နင်ကလည်း ကိုဦးရာ ဘာဖြစ်လို့ အလကားနေရင်း ဘဝင်ကိုင်နေရတာလဲ၊ ဒီကိစ္စက သူစီစဉ်တာ မဟုတ်ဘူး၊ ငါစီစဉ်ထားတာ နင်တို့နှစ်ယောက်ကို ရင်းရင်းနှီးနှီးဖြစ်ထားစေချင်လို့"

"ဘာလုပ်ဖို့ ရင်းနှီးရမှာလဲ"

"အကြောင်းရှိလို့ပေါ့ ကိုဦးရာ၊ နောက်တော့ နင့်ကို ငါ အေးအေးဆေးဆေး ပြောပြပါ့မယ်၊ လောလောဆယ်တော့ ငါ့ကိုကူညီတယ်လို့ သဘောထားပြီး ခဏလိုက်ခဲ့ပါဦး ငါတောင်းပန်ပါတယ်"

သူ့အမူအရာနှင့် သူ့စကားများကြောင့် ကျွန်တော် ငြင်းရခက်သွားသည်။ အမှန်စင်စစ်ကတော့ ထိုအလုပ်သည် ကျွန်တော်လုံးဝလုပ်ချင်သောအလုပ်မဟုတ်။

သို့သော် နောက်ထပ် ဘာမှမပြောတော့ဘဲ သူခေါ်ရာနောက်သို့ ကျွန်တော် လိုက်ပါလာခဲ့ပါသည်။

ထိုအခါမှပင် ဒီပါဆိုသောပုဂ္ဂိုလ်ကို ကျွန်တော် စမြင်ဖူးခြင်းဖြစ်၏။

တွေ့ဆုံခြင်းကိစ္စကတော့ ထူးခြားမှု ကြီးကြီးမားမားမရှိဘဲ



နှင့်ပင် ပြီးဆုံးခဲ့သည်။

"ကိုဦး . . . ဒါ နင့်ကို ငါ ပြောပြောနေတဲ့ ဒီပါ၊ ဒီပါ . . . ဒါ ကိုဦး"

"ဟုတ်ကဲ့ ကိုမောင်မောင်ဦး၊ တွေ့ရတာ ဝမ်းသာပါတယ်"

ဒီပါဆိုသောပုဂ္ဂိုလ်က အိနီပြောပြထားသလိုပင် ဖြူဖြူနွဲ့နွဲ့ နှင့် ချောချောလေးဖြစ်သည်။ အနုပညာဆန်သော မျက်နှာနှင့် ကိုယ် လုံးကိုယ်ပေါက်သွယ်သွယ်က သူ့လှုပ်ရှားမှုနှင့် သူ့အမူအရာများကို များစွာလှပနေပေသည်။

ကျွန်တော်က တုံ့ပြန်နှုတ်ဆက်ရင်း ပြုံးပြရင်းနှင့် . . .

"ကျောင်းကို လာလည်တာလား"

"မမအိနီဆီ ခဏလာတာပါ"

"ဪ"

ကျွန်တော် ဒီလောက်သာ ချည့်ခံစကားပြောတတ်သည်။ သူက ကျောင်းကို လာသည်ပင် မဟုတ်ဘဲ အိနီဆီသာလာသည်ဆို ၍ဖြင့် ကျွန်တော်က ကျောင်းအကြောင်းလည်း မပြောသာတော့။ အခြားကိစ္စလည်း မပြောသာတော့။

"ကိုမောင်မောင်ဦး အတန်းမရှိဘူးလား"

ကျွန်တော် ပြုံးလိုက်သည်။

"ရှိပါတယ်ဗျာ၊ ဒီတစ်ချိန်ပဲ ခဏအားတာပါ၊ လုပ်ပါ အိနီနဲ့ စကားပြောလိုက်ပါဦး၊ ကျွန်တော်လည်း လက်ဖက်ရည်ဆိုင်မှာ သူငယ် ချင်းတွေ ထားခဲ့ရလို့ သွားလိုက်ဦးမယ်"

"ဟယ် . . . ကိုဦးကလည်း သွားတော့မလား၊ နေပါဦး စကားလေးဘာလေး ပြောကြပါဦး၊ ငါလည်း အတန်းတက်မှာပဲဟာ

ခဏစောင့်ပါဦး"

"မဟုတ်ဘူး အိနီ၊ ဟိုကောင်တွေ ငါ့ကို စောင့်နေကြလိမ့်မယ်၊ နောက်ကျရင် အချိန်ရဦးမှာပါ၊ အဲဒီတော့မှ အေးအေးဆေးဆေး တွေ့တာပေါ့"

ပြောရင်းနှင့် ကျွန်တော် လှည့်ပြန်လာခဲ့သည်။

အပြန်လမ်းမှာ သက်ပြင်းတစ်ချက် ချမိ၏။

"နင်ကလည်း ကိုဦးရာ၊ ငါက နင်နဲ့သူ ခဏလောက်စကားပြောစေချင်လို့ တမင်ဆွဲထားတဲ့ဥစ္စာ၊ ဘာကိစ္စ ဇွတ်ပြန်သွားတာလဲ"

အိနီက သူပြောသည့်အတိုင်းပင် စာသင်ခန်းအမီတော့ ပြန်လာသည်။

အတန်းမတက်ခင် ဆယ်မိနစ်လောက် အချိန်ရသည့် အတောအတွင်းမှာ သူက ကျွန်တော့်ကို ရအောင်လာ၍ ရန်တွေ့၏။

ကျွန်တော်က နှုတ်ခမ်းတွန့်၍ ပြုံးပြလိုက်ပြီး . . .

"ငါက ဘာပြောရမှာလဲ အိနီ၊ နင့်ကောင်က နင်နဲ့ပဲ စကားပြောချင်ကြောင်း အတိအလင်း ကြေညာနေတဲ့ဟာ ငါ ဆက်နေလို့ ကောင်းမလား"

အိနီ မျက်နှာလေး ငယ်သွားသည်။

"ကိုဦးရယ်၊ နင် အဲလိုတော့ မပြောပါနဲ့၊ ငါနဲ့ပတ်သက်လာရင်



နင်က သူ့ကိုဦးစားပေးရမယ့်လူ မဟုတ်ပါဘူး၊ သူကသာ နင့်ကို ဦးစားပေးရမှာပါ၊ သူနဲ့ငါ အခုထိ တိတိလင်းလင်း ဘာမှဖြစ်ကြရသေးတာ မဟုတ်ပါဘူး"

ကျွန်တော် နားမလည်စွာဖြင့် သူ့ကိုကြည့်သည်။ အိနီထံတွင် ဒီကိစ္စများကို လုံးဝမစပ်စုဘဲ မဆိုင်သလို နေလာခဲ့သော ကာလများမှာ အတော်ကြာခဲ့ပြီ။ ကျွန်တော့်စိတ်ထဲမှာ သူတို့နှစ်ယောက် ဘယ်အချိန်လောက် ယူကြမလဲ မသိဘူးဟုပင် စဉ်းစားနေခဲ့၏။

သူက ဒီလိုပြောသည့်အတွက် ကျွန်တော် အံ့ဩသွားပြီး . . .

"နင်နဲ့သူက ချစ်သူတွေဖြစ်နေကြပြီ မဟုတ်လား"

"မဟုတ်သေးပါဘူးဟာ၊ ငါ သူ့ကို အဖြေမပေးရသေးဘူး၊ သူ့အချစ်ကိုငါ လက်ခံဖို့ စဉ်းစားမယ်လို့ အဆင့်လောက်ပဲ ပြောထားပါသေးတယ်"

"ဘာဖြစ်လို့လဲ"

"အကြောင်းတွေ အများကြီး ရှိသေးတယ် ကိုဦး၊ နင်က ဒီအကြောင်း စကားအစမခံလို့သာ ငါ နင့်ကို ဘာမှပြောမပြဖြစ်တာ၊ အဲဒီကိစ္စနဲ့ပတ်သက်လို့ နင်နဲ့တိုင်ပင်ချင်တာတွေ အများကြီးပဲ"

"နေပါဦး အိနီ၊ ငါ တစ်ခုမေးပါရစေဦး၊ ဟိုတစ်ခါ နင်က ငါနဲ့ လက်ထပ်ဖို့ ကိစ္စကို ဖျက်ပေးပါလို့ ပြောတုန်းက နင် သူ့ကို အဖြေပေးချင်လို့ပြောတာ မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ တကယ်ဆို ပေးချင်စိတ်ရှိလာရင် ပေးလို့ရအောင် နင်နဲ့ငါနဲ့ကိစ္စကို အရင်ရှင်းထားလိုက်တဲ့သဘောပေါ့၊ ဒါပေမဲ့ ခုထက်ထိတော့ သူ့ကိုငါ စဉ်းစားဟုန်းပဲ"

ကျွန်တော် အံ့ဩမိသည်။

ဒီကြားထဲ အချိန်ကာလက နည်းနည်းနောနောမဟုတ်။ ဒီကြားထဲမှာ ကျောင်းပိတ်၍ပင် ကျွန်တော် တောင်ငူ တစ်ခေါက်ပြန်ခဲ့ပြီးပြီ။ အိနီက လူကြီးတွေကိုတော့ ဘာမှမပြောပါနဲ့ဦး။ ပြောလိုက်ရင် နှစ်ဘက်စလုံးက သိကုန်ပြီး ပြဿနာတွေတက်မှာကြောက်လို့ ဆို၍သာ ကျွန်တော့်အိမ်ကျွန်တော် ဘာမှပြန်မပြောသေးခြင်းဖြစ်သည်။

ခုနောက်ပိုင်းတွင် ကျောင်းမှာသာ အိနီနှင့်ဆုံ၍ အိနီအိမ်ကိုပင် မရောက်ဖြစ်။ ကျောင်းမှာလည်း သူ့ကိစ္စသူ စိတ်ရှင်းရှင်းလုပ်နိုင်ရန် ကျွန်တော် ခပ်ရှောင်ရှောင်နေပေးခဲ့သည်။

ခုဇာတ်လမ်းက ကျွန်တော်ထင်သလောက် မဟုတ်သေးသဖြင့် သိချင်စိတ်ကို ထိန်းမထားနိုင်တော့ဘဲ . . .

"ဘာကို စဉ်းစားနေတာလဲ"

"ငါ သူနဲ့ပတ်သက်လို့ စိတ်မသန့်တာ တစ်ခုရှိတယ်၊ အဲဒါကြောင့် အဖြေပေးတာ မလောဘူး၊ ခဏဆိုင်းထားတာ"

"အင်း . . . ပြောပါဦး"

"နင့်ကိုငါ သူ့အကြောင်း ပြောပြတုန်းက တခြားလူတစ်ယောက် ပါခဲ့သေးတယ်၊ အဲဒါကို မှတ်မိလား"

"အင်း . . . အဲဒါ မှတ်မိပြီ၊ ထွေးထွေးလား၊ သူက ဘာဖြစ်လို့လဲ"

"ထွေးထွေးက ဒီပါ့ကို တော်တော်ကြိုက်နေတာ၊ ခုတော့ ဒီပါနဲ့ ငါနဲ့ သတင်းလေးတွေကို သူလည်း ကြားတယ်ထင်ပါတယ်၊ ကောင်မလေး အရမ်းစိတ်ထိခိုက်နေတယ်"

အိနီ နောက်တစ်ယောက်ကို ထပ်မံသနားပြန်ပြီဟု စိတ်ထဲက အောက်မေ့လိုက်၏။



"နင့်ကို ထွေးထွေးက ဘာလာပြောလို့လဲ"

"ဘာမှတော့ မပြောပါဘူး၊ ဒါပေမဲ့ မိန်းကလေးချင်းပဲဟာ အမူအရာကြည့် သိတာပေါ့၊ နောက်တစ်ခုက ငါ့ကို မပြောပေမယ့် ဒီပါနဲ့ အဆက်အသွယ်ရှိတဲ့ သူ့သူငယ်ချင်းတွေကိုတော့ သူပြောတယ်တဲ့"

"ဘာပြောလဲ"

"သူ အရမ်းမှားသွားတယ်ပေါ့ဟာ၊ ငါ့မှာလည်း အိမ်က သဘောတူထားတဲ့ လူတွေဘာတွေရှိတော့ ဒီလိုဖြစ်မယ် လုံးဝမထင်တာနဲ့ ဒီပါနဲ့ငါ့ကို မိတ်ဆက်ပေးခဲ့တယ်ပေါ့၊ ခုတော့ အဲဒီကိစ္စက သူ့အသည်းကိုသူ ပြန်ခွဲသလို ဖြစ်သွားပြီ၊ ငါ့ကိုလည်း အံ့ဩတယ်ပေါ့၊ ပညာတွေ ဒီလောက်တတ်ရဲ့သားနဲ့ သူနဲ့ ထိုက်ထိုက်တန်တန်ဖြစ်နေတဲ့သူလည်း ရှိသားနဲ့ ဒီပါလိုလူမျိုးကို စဉ်းစားရတယ်ပေါ့၊ သဘောကတော့ ငါ အသုံးမကျဘူးပေါ့ဟာ၊ ပညာတွေတတ်ရဲ့သားနဲ့ မိုက်တွင်းနက်တယ်၊ နင့်ကိုလည်း သစ္စာမရှိဘူး၊ သူ့လူကိုလည်း ငါက လုတယ်ပေါ့"

ကျွန်တော် ပြုံးလိုက်မိသည်။

"နင် ဘာရယ်တာလဲ ကိုဦး"

"ဘာမှမဟုတ်ပါဘူးဟာ၊ ရန်ကုန်ရောက်မှ ငါ ကြုံနေကြားနေရတဲ့ ဇာတ်လမ်းတွေက ငါ လုံးဝမျှော်လင့်မထားတဲ့ပုံစံတွေချည်းဖြစ်နေလို့ ပြုံးမိတာပါ၊ အဲဒါတွေ ဘယ်သူက နင့်ကို ပြောပြလို့ သိတာလဲ"

"ဒီပါက ပြောပြလို့ပေါ့"

"ဩော် . . . ဒီပါက နင့်ကို ပြန်ပြောပြတာလား"

"အေးပေါ့၊ နေဦးဟာ ဟိုမှာ ဆရာမ လာနေပြီ၊ အတန်းခဏ ဝင်လိုက်ကြရအောင် ပြီးမှ ဆက်ပြောကြတာပေါ့၊ ပြောစရာတွေ အများကြီး ရှိသေးတယ်"

စကားကောင်းနေမှ စာသင်ချိန် ရောက်လာသဖြင့် ကမန်းကတန်း စကားဖြတ်ပြီး အတန်းထဲ ဝင်လိုက်ကြသည်။

စိတ်ရှုပ်၍ ကမ်းနားသွားထိုင်ပါသည် . . . သပွတ်အူကြီး မျောလာတာတွေ့ဆိုသောစကားကို သွားသတိရသည်။ အိနီ၏ ရှုပ်ထွေးသောဇာတ်လမ်းများ နားထောင်၍မှ မပြီးသေး စာသင်ခန်းထဲ ရောက်တော့လည်း အက်တမ်တွေ၊ မော်လီကျူးတွေ၊ အီလက်ထရွန်တွေ၊ ပရိုတွန်တွေ၊ နျူထရွန်တွေနှင့် ရှုပ်ပွနေသော ခေတ်ပေါ်ဓာတုဗေဒဘာသာရပ်နှင့် တန်းတိုးနေ၏။

"အင်း . . . အဲဒီတော့ ဆက်ပါဦး ထွေးထွေးက အဲလိုပြောတယ်ဆိုတော့ နင့်စိတ်က သိပ်မသန့်တော့ဘူး ဖြစ်သွားတယ်ပေါ့"

စာသင်တန်းအပြီးမှာ နှစ်ယောက်သား စားသောက်တန်းဘက်သို့ ထွက်ခဲ့ကြသည်။ လမ်းမှာတော့ ဘာမှမပြောဖြစ်ကြဘဲ အအေးဆိုင်ကျမှ စကားကို ပြန်စ,ဖြစ်သည်။

ကျွန်တော့်အမေးစကားကို အိနီက ခေါင်းညိတ်တဲ့ပြန်ရင်း



. . .

"တစ်မျိုးပဲပေါ့ဟာ၊ ငါ့စိတ်ထဲ လိပ်ပြာမသန့်ဘူး ဖြစ်သွားတာပေါ့၊ ဒီပါ စုတ်ပြတ်လေလွင့်နေတဲ့ဘဝတုန်းက မိဘတွေ အဆူခံအရိုက်ခံပြီး နှစ်နဲ့ချီ ထမင်းမိုးကျွေး ပိုက်ဆံခိုးပေးနေခဲ့တာ ထွေးထွေး မဟုတ်လား"

ကျွန်တော် ခေါင်းညိတ်ပြချင်မိသည်။ သို့သော် ခုနေခါ ခေါင်းညိတ်လိုက်ပါက ဒီပါ့ကို အဆင်းတွင် ဘီးတပ်ပေးသလိုဖြစ်သွားမည် စိုးသဖြင့် ကိုယ့်သိက္ခာကိုယ်ထိန်းပြီး ငြိမ်နေလိုက်သည်။ အိနီက ဆက်၍ . . .

"တခြားပြဿနာ မရှိရင်တော့ ဒီအချက်နဲ့တင် ငါနောက်ဆုတ်မိမှာ အမှန်ပဲ ကိုဦး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီအကြောင်းကို တွေးမိတိုင်း ဟိုးအစပိုင်းတုန်းက ငါကြားခဲ့ရတဲ့ ထွေးထွေးငိုသံတွေ၊ သူ့အမေ ဆူလိုက်၊ ရိုက်လိုက်၊ ပေါင်တွင်းကြော လိမ်ဆွဲလိုက် လုပ်နေတဲ့အသံတွေ သွားသွားသတိရတယ်၊ ကောင်မလေးက အဲဒီဒုက္ခတွေနဲ့ရင်းပြီး ဒီပါ့ကို သံယောဇဉ်ကြီးခဲ့တာ၊ ငါ ကိုယ်တွေ့ပဲဥစ္စာ၊ ငါ အဲဒီကောင်မလေးကို စိတ်သောကရောက်အောင် မလုပ်ချင်ပါဘူး၊ ဒါပေမဲ့"

အဲ . . . အဲဒီ ဒါပေမဲ့ကျတော့ ပြဿနာ၊ ဒါပေမဲ့ဖြစ်လာတော့မည်ဟု ကြိုသိသည်။ ဒီဒါပေမဲ့သည် ထွေးထွေးကိုသာမက ကျွန်တော့်ကိုပါ နှိပ်စက်နေဆဲဖြစ်သည့် ဒါပေမဲ့ဖြစ်ဖို့ သေချာနေသည်။

အိနီကတော့ ဒါတွေသိပုံမပေါ် . . . သူပြောလက်စ စကားကိုသာ ဆက်ပြောသည်။

"ဒါပေမဲ့ တစ်ခုခက်နေတာက ဒီပါကလည်း မလွယ်ဘူး

ကိုဦး၊ ဟိုတလောက နင့်ကိုငါ ပြောပြသလိုပဲ သူ့ကို ငါ အဆက်ဖြတ်ထားလိုက်တဲ့ အချိန်အတောအတွင်းမှာ သူ တော်တော်ပြန်ပျက်စီးသွားတယ်၊ ဟုတ်မဟုတ်တော့ အတိအကျ ငါမသိသေးဘူး၊ ဒါပေမဲ့ ကြားရတာ ဒီပါ အဲဒီရက်တွေတုန်းက ဆေးတောင်ပြန်စွဲသလို ဖြစ်သွားတယ်တဲ့"

"ခုရော"

"ခုတော့ ငါပြန်ထိန်းထားတော့ နည်းနည်းတော်သွားတာပေါ့ဟာ၊ ငါထိန်းတယ်ဆိုတာကလည်း များများစားစားထိန်းခဲ့တာ မဟုတ်ပါဘူး၊ နင်နဲ့ငါ ရှင်းပြီးတဲ့နောက် နောက်နေ့ပဲ စာတစ်စောင်ရေးပြီး ပို့လိုက်တယ်၊ အဲဒီလို မနေနဲ့၊ ကောင်းကောင်းမွန်မွန်ပြန်နေ၊ ခုချက်ချင်း သူ့အချစ်ကို မတုံ့ပြန်နိုင်သေးတာတောင်မှ သူ့အချစ်ကို ဥပေက္ခာပြုတာမျိုးတော့ မလုပ်ပါဘူး၊ လက်ခံစဉ်းစားမယ်၊ ခုချိန်မှာ အရင်လိုပဲ ပြန်ဆက်ဆံနိုင်တယ်၊ ဒါပေမဲ့ စည်းနဲ့ကမ်းနဲ့တော့ နေရမယ်ဆိုတာပဲ ရေးပေးလိုက်တာပါ"

"အဲဒီတော့လည်း ပြန်ကောင်းသွားရောလား"

"အေး . . . အဲလိုဆိုတော့လည်း သူက ချက်ချင်းပဲပြန်ကောင်းတာပါပဲ၊ ခုဆို သူစီးရီးတွေ ဘာတွေတောင် သွင်းနေရပြီ၊ ရှေ့လလောက်ဆို အခွေထွက်မလား မသိဘူး၊ အဲဒီလောက် ငါ့အပေါ်တွယ်တာတဲ့လူ ဆိုတော့လည်း ငါ့ဘက်က ဘယ်လိုလုပ် ဥပေက္ခာပြုရက်မလဲ ကိုဦးရယ်၊ ငါ့ဘက်ကလည်း သံယောဇဉ်ပြန်ဖြစ်နေရတာပေါ့"

"ဟင်း . . . "

သူ့စကားနားထောင်ရင်းနှင့် သက်ပြင်းချသည်။



နောက်ဆုံးတော့ ဒုံရင်းဒုံရင်း ပြန်ရောက်လာတာပါလားဟု တွေးမိပြီး စိတ်မောသွားသည်။

သောက်လက်စ သံဘူးရည်တစ်ဖန်ခွက်လုံးပင် အရသာမရှိဖြစ်သွား၏။

"အဲဒီတော့ ငါဘာလုပ်ရမယ်ဆိုတာ အကြံပေးစမ်းပါ ကိုဦးရာ"

အရသာပျက်နေပြီဖြစ်သော သံဘူးရည်ကို ကုန်အောင်မော့ချလိုက်ပြီး စားပွဲပေါ် ပြန်ချသည်။

ပြဿနာက ဒီဘူတာပဲ ပြန်ဆိုက်တာပဲဟုတွေး၍ . . .

"ငါ တစ်ခုပြောမယ် အိနီ၊ နင်ဟာ မစဉ်းစားတတ်တဲ့ မိန်းကလေးလည်းမဟုတ်ဘူး၊ အသိဉာဏ်မရှိတဲ့ မိန်းကလေးလည်း မဟုတ်ဘူး၊ ခုပြဿနာမှာလည်း အခြေအနေအရပ်ရပ်ကို နင်အားလုံးသိနေတဲ့ကိစ္စ၊ ဘာဖြစ်လို့ ငါ့ကို လေကုန်ခံပြီး ဒါတွေရှင်းပြနေ၊ မေးနေရတာလဲ၊ ဘာလုပ်သင့်တယ်ဆိုတာ နင့်ဟာနင် သိပါတယ်၊ လုပ်သင့်တဲ့ကိစ္စကို သိရဲ့သားနဲ့ နင့်ဟာနင် ချီတုံချတုံဖြစ်နေတဲ့ကိစ္စ၊ ငါ အကြံပေးတော့ရော နင်က လက်ခံမှာမို့လို့လား"

"စဉ်းစားရတာပေါ့ဟာ"

"အေး . . . စဉ်းစားစရာတစ်ခုအနေနဲ့ ပြောရရင်တော့ နင်

သက်သက်မိုက်ကန်းနေတာလို့ ငါ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ် အိနီ၊ နဂိုကတည်းက ဒီဇာတ်လမ်းက စကို မစရမယ့်ဇာတ်၊ ခု အခြေအနေအထိ ဖြစ်နေတာကိုက အရမ်းလွန်လှပြီ၊ နင်နဲ့အဲဒီကောင်နဲ့ ဘာဆိုင်လို့လဲ၊ နင်က မိစုံဖစုံနဲ့ စည်းကမ်းတကျ အုပ်ထိန်းမှုအောက်မှာ နေလာခဲ့တဲ့ မိန်းကလေး၊ ဘဝကိုလည်း စနစ်တကျ တည်ဆောက်လာခဲ့တဲ့လူ၊ ဟိုတစ်ယောက်က ဘဝမျိုးစုံပျက်ပြီး လမ်းပေါ်ရောက်နေတဲ့ကောင်၊ ငါမပြောချင်ဘူး အိနီ၊ ငါပြောရင် ငါက ငါ့ဘက်ငါ ယက်ပြီး ပြောတယ်လို့ ဖြစ်လိမ့်မယ်"

"ငါ သူ့ကို သနားလို့ပါ၊ သူပြောတဲ့စကားတစ်ခုရှိတယ်၊ ကျွန်တော့်ဘဝက ပင်လယ်ထဲမှာ သင်္ဘောပျက်ပြီး ကမ်းမမြင်လမ်းမမြင် ကူးနေရတဲ့ ဇနက္ကမင်းလိုဘဝပါ၊ မမနဲ့တွေ့မှ မေခလာကကယ်သလို လွတ်မြောက်ခဲ့ရတယ်၊ မမ ကျွန်တော့်ကို မရက်စက်ပါနဲ့တဲ့၊ ငါ့ကြောင့် လူတစ်ယောက် ဘဝပျက်စီးကုန်မှာလည်း မကြည့်ချင်ဘူး"

ကျွန်တော် ရယ်လိုက်သည်။

"အဲဒါကြောင့် ငါ မပြောချင်ဘူးလို့ ပြောတာပေါ့ အိနီ၊ နင်က နင့်ကိုယ်နင်လည်း သိပ်အထင်ကြီးနေတာကိုး၊ ဟိုက မေခလာဆိုတာ နတ်သမီးဟ၊ တန်ခိုးဣဒ္ဓိပတ်ရှိတယ်၊ နင်က ဘာမို့လို့လဲ၊ ငါ မပြောဘူးတော့ မဖြစ်စေနဲ့ အိနီ၊ နင် ဒုက္ခရောက်မယ်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ နင် စိတ်ကူးယဉ်နေလို့ပဲ၊ လောကကြီးမှာ သနားတတ်တဲ့စိတ် မရှိရဘူးလို့ ငါ မပြောဘူး၊ ဒါပေမဲ့ တရားနည်းလမ်း မဟုတ်လို့ ဒုက္ခရောက်နေတဲ့ လူကို တရားနည်းလမ်းကျအောင် ဖျောင်းဖျပေးဖို့ပဲလိုတယ်၊ တရားနည်းလမ်းကို မပြဘဲ သနား



တဲ့စိတ်တစ်ခု သက်သက်နဲ့ ကိုယ်မနိုင်တဲ့ဝန်ကို သွားထမ်းရင် ကိုယ်ပါ ဒုက္ခရောက်မှာအမှန်ပဲ၊ အဲဒါပဲ ငါပြောမယ်"

အိနီ တွေသွားသည်။

နောက်ထပ်လည်း ဘာစကားမှမပြောတော့ဘဲ ကျွန်တော့်ကို နှုတ်ဆက်၍ ထ,ပြန်သွားသည်။

ကျွန်တော်ကတော့ ကျွန်တော့်စကားကို လက်ခံစိတ်နှင့် တွေသွားပြီ။ သူ့အမှားသူ မြင်လိမ့်မည်ပဲ ထင်ခဲ့၏။

ဒီကစပြီး ရှေ့ဆက်ဖြစ်လာခဲ့တဲ့ ဇာတ်လမ်းကို ငါ ပြန်လည်းပြောမပြချင်ဘူး၊ သတိရချင်စိတ်လည်း မရှိတော့တာတော့ အမှန်ပဲ အိနီ။

ရှေ့ဆက်ဖြစ်လာတဲ့ ဇာတ်လမ်းရဲ့ အစိတ်အပိုင်းတိုင်း မဟုတ်ပေမယ့် တစ်စိတ်တစ်ပိုင်းဟာ ဘယ်လိုမှ စိတ်ချမ်းသာစရာ မရှိဘူး။

အရမ်းနှမြောဖို့ ကောင်းတဲ့ကိစ္စ၊ အရမ်းရင်နာစရာကောင်းတဲ့ကိစ္စ၊ အရမ်းရင်ကျိုးစရာကောင်းတဲ့ကိစ္စအနေနဲ့ ငါ့မှာ ဘယ်လောက်ခံစားခဲ့ရတယ်မှတ်လဲ။

ဒီအဖြစ်အပျက်တွေသာ ဝတ္ထုဇာတ်လမ်း

တစ်ပုဒ်ဆိုရင် ဒီနေရာကနေ ရှေ့ဘက်ကို ငါ မဖတ်တော့ဘူး။ စဉ်းစားကြည့် အိနီ၊ သာမန် သံယောဇဉ်နဲ့ခင်မင်တဲ့သူငယ်ချင်းတစ်ယောက် ကိုယ့်ရှေ့မှာ မလုပ်သင့် မလုပ်ထိုက်တဲ့ အမှား အယွင်းတွေလုပ်ပြီး ချက်ချင်း လက်ငင်း ဘဝ ယိုယွင်းသွားတာ မြင့်ရရင် နင့်စိတ်ထဲ ဘယ်လိုနေ မလဲ။

နင်တောင်မှ နင် ခဏလေး ဥပေက္ခာပြုလိုက် ရင် ဘဝပျက်လုဖြစ်သွားတဲ့ ဒီပုံကို သနားသေး တာ။ ဒါတောင် ဟိုက အစကတည်းက ဘဝကို အမှိုက်ပုံထဲက ဆွဲထုတ်ထားရလူ၊ သူ့ဘဝဟာ အစကတည်းက ယိုယွင်းပြီးသား။ ပြန်ပျက်မှ အရင်း အရင်းအတိုင်းပြန်ဖြစ်တာ။

နင့်ဘဝက . . . ဒီလိုဘဝမျိုးက လာခဲ့တဲ့သူ မဟုတ်ဘူး။

အင်မတန်မှ သေသပ် သပ်ရပ်လှပတဲ့ ဘဝ လေးက လာခဲ့တဲ့သူ။ နင့်ပတ်ဝန်းကျင်မှာ စိတ် စေတနာကောင်းတွေနဲ့ချည်း ဝိုင်းရံနေခဲ့တယ်။ ခုမှ ဘာမဟုတ်တဲ့ ကိစ္စတစ်ခုကြောင့် ဘဝကြီး ယို ယွင်းရတော့မယ်ဆိုတော့ . . .

ငါ့ရင်ထဲမှာ ဘယ်လိုနေမလဲ။

ငါ့စိတ်တွေ ဘယ်လောက်ထိခိုက်ရမလဲ။

နင် တွေးကြည့်စမ်းပါ။



နင့်ဘက်က အကြောင်းပြချက်တော့ ရှိတာ ပေါ့လေ၊ အချစ် . . . တဲ့။ ဟား . . . ဟား . . . သိပ်ရယ်ရတယ်၊ အိနီ သိပ်ရယ်ရတယ်။

လောကမှာ သိပ်အရေးကြီးတယ်ပေါ့။ လောကမှာ ယှဉ်တုမရအောင် အင်အားကြီးမား လှတယ်ပေါ့။ ဘာနဲ့မှ ဖန်တီးတည်ဆောက်ယူလို့ မရတဲ့ မဟာတန်ခိုးရှင်ခံစားမှုကြီးတစ်ရပ်ပေါ့ ဟုတ်လား။

နင့်ကြောင့် ငါတို့မှာ ဘယ်လောက်စိတ်ဒုက္ခ ရောက်ရတယ်ဆိုတာ ခုမှ ငါပြောပြမယ် အိနီ၊ နင် သေသေချာချာ နားထောင်ကြည့်။

"မောင်မောင်ဦး . . . ဧည့်သည်"

ထိုနေ့က ကျောင်းပိတ်ရက်မို့ အဆောင်မှာ စာတစ်အုပ်နှင့် နှပ်နေခဲ့သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ကျွန်တော်ဖတ်နေသော စာအုပ်ကလည်း ဦးပုည၏ဝတ္ထုပေါင်းချုပ်စာအုပ်၊ ဖတ်နေမိသည့် နေရာကလည်း ဆဒ္ဒန်ဆင်မင်း၊ ဝတ္ထုကလည်း ဆဒ္ဒန်ဆင်အစွယ်ဖြတ်ခန်း။

ဦးပုည၏ လက်ရာပြောင်ပြောင်နှင့် ရေးထားသည့် ဆဒ္ဒန်ဆင်မင်း၏နောက်ဆုံးမှာတမ်းခြွေခန်း စာသားများကလည်း ရင်ထဲကို စူးခနဲစူးခနဲ ဝင်လာသည်။

"အဆွေတော် သောနုတ္တိုရ်၊ မောင်မင်း သခင်၊ ပလ္လင်ညာရံ၊ ရွှေဘုံပျံမှာ၊ စံပေသည့်နတ်မယ်သု



ဘဒ်ကို၊ ဆက်ဆက်သဘော၊ ငါမှာတိုင်း ပြောပါလေ . . ."

တောဟေဝန်ချောင်၊ အိုင်သာခေါင်တွင်၊ ငွေတောင်ကြီးသွင်၊ ခင်မလင်ကို၊ အရှင်လတ်လတ်၊ သင်စေ၍ သတ်ခဲ့ပြီ။

စွယ်တော်မြတ်နှစ်ချောင်း၊ ခြောက်ရောင်မောင်းကိုလည်း၊ လည်းကောင်းဆင်ကြီး၊ မသေခင် ဖြတ်လှီး၍၊ သွေးစီးသံထွက်၊ နာကျင်စွာ နှိပ်စက်ပြီးလျှင်၊ အသက်ဆုံးစေခဲ့ပါပြီ။

ဤစွယ်တော်စုံကို ရွှေဘုံသူ့မှန်ကူ၊ သုံးရက်တော်မှုသေးလျှင် ရန်သူကြီးအစွယ်ကို၊ ရွှေလက်ဝယ် သ,ပါမည်။ အားရစိတ် ရွှင်ကျေနပ်အောင် ရင်၍ ပြုံချင်တိုင်းပြုံပါတော့ ဘုရား . . . ဟု

မောင်မင့်သခင်၊ မုန်းပစ်စိုက်ပျိုး၊ ပြေချိန်တိုင်၍မှ၊ မပြေနိုင်ပြီးတတ်သည့် မုဆိုးတစ်ပိုင်း မိန်းမရိုင်းကြီးကို၊ ငါမှာတိုင်းပြောပါလေ . . .

. . . ဒေါသအပြစ်၊ မဖြစ်မမြောက်၊ မမုန်းလောက်သည်ကို၊ အဆောက်အအုံ့ အပြစ်ကြီးယူပြီးလျှင်၊ ဖြူစူမျက်ဝင် ငါ့ချစ်လင်ကို သင်မိဖုရားသတ်ဖြတ်နိုင်အားပေ၏။ စိမ်းကားမျက်ငြိုး၊ သစ်ယောင်းခတ်ချိုးသကဲ့သို့ ချစ်ကြိုးဖြတ်ဖြေ၊ သင်သတ်ရက်လေသောကြောင့်၊ သင့်သက်ဝေငယ်လင် ငါ ဆဒ္ဒန်ဆင်သည်၊ မြေတွင် တုံ့လုံး၊

မြားချက်နှင့်ဆုံးခဲ့ပြီ၊ ရွှေသုံးယံခြယ်၊ ကြာရိပ်လယ်
မှာ ရယ်ကာ မောကာ မျက်နှာငွေလ ရွှင်ပပနှင့်
ခင်မ ဝမ်းမြောက်ပါလေတော့ . . . " ဟူ၍
ဖြစ်၏။

မျက်လုံးထဲမှာ အိနီ၏မျက်နှာကို ပြေးမြင်သည်။ စူဠသုဘဒ္ဒါကမှ ဆဒ္ဒန်ကို ရက်စက်ခြင်းသည် အငြိုးအဖွဲ့တေးစရာ ရှိသေးသည်။ ကျွန်တော် သူ့အပေါ် ဘာများ မှားယွင်းခဲ့ပါသနည်း။

ပိုးရွက်ပဆုတ် ခါချဉ်ထုပ်တို့ပါသော အင်ကြင်းပန်းကိုလည်း ကျွန်တော် တစ်ခါမှ မပေးခဲ့။ ပွင့်ချပ်ခုနစ်လွှာ၊ ပဒုမ္မာကြာမုံရွက်ကိုလည်း မဟာသုဘဒ္ဒါလို အခြားတစ်ပါးသူအားလည်း မေတ္တာရှေးရှေးသူ့ကို အကြွင်းထား၍ မပေးမိခဲ့။ ငယ်ဘဝက စခဲ့သည့်အချစ်။ မေတ္တာအင်ကြင်းပန်းကိုပင် ခါချဉ်ပုရွက်နှင့် တူသော တဏှာရောဂါတို့ ရောထွေးယှက်တင် ပါဝင်မည်စိုးကြောင့် အရွယ်နှင့်မမျှတသော ဆင်ခြင်တုံတရားတို့ဖြင့် ဖယ်ရှားပေးနိုင်ခဲ့သေးသည်။

ဒီကြားထဲကပင် ဘာအငြိုးကြောင့်များ၊ သူ ကျွန်တော့်ကို ထားနိုင်အားခဲ့ပါဘိ။ စိမ်းကားမျက်ငြိုး၊ သစ်ယောင်းခတ်ချိုးသကဲ့သို့ ချစ်ကြိုးဖြတ်နိုင်ရက်ပါဘိ။

ရင်ထဲမှာ နာကျင်၍မှ မဆုံးမိ အခန်းဝကနေ လှမ်းပြောလိုက်သော သက်တင်၏အသံကြောင့် အိပ်ရာပေါ်မှ ကျွန်တော်လူးလဲထသည်။

"ဘယ်သူလဲ . . . သက်တင်"

သက်တင်က ခေါင်းခါသည်။



"ငါမသိဘူး မောင်မောင်ဦး၊ လူကြီးတစ်ယောက်ပဲ"

ဘယ်သူများပါလိမ့်ဟု စဉ်းစားရင်း ကျွန်တော် အပေါ်အင်္ကျီကောက်စွပ်သည်။

အခန်းပြင်ထွက်၍ ဧည့်ခန်းထဲသို့ ဝင်လိုက်သောအခါ မြင်လိုက်ရသောသူကြောင့် ကျွန်တော် ရင်ထိတ်သွား၏။

ဦးရဲသွေး။

အိနီ၏အဖေ ဦးရဲသွေး။

ဦးရဲသွေး၏မျက်နှာ သိပ်မကောင်းသည်ကို သတိထားမိသည်။

ကျွန်တော်က သူ့မျက်နှာချင်းဆိုင်မှ ကုလားထိုင်တွင် ခပ်ယို့ယို့ ဝင်ထိုင်ရင်း . . .

"အကြောင်းထူး ရှိလို့လား အန်ကယ်"

ဦးရဲသွေးက ချက်ချင်း စကားမဆိုသေးဘဲ ကျွန်တော့်မျက်နှာကို အကဲခတ်သလို တစ်ချက်ကြည့်သည်။ ပြီးမှ အံတစ်ချက် တင်းတင်းကြိတ်လိုက်ပြီး . . .

"အိနီကိစ္စကို မင်းဘာဖြစ်လို့ စောစောစီးစီး မပြောတာလဲ ကိုဦး"

လာပြီ ပြဿနာကတော့ ညာညိုတန်းစီ၍ပင် မနေဘဲ အလုံး

အရင်းနှင့် ချီတက် ဝင်ရောက်လာချေပြီဟု အောက်မေ့လိုက်၏။

"အိနီ ဘာဖြစ်လို့လဲ အန်ကယ်"

"မောင်မောင်ဦး"

"ဗျာ . . ."

"မင်းအဖေ ကိုရဲနဲ့ အန်ကယ်နဲ့ ဘယ်လောက်ချစ်ခင်ရင်းနှီးတယ်ဆိုတာ မင်းသိတယ်နော်"

"ဟုတ်ကဲ့ သိပါတယ် အန်ကယ်"

"အေး . . . မင်းကိုလည်း အန်ကယ် သားတစ်ယောက်လို ချစ်တယ်၊ ခု အိနီကိစ္စမှာ မင်းလည်း အိနီကို ဘာတစ်ခွန်းမှ မပြောဘဲတော့ နေမှာ မဟုတ်ဘူးလို့ အန်ကယ်ယုံတယ်၊ ဒါပေမဲ့ ဒီခွေးမကို မင်းလည်း ဘယ်လိုမှ ပြောလို့မရလို့ လွှတ်ပေးထားရတယ်လို့ပဲ အန်ကယ်ထင်တယ်၊ အဲဒါ ဟုတ်လား"

ကျွန်တော် ဘာပြောရမှန်းမသိဘဲ ခက်နေသည်။ အိနီကိစ္စကို သူ့အဖေ အလုံးစုံ သိသွားပြီဖြစ်ကြောင်းကိုတော့ ဘာမှသံသယဖြစ်စရာ မရှိတော့။ တစ်နေ့ ဤလိုပဲဖြစ်လာလျှင် ဒီလိုပဲ ဒုက္ခရောက်မည်ဟုလည်း သိနေသည့်ကိစ္စ။ ကျွန်တော် ဝန်ခံရကောင်းမလား၊ ငြင်းလိုက်ရကောင်းမလား စဉ်းစားနေဆဲမှာပင် သူက ဆက်၍ . . .

"အန်ကယ် အခုအချိန်မှာ အပိုတွေပြောလည်း မပြောချင်ဘူး၊ ကြားလည်း မကြားချင်ဘူး ကိုဦး၊ ဖြစ်သမျှကိစ္စအားလုံးကို အန်ကယ်သိပြီးပြီလို့ မင်းလက်ခံလိုက်ပါ၊ ဟိုခွေးသူတောင်းစားကိုလည်း နာမည်တောင် ထည့်မပြောချင်တော့ဘူး၊ အန်ကယ် မေးတာ ဟုတ်မဟုတ်ပဲ ဖြေ"

"ဟုတ် . . . ဟုတ်ပါတယ် အန်ကယ်"



မလွှဲသာတော့ပြီမို့ ကျွန်တော် ဝန်ခံစကား ပြောလိုက်သည်။ သူ့မျက်နှာ ညိုခနဲ မှောင်သွားပြီး . . .

"အေးကွာ . . . ကိုယ့်သမီး အသုံးမကျတာ အန်ကယ်ကိုယ်တိုင် မြင်ပြီးနေတော့လည်း မင်းကို အပြစ်မတင်တော့ပါဘူး၊ ဒါပေမဲ့ ဒီကိစ္စမှာ မင်းလည်း တာဝန်ရှိတယ် ကိုဦး၊ စောစောစီးစီးကတည်းက မင်း မနိုင်တော့ဘူးဆိုရင် အန်ကယ့်ကို အကျိုးအကြောင်း ချက်ချင်းလာပြောရမယ်၊ ဒါဆိုရင် အဖေတစ်ယောက်အနေနဲ့ အန်ကယ်လည်း လုပ်သင့်တာတစ်ခုခု ကြိုလုပ်လို့ရတာပေါ့၊ အခု အိမ်မှာ ဘာဖြစ်နေပြီလဲ သိလား ကိုဦး"

"ဗျာ . . . ဘာဖြစ်လို့လဲ အန်ကယ်"

"ဘာဖြစ်ရမလဲ ကိုဦး၊ အခု အိနီ အိမ်မှာမရှိတော့ဘူး"

ကျွန်တော့်တစ်ကိုယ်လုံး လေထဲလွင့်စင်ပေါက်ကွဲသွားသည် အောက်မေ့သည်။ ဘာဖြစ်မည်ဆိုတာ သိနေလျက်နှင့်ပင် မလိုအပ်သော မေးခွန်းတစ်ခု မေးမိလိုက်ပါသည်။

"ဘာဖြစ်လို့လဲ အန်ကယ်"

"ဘာဖြစ်ရမလဲ ကိုဦး၊ ဟိုကောင့်နောက် လိုက်သွားလို့ပေါ့"

"ဟာ"

ဒုက္ခပါပဲဟု စိတ်ထဲက ရေရွတ်ရင်း ရင်ထဲမှာ ပူတက်လာသည်။ ဘယ်လိုဖြစ်လို့ ဒီလောက်အထိ ဖြစ်ကုန်ရတာလဲဟုလည်း တွေးလို့ပင်မရ။

အိနီနှင့်ကျွန်တော် နောက်ဆုံးဆွေးနွေးခဲ့စဉ် လွန်ခဲ့သည့် တစ်လလောက်ကမှ အဖြေမပေးရသေးဟု အိနီ ပြောခဲ့သည်။ ဒီကြားထဲမှာ ဒီအကြောင်းတွေ မပြောဖြစ်တာကလွဲ၍ အိနီနှင့်လည်း

ကျောင်းဖွင့်ရက်တိုင်းမှာ တွေ့နေကျ။ ကျွန်တော့်ကိုလည်း သူ ဘာမှ မပြောပြခဲ့။

"ဘယ်တုန်းက သွားတာလဲ အန်ကယ်"

"ခုမနက်မှ"

"ကျွတ် . . . ဒုက္ခပါပဲဗျာ၊ ကျွန်တော့်လည်း သူ ဘာအကျိုးအကြောင်းမှ ပြောမသွားဘူး အန်ကယ်၊ ကျွန်တော်နဲ့ နေ့တိုင်းတွေ့နေပါတယ်"

"အေး . . . ပြဿနာက မနေ့ကစတာပဲ၊ မနေ့ကမှ အန်ကယ်လည်း ဒီအကြောင်းတွေ အသေအချာသိရတယ်၊ သိတာလည်း ဒီ့ပြင် ဘယ်သူမှပြောလို့ မဟုတ်ဘူး၊ အဲဒီကောင်ရဲ့အစ်မက ကိုယ်တိုင်လာပြောတာ၊ သူ့မောင်နဲ့အိနီ ဖြစ်နေတယ်လို့ သတင်းကြားတယ်တဲ့၊ မဖြစ်သင့်ဘူး၊ သူ့မောင်က ကောင်းတဲ့အကောင် မဟုတ်ဘူး၊ အစ်ကိုကြီးသမီး ဒုက္ခရောက်မှာစိုးလို့ဆိုပြီး စေတနာနဲ့ သတိပေးတာတဲ့"

ဦးရဲသွေးစကားကြောင့် ဖြစ်ပုံဖြစ်ရပ်၊ အသေးစိတ်ကိုသိခွင့်ရလိုက်သည်။

ခွဲသွားရင် နင် ဘာမှဖြစ်မှာ မဟုတ်ဘူး မဟုတ်လားဟု အိနီမှတ်ချက်ချခဲ့သော ကျွန်တော့်ရင်သည် မီးဟုန်းဟုန်းတောက်မျှ ပူလောင်လာ၏။



အဖြစ်ကတော့ ရိုးရိုးလေးသာ ဖြစ်၏။

မနေ့က ဒီပါ၏အစ်မက လာတိုင်သတိပေးသည့်အခါ ဦးရဲသွေးတို့လင်မယားနှစ်ယောက်စလုံး အရမ်းဒေါသဖြစ်သွားသည်။ ထိုအချိန်မှာ အိနီက ကျောင်းမှ ပြန်မလာသေးသဖြင့် အိနီပြန်အလာကို စောင့်ရင်း အိနီအခန်းကို မွှေသည်။

ထိုအခါ ဒီပါထံမှ ဆက်သွယ်ထားသော စာများတွေ့သွားသည်။ ထိုစာများထဲမှ ရက်သိပ်မကြာသေးသော စာတစ်စောင်က အဓိကသက်သေအဖြစ် ခိုင်ခိုင်လုံလုံ ရပ်တည်သွားသည်။ စာက . . .

ချစ် . . . မမ

မောင် အရမ်း ဝမ်းသာလွန်လို့ ဒီစာကို ဘယ်လိုမှ မနေနိုင်ဘဲ ရေးလိုက်တာပါ။

ပျော်လိုက်တာ မမရယ်၊ မမဆီက ချစ်ပါတယ်လို့ အဖြေပေးထားတဲ့ စာသားလေးကို ကြည့်ရတာ ဘယ်လိုပျော်မှန်း မသိအောင် ပျော်ရပါတယ်။

မောင့်ဘဝမှာ အဓိကမျှော်လင့်ခဲ့တဲ့ မျှော်လင့်ချက်တွေ အားလုံး ပြည့်ဝသွားပါပြီ မမရယ်၊ မောင့်ဘဝမှာ ဘယ်အရာကိုမှ ဒီလောက်မျှော်လင့်ချက် မကြီးမားခဲ့သလို ဒီမျှော်လင့်ချက်ပြီးပြည့်ဝသွားတဲ့အတွက် မောင့်ဘဝ အရာရာ ပြည့်စုံသွားပါပြီ။

စာက များစွာရှည်လျားသော်လည်း လုံလောက်သော

အထောက်အထားနှင့် ပြည့်စုံသွားပြီမို့ အိနီ ပြန်လာသည်နှင့် အဖေရောအမေရော နှစ်ယောက်စလုံးက ဝိုင်းဆူကြသည်။ ဒီတိုက်ပွဲက နည်းနည်းပြင်းထန်သွားကြသည်ဆို၏။

ခုမနက် ဦးရဲသွေးက ရပ်ကွက်ကိစ္စတစ်ခုဖြင့် အစည်းအဝေးသွားရန် အပြင်ခဏထွက်သည်။ အိနီနှင့် သူ့အမေသာ ရှိနေဆဲ သူ့အမေက ချက်ရေးပြုတ်ရေးအတွက် မီးဖိုခန်းခဏဝင်သည်။ ထိုအခိုက်အတန့်အတွင်းမှာ အိနီ သူ့အဝတ်အစား တစ်နိုင်သယ်၍ ပျောက်ဆုံးသွားတော့သည်။

ဦးရဲသွေးက ပြောရင်းနှင့် သက်ပြင်းလေးလေးတစ်ချက်ချ၏။

"အန်ကယ် နည်းနည်းတော့ ပြောတာဆိုတာ ပြင်းထန်သွားတယ်၊ ကိုဦး မင်းစဉ်းစားကြည့် ဟိုသတ္တဝါလေးကလည်း သူ့ဟာသူ သီချင်းဆိုတတ်လို့ အဆိုတော်မကလို့ ဘာဖြစ်ဖြစ် သူနေပုံထိုင်ပုံ အကျင့်စရိုက် ဘာတစ်ခုမှ အကောင်းမရှိဘူး၊ ဆေးသမားလည်း ဆေသမားလေး၊ အဲဒီတော့ အဖေတစ်ယောက်အနေနဲ့ ဘယ်လိုမှ ဒီကိုမျိုးကို ခွင့်လွှတ်လို့ မဖြစ်ဘူး၊ အဲဒါကြောင့် မနေ့ကတော့ ကျောင်းထုတ်ပစ်မယ်၊ ဟိုကောင်နဲ့ လုံးဝဆက်သွယ်လို့ မရအောင် တစ်နေရာရာပို့ပစ်မယ်လို့ကို ပြောလိုက်တာ"

ပြောရင်းနှင့် ဦးရဲသွေးအသံက တိမ်ဝင်အက်ကွဲလာသည်

"သူကတော့ တစ်မျိုးပြောတာပေါ့ကွာ၊ သူ အဲဒီကောင်ရဲ အဖြေပေးတာတော့ မှန်တယ်၊ သူ့အနေနဲ့လည်း ချစ်တယ်၊ ဒါပေမဲ့ ခုချိန်မှာ သူ ဘာတစ်ခုမှ မိုက်မိုက်မဲမဲ မဆုံးဖြတ်ဘူး၊ သူ့ကို အဲဒ

အတင်းအကျပ်မကိုင်နဲ့ ဘာညာပေါ့”

“ဟုတ်တော့ဟုတ်ပါတယ် အန်ကယ် . . . အိနီစိတ်ကို ကျွန်တော်လည်း ဒီလိုပဲ နားလည်ထားခဲ့ပါတယ်၊ ဒါကြောင့် ခုလိုဖြစ်တယ်ဆိုတော့ ကျွန်တော် အရမ်းအံ့သြသွားတယ်”

“မဟုတ်ဘူး ကိုဦး၊ မင်းဆုံးဖြတ်ခဲ့တဲ့ပုံစံကလည်း မဟုတ်ဘူး၊ မီးဆိုတာ မလောင်ခင်က တားရတယ်၊ မင်းက ဘာစိတ်ကူးနဲ့ သူ့ကို လွှတ်ပေးထားရတာလဲ”

“လွှတ်ပေးထားတာတော့ မဟုတ်ပါဘူး အန်ကယ်၊ ဘယ်လိုပြောမလဲ ကျွန်တော် သူ့ကို ဘာတစ်ခုမှ စိတ်အနှောင့်အယှက် မပေးချင်ဘူး၊ ကျွန်တော့်ဘက်က အကျိုးသင့်အကြောင်းသင့်ပဲ ပြောပြချင်တယ်၊ ဆုံးဖြတ်တာကိုတော့ သူ့ဟာသူ လွတ်လွတ်လပ်လပ်ပဲ လုပ်စေချင်တယ်၊ သူ့အပိုင်းကလည်း သူ့အနေနဲ့ ချီတုံချတုံ ဖြစ်နေပုံလည်း ရတော့ တစ်နေ့အမှန်တရားကို သူသိလာမှာလေဆိုပြီး ကျွန်တော် စိတ်ရှည်ရှည်နဲ့ စောင့်နေခဲ့တာပါ”

“အမှန်အတိုင်း ပြောစမ်း ကိုဦး၊ မင်း အိနီကို တကယ်မချစ်ဘူးလား၊ မင်းကိုကြည့်ရကာ အရမ်းအေးစက်စက်နိုင်တာပဲ”

ကျွန်တော် သက်ပြင်းချသည်။ ကျွန်တော့်ရင်တွင်းက အခြေအနေကို သူနားလည်အောင် ဘယ်လိုပြောပြရမည်မသိပါ။

“ကျွန်တော် မအေးစက်ပါဘူး အန်ကယ်၊ ကျွန်တော် သူ့ကို အရမ်းချစ်ပါတယ်၊ ဒါပေမဲ့ ဘယ်လိုပြောရမလဲ ကျွန်တော့်အချစ်က တမင်တကာကို အေးအောင်လုပ်ထားလို့ အေးနေတဲ့ အချစ်ပါ၊ ခုကိစ္စမှာလည်း ဒီကောင်နဲ့ ဆက်ပတ်သက်နေရင် အိနီ ဒုက္ခရောက်တော့မယ်ဆိုတာ ကျွန်တော် သိတယ်၊ ပြောလည်း ပြောပြပါတယ်၊ ပြောပေ



မယ့် အိနီက ဇွတ်တိုးဖြစ်နေတော့ ကျွန်တော်လည်း မတားသာဘူး ဖြစ်နေတယ်”

“မတားတော့ တကယ်ဒုက္ခရောက်ကုန်တာပေါ့ကွ”

“ဟုတ်ပါတယ် အန်ကယ်၊ ကျွန်တော် အရမ်းမှားသွားပါတယ် အန်ကယ်၊ ခွင့်လွှတ်တယ်ဆိုတာ အတိုင်းအတာတစ်ခုအထိပဲ ရှိသင့်တယ်ဆိုတဲ့အချက်ကို ကျွန်တော် မေ့သွားတယ်၊ ကျွန်တော့် စိတ်က ဘယ်အထိ ဆုံးဖြတ်ထားသလဲဆိုတော့ အိနီ အဲဒီကောင်နဲ့ ယူရင် ဒုက္ခရောက်မှာပဲ ကြာကြာမြဲမှာလည်း မဟုတ်ဘူး၊ သူ့ဟာသူပဲ အဲဒီတော့မှ အမှန်တရားကို သိလိမ့်မယ်၊ အဲဒီအခါကျတော့ အိနီ ဘာပဲဖြစ်နေဖြစ်နေ ဖြစ်သမျှအားလုံးကို ခွင့်လွှတ်ပြီး သူ့ဘဝအတွက် ကျွန်တော် ရပ်တည်ပေးမယ်လို့ ဆုံးဖြတ်ခဲ့တာပါ”

ဦးရဲသွေး ဟင်းခနဲ သက်ပြင်းချပြန်သည်။

“မင်းသဘောထားက လေးစားလောက်ပါတယ် ကိုဦး၊ ဒါပေမဲ့ အဲဒါကိုက မင်း သိပ်မှားပြီး စိတ်ကူးယဉ်သွားတာပဲ၊ ပုထုဇဉ်တွေကွ၊ အမှားကို အမှန်ထင် အမှန်ကို အမှားထင်တတ်တယ်ဆိုတာ ဓမ္မတာပဲ၊ မှားနေမှန်း သိတဲ့လူကသိရင် ဇွတ်ဖြစ်ဖြစ် တားပေးရတယ်၊ အဲဒါမှ စေတနာမှန်ပြီး ထိရောက်မှာပေါ့၊ မှားတဲ့အထိ စောင့်ကြည့်ပြီး အချိန်လွန်မှ သွားကယ်ရင်တော့ ဒုက္ခရောက်တဲ့သူကလည်း ရောက်ပြီးပြီ၊ ပြန်ပြင်မရတဲ့အမှားတွေလည်း ဖြစ်ပြီးကုန်ပြီဆို မင်းစေတနာ ဘယ်နားသွားသုံးတော့မလဲ”

ကျွန်တော် ခေါင်းငိုက်စိုက်ကျသွားသည်။

ခုမှ ကျွန်တော့်အမှားကို ကျွန်တော်မြင်ပြီး နောင်တအကြီးအကျယ်ရသည်။

ရင်ထဲက ခံစားမှုကို ဘယ်လိုမှ မချုပ်နိုင်မထိန်းနိုင်ဘဲ မျက်ရည်တစ်ပေါက် ကြမ်းပေါ်သို့ ကျ၏။

ဦးရဲသွေးထံမှ ပင့်သက်ရှိုက်သံတစ်ချက်ကြားရသည်။

"တဲ . . . ခုမှတော့ သိပ်စိတ်ထိခိုက်မနေနဲ့တော့ ကိုဦး၊ မင်းသဘောထားလည်း သိပြီ၊ အဲဒီတော့ လုပ်သလို မဖြစ်ရင် ဖြစ်သလို လုပ်ရတော့မှာပဲ၊ မင်းကို အန်ကယ် တစ်ခုမေးမယ်"

ကျွန်တော် မျက်ရည်ဝိုင်းသော မျက်လုံးဖြင့် သူ့ကို လှမ်းကြည့်သည်။ သူက ကျွန်တော့်ကိုကြည့်ရင်း . . .

"ခုနေမှာ ငါတို့ပိုက်စိပ်တိုက်လိုက်ရှာရင် တစ်နေရာမှာ မိရင်မိဦးမယ်၊ ဒါမှမဟုတ် ခု မမိတောင် တစ်ရက်နှစ်ရက်ပေါ့ကွာ၊ အဲလိုဖြစ်ရင် အန်ကယ် သူတို့နှစ်ယောက်ကို ရအောင်ခွဲမယ်၊ အိနီကို ကြည်ကြည်ဖြူဖြူ ပြန်လက်ခံမလား"

"ကျွန်တော့်ဘက်က ဘာမှမကြည်ဖြူစရာ မရှိပါဘူး အန်ကယ်၊ ကျွန်တော်ပြောသလိုပဲ ဘယ်အခြေအနေရောက်ရောက် ဘယ်လောက်ကြာကြာ ကျွန်တော် ခွင့်လွှတ်နိုင်ပါတယ်၊ သူ့အပေါ် ကျွန်တော်ချစ်တဲ့စိတ်က ဘယ်တော့မှ မပြောင်းလဲ မလျော့ပါးပါဘူး၊ ဒါပေမဲ့ အိနီ သိပ်စိတ်ဆင်းရဲအောင်တော့ မလုပ်ပါနဲ့ အန်ကယ်၊ သူ အရမ်းစိတ်ဆင်းရဲသွားမှာကိုတော့ ကျွန်တော် မကြည့်ရက်ဘူး၊ သူချစ်



ရင်ချစ်နိုင်သလောက် နေပါစေဦး"

ဦးရဲသွေးက ကျွန်တော့်ကိုကြည့်ရင်း ခေါင်းတဆတ်ဆတ် ညိတ်သည်။

"ကောင်းပြီ ကိုဦး၊ မင်းစိတ်ထဲမှာ တစ်ခုကျန်နေတယ်လ အန်ကယ်ထင်တယ်၊ အဲဒါက ဘာလဲဆိုတော့ အိနီ အဲဒီကောင်း ရသွားရင် ဒုက္ခရောက်ချင်မှ ရောက်မှာပါ၊ ပျော်ချင် ပျော်နေမှာပါဆို အတွေး မဟုတ်လား၊ အိနီတစ်ယောက် ဒုက္ခရောက်မှာကို မင သံသယမဖြစ်ပါနဲ့ ကိုဦး၊ မင်းကို အန်ကယ် လက်တွေ့ပြပ့်ါမယ်၊ လ . . . အန်ကယ်နဲ့ အခုလိုက်ခဲ့၊ အန်ကယ် ရုံးကားပါတယ်"

"ဘယ်သွားမလို့လဲ အန်ကယ်"

"အိနီ ခုတောင် ဘယ်လောက် ဒုက္ခရောက်နေတယ်ဆိုတ မင်းကိုပြဖို့ပေါ့ ကိုဦး၊ မင်းတို့ လူငယ်တွေက လက်တွေ့မမြင်ရ သိပ်ယုံချင်ကြတာ မဟုတ်ဘူး၊ မင်းတို့ဟာမင်းတို့ တစ်ယောက်တစ် ထင်ရာစိုင်းနေရတာကို အဟုတ်ကြီးထင်နေကြတာ၊ လာပါ ငါနဲ့ လို ခဲ့ပါ"

သူ ဘာကြောင့် ဘယ်ကိုခေါ်မှန်းတော့ ကျွန်တော် မသ

သို့သော် သူခေါ်ရာနောက်ကိုတော့ ကျွန်တော်ယောင် ယောင်ကန်းနှင့် ထလိုက်ခဲ့သည်။

လောကမှာ အံ့ဩစရာတွေနှင့်သာ တစ်ခုပြီးတစ်ခု ကြုံ ရ၏။

"ဟင် . . ."

မြင်လိုက်ရသော မြင်ကွင်းကြောင့် ကျွန်တော် အရမ်းအံ့အားသင့်သွားသည်။

ဦးရဲသွေးက ဘယ်သွားမည်မပြောဘဲ ခေါ်လာပုံက လျှို့ဝှက်ဆန်းကြယ်သယောင် ဖြစ်နေသော်လည်း ဒီမျှအထိ အံ့ဩရမည့်ကိစ္စဟုကား လုံးဝမထင်ထားမိ။

ရောက်သွားသောနေရာက ရဲစခန်းတစ်ခု ဖြစ်သည်။

စခန်းရှေ့တွင် ကားရပ်သည်နှင့် ဦးရဲသွေးက ကျွန်တော့်ကိုပါ ဆင်းခိုင်းပြီး အဆောက်အအုံတွင်း ဝင်သည်။ ထို့နောက် စခန်းမှူးဖြစ်ဟန်တူသော ရဲအရာရှိတစ်ယောက်နှင့် စကားအနည်းငယ်ပြော၍ ကျွန်တော့်ကို လှမ်းခေါ်ပြီး ရဲစခန်းရှိ အချုပ်သားများရှိရာ ခေါ်သွားသည်။



"ကိုဦး . . . ဟိုမှာ ဘယ်သူလဲ"

ပြောလည်းပြော၊ ပြလည်းပြ လုပ်သဖြင့် သံတိုင်များ ကာရံထားသော အချုပ်ခန်းတွင်း လှမ်းကြည့်လိုက်သည်။

စောစောက ပြောသလိုပင် ကျွန်တော် အရမ်းအံ့အားသင့်သွား၏။

"ဒီပါ"

ကျွန်တော့်နှုတ်မှ အသံတစ်ခု ထိန်းမရဘဲ တိုးတိုးထွက်ပေါ်သွားသည်။

အခန်းထဲက ဒီပါက တစ်ချက်လှမ်းကြည့်သည်။ ထို့နောက် အံကို တင်းတင်းကြိတ်လိုက်ပြီး ခေါင်းပြန် ငုံ့ထားလိုက်သည်။

"မင်း တွေ့ပြီနော် ကိုဦး"

ကျွန်တော်က သူ့ရည်ရွယ်ချက်ကို နားမလည်နိုင်သေးသော်လည်း တွေ့ပြီးဖြစ်ကြောင်း ခေါင်းညိတ်ပြသည်။

"ဒါဖြင့် လာ ကိုဦး၊ အပြင်ပြန်သွားရအောင်"

"ဒီပါ ဘာဖြစ်တာလဲ အန်ကယ်"

ကျွန်တော်က အကျိုးအကြောင်း သိချင်စိတ်ကို ထိန်းမရသဖြင့် ထိုနေရာမှာပင်ရပ်ရင်း ဦးရဲသွေးအား မေးသည်။

ဦးရဲသွေးက ခေါင်းကို သိသာရုံခါ၍ မျက်ရိပ်ပြပြီး . . .

"လာ ကိုဦး အပြင်ကျမှ အန်ကယ်ပြောပြမယ်"

ကျွန်တော့်စိတ်ထဲမှာ သိပ်မကျေနပ်ချင်သေးသဖြင့် အခန်းထဲက ပုဂ္ဂိုလ်ကို တစ်ချက်လှမ်းကြည့်သည်။

ပုဂ္ဂိုလ်ကတော့ တုတ်တုတ်မျှမလှုပ်၊ သူ့ဟာသူ ခေါင်းငိုက်စိုက်ချရင်းပင် ငြိမ်သက်နေသည်။

"ကျွန်တော် သူနဲ့စကားပြောချင်တယ် အန်ကယ်"

"စကားပြောခွင့် မရှိဘူး ကိုဦး၊ မင်းနားလည်အောင် အန်ကယ် ရှင်းပြပါ့မယ်၊ အပြင်သာ လိုက်ခဲ့ပါ၊ ဒီနားမှာကို ကြာကြာ နေခွင့်မရှိဘူး"

သူ့စကားကြောင့် ကျွန်တော် အပြင်ပြန်ထွက်လိုက်ခဲ့သည်။ အပြင်ရောက်သည်နှင့် မအောင့်နိုင်ဘဲ . . .

"ဘာဖြစ်လို့လဲ အန်ကယ်၊ အိနိကို ခိုးမှုနဲ့ အဖမ်းခံနေရတာလား"

ကိုယ်တိုင် မကြုံဖူးသော်လည်း ရုပ်ရှင်တို့ ဝတ္ထုတို့ထဲမှာ မိန်းမခိုးရင်း အဖမ်းခံရသည့်ကိစ္စများ မြင်ဖူး ဖတ်ဖူးနေ၍ မေးကြည့်လိုက်သည်။

ဦးရဲသွေးက ခေါင်းခါသည်။

"အန်ကယ်မှာ ဒီလောက် အစွမ်းအစမရှိပါဘူး ကိုဦးရာ၊ ပြီးတော့ ဒီကိစ္စကလည်း အိနိ ခိုးရာလိုက်ပြေးတဲ့ကိစ္စနဲ့ အဆက်အစပ်မရှိပါဘူး၊ အန်ကယ့်ဘက်က အန်ကယ်ကြည့်ပြောရရင်တော့ အင်မတန် ကံကြီးလွန်းတဲ့ တိုက်ဆိုင်မှုလို့ပဲ ပြောချင်တယ်၊ အိနိ အိမ်ပေါ်က ဆင်းတာ ဒီမနက်မှ၊ သူ အဖမ်းခံနေရတာ ညကတည်းကပါ"

"ဘာမှုနဲ့ အဖမ်းခံရတာလဲ"

"မူးယစ်ဆေးဝါးမှု"

"ဟင်"

"ဟုတ်တယ် . . . မူးယစ်ဆေးဝါးမှု၊ အတိအကျပြောရရင်တော့ မူးယစ်ဆေးဝါး သုံးစွဲမှု၊ ပုဒ်မကြီးတယ် ကိုဦး၊ ဘယ်လိုနည်းနဲ့ ထုချေထုချေ၊ သူ့ကို မိတာက ဆေးထိုးအပ်ရော၊ ဆေးမှုန့်တွေရောနဲ့



သက်သေခိုင်ခိုင်လုံလုံ ဆေးထိုးရင်းတန်းလန်းနဲ့ မိတာ၊ သားသမီးချင်း ကိုယ်ချင်းစာပြောရရင် စိတ်တော့ မကောင်းစရာပေါ့ကွာ၊ ဒီဟာလေးတောင် အနည်းဆုံး ငါးနှစ်တော့ ကျတော့မယ်"

"အို . . ."

ကျွန်တော် တကယ်စိုးရိမ်သဖြင့် အာမေဋိတ်သံထွက်သွားခြင်း ဖြစ်သည်။

တစ်ဆက်တည်းမှာလည်း အိနိကိစ္စအဆက်အစပ်ကို သိလိုသဖြင့် . . .

"ဒီလိုဆို အိနိ"

"ဟုတ်တယ် ကိုဦး၊ အိနိ အိမ်ကထွက်တုန်းက ဒီကိစ္စကို သိပုံမရသေးဘူး၊ အန်ကယ်တောင် မနက်က ရပ်ကွက်က အစည်းအဝေးတစ်ခုသွားရင်း ဒီအကြောင်းသိတဲ့လူဆီက သဟင်းကြားရတာ"

"ဒါဖြင့် အခု အိနိက ဘယ်မှာလဲ အန်ကယ်"

ဦးရဲသွေး ခေါင်းခါသည်။

"မပြောတတ်ဘူး ကိုဦး၊ အခုတို့နှစ်ယောက် ဒီကပြန်ရင် လုပ်ရမယ့် ပထမဆုံးအလုပ်က အိနိကိုရှာဖို့ပဲ"

ဟူး . . ဇာတ်လမ်းတွေက ရှုပ်နေတာပါပဲလားဟု တွေးမိ၏။

"မင်းကို အန်ကယ်ပြောတဲ့ကိစ္စက ဒီလိုဖြစ်နိုင်တာတွေ အများကြီးတွက်ပြီးပြောတာ ကိုဦး၊ မင်းစဉ်းစားကြည့် အခုအိနီလက် မတင်လေး ကံကောင်းတာ၊ တကယ်လို့များ သူတို့ချင်း ခိုးပြေးလို့ အိမ်ထောင်တွေကျမှ သားသမီးတွေရပြီးမှ ဒီလိုဖြစ်သွားရင် အန်ကယ့် သမီး ဒုက္ခအကြီးအကျယ်မရောက်ပေဘူးလား၊ အရှက်တကွဲအကျိုး နည်းတွေရော ဖြစ်မကုန်နိုင်ဘူးလား"

ဒီစကားက ရဲစခန်းက ကားမောင်းပြန်ရင်း ဦးရဲသွေး ပြောသောစကားဖြစ်သည်။

ကျွန်တော်က ခေါင်းခါရင်း . . .

"ကျွန်တော် ဒီပို့အကြောင်းကို အဲလောက်အထိ အသေးစိတ် မသိဘူး အန်ကယ်၊ ကျွန်တော် သိရသလောက် ဒီပါဟာ မူးယစ်ဆေးဝါးသုံးဖူးတဲ့လူမှန်းတော့ သိတယ်၊ ဒါပေမဲ့ အိနီပြောတော့ ဖြတ်လိုက်နိုင်ပြီဆိုလို့"

ဦးရဲသွေးက ပြုံးသည်။

"မင်းကို ဇာတ်လမ်းပမာတို့ အသံလွှင့်ဇာတ်တို့ မူးယစ်ဆေးဝါးပညာပေးဆောင်းပါးတို့ထဲက စကားလုံးတွေ ပြန်ရွတ်ပြနေတာတော့ မဟုတ်ပါဘူး ကိုဦး၊ ဒါပေမဲ့ အန်ကယ်သိသလောက် မူးယစ်ဆေးဆိုတာ လုံးဝမသုံးတတ်ရင် မသုံးဘဲ အလျဉ်းနေနိုင်တယ်၊ သုံးမိပြီဆိုရင် ဒီအရသာကို စွဲမက်ဖူးရင် ဖြတ်ဖို့ရာ မလွယ်ဘူး၊ တော်ရုံနဲ့ ဖြတ်လို့ရတာ မဟုတ်ဘူး၊ ဒီကလေးနဲ့ ပတ်သက်လို့ အန်ကယ် စိတ်အဆင်းရဲဆုံးကိစ္စဟာ အဲဒါပဲ၊ သူတို့အိမ်တွေက ပစ်ထားတယ်ဆိုတာလည်း ဒီကိစ္စကြောင့်ပဲ"



"ကျွန်တော် အဲဒါတွေ တကယ်မသိဘူး အန်ကယ်"

"ခုလည်း ကံကြီးလွန်းလို့ပါကွာ၊ မင်းမပြောနဲ့ အိနီတောင် ့အကြောင်း ဒီလောက်သိပုံမရဘူး"

"အိနီဆိုလို့ အိနီကို ကျွန်တော်တို့ ဘယ်လိုရှာရမလဲ န်ကယ်၊ ခုဖြစ်ပုံက သူတို့ချင်း ကြိုချိန်းထားပုံမရဘူး၊ အိနီ အိမ်ပေါ် ဆင်းပြီးတာနဲ့ ဒီပါတို့တီးဝိုင်းခေါင်းဆောင်အိမ်သွားပြီး ဒီပါ့ကို မှာပဲ၊ အဲဒီမှာ အကျိုးအကြောင်းသိရင် သူ ဘာမှဆက်လုပ်တော့ မဟုတ်ဘူး၊ ဒီပါ ဒီလိုဖြစ်တယ်ဆိုတာ သိလို့ တခြားစိတ်ထင်ရာ က်သွားရင် ဘယ်လိုလုပ်မလဲ"

"အဲလောက်မိုက်လို့ကတော့ သူ့ထိုက်နဲ့သူ့ကံ ဖြစ်ချင်ရာ ပစေတော့ပေါ့ ကိုဦးရာ၊ လူကြီးတွေက သူ့ဘဝ ထိခိုက်မှာစိုးလို့ ဆုံးမတာကို လက်မခံဘဲ ဇွတ်ဆင်းသွားတာကိုက လွန်လှနေပြီ၊ လူကြီးတွေဆုံးမတဲ့စကား မှန်နေမှန်းလည်း မျက်မြင်ကိုယ်တွေ့ နေရပြီ၊ အဲဒီလိုအချိန်မှာ သူနောင်တရပြီး အိမ်ပြန်မလာရင် သူ့ လွန့်ပေါ့"

"ဒါဆို အိနီ အိမ်များ ပြန်ရောက်နေမလား"

"အန်ကယ်တော့ အဲလိုထင်တာပဲ၊ အန်ကယ် မင်းဆီ ထွက် တဲ့ အထိတော့ အိမ်ပြန်မရောက်သေးဘူး၊ ခုတစ်ခေါက်တော့ ပြန် ဖို့ရမှာပေါ့၊ သူသာ အသိဉာဏ်ရှိရင် ခုချိန်မှာ အိမ်ပြန်ရောက်နေ ယ်၊ ပထမဆုံးလုပ်သင့်တဲ့အလုပ်အနေနဲ့ သူ့အမေသူ တောင်းပန် ား ဖြစ်နေရမယ်"

မကြာမီမှာပင် အိနီတို့အိမ်ရှေ့သို့ ကားဆိုက်သည်။

ကားကို ခဏစောင့်ခိုင်းထား၍ ကျွန်တော်နှင့် ဦးရဲသွေးကို

အိမ်ပေါ်ထပ်သို့ တက်သွားကြသည်။

အပေါ်ထပ် ဧည့်ခန်းထဲမှာတော့ သူ မိခင်ရင်ခွင်တွင် မျက်နှာအပ်၍ ရှိုက်ကြီးတငင်ငိုကြွေးနေသော အိနိကို ကျွန်တော် တွေ့လိုက်ရ၏။

အတိတ်ဇာတ်လမ်းအနေနှင့်ကတော့ ဤမျှသာဟု ပြောရ
လို ဖြစ်ပါသည်။

ဒီဘက်ပိုင်းဇာတ်လမ်းမှာလည်း ဘာမှ ထွေထွေထူးထူး
ပြောစရာ မရှိတော့ပါ။

မလိုလဲ လိုလဲ အဖြစ်အပျက်တစ်ခုသာ ပြောစရာ ရှိတော့
သည်။ ထိုအဖြစ်အပျက်ကတော့ တခြားမဟုတ် ထိုကိစ္စများ ပြီးစီး၍
နလ်ာနေ့ ကျောင်းဖွင့်သောအခါ အိနီနှင့် ကျွန်တော် ရှင်းကြလင်း
ကြသည့်အကြောင်းပင် ဖြစ်သည်။

ထိုနေ့က ကျောင်းလာကတည်းက အိနီ၏အမူအရာ လုံးဝ
ပြောင်းလဲနေသည်။ ဘဝတွင် အင်မတန်ဆိုးရွားသောအမှားအယွင်း
ကြီးတစ်ခုမှ လက်မတင်လေးလွတ်မြောက်ခဲ့သူတို့ ထုံးစံအတိုင်း အိနီ
က်နှာလေးက များစွာတည်ငြိမ်ပြီး များစွာညှိုးငယ်နေသည်။

ကျွန်တော်နှင့်သူ ထုံးစံအတိုင်း အင်းလျားလေးရေစပ်ခုံတန်းလေးများဘက်ဆီသို့ လျှောက်လာခဲ့၏။ အေးအေးဆေးဆေးနေရာတကျထိုင်ပြီးမှ အိနီ စကားစသည်။

"နင့်ကိုလည်း ငါတောင်းပန်ပါတယ် ကိုဦးရာ၊ ငါ နင့်စေတနာတွေကို ဂရုမစိုက်ဘဲ လျစ်လျူရှုလိုက်သလို ဖြစ်သွားတယ်၊ အားလုံးဟာ ငါ့အမှားပါ နင်ပြောသလိုပဲ ငါဟာ မစဉ်းစားတတ်တဲ့ မိန်းကလေးလည်းမဟုတ်၊ အသိဉာဏ်တိမ်လွန်းတဲ့ မိန်းကလေးလည်း မဟုတ်ပါဘူး၊ ဒါပေမဲ့ ဒီကြားထဲကပဲ ငါအဆုံးအဖြတ်တွေ လွဲခဲ့တယ်၊ မသနားသင့်တဲ့လူတစ်ယောက်ကို ငါသွားပြီး အသနားတွေပိုခဲ့တယ်"

ကျွန်တော်က သူ့စကားများကို ငြိမ်နားထောင်နေမိသည်။

ခုချိန်မှာ သူ့ဘက်က အလိုအလျောက် အသိတရားဝင်နေပြီမို့ သိပ်များများစားစား ထပ်ပြောစရာမလိုတော့ဟုလည်း ခံစားမိသည်။

တစ်ချိန်က ပြောရန်ဖြစ်သော စကားများကတော့ ရင်ထဲမှာ တန်းစီစောင့်ဆိုင်းနေကြ၏။

နောက်ဆုံး စာရင်းချုပ်တာကတော့ ဒါပါပဲ အိနီ။

ငါ . . . ဟိုရှေးရှေးတုန်းက ပြောခဲ့သလိုပဲ



ဒါမျိုးကို နင် ဟိုငယ်ငယ်တုန်းကလည်း တစ်ခါမှားခဲ့တယ်၊ နင်မှတ်မိဦးမလားတော့ မသိပါဘူး၊ ငါ့ညီမ မိငယ်နဲ့ ငါနဲ့ နှင်နဲ့ ကစားကြတုန်းကပေါ့။

အဲဒီတုန်းကလည်း နင်သနားတာမှားလို့ မိငယ် ငိုခဲ့ရတယ်။

မိငယ်ကို တကယ်သနားရင်လည်း သုံးယောက်သား ညီညီမျှမျှ ကစားလို့ရတဲ့ ကစားနည်းကိုပဲ ပျော်ပျော်ရွှင်ရွှင် ဆက်ကစားပေါ့၊ နင်က အဲလိုမဟုတ်ဘူး အဂ်တေ မြေမနင်း ကစားနည်းကို ပြောင်းကစားတယ်။

ကစားတော့ မိငယ်ဘက်မှ လိုက်မပြေးနိုင် မဖမ်းနိုင်ပါ၊ အဲဒီတော့ သူက အပိုလူဖြစ်နေပြီး နောက်ဆုံး ချုံးပွဲချ ငိုတဲ့အထိ စိတ်ညစ်သွားရတယ်။

ပြောချင်တာကတော့ တခြားမဟုတ်ပါဘူး၊ နင်သနားပုံ သနားနည်းတွေ လွဲတတ်တာကို ပြောချင်လို့ပါ။

ခုလည်း နင်သနားပုံ သနားနည်းက မှားတယ်၊ တကယ်သနားရမှာက နင့်အဖေအမေကို၊ နင့်ကို ဘဝမှာ အဆင်ပြေစေချင်လွန်းလို့ တစ်လျှောက်လုံး စနစ်တကျ သွန်သင်ဆုံးမခဲ့တဲ့လူတွေ၊ သူတို့ခမျာ နင့်အပေါ်မှာ ဘယ်လောက်ကောင်းစားစေချင်ပြီး ဘဝမှာ တင့်တောင့်တင့်တယ် ဖြစ်စေချင်

တဲ့ မျှော်လင့်ချက်တွေ ထားလိုက်မလဲ သူတို့ကို တော့ နင် မသနားဘူး။

နောက်တစ်ယောက်က ထွေးထွေး၊ ထွေးထွေး ဆိုလည်း ဘာပြောပြော နင့်ကြောင့် စိတ်ဆင်းရဲရ ရှာတာပဲ၊ ထားပါလေ သူကတော့ နင်ထည့်မစဉ်း စားချင်လည်း လျစ်လျူရှုနိုင်ပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ထွေးထွေးမှာလည်း ဒီပါနဲ့ လွဲရတာမှ ကံကောင်းတယ် အောက်မေ့ရဦးမယ်၊ ဆက်သာ ဖြစ်သွားရင် တကယ်ဒုက္ခရောက်မှာက သူ။

အမှန်တကယ် ထွေးထွေးကို နင် စသနား တုန်းကပုံစံလေး မှန်တယ်၊ ဒါပေမဲ့ ထွေးထွေးကို နားလည်အောင် ပြောပြပြီး နောက်ဆုတ်ခိုင်းရမယ့် အစား နင်က လူစွမ်းကောင်းဝင်လုပ်ပြီး ဒီပါ့ကို လက်ပြောင်းယူလိုက်တယ်။

အဲဒီလို လက်ပြောင်းယူတော့လည်း နင်က ဒီပါ့ကို ယောကျ်ားပီသပြီး ဘဝကို ခံနိုင်ရည်ရှိတဲ့ လူတစ်ယောက်ဖြစ်တဲ့အထိ ပြုပြင်ယူရမယ် အဲဒါ လည်း နင်မလုပ်ဘူး၊ သူ ခံနိုင်ရည်မရှိတာကိုပဲ နင်က သနားစရာကြီးလုပ်ပြီးတော့ စိတ်ကူးယဉ် ခဲ့တယ်။

ဖြစ်ပျက်စဉ် အတိအကျ ငါမသိပေမယ့် အဲဒါ ကြောင့်များ ဒီပါ ဆေးပြန်စွဲပြီး နောက်ဆုံး မိငယ် ငိုသလို ဘဝမှာ ချုံးပွဲချ ငိုစရာတွေ ဖြစ်သွားရတာ



လားလို့ အောက်မေ့မိတယ်။

အမှန်က နင်တို့ အယူအဆတွေ လွဲကုန်တာ အိနီ။

နင့်ကို ဒီပါက ပြောခဲ့တဲ့ နင်ကလည်း မမေ့နိုင် ပါဘူးဆိုတဲ့ မဟာဇနက္က ဇာတ်တော်ထဲက မေခလာ ကယ်ခန်းဟာ နင်တို့လို မဟုတ်ဘူး။

ဇာတ်တော်ထဲမှာ မဟာဇနက္က ဘုရားလောင်း က တကယ့်လူတော်၊ သဘော်ပျက်တာတောင် သူများလို စိတ်လျှော့အသေမခံဘဲ ကမ်းမမြင် လမ်းမမြင် မဟာသမုဒ္ဒရာထဲမှာ ခုနစ်ရက် ခုနစ်လီ လက်ပစ်ကူးနေတဲ့လူ။

နောက်ဆုံး ဘုရားလောင်းရဲ့ လုံ့လတော် အစွမ်းကြောင့် မေခလာနတ်သမီးဟာ သူ မကယ် ရင် သမုဒ္ဒရာစောင့်နတ်သမီးအနေနဲ့ တာဝန် မကျေ ဖြစ်ရတော့မယ်ဆိုပြီး ဘယ်လိုမှ နေလို့ မရတော့ဘဲ လာကယ်ရတာ။

နင့်လို သနားလွန်းလို့သွားကယ်တာ မဟုတ် ဘူး၊ ဘုရားလောင်းကလည်း မေခလာ သနား အောင် ရေနစ်ပြ ကူးပြနေတာ မဟုတ်ဘူး၊ မတန် မရာတွေ နင် သွားမနိုင်းနဲ့။

ဘဝကို ရင်ဆိုင်ရဲတဲ့ သတ္တိမရှိတဲ့သူကို နင်သာ မိုက်မိုက်မဲမဲ ဆင်းဆယ်ဖို့ စဉ်းစားတာ၊ ကံကောင်း လို့ နင်တို့နှစ်ယောက်စလုံး ဘဝရေပြင်မှာ နစ်

မကုန်ကြတာပေါ့။ နို့မို့ ဘယ်လောက်ဒုက္ခတွေ များလိုက်ကြမလဲ။

အပြီးသတ်အနေနဲ့ နင် နည်းနည်းလေးမှ ထည့်မသနားခဲ့တာကတော့ ငါပဲ။

တစ်သက်လုံး နင့်အပေါ်မှာ အပြစ်ကင်းကင်း အချစ်လေးနဲ့ချစ်သွားပါ့မယ်လို့ ဆုံးဖြတ်ထားမှန်း နင် သိရဲ့သားနဲ့ နင် ငါ့ကို နည်းနည်းလေးမှ မညှာခဲ့ဘူး အိနီ။

ငါ့မှာ ဘာမှမဖြစ်ပါဘူးလို့ ပြောနေတဲ့ကြားက ဘယ်လောက်ခံစားခဲ့ရတယ် မှတ်လဲ။ ဒါပေမဲ့ ငါ့ ခံယူချက်က နင်သိပါတယ်။

"လူ့ဘဝ၏ သူရဲကောင်းအစစ်များသည် မျက်ရည်တွေတွေကျလောက်အောင် ပူဆွေးနေသော်လည်း ပြုံးရယ်နိုင်သူများဖြစ်သည်"

ဆိုတဲ့ ဆရာတက္ကသိုလ်ဆုမြိုင်ရဲ့စကားလေးဟာ ငါ့ဘဝမှာ အင်မတန် လေးစားယုံကြည်ပြီး လိုက်နာခဲ့တဲ့ စကားလေးပါ၊ တတ်နိုင်သလောက် ငါ့ဘဝကို ငါ ရဲရဲရင်ဆိုင်ရဲအောင် ကြိုးစားခဲ့တယ်။

ဒါတောင် နင့်အတွက်ကျတော့ ငါ့မျက်ရည် ကျခဲ့ရပါတယ် အိနီ။

တော်သေးတာပေါ့ဟာ။

မမျှော်လင့်တဲ့ကံကြမ္မာရဲ့ သစ္စာရှိမှုတစ်ခုကြောင့်သာ နင်နဲ့ငါနဲ့ ပြန်ဆုံကြရတာပေါ့၊ နို့မို့



တစ်သက်လုံး ငါ့မှာ ရင်ကျိုးရမှာ၊ ရင်နာရမှာ၊ ကြေကွဲရမှာ။

အင်း . . .

စိတ်ဆင်းရဲစရာက တော်တော်များများလေး ဖြတ်သန်းခဲ့ပြီး ဘဝဒုက္ခလေးတွေရင်ဆိုင်ခဲ့ရပေမယ့် နောက်ဆုံးတော့ ဇာတ်သိမ်းလေး ကောင်းသွားပေတယ်လို့ ပြောရမှာပေါ့ အိနီ။

နင်နဲ့ငါ အင်းလျားလေးရေစပ်မှာ ပြောခဲ့တဲ့ စကားလေးကိုတော့ ခုထိ ငါ မမေ့သေးပါဘူး။

"တောင်းပန်စရာ မလိုပါဘူး အိနီရယ်၊ အားလုံးလည်း ပြီးသွားခဲ့ပါပြီ၊ အရေးကြီးတာက တို့နှစ်ယောက် ရှေ့ဆက်ရမယ့်ကိစ္စအတွက် အမှန်ကန်ဆုံးဖြစ်အောင် ဆုံးဖြတ်ကြဖို့ပဲ"

ကျွန်တော် ပြောရင်းနှင့် သူ့မျက်နှာကို လှမ်းကြည့်သည်။ အိနီက မဝံ့မရဲ တစ်ချက်ကြည့်၍ . . .

"ငါ့ဘက်က ဆုံးဖြတ်စရာမရှိတော့ပါဘူး ကိုဦး၊ ခုချိန်မှာ ဆုံးဖြတ်ရမှာက နင်ပါ"

"ဘာဆိုင်လို့လဲ အိနီ၊ ငါ့ဘက်က ဘာမှဆုံးဖြတ်စရာ မရှိပါဘူး"

"မဟုတ်ဘူးလေ ကိုဦးရယ်၊ ငါက နင့်အပေါ် သစ္စာဖောက်ခဲ့သလို ဖြစ်သွားတယ် မဟုတ်လား၊ နင့်ဘက်က ခွင့်လွှတ်နိုင်မလွှတ်နိုင် ဆုံးဖြတ်ရမှာပေါ့"



သူ့စကားကြောင့် ကျွန်တော်က ရယ်လိုက်သည်။

"အဲဒါလည်း နင် ငါ့ကို ထပ်စော်ကားလိုက်တာပဲ အိနီ၊ ငါ့ကို တစ်နေ့ နင်နားလည်လာလိမ့်မယ်လို့ ထင်ခဲ့တဲ့ မျှော်လင့်ချက်ဟာ ခုထိ မပြည့်သေးပါလား၊ အဲဒီစကားကို နောက် ငါ့ကိုဘယ်တော့မှ မပြောပါနဲ့၊ တခြားကိစ္စကို ငါခွင့်လွှတ်နိုင်တယ်၊ ဒီကိစ္စကိုတော့ ငါ သိပ်ခွင့်မလွှတ်ချင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့မေတ္တာကို နင် အထင်သေးလွန်းလို့ပဲ"

"အထင်သေးတာ မဟုတ်ဘူး ကိုဦး၊ ငါလုပ်ခဲ့တဲ့အပြစ်မျိုး နင်လုပ်မိတဲ့အခါ ငါဘယ်လိုမှခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး"

ကျွန်တော် ရယ်မြဲရယ်သည်။

"မတူဘူးလေ အိနီ၊ အချစ်ချင်းက တူမှမတူဘဲ၊ ငါ့အချစ်က အများကြီး မြင့်မြတ်တယ်၊ အပြစ်ကင်းဆုံးဖြစ်အောင် ကြိုးစားထားတဲ့ ငါ့အချစ်မှာ ဒါမျိုးတွေ လုံးဝမရှိဘူး၊ တစ်နေ့ နင် အရမ်းနားလည်သွားမှာပါ"

"ငါကတော့ အဲလိုမထင်ဘူး ကိုဦး"

"ဘယ်လိုထင်လို့လဲ"

"နင် ငါ့ကို သိပ်မချစ်လို့များ ဒီလောက်ထိ ခွင့်လွှတ်နိုင်နေရသလားလို့ပေါ့၊ ငါကြားဖူးတာ အချစ်မှန်ရင် သဝန်ကြောင်ရတယ်တဲ့ ကိုဦး၊ အချစ်ကြီးရင် အမျက်ကြီးတယ်တဲ့၊ နင်က ငါ့ကို သဝန်လည်း နည်းနည်းမှ မတိုဘူး၊ အမျက်လည်း တစ်ခါမှမကြီးဘူး၊ အဲဒါကြောင့် ငါ့ကို တကယ်ချစ်တတ်တယ် ထင်တဲ့လူနောက် ငါပါခဲ့ရတာပေါ့"

"ဟာ"

ကျွန်တော့်မှာ ရှင်းပြစရာတွေ အများကြီးဖြစ်သွားသည်။

ဘယ်ကစ၍ ရှင်းပြရပါမည်နည်း။

အနည်းဆုံးတော့ အာဒံနှင့်ဧဝ ပြန်စ၍ ရှင်းပြရပေဦးတော့မည်။

ထိုစဉ်ကလည်း ကျွန်တော် သူ့ကို အတော်ရှင်းပြခဲ့ဖူး၏။ သို့သော် ထိုကိစ္စက ဘယ်ခါမှ အပြီးမသတ်နိုင်တော့။

ထိုအဖြစ်အပျက်များသည် ခုခါမှ ပြန်တွေးလျှင် အတော်ကြာခဲ့ပြီဖြစ်သည်။

သူ့ဘာသာသူ ကုန်သွားတတ်သော အချစ်စကားဖြင့် ပြောလျှင် ငါးနှစ်ကျော် ခြောက်နှစ်စွန်းလောက်ပင် ရှိခဲ့ပြီ။

ခုခါမှာ ကျွန်တော်နှင့်အိနီ နှစ်ယောက်စလုံး ဘွဲ့တွေရခဲ့ကြပြီးပြီ။ အစီအစဉ်များကလည်း မူလအတိုင်း လုံးဝမပျက်စွာပင် သူနှင့်ကျွန်တော် လက်ထပ်ဖြစ်ခဲ့၏။

မနေ့ကပင် အိနီတစ်ယောက် သူနှင့်ကျွန်တော်တို့၏ ပထမဆုံးသော သားဦးလေး ကိုကိုဦးကို ဖွားမြင်ခဲ့သည်။ မိခင်ရော ကလေးပါ ကျန်းမာရွှင်လန်းကြပါသည်။

သို့သော် အလွန်ဝဖြိုး၍ ချစ်စရာကောင်းလှသော သားလေးကို ချီပွေ့ပြီး အားရပါးရ နမ်းရှုံ့နေစဉ်တွင် ခုတင်ပေါ် လှဲလျောင်းနေ

သော အိနိက ကျွန်တော့်ကို မေးခွန်းတစ်ခုမေး၏။

"ကိုဦး"

"ဘာလဲ အိနိ"

"နင့်သားလေးကို ချစ်ရဲ့လား"

"ချစ်တာပေါ့ဟ၊ ဘာဖြစ်လို့လဲ"

"တော်သေးတာပေါ့ဟာ၊ ငါ့စိတ်ထဲမှာ နင် သားသားကို ချ မှချစ်ပါ့မလားလို့ စိုးရိမ်နေတာ"

"ဟာ . . . ဒါ ငါ့သားဟ၊ ငါ့သား ငါမချစ်လို့ ဘယ်သူ့သွာ ချစ်ရမလဲ၊ ငါ သားကို ချစ်လွန်းလို့ နာမည်ကိုတောင် ငါ့နာမည်မျိုးပဲ ဖြစ်အောင် ကိုကိုဦးလို့ ကြိုမှည့်ထားတာပေါ့၊ ဘာဖြစ်လို့ ငါ့သားကို မချစ်ရမှာလဲ"

အိနိက ပြုံးစေ့စေ့ လုပ်ပြီးမှ . . .

"မသိဘူးလေ လူတွေက ပြောကြတယ်၊ မကိုခင်မှ ဥကိုခင်တယ်တဲ့၊ နင် ငါ့ကိုချစ်မှ သားကိုချစ်မှာပေါ့၊ ငါ့စိတ်ထဲမှာ နင် ငါ့ကို တကယ်ချစ်မှချစ်ရဲ့လားလို့ အမြဲတွေးနေတာ၊ ခုထက်ထိတောင် သိပ် မသေချာသေးဘူး"

ကျွန်တော့်မှာ ဒေါသများ ထောင်းခနဲ ထွက်ရပြန်၏။

ကြိုးစားပါဦးမည်။

**နှမ်ဂျာသိုင်း**